Weekly ELEVEN NEWS
No 18 Vol. 7 February 1 Wednesday 2012

# လာမည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့စီးပွားရေး ခြောက်ရာခိုင်နှုန်းတိုးတက်ကာ အာရှဒေသ၏ စီးပွားရေးမျက်နှာစာသစ်တစ်ခုဖြစ်လာနိုင်သည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ သုံးသပ်

စာ ( ၅ ) သို့




## လွှတ်တော်တတိယပုံမှန်အစည်းအဝေးများ၌ ပြည်ထောင်စုလွှတ်တော်က အဓိကကျမည်

၂၀၁၁-၂၀၁၂ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၂-၂၀၁၃ ပြည်ထောင်စုဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးသွားမည် စာ ( ၂ ) သို့



## မြန်မာနိုင်ငံ၌ ပုဂ္ဂလိကလုပ်ငန်းများသို့ စိုက်ပျိုးရေးခေါင်းစဉ်ဖြင့် လုပ်ခွင့်ပေးထားသည့် မြေဧက ၁ ဒသမ ၇၅ သန်းရှိ ၂၀ ရာခိုင်နှုန်းကိုသာ အမှန်စိုက်ပျိုးပြီး ကျန်မြေများကို မြေဈေးကစားခြင်း၊ သစ်ထုတ်ခြင်းနှင့် လက်ဝယ်ရယူထားခြင်းများပြုလုပ်ဟု သိရ

စာ ( ၂၆ ) သို့

## ၂၀၁၂ ခုနှစ် ဇန်နဝါရီလအတွင်း တိုင်ကြားခဲ့သည့် လိမ်လည်မှုဖြစ်စဉ်အများစုမှာ မော်တော်ယာဉ်၊ မြေကွက်နှင့် ပတ်သက်သည့် အကြောင်းရင်းများဖြစ်ကြောင်းသိရ

စာ ( ၁၃ ) သို့

## ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်တွင်ကျင်းပသော ကမ္ဘာ့စီးပွားရေးညီလာခံသို့ ဒေါ်အောင်ဆန်းစုကြည် ဗီဒီယိုမိန့်ခွန်းပေးပို့ မြန်မာနိုင်ငံအတွက် ကြီးမားသည့်ပြောင်းလဲမှုဖြစ်နိုင်ခြေကို မြင်နေရပြီဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည် ပြောကြား

စာ ( ၃ ) သို့

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေးကျင်းပနေပုံကိုသတင်းရယူနေသည့် ပြည်တွင်း၊ ပြည်ပမီဒီယာများအားတွေ့ရစဉ်

*မျက်နှာဖုံးသတင်း “လွှတ်တော်တတိယပုံမှန်အစည်းအဝေးများ၌ပြည်ထောင်စုလွှတ်တော်ကအဓိကကျမည်. . .” မှအဆက်*

လွှတ်တော် တတိယပုံမှန်အစည်းအဝေးများအနက် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ အဓိကကျလာမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ၂၀၁၁-၂၀၁၂ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် ၂၀၁၂-၂၀၁၃ ပြည်ထောင်စု ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးသွားမည်ဟု ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် လွှတ်တော်နှစ်ရပ်ဥက္ကဋ္ဌများက ပြောကြားခဲ့ပါသည်။

တတိယပုံမှန်အစည်းအဝေးများစတင်ချိန်တွင် ပြည်ထောင်စုလွှတ်တော်နာယကထံသို့ပြည်ထောင်စုအစိုးရအဖွဲ့ကတင်သွင်းသည့် ၂၀၁၁-၂၀၁၂ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် ၂၀၁၂-၂၀၁၃ ပြည်ထောင်စုဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းများ ရောက်ရှိနေပြီး ထိုဥပဒေကြမ်းများသည် ပြည်ထောင်စုလွှတ်တော်၌သာတင်သွင်းခွင့်ရှိသည့်ဥပဒေကြမ်းများဖြစ်၍ ယခုကျင်းပသည့်အစည်းအဝေးများတွင် ပြည်ထောင်စုလွှတ်တော်က အဓိကကျမည်ဖြစ်ကြောင်းပြောဆိုခဲ့ကြခြင်းဖြစ်သည်။

“မိမိတို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟာပြည်သူ့လွှတ်တော်ကျင်းပချိန်မှာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ပေမယ့် ပြည်ထောင်စုလွှတ်တော်ကျင်းပချိန်မှာတော့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြပါတယ်။ ယနေ့ လွှတ်တော်အစည်းအဝေးကို ခေါ်ယူရတဲ့ အဓိကအကြောင်းကတော့ ပြီးခဲ့တဲ့ ဒုတိယပုံမှန်အစည်းအဝေးတွင် အတည်ပြုရန်ကျန်သေးသော ဥပဒေများအတည်ပြုနိုင်ရေး၊ ပြည်ထောင်စုအစိုးရအဖွဲ့မှတင်သွင်းမည့် ၂၀၁၁-၂၀၁၂ခုနှစ်အတွက် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာနှင့်အမျိုးသားစီမံကိန်းဆိုင်ရာဥပဒေကြမ်းတို့ကိုပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအဖြစ်စိစစ်သုံးသပ်ပြီးအတည်ပြုရေးနှင့်လွှတ်တော်ကိုယ်စားလှယ်များမှတင်ပြလာသောအဆိုများ၊ မေးခွန်းများနှင့်ဥပဒေကြမ်းများကိုရရှိတဲ့အချိန်ပေါ်မှာမူတည်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဇန်နဝါရီလ ၂၆ ရက်နေ့တွင်ကျင်းပသည့် ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးအဖွင့်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။

“ပြည်ထောင်စုအစိုးရအနေဖြင့် စုဆောင်းထားသော ပြည်သူ့ဘဏ္ဍာငွေများကို နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေးနှင့်လူမှုဖွံ့ဖြိုးရေးကဏ္ဍများတွင် စနစ်တကျအသုံးပြုနိုင်ရန်အတွက် ရေးဆွဲတင်ပြလာမှုအပေါ် မိမိတို့ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကလည်း အကောင်းထဲမှအကောင်းဆုံးဖြစ်ရန်

**ပြည်သူ့ဘဏ္ဍာငွေများကို နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေးနှင့် လူမှုဖွံ့ဖြိုးရေးကဏ္ဍများတွင်စနစ်တကျအသုံးပြုနိုင်ရန်အတွက် ရေးဆွဲတင်ပြလာမှုအပေါ် မိမိတို့ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကလည်းအကောင်းထဲမှအကောင်းဆုံးဖြစ်ရန်နှင့် ပြည်သူ့ကိုယ်စား ပြည်သူများရဲ့ဘဏ္ဍာကို မည်သို့၊ မည်ပုံ၊ မည်မျှ၊ မည်ကဲ့သို့ ခွဲဝေအသုံးချသလဲ။ ဒီအသုံးချမှုများဟာ ပြည်သူလူထုအတွက်အကျိုးဘယ်လောက်ဖြစ်ထွန်းနိုင်မလဲ . . .**

နှင့်ပြည်သူ့ကိုယ်စား ပြည်သူများရဲ့ဘဏ္ဍာကို မည်သို့၊ မည်ပုံ၊ မည်မျှ၊ မည်ကဲ့သို့ခွဲဝေအသုံးချသလဲ။ ဒီအသုံးချမှုများဟာပြည်သူလူထုအတွက်အကျိုးဘယ်လောက်ဖြစ်ထွန်းနိုင်မလဲနှင့်ဖြစ်ထွန်းမှုများဖြစ်လာနိုင်တာကို စိစစ်ပြီး ထောက်ခံရမည့်အချက်များကိုထောက်ခံ၊ အကြံပြုရမည့်ကိစ္စများကိုအကြံပြု၊ ပြောင်းလဲသုံးစွဲသင့်သည်များကိုပြောင်းလဲအသုံးပြုရန်အတွက်ကြိုးစားလုပ်ဆောင်သွားကြရမှာဖြစ်ပါတယ်”ဟု သူရဦးရွှေမန်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့အတူ ပထမအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေးပထမနေ့တွင်လည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ယခုကျင်းပသော တတိယပုံမှန်အစည်းအဝေးများတွင် ပြည်ထောင်စုလွှတ်တော်က အဓိကကျမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အမျိုးသားစီမံကိန်းများနှင့်ပတ်သက်၍လည်းကောင်း၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲခွင့်ဥပဒေကြမ်းနှင့်ပတ်သက်၍ လည်းကောင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ၊ ရငွေသုံးငွေခန့်မှန်းငွေစာရင်းနှင့်ပတ်သက်၍လည်းကောင်းအသေးစိတ်ရှင်းလင်းတင်ပြရန်အတွက်ပြည်ထောင်စုဝန်ကြီးများနှင့် လိုအပ်ပါကတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကိုပါ ဖိတ်ကြားသွားမည်ဟု သိရှိရပါသည်။ ထိုကဲ့သို့ရှင်းလင်းတင်ပြရာတွင် စီမံကိန်းနှင့်ဘတ်ဂျက်ကိုတစ်ဆက်တည်းတင်ပြရှင်းလင်းကြမည်ဖြစ်ပါသည်။

ထိုကဲ့သို့တင်ပြရာတွင် ပြည်ထောင်စုလွှတ်တော်သို့တင်ပြလာသည့် အမျိုးသားစီမံကိန်းများ၊ ဘတ်ဂျက်များကို ပြည်သူလူထုလိုလားချက်နှင့်အမျိုးသားရေးလိုလားချက်အတွက် ပကတိဖြစ်ပေါ်နေသောအခြေအနေမှန်နှင့်နှိုင်းယှဉ်ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားသည့်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ နေ့စဉ်အစည်းအဝေးအစီအစဉ်ကိုပြီးဆုံးအောင် ဆောင်ရွက်ရမည်ဆိုသည့်ပြဋ္ဌာန်းချက်ပါရှိကြောင်း၊ မူအရ ညနေ ၄ နာရီဟု သတ်မှတ်ထားသော်လည်း လွှတ်တော်၏ သဘောတူညီချက်ရယူပြီး ည ၁၀ နာရီဝန်းကျင်အထိဖြစ်သွားနိုင်သည့် အနေအထားရှိကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးခင်အောင်မြင့်က ပြောကြားခဲ့ပါသည်။

လွှတ်တော်တတိယပုံမှန် အစည်းအဝေးများအနက် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော် အစည်းအဝေးများကို ဇန်နဝါရီလ ၂၆ ရက်နေ့က စတင်ကျင်းပလျက်ရှိနေပြီး လွှတ်တော်နှစ်ရပ်ပေါင်း ကိုယ်စားလှယ်များဖြင့် ပြုလုပ်မည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

*နေထွန်းနိုင်၊ ဝေယံဖြိုးဦး*



| | |
|---|---|
| အယ်ဒီတာချုပ် | ဝေဖြိုး |
| အမှုဆောင်အယ်ဒီတာ | သန်းဇော်ထွန်း |
| သတင်းထောက်ချုပ် | မာန်သူရိန် |
| အကြီးတန်းအယ်ဒီတာ | ဇော်ဇော်အောင်၊ အငယ်ထွေး၊ အောင်စည်ဟိန်း၊ ဟိန်းမင်းလတ်၊ ဖြူနု၊ နေထွန်းနိုင်၊ ကျော်ဇေယျ၊ ဇေဝင်းနောင် |
| အကြီးတန်းသတင်းထောက် | လင်းလင်းခိုင်၊ ရတနာဦး၊ ကျော်ထင်၊ ဝေယံဖြိုးဦး၊ ဝင်းမြင့်ကျော်၊ မင်းသီဟဇော်၊ စည်သူအောင်၊ ချမ်းမြေ့သူ |
| မျက်နှာဖုံးဒီဇိုင်း | မြင့်မောင်ကျော် |
| အတွင်းစာမျက်နှာဖွဲ့စည်းမှု | ELEVEN MEDIA GROUP |
| ကြော်ငြာမန်နေဂျာ | သန္တာအောင် |
| မန္တလေးရုံးခွဲ | |
| တာဝန်ခံ | စိုးထက်ခိုင် |
| နေပြည်တော်ပျဉ်းမနားရုံးခွဲ | |
| တာဝန်ခံ | နေရိုင်း |
| ထုတ်ဝေသူ | Eleven Media Group (ယာယီ/၁၀၅၉) |
| ပုံနှိပ်သူ | Eleven Press (ယာယီ/၁၆၃၉) |
| စောင်ရေ၊ တန်ဖိုး | ၁၅၀၀၀၊ ၃၅၀ ကျပ် |
| ဖြန့်ချိရေးနှင့်ဂျာနယ်တိုက် | အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၄၀၀၅၂၈၊ ၄၀၀၅၂၄ |



# သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သန်လျင်၊ သုံးခွနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့၌ အသေးစားချေးငွေကိစ္စရပ်များဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် သန်လျင်၊ သုံးခွနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့၌ အသေးစားချေးငွေကိစ္စရပ်များ ဆောင်ရွက်

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် သန်လျင်၊ သုံးခွနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တို့၌ အသေးစားချေးငွေကိစ္စရပ်များဆောင်ရွက်လျက်ရှိကြောင်း ဇန်နဝါရီလ ၂၇ ရက်နေ့ထုတ်နိုင်ငံပိုင်သတင်းစာတွင်ဖော်ပြထားချက်အရ သိရသည်။

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီလ ၂၃ ရက်နေ့က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သူဌေးကွင်းစံပြကျေးရွာ အနောက်ကျောင်းတိုက် သဒ္ဓမ္မဇောတိကမ္မောရုံ၌လည်းကောင်း၊ ကရင်ဆိပ်စံပြကျေးရွာအောင်မင်္ဂလာကျောင်းတိုက်၌လည်းကောင်း၊ သုံးခွမြို့နယ်ပုလဲစံပြကျေးရွာပုလဲတောင်ကျောင်းတိုက်၌လည်းကောင်း၊ သုံးခွအနောက်ကျေးရွာအုပ်စု မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာရုံး၌လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်အိမ်ရာ စစ်တောင်းရိပ်မွန် အမှတ် ၈၂ ရပ်ကွက် ဓမ္မာရုံ၌လည်းကောင်းချေးငွေရယူ၍လုပ်ငန်းများဆောင်ရွက်နေသည့် တောင်သူလယ်သမား ၆၅၃ ဦး၊ လက်လုပ်လက်စား ၂၅၅ ဦးတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ အသေးစားချေးငွေလုပ်ငန်းများအတွက် ကိုယ်တိုင်စုငွေထည့်ဝင်ပြီး ချေးငွေရယူနေသူများမှာ သန်လျင်မြို့နယ်တွင် လက်လုပ်လက်စား ၂၆၉၇ ဦး၊ သုံးခွမြို့နယ်တွင်လက်လုပ်လက်စား ၂၇၁၀ ဦးနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင် လက်လုပ်လက်စား ၃၄၃၇ ဦးတို့ရှိကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးမှုများတွင် သတ္တုတွင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသိန်းထိုက်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီးဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများလိုက်ပါခဲ့ကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ အခန်း(၅)ပါ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်ပတ်သက်၍ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ဋ) တွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟူ၍ ဖော်ပြပါရှိပါသည်။

အဆိုပါ သုံးခွနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တို့သည် လာမည့်ကြားဖြတ်ရွေးကောက်ပွဲကျင်းပ

*စာမျက်နှာ(၃)သို့* ➢

*➢ စာမျက်နှာ(၂)မှအဆက်*

ရာတွင် ပါဝင်သည့် မြို့နယ်များဖြစ်သည်။ ယင်းမြို့နယ်များတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်းများဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှကြားဖြတ်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများစာရင်းကိုထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။ သို့ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကမူ ကြားဖြတ်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများစာရင်းကိုထုတ်ပြန်ထားပြီးဖြစ်ပြီး ယင်းအနက် ဒေါက်တာမျိုးအောင်မှာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှလည်းကောင်း၊ ဒေါ်စုစုလွင်မှာ သုံးခွမြို့နယ်မှလည်းကောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဧပြီလ ၁ ရက်နေ့တွင် ကြားဖြတ်ရွေးကောက်ပွဲများကျင်းပတော့မည်ဖြစ်ရာ ရွေးကောက်ပွဲဝင်မည့်ပါတီများအနေဖြင့် မဲဆွယ်စည်းရုံးမှုများလုပ်ဆောင်နိုင်ပြီဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ကြားဖြတ်ရွေးကောက်ပွဲများအတွက်ကျင်းပသွားမည့် လစ်လပ်မဲဆန္ဒနယ်မှာ ပြည်သူ့လွှတ်တော်တွင် နေရာ ၄၀၊ အမျိုးသားလွှတ်တော်တွင်ခြောက်နေရာနှင့် တိုင်းဒေသကြီးလွှတ်တော်တွင် နှစ်နေရာတို့ဖြစ်ကြသည်။

ယခုကြားဖြတ်ရွေးကောက်ပွဲများအတွက် ကျင်းပသွားမည့်လစ်လပ်မဲဆန္ဒနယ်မှာပြည်သူ့လွှတ်တော်အရေအတွက် ၃၂၅ နေရာ၏ ၁၂ ဒသမ ၃ ရာခိုင်နှုန်း၊ အမျိုးသားလွှတ်တော်အရေအတွက် ၁၆၈ နေရာ၏ ၃ ဒသမ ၅၇ ရာခိုင်နှုန်းမျှသာဖြစ်သည်။

## ယနေ့အထိ ငြိမ်းချမ်းရေးရယူနိုင်ခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ငါးဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်သွားမည်ဟု နိုင်ငံတော်သမ္မတပြောကြား

ယနေ့အထိငြိမ်းချမ်းရေးရယူနိုင်ခြင်းမရှိသေးသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ငါးဖွဲ့နှင့်ထိတွေ့ဆွေးနွေးညှိနှိုင်းပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဇန်နဝါရီလ ၂၆ ရက်နေ့က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌများထံပေးပို့သည့်သဝဏ်လွှာတွင်ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က“နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်စပ်လျဉ်း၍ပြည်ထောင်စုအတွင်းထာဝရငြိမ်ချမ်းရေးရရှိစေနိုင်ရန်အတွက် နိုင်ငံ၏ပကတိအရှိတရားနှင့်အတိတ်သမိုင်းအတွေ့အကြုံများအပေါ်အခြေခံလျက် ယခင်ကနှင့်မတူသည့်မူများကိုကျင့်သုံးကာကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယနေ့အထိ ငြိမ်းချမ်းရေးရယူနိုင်ခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၁ ဖွဲ့လုံးနှင့် ထိတွေ့ဆွေးနွေးညှိနှိုင်းပြီး အဖွဲ့ခြောက်ဖွဲ့နှင့် အခြေခံသဘောတူညီချက်များကိုလက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ကျန်အဖွဲ့ငါးဖွဲ့နှင့်လည်း ထိတွေ့ညှိနှိုင်းဆွေးနွေးလျက်ရှိရာ ခြုံငုံသုံးသပ်ရပါက ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတိုးတက်အောင်မြင်ပြီး အခြေအနေကောင်းမွန်သည်ကိုတွေ့မြင်နိုင်ပါသည်။ ဆက်လက်၍လည်း ထာဝရငြိမ်းချမ်းရေးရရှိအောင်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါသည်”ဟု ပြောကြားပေးပို့ခဲ့သည်။

နိုင်ငံတော် သမ္မတဦးသိန်းစိန်က “နိုင်ငံတော်တည်ငြိမ်ရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးဖော်ဆောင်နိုင်ရန်အမြင်သဘောထားမတူသည်များကိုထားပြီး အမြင်သဘောထားတူညီသည်များကို ပြည်သူများအကျိုးအတွက်ပူးပေါင်းဆောင်ရွက်ရေးမူဖြင့်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များတွင်အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ပေးခဲ့ပါသည်။ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပရောက်နေကြသော နိုင်ငံသားများကိုလည်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင်ပါဝင်နိုင်အောင်လက်ကမ်းဖိတ်ခေါ်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်မှုကြောင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတိုးတက်ကောင်းမွန်လာပြီး ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုရှိလာသည်ကိုတွေ့မြင်နိုင်ပါသည်”ဟု ပြောကြားခဲ့သည်။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းက “ကျွန်တော်တို့ကရင်အမျိုးသားအစည်းအရုံး(ကေအန်ယူ)အဖွဲ့တွေနဲ့ပဏာမသဘောတူညီမှုတွေရရှိခဲ့ပြီးဖြစ်သလို ကချင်ကေအိုင်အို၊ ကေအိုင်အေအဖွဲ့တွေနဲ့လည်း ဇန်နဝါရီလ ၁၈၊ ၁၉ ကပဲတွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ သူတို့နဲ့ဖေဖော်ဝါရီလ ၁၂ ရက်နေ့ (ပြည်ထောင်စုနေ့)ဝန်းကျင်မှာထပ်မံတွေ့ဆုံဆွေးနွေးဖို့ရှိပါတယ်။ ရှမ်းအဖွဲ့တွေနဲ့လည်း တွေ့ဆုံမှုတွေပြုလုပ်သွားဖို့ရှိပါတယ်”ဟုပြောကြားခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူက “ဒီတစ်ခေါက်လွှတ်တော်မှာငြိမ်းချမ်းရေးဆိုင်ရာကိစ္စတွေကိုအဓိကထားဆောင်ရွက်သွားဖို့ရှိပါတယ်။ ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာဥက္ကဋ္ဌတင်သွင်းတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အတွင်းပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးရန်ပုံငွေတစ်ရပ်ထားရှိရေးအဆိုကိုထောက်ခံတင်ပြသွားဖို့ရှိပါတယ်”ဟုပြောကြားခဲ့သည်။

## အိန္ဒိယဝါရင့်သံတမန် ဗီဂျေးနမ်ဘီယာအား ဘန်ကီမွန်း၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်

အိန္ဒိယဝါရင့်သံတမန် ဗီဂျေးနမ်ဘီယာအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်း၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်အဖြစ်ခန့်အပ်လိုက်ကြောင်း ဘန်ကီမွန်းက ဇန်နဝါရီလ ၂၅ ရက်နေ့က ပြောကြားခဲ့သည်။

ဗီဂျေးနမ်ဘီယာသည် လက်ရှိတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်း၏ Chief of Staff ဖြစ်ပြီး အဆိုပါရာထူးကို ၂၀၀၇ ခုနှစ်ဇန်နဝါရီလမှစတင်ထမ်းဆောင်ခဲ့ကာ ၎င်းသည်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်၏ အထူးအကြံပေးအရာရှိအဖြစ်လည်းဆောင်ရွက်ခဲ့ဖူးသည်။ ဗီဂျေးနမ်ဘီယာသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏စေလွှတ်ချက်အရ မြန်မာနိုင်ငံသို့လာရောက်ခဲ့ဖူးပြီး ခရီးစဉ်အတွင်း မြန်မာအစိုးရတာဝန်ရှိသူများ၊ ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံရေးပါတီများမှတာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့သည်။

## ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် တပ်မတော်ပါဝင်ရန်လိုလားကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြောကြား

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် တပ်မတော်ပါဝင်ရန်လိုအပ်ကြောင်းနှင့် တပ်မတော်ပါဝင်ရန် လိုလားကြောင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

ထိုသို့ပြောဆိုမှုကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ထုတ်ဝေသော ဒီလှိုင်းစာစောင် အတွဲ(၁)၊ အမှတ်(၂) ဇန်နဝါရီလ ၂၃ ရက်နေ့ထုတ်စာစောင်တွင်ဖော်ပြခဲ့သည့်အင်တာဗျူး၌ ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

“မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ ပြုပြင်ပြောင်းလဲမှုတွေဟာ ပြန်လှည့်လို့မရတော့တဲ့အဆင့်တော့ မဟုတ်သေးဘူး။ တကယ်ကိုပြုပြင်ပြောင်းလဲမှုတွေဟာ ပြန်လှည့်လို့မရတော့တဲ့အထိ စိတ်ချရဖို့ဆိုရင်တော့ တပ်မတော်ကပါဝင်ပူးပေါင်းဖို့လိုလိမ့်မယ်”ဟု ဒေါ်အောင်ဆန်းစုကြည်က အင်တာဗျူး၌ ပြောကြားခဲ့ပါသည်။

“တပ်မတော် မပါဘဲနဲ့တော့ ကျွန်မတို့ဟာ အောင်မြင်ပြီလို့ ပြောလို့ မရသေးပါဘူး။ ကျွန်မအနေနဲ့ တပ်မတော်ရဲ့ ပါဝင်ပတ်သက်မှုရှိမှ ဒီမိုကရေစီရေးရာအောင်မြင်နိုင်မယ်လို့ပြောတာဟာလိုအပ်ချက်အရရော၊ လိုလားချက်အရပါပြောတာပါ။ လိုအပ်ချက်ဆိုတာက မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာ တပ်မတော်ကပါဝင်ပူးပေါင်းဖို့ လိုအပ်တယ်။ ကျွန်မအနေနဲ့လည်း စစ်တပ်ကပူးပေါင်းပါဝင်လာတာကိုလိုလားပါတယ်”ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က အင်တာဗျူးထဲ၌ ဆက်လက်ပြောကြားခဲ့ပါသည်။




၂၀၁၂ ခုနှစ် ကမ္ဘာ့စီးပွားရေးညီလာခံကို ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်တွင်ကျင်းပနေစဉ်

*မျက်နှာဖုံးသတင်း “ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်တွင်ကျင်းပသော ကမ္ဘာ့စီးပွားရေးညီလာခံသို့ ဒေါ်အောင်ဆန်းစုကြည် . . .”မှ အဆက်*

ဆွစ်ဇာလန်နိုင်ငံ တောင်ပေါ်အပန်းဖြေစခန်းမြို့ဖြစ်သော ဒါးဗို့စ်တွင် ဇန်နဝါရီလ ၂၅ ရက်မှ ၂၉ ရက်နေ့အထိ ကျင်းပသော ကမ္ဘာ့စီးပွားရေးညီလာခံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ဗီဒီယိုမိန့်ခွန်းပေးပို့ပြောကြားခဲ့သည်။

“ပြီးခဲ့တဲ့နှစ်က ကျွန်မအနေနဲ့ ကျွန်မတို့ လက်လွတ်ခဲ့ရတဲ့ အခွင့်အလမ်းတွေ၊ အမျိုးသားရင်ကြားစေ့ရေး၊ နိုင်ငံရေးတည်ငြိမ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် အခြေခံလိုအပ်ချက်စတဲ့ မြန်မာနိုင်ငံရင်ဆိုင်နေရတဲ့စိန်ခေါ်မှုတွေနဲ့ပတ်သက်လို့ ပြောကြားခဲ့ပါတယ်။ တစ်နှစ်ကြာပြီးတဲ့အခါမှာ ကျွန်မပြောနိုင်တာကတော့ ကျွန်မတို့အနေနဲ့ အဆိုပါစိန်ခေါ်မှုတွေကိုရင်ဆိုင်ဖြေရှင်းနိုင်မယ့် ခြေလှမ်းတချို့ကို လှမ်းခဲ့ပြီးပြီဆိုတာပါပဲ။ ကျွန်မတို့အနေနဲ့ကြီးမားတဲ့အပြောင်းအလဲတစ်ခုဆီကိုတော့ မရောက်သေးပါဘူး။ ဒါပေမယ်လို့ ကျွန်မတို့မှာ အဲဒီအဆင့်ကိုရောက်နိုင်ဖို့အတွက် ရှားပါးပြီးအလွန်တန်ဖိုးရှိလှတဲ့ အခွင့်အလမ်းတော့ရှိနေပါတယ်။ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ၂၀၁၂ ခုနှစ် ကမ္ဘာ့စီးပွားရေးညီလာခံကိုတက်နေတယ်ဆိုတာကိုက ကျွန်မတို့နိုင်ငံမှာအပြုသဘောဆောင်တဲ့ပြောင်းလဲမှုတွေဖြစ်နေတယ်ဆိုတဲ့လက္ခဏာပါပဲ”ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

“ကျွန်မပြောခဲ့သလိုပါပဲ။ ကျွန်မတို့နိုင်ငံအတွက် ကြီးမားတဲ့ပြောင်းလဲမှု ဖြစ်နိုင်ခြေကိုမြင်နေရပါပြီ”ဟု ဒေါ်အောင်ဆန်းစုကြည်ကဆက်လက်ပြောကြားခဲ့သည်။

အမှန်တကယ်အောင်မြင်မှုဆီကို ပိုမိုနီးစပ် သယ်ဆောင်သွားမည့် အရေးကြီးသည့်ခြေလှမ်းသည် မြန်မာနိုင်ငံ၏ ဥပဒေပြုရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် သက်ဆိုင်သူနိုင်ငံရေးအင်အားစုအားလုံးပါဝင်ရေးပင်ဖြစ်ကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

“စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဆိုတာနိုင်ငံတကာငွေကြေးအဖွဲ့အစည်းတွေကနေ မြန်မာနိုင်ငံအတွက်ထောက်ခံဆောင်ရွက်ပေးခဲ့တဲ့ဘဏ္ဍာရေးနဲ့ငွေကြေးဆိုင်ရာတွေအပေါ်မူတည်တာထက်ပိုပါတယ်။ ကောင်းမွန်ပြီး အားထားယုံကြည်လောက်တဲ့ဥပဒေနဲ့စည်းမျဉ်းစည်းကမ်းတွေကိုတရားမျှတစွာနဲ့ထိရောက်စွာဆောင်ရွက်နိုင်ဖို့အတွက် အာမခံတဲ့ တရားရေးဆိုင်ရာနဲ့ဥပဒေပိုင်းဆိုင်ရာတွေကိုပါပြုပြင်ပြောင်းလဲမှုလုပ်ဖို့လိုအပ်ပါလိမ့်မယ်”ဟုလည်း ဒေါ်အောင်ဆန်းစုကြည်က ဗီဒီယိုမှတစ်ဆင့် ပြောကြားခဲ့သည်။

“ကျွန်မတို့နိုင်ငံအတွက် ကျင့်ဝတ်နဲ့ကိုက်ညီတဲ့ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ ရလာစေမယ့် နိုင်ငံရေး၊ လူမှုရေးနဲ့ စီးပွားရေး ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးဖို့ ဆန္ဒရှိပါတယ်”ဟု ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်ပြောကြားခဲ့သည်။

ယခုနှစ်ညီလာခံ၏ ဆောင်ပုဒ်မှာ ‘ကြီးမားသည့်အပြောင်းအလဲကိုဖော်ဆောင်ဖို့ ပုံစံသစ်များ ပုံဖော်ဖန်တီးကြစို့’ဟူ၍ဖြစ်သည်။

ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအပါအဝင်ကမ္ဘာကြီးလတ်တလော ရင်ဆိုင်ကြုံတွေ့နေရသော အရေးကိစ္စများနှင့် စပ်လျဉ်း၍ဆွေးနွေးနိုင်းနှောဖလှယ်လေ့ရှိသည့် နှစ်စဉ်ကျင်းပသော အဆိုပါစီးပွားရေးညီလာခံသို့ နိုင်ငံတကာ ခေါင်းဆောင်များ၊ ကမ္ဘာ့စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ပညာရှင်များနှင့် ဂျာနယ်လစ်များ တက်ရောက်ဆွေးနွေးကြလေ့ရှိသည်။ ***သန်းဇော်ထွန်း***

## ဒေါ်အောင်ဆန်းစုကြည်နှင့် ၈၈ မျိုးဆက် ကျောင်းသားများ ဒုတိယအကြိမ်တွေ့ဆုံ

ဒေါ်အောင်ဆန်းစုကြည်နှင့် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့တို့ ဇန်နဝါရီလ ၂၇ ရက်နေ့ ညနေပိုင်းတွင် ဒုတိယအကြိမ်တွေ့ဆုံခဲ့ကြပြီး အကြောင်းအရာသုံးခုကို ဆွေးနွေးခဲ့ကြောင်း သိရပါသည်။

“ကျွန်တော်ရယ်၊ ကိုဌေးကြွယ်ရယ်၊ ကိုကိုကြီးရယ် ဒီသုံးဦးက ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့ကိုယ်စားအနေနဲ့ တွေ့ဆုံခဲ့ကြတာပါ။ ဒီတစ်ခါ တွေ့ဆုံမှုမှာတော့ အလုပ်သဘောပါလာပါပြီ။ ကျွန်တော်တို့ဆွေးနွေးဖြစ်ခဲ့တဲ့အကြောင်းအရာတွေကတော့ ကျန်ရှိနေသေးတဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူတွေ ပြန်လွတ်ဖို့ကိစ္စ၊ ကြားဖြတ်ရွေးကောက်ပွဲကိစ္စနဲ့အနာဂတ်မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေကိစ္စတွေဖြစ်ပါတယ်။ အဓိကဆွေးနွေးခဲ့တာကတော့ ဒီအချက်သုံးချက်ပါပဲ။ ကျွန်တော်တို့ဆုံးဖြတ်ခဲ့တာတွေကိုတော့ ထုတ်ပြန်ဖို့မရှိသေးပါဘူး”ဟု တွေ့ဆုံဆွေးနွေးမှုတွင်ပါဝင်ခဲ့သည့် ကိုမြအေးက ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုမင်းကိုနိုင် ဦးဆောင်သည့် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့သည် ဇန်နဝါရီလ ၂၄ ရက်နေ့ ညနေပိုင်းကပထမအကြိမ်တွေ့ဆုံခဲ့ပြီး အလွတ်သဘောတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း မြန်မာနိုင်ငံသို့ တတိယအကြိမ်မြောက်ခရီးစဉ်အဖြစ် လာရောက်နိုင်ရန်စီစဉ်နေ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မြန်မာနိုင်ငံတွင် ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲမှုများအတွက် မြန်မာအစိုးရအားချီးကျူးလိုက်ပြီး မြန်မာနိုင်ငံသို့မကြာမီလာရောက်နိုင်ရန်စီစဉ်နေကြောင်း ဇန်နဝါရီလ ၂၅ ရက်နေ့က ပြောကြားခဲ့သည်။

“မြန်မာအာဏာပိုင်တွေနဲ့ ဆက်လက်ဆွေးနွေးမှုများပြုလုပ်ဖို့အတွက် မြန်မာနိုင်ငံကို မကြာမီသွားရောက်နိုင်ဖို့အတွက်လည်းစီစဉ်နေပါတယ်”ဟု ဘန်ကီမွန်းက သတင်းထောက်များအား နယူးယောက်မြို့တွင် ပြောကြားခဲ့သည်။

ဘန်ကီမွန်းမြန်မာနိုင်ငံသို့ ယခုလာရောက်မည့်ခရီးစဉ်သည် ၎င်းအတွက် တတိယအကြိမ်မြောက် မြန်မာနိုင်ငံခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းသည် မြန်မာနိုင်ငံသို့ ၂၀၀၈ ခုနှစ် မေလနှင့် ၂၀၀၉ ခုနှစ် ဇူလိုင်လတို့တွင် လာရောက်ခဲ့သည်။

၂၀၀၇ ခုနှစ် စက်တင်ဘာလုပ်ရှားမှု၌ ပါဝင်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ထိန်းသိမ်းခံရကာ ထောင်ဒဏ်ရှစ်နှစ်ကျခံခဲ့ရသူ၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့က နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ထောင်ကြီးထောင်မှပြန်လည်လွတ်မြောက်လာခဲ့သူ၊ လူငယ်ကျောင်းသားမျိုးဆက်ကိုကျော်ကိုကိုနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ယခုအပတ်တွင်ဆက်လက်ဖော်ပြလိုက်ပါသည်။

# “ဝေဖန်သုံးသပ်တာတွေက ဟိုဘက်၊ ဒီဘက် ရှိမှာပဲ”

## လူငယ်ကျောင်းသားမျိုးဆက်ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုကျော်ကိုကို နှင့် တွေ့ဆုံခြင်း

➢ *ယခင်တစ်ပတ်မှအဆက်*

**မေး - ထာဝရငြိမ်းချမ်းရေးလို့ ဆိုလာတဲ့အတွက် နိုင်ငံတော်သမ္မတဦးသိန်းစိန်အစိုးရရဲ့လုပ်ဆောင်နေတဲ့အခြေအနေတွေကို ဘယ်လိုသုံးသပ်မိပါသလဲ။**

**ဖြေ** - လက်ရှိအစိုးရအနေနဲ့က မြန်မာ့နိုင်ငံရေးစီးကြောင်းမှာ ပိတ်ဆို့နေတဲ့ အချိန်တစ်ခုဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသားအမြန်ဆုံးလွတ်မြောက်ရေးဆိုတဲ့အချက်ကို အရင်ဦးဆုံးစတင်ကိုင်တွယ်လိုက်ပြီ။ အကောင်းဆုံးကတော့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ဆိုတဲ့ အနေအထားမျိုးထိရောက်သွားရင် အကောင်းဆုံးပဲ။ ဒါဆို မြေပေါ်မြေအောက်မှာရှိတဲ့၊ ပြည်ပကနေပြန်လာမယ့်သူတွေအတွက်လည်း လုံးဝအဆင်ပြေသွားမယ်။ အခုချိန်မှာဆိုရင်ပြန်လာရကောင်းနိုးနိုး၊ မလာရကောင်းနိုးနိုး အဲလိုမျိုးစိုးရိမ်ကြောင့်ကြမှုတွေ၊ ပူပန်မှုတွေ၊ မတင်မကျစိတ်မချရတာတွေရှိနေတုန်းပဲ။ ဒုတိယအချက်အနေနဲ့ကတော့ တိုင်းရင်းသားဒေသတွေမှာဖြစ်ပွားနေတဲ့ ထိုးစစ်ကို ခြွင်းချက်မရှိရပ်နားဖို့ ကောင်းနေပြီ။ အခုလုပ်နေတဲ့ အစိုးရဲ့ပြောင်းလဲမှုလုပ်ဆောင်ချက်လုပ်ငန်းတွေဟာ အရှိန်အဟုန် နှေးကွေးနေပါတယ်။ အရှိန်အဟုန်နှေးကွေးခြင်းဟာ တကယ်တမ်းကျတော့ အချိန်ကာလကလည်းအကျပ်အတည်း ဖြစ်လာလိမ့်မယ်။ နောက်ပိုင်းကျတော့ အချိန်ကာလအခက်အခဲ time crisis ဖြစ်လာလိမ့်မယ်။ အဲလိုဖြစ်လာလို့ရှိရင် အဖက်ဖက်ကကျပ်တည်းလာပြီး တစ်ဖန်ပြန်ကွေ့သွားနိုင်တယ်။ အဲဒီအလားအလာရှိတယ်။

တချို့လူတွေပြောနေကြတာရှိတယ်။နောက်ပြန်လှည့်မယ်။ နောက်ကြောင်းပြန်လှည့်သွားမယ်ဆိုတဲ့ အလားအလာ။ အဲဒီအလားအလာကိုလုံးလုံးမရောက်ခဲ့သည့် တိုင်အောင်အဲဒီအတိုင်းအတာနီးပါးကို ရောက်သွားနိုင်တယ်။ အဲဒါကြောင့်ရှေ့ကိုပဲထာဝရရှေ့ဆက်သွားမယ်။ မဆုတ်မနစ်စွာနဲ့ ဆက်သွားမယ်ဆိုရင် ရိုးသား၊ ရဲရင့်စွာပွင့်လင်းစွာနဲ့ ရှေ့ဆက်လျှောက်ရမယ်။ အစိုးရအနေနဲ့ အာဃာတထားလို့ မရဘူး။ အရင်တုန်းကဟာတွေကို သင်ပုန်းချေပစ်ရမယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က တူတာတွဲလုပ်မယ်။ မတူတာခွဲလုပ်မယ်လို့ ပြောနေတဲ့အချိန်မှာ အစိုးရအနေနဲ့ တူတာကိုပဲရှာကြည့်ရမယ်။ မတူတာတွေကိုဘာလို့ဆုပ်ကိုင်ထားနေတာလဲ။ ရင်ထဲမှာဘာလို့သိမ်းဆည်းထားတာလဲလို့ ကျွန်တော်မေးချင်တယ်။

**မေး -နိုင်ငံရေးပြဿနာအတွက် လမ်းစပေါ်ပြီဆိုပေမယ့် တစ်ဖက်မှာကဆင်းရဲတွင်းနက်နေတဲ့ စီးပွားရေးပြဿနာရှိနေပါသေးတယ်။ အခြေခံလူတန်းစားတွေ၊ လူလတ်တန်းစားတွေရဲ့ဘဝအဆင်ပြေနိုင်ဖို့မှာ စီးပွားရေးတိုးတက်ဖို့က အဓိကကျနေတဲ့အတွက် ဒီအပိုင်းမှာရော ဘယ်လိုမြင်ပါသလဲ။**

**ဖြေ** - စီးပွားရေးပြဿနာဆိုကတော့ တိုင်းပြည်ရဲ့စီးပွားရေးက စီမံခန့်ခွဲမှုညံ့ဖျင်းတာတွေကြောင့် ချွတ်ခြုံကျခဲ့ရတာပေါ့။ အဲလိုအမျိုးမျိုး ပြဿနာတွေကြုံတွေ့ပြီးတော့ အကျပ်အတည်းဆိုက်လာတာပေါ့။ အကျပ်အတည်းဆိုက်လာတော့ မြန်မာနိုင်ငံကအဆင်းရဲဆုံးနိုင်ငံစာရင်းတောင်မှ ၁၉၈၈ က ဝင်သွားခဲ့တာကိုး။ အဲဒီနောက်ပိုင်းစီးပွားရေးလမ်းကြောင်းဖွင့်ပြီဆိုပေမယ့် အစိုးရနဲ့ပတ်သက်ရင်းနှီးတဲ့လက်ဝါးကြီးအုပ်စီးပွားရေးလုပ်ငန်းရှင်တွေပဲ ထွန်းကားခဲ့တာကိုး။ အများပြည်သူကတော့ ဆင်းရဲကျပ်တည်းပြီးသံသရာထဲမှာနစ်နေတုန်းပဲရှိသေးတယ်။

အဲဒီအခြေအနေမျိုးက ရေရှည်တိုင်းပြည်မှာစွဲကပ်နေတဲ့ ဝေဒနာ



> **ကျွန်တော်တို့ လူငယ်တွေကလည်း နိုင်ငံရေးက ကြောက်စရာမဟုတ်ဘူး။ နိုင်ငံရေးဆိုတာ လူသားတိုင်းနဲ့ဆိုင်တဲ့ကိစ္စ၊ နိုင်ငံသားတိုင်းနဲ့ဆိုင်တဲ့ကိစ္စ၊ နိုင်ငံသားတိုင်းနဲ့ဆိုင်တဲ့အရေးကို ကိုယ့်အရေးကိုယ့်အရာလို့ သဘောထားရမယ်လို့ အမြဲတန်းပြောတယ်၊ အမြဲတန်းတိုက်တွန်းတယ် ။ ။ ။**

ကြီးတစ်ရပ်လိုဖြစ်နေလို့ရှိရင် ဒီဝေဒနာ နလန်မထူနိုင်သေးတဲ့ ကာလပတ်လုံး နိုင်ငံရေးတိုးတက်မှုလမ်းစကလည်း မြင်မှာမဟုတ်သေးဘူး။ အခြေခံပြည်သူတွေရဲ့ စားဝတ်နေရေးဘဝ၊ ရပ်ပိုင်းဆိုင်ရာမတိုးတက်ဘူးဆိုလို့ရှိရင် တိုင်းပြည်တစ်ပြည်က သူများနဲ့ယှဉ်လိုက်တိုင်း ယှဉ်လိုက်တိုင်းမှာ အများကြီးနိမ့်ကျနေတယ်။ အဲဒီတော့ ဒီတိုင်းပြည်ရဲ့ အနာဂတ်ကလည်း မရေရာဘူး။ အဲဒီတော့ လူငယ်တွေအတွက် အလုပ်အကိုင်ဖန်တီးပေးမယ့် ground မျိုးရှိရမယ်။ အဲဒါဟာလည်း ပညာရေးနဲ့နီးနွှယ်နေတယ်လို့ ကျွန်တော်ထင်တယ်။ အခုလက်ရှိပေးနေတဲ့ပညာရေးအဆင့်အတန်းနိမ့်ကျမှုက ဘယ်တိုင်းပြည်ကိုမှယှဉ်လို့မရဘူး။ အဲဒီတော့ ဒီပညာရေးကို အဆင့်အတန်းမြင့်မားလာအောင်လို့အစိုးရက မူဝါဒချမှတ်ပြီး ဆောင်ရွက်ပေးရမယ်။ NGO တွေ၊ Civil Society တွေနောက်ပိုင်းပေါ်လာရင် လူငယ်တွေကိုပညာရေးဘက်တွန်းအားပေးမယ်။ အထူးသဖြင့် လူငယ်တွေကကိုယ့်နိုင်ငံကနေ ပြည်ပနိုင်ငံကိုထွက်သွားတယ်ဆိုတာ ကိုယ့်နိုင်ငံက ပညာနဲ့မဖူလုံလို့လည်းပါတယ်။ ဒီမှာလည်း သင်လာရတဲ့ ပညာနဲ့ထိုက်တန်တဲ့ လစာမပေးနိုင်တဲ့အခါကျတော့ တိုင်းတစ်ပါးမှာပဲ အလုပ်လုပ်ရင်းနဲ့ အဲဒီမှာပဲဘဝကိုအသက်မွေးဝမ်းကြောင်းပြုသွားပြီး ဒီနိုင်ငံကို ပြန်လှည့်မလာတော့တာတွေလည်းရှိတယ်။ အဓိကက ပြဿနာကအဲဒါပဲ။ ပညာရေးအဆင့်အတန်းမမြင့်မားမှုကြောင့် အလုပ်အကိုင် အခွင့်အလမ်းမဖန်တီးပေးနိုင်မှုကြောင့် ထိုက်တန်တဲ့နေရာမရမှုကြောင့် လူငယ်တွေBrainDrain ဖြစ်သွားရတာပေါ့။ အဲဒါကြောင့်ပြန်ပြင်ရမယ့်မူဝါဒတွေမှာ ပညာရေးကို ထိပ်ဆုံးကထားပြီးပြင်ဆင်သင့်တယ်။

**မေး - နိုင်ငံရေးလုပ်ဖြစ်ခဲ့ခြင်းနဲ့ ပတ်သက်ပြီး တခြားသော လူငယ်တွေကို မျှဝေချင်တဲ့ ပုဂ္ဂလိကခံယူချက်၊ ယုံကြည်မှုက ဘာဖြစ်မလဲ။**

**ဖြေ** - နိုင်ငံရေးကို ကြောက်စရာလို့မြင်နေတာက ယဉ်ကျေးမှုတစ်ခုလိုဖြစ်ခဲ့တယ်။ ဒါကလည်း မြန်မာနိုင်ငံက အာဏာရှင်အဆက်ဆက် ရဲ့ခေတ်အဆက်ဆက်မှာ နေခဲ့ရတာ အတော်ကြာပြီကိုးဗျ။ လူထုကိုခြိမ်းခြောက်မှုနဲ့ အကြောက်တရားနဲ့ လွှမ်းမိုးထားခဲ့တယ်။ အဲဒါယဉ်ကျေးမှုလိုဖြစ်ခဲ့တယ်။ ဒါပေမယ့် မြန်မာပြည်သူလူထုရဲ့ စိတ်မှာတကယ်တန်းကျတော့ အကြောက်တရားကလွတ်ကင်းအောင်လို့ ရှာဖွေချင်တဲ့အမြင်တော့ရှိတယ်။ မီးခဲပြာဖုံးဖြစ်နေတာပေါ့နော်။ ဒီအမြင်တွေက၊ အဲတာတွေကို ဖယ်ရှားပစ်နိုင်တာက ဒီနိုင်ငံရေးသမားတွေပေါ့။ အကျပ်အတည်းကာလတွေမှာတောင် သူတို့က လူထုကိုဦးဆောင်ပြီး အားပေးခဲ့တယ်၊ မြှင့်တင်ခဲ့တယ်။ ကျွန်တော်တို့ လူငယ်တွေကလည်း နိုင်ငံရေးကကြောက်စရာမဟုတ်ဘူး။ နိုင်ငံရေးဆိုတာ လူသားတိုင်းနဲ့ဆိုင်တဲ့ကိစ္စ၊ နိုင်ငံသားတိုင်းနဲ့ဆိုင်တဲ့ကိစ္စ၊ နိုင်ငံသားတိုင်းနဲ့ဆိုင်တဲ့ အရေးကိုကိုယ့်အရေးကိုယ့်အရာလို့ သဘောထားရမယ်လို့ အမြဲတန်းပြောတယ်၊ အမြဲတန်းတိုက်တွန်းတယ်။ အဲတာလေးကိုဆောင်ရွက်ဖို့လဲ ကျွန်တော်တို့ကအားပေးတယ်ပေါ့။ ဒါကလုပ်သင့်လုပ်ထိုက်တဲ့အလုပ်။ ခုနကပြောခဲ့တဲ့ အခက်အခဲကြီးတစ်ခုလုံးကို ကျွန်တော်တို့ကပြောင်းလဲပစ်ရမှာဗျ။

ကျွန်တော့်ရဲ့ ခံယူချက်ကို ပြောမယ်ဆိုရင် ကျွန်တော် ကျမ်းစာတွေမှာ ပါတဲ့အတိုင်းပေါ့နော်။ အမှန်တရားသည်၊ သစ္စာတရားသည်သင့်အား လွတ်လပ်ခွင့်ကို ဆောင်ကြဉ်းပေးလိမ့်မည်ဆိုတာမျိုး၊ အဲသဘောမျိုးနဲ့ ကျွန်တော်က အမှန်တရားနဲ့သစ္စာတရားကို ဆုပ်ကိုင်ထားရင်လွတ်မြောက်ခြင်းကို ရောက်လိမ့်မယ်ဆိုတဲ့ အမြင်မျိုး ကျွန်တော့်မှာ ခံယူချက်ရှိတယ်။သစ္စာတရားဆိုတာ ဘာလဲဆိုရင် လူသားတိုင်း ဦးထိပ်ထားရမယ့်ကိစ္စ၊ လူသားတိုင်း အချင်းချင်းပေါ်မှာ ခွင့်လွှတ်ရမယ်၊ သည်းခံရမယ်ဆိုတဲ့ကိစ္စတွေရှိတယ်။ လူသားတိုင်း အများပြည်သူဘဝတိုးတက်ကောင်းစားရေးအတွက် အမှန်တရားကိုပဲ ဆုပ်ကိုင်ရမယ်၊ ပြောမယ်ဆိုလို့ရှိရင် Right is Might ပေါ့ဗျာ။ အမှန်တရား အင်အားပေါ့။

**မေး - ထောင်ကပြန်လွတ်လာပြီး ပြင်ပမှာမြင်ရတဲ့အခြေအနေနဲ့ ထောင်မကျခင်အခြေအနေ ဘာများကွာခြားသွားတယ်လို့ ထင်ပါသလဲ။**

**ဖြေ** - ကျွန်တော်ထောင်ထဲဝင်သွားတဲ့ ကာလမှာ လူတွေက နိုင်ငံရေးအကြောင်းကို လက်ဖက်ရည်ဆိုင်တွေမှာတောင်မှ ကျယ်ကျယ်ပြန့်ပြန့် မပြောရဲသေးဘူး။ ပြောလို့ရှိရင် တိုးတိုးတိတ်တိတ်ပြောကြတယ်။ ပြောတာတောင်မှ တစ်ယောက်နဲ့တစ်ယောက်စကြတယ်။ နိုင်ငံရေးတွေမပါနဲ့ဆိုတာမျိုး။နိုင်ငံရေးအကြောင်းပြောရင် နောက်ကျောမလုံဘူးလို့ ခံစားရတယ်။ အဲအချိန်ကာလက အဓိကကကြောက်နေရတာပေါ့။ထောက်လှမ်းရေးတို့ သတင်းပေးတို့။ အခုကျတော့ နိုင်ငံရေးခေတ်တစ်ခေတ်ကိုရောက်တော့မယ်၊ အစပျိုးနေပြီဆိုတော့၊ နိုင်ငံရေးခေတ်ဆိုတာ လွတ်လွတ်လပ်လပ်နိုင်ငံရေးအကြောင်းဆွေးနွေးနိုင်တဲ့ခေတ်၊ ဆွေးနွေးတယ်ဆိုတာကဆွေးနွေးခွင့်ပေးထားလို့ဆိုတာထက် ကြိုးစားပမ်းစားကိုယ့်ဟာကိုအားထုတ်ပြီး လုပ်လာကြတာ၊ အစိုးရပေးတာထက် ပိုပြီးရအောင်အားထုတ်လာကြတာ၊ သူတို့က ဒီနေရာအထိ ပေးတယ်ဆိုရင်ကိုယ်ကရှေ့ကိုဆက်သွားချင်တဲ့၊ အမြဲတန်းအားထုတ်နေတဲ့စိတ်ရှိမယ်ဆိုရင် ကိုယ်လိုချင်တဲ့နေရာရောက်မှာပဲ။ သူပေးတဲ့နေရာနဲ့ တင်းတိမ်ရောင့်ရဲနေလို့မရဘူးပေါ့။ ကိုယ်လိုချင်တဲ့နေရာအထိ ရောက်အောင်လို့ ကျွန်တော်တို့က ဆက်လျှောက်ရမှာ။ အခုခေတ်ကလူတွေက ပြောကြ၊ ဆိုကြတယ်။ ပွင့်ပွင့်လင်းလင်းဝေဖန်သုံးသပ်ကြတယ်။ ဝေဖန်သုံးသပ်တာတွေက ဟိုဘက်ဒီဘက်ရှိမှာပဲ။ အစိုးရဘက်ကို ဝေဖန်တာလည်းရှိမယ်။ အတိုက်အခံဘက်ကိုဝေဖန်တာတွေလည်းရှိမယ်။ ဝေဖန်ကန့်ကွက်သံတွေ၊ ဆွေးနွေးသံတွေကပိုပြီး ကျယ်ကျယ်လောင်လောင်ကြားရတယ်။ ဒါဟာ လူထုကြားထဲက အဓိကပြောင်းလဲမှုအရာတွေလို့ ကျွန်တော် မြင်ပါတယ်။

*နေထွန်းနိုင်*




## ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD)နှင့် ရှမ်းနီပါတီ(TNDP)တို့ ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD)နှင့်တိုင်းလိုင်(ခေါ်)ရှမ်းနီအမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ (TNDP) တို့ လာမည့်ကြားဖြတ်ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း သိရှိရပါသည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD)အနေဖြင့်၂၀၁၀ ရွေးကောက်ပွဲအတွက် ပါတီမှတ်ပုံတင်ခြင်း မပြုလုပ်ခဲ့သော်လည်း ဦးခွန်ထွန်းဦးပြန်လည်လွတ်မြောက်လာခဲ့ပြီးနောက်တွင် ပါတီကို ပြန်လည်မှတ်ပုံတင်ရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။ သို့သော်ဧပြီလ၁ရက်နေ့တွင်ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဘဲ အဆိုပါ ကြားဖြတ် ရွေးကောက်ပွဲ အတွက် အခြားသောပါတီများမှ ကိုယ်စားလှယ်လောင်းအမည်စာရင်းများတင်သွင်းပြီးမှသာ ပါတီကို မှတ်ပုံတင်သွားမည်ဟု SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက ပြောကြားခဲ့သည်။ SNLD သည် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ မဲဆန္ဒနယ် ဒုတိယအများဆုံး အနိုင်ရရှိခဲ့သော ပါတီဖြစ်သည်။

တိုင်းလိုင်(ခေါ်) ရှမ်းနီအမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ (TNDP)မှာမူ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (SNDP) မှ တရားဝင်နှုတ်ထွက်ခဲ့သော ရှမ်းနီလူမျိုးများဖြင့် ဖွဲ့စည်းထားသည့် ပါတီဖြစ်ကာ ဇန်နဝါရီလ ၂၀ ရက်နေ့က ပါတီတည်ထောင်ခွင့်ရရှိရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားခဲ့သည့် ပါတီတစ်ခုဖြစ်သည်။

“ကျွန်တော်တို့က အခုမှ တည်ထောင်ခွင့် လျှောက်တာဆိုတော့ ကြားဖြတ်ရွေးကောက်ပွဲကို ဝင်ပြိုင်ဖို့ အချိန်မမီတော့ပါဘူး။ နောက်လာမယ့် ရွေးကောက်ပွဲတွေမှသာ ဝင်ပြိုင်မှာပါ”ဟုရှမ်းနီပါတီခေါင်းဆောင် ဦးစောဝင်းထွန်းက ပြောပါသည်။

ရှမ်းနီလူမျိုးအရေအတွက်မှာ ခန့်မှန်းခြေနှစ်သန်းခန့်ရှိပြီးအများစုမှာ စစ်ကိုင်းတိုင်းဒေသကြီးရှိ ကောလင်း၊ ဝန်းသို၊ ထီးချိုင့်၊ ပင်လည်ဘူး၊ အင်းတော်၊ ကသာ ဒေသများနှင့် ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးကောင်း၊ မိုညှင်း၊ ဟိုပင်၊ ဗန်းမော်၊ အင်းတော်ကြီး၊ ဟောင်းပါး၊ လုံးခင်၊ ဖားကန့် အစရှိသော ဒေသများတွင် နေထိုင်ကြကြောင်း သိရှိရပါသည်။

# အမေရိကန်တစ်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းအား ယခင်ခြောက်ကျပ်အစား ဈေးကွက်ပေါက်ဈေးဖြစ်သော ကျပ် ၈၀၀ ဝန်းကျင်ဖြင့်ပြောင်းလဲသတ်မှတ်သွားမည်

အမေရိကန်တစ်ဒေါ်လာနှင့် မြန်မာငွေကျပ်လဲလှယ်နှုန်းအား ယခင်ခြောက်ကျပ်အစား ဈေးကွက်ပေါက်ဈေးဖြစ်သော ကျပ် ၈၀၀ ဝန်းကျင်ဖြင့်ပြောင်းလဲသတ်မှတ်မှုကိုလာမည့် ၂၀၁၂–၂၀၁၃ ဘဏ္ဍာရေးနှစ်အစတွင်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

လတ်တလောတွင်မူ နိုင်ငံစီးပွားရေးတည်ငြိမ်စေရန်ရှုပ်ထွေးသည့် နိုင်ငံခြားငွေလဲလှယ်မှုစနစ်ကို ဦးစားပေးပြုပြင်ပြောင်းလဲရန်လိုအပ်နေကြောင်း၊ စီမံခန့်ခွဲမှုအပိုင်းတွင်လည်း မက်ခရိုစီးပွားရေးတည်ငြိမ်မှုကိုထိန်းထားနိုင်ရန်အတွက်ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်း IMF မှထုတ်ပြန်သောစာတမ်းတွင်ဖော်ပြထားသည်။

"လတ်တလောအခြေအနေမှာ အီးယူကတော့ လာမယ့် ဧပြီလမှာကျင်းပမယ့်ရွေးကောက်ပွဲအနေအထားကိုကြည့်ပြီးစီးပွားရေးပိတ်ဆို့အရေးယူမှုတွေကိုရုပ်သိမ်းပေးဖို့ပြောနေကြတာရှိပါတယ်။ အခုဆို နော်ဝေကဝင်လာပြီဆိုတော့ တခြားအီးယူနိုင်ငံတွေလည်းဝင်လာဖို့ကြိုးစားတာရှိမှာပဲ။ ပြည်တွင်းမှာငွေကြေးလဲလှယ်နှုန်းအမျိုးမျိုးဖြစ်နေတဲ့ကိစ္စတွေကိုလည်းမကြာခင်ပြင်ဆင်သွားမယ်လို့သိရတယ်ဆိုတော့ လက်ရှိအခြေအနေအတိုင်းဆက်သွားရင်မြန်မာ့စီးပွားရေးတိုးတက်လာနိုင်ပါတယ်။ ပြီးတော့ IMF ကိုယ်တိုင်မြန်မာ့စီးပွားရေးကိုစိတ်ဝင်စားနေတဲ့အပိုင်းလည်းရှိတယ်"ဟု စီးပွားရေးပညာရှင်တစ်ဦးကပြောပြခဲ့သည်။

၂၀၁၁ –၂၀၁၂ ဘဏ္ဍာရေးနှစ်တွင်မူကာကွယ်ရေးအသုံးစရိတ် GDP ၏ ၂၅ ရာခိုင်နှုန်းအထိသုံးထားပြီး ပညာရေးတွင် ၄ ရာခိုင်နှုန်းနှင့် ကျန်းမာရေးတွင် ၁ ဒသမ ၄ ရာခိုင်နှုန်းသာသုံးစွဲခဲ့ကြောင်း သိရှိရသည်။ ထို့အတူ တစ်ဒေါ်လာပေါက်ဈေးခြောက်ကျပ်အစား ကျပ် ၈၀၀ နှင့်ပြင်ဆင်သတ်မှတ်သည့်ကိစ္စနှင့်ပတ်သက်၍လည်း အဆင်ပြေသွားမည်ဖြစ်ကြောင်း ကမ္ဘောဇဘဏ်ဒုတိယဥက္ကဋ္ဌဦးသန်းလွင်က ပြောပြခဲ့သည်။

"အရင်တုန်းက ခြောက်ကျပ်နဲ့လဲနေရာကနေတရားဝင်လဲလှယ်နှုန်းကိုကျပ် ၈၀၀ နဲ့လဲလှယ်မယ်ဆိုတော့ ဘက်ဂျက်အပေါ်မှာတော့ သက်ရောက်မှုရှိလိမ့်မယ်။ ဗဟိုဘဏ်ကလည်းဝင်ပြီးထိန်းကျောင်းဖို့လိုလိမ့်မယ်။ IMF အပြင် တခြားပညာရှင်တွေရဲ့အမြင်ကိုလည်းယူသွားဖို့ရှိပါတယ်။ အခုလည်း ဈေးကွက်ထဲမှာ ကျပ် ၈၀၀ နဲ့ပဲလည်ပတ်နေတာဆိုတော့လာမယ့် ဘဏ္ဍာရေးနှစ်အစလောက်မှာတော့ အဆင်ပြေသွားလိမ့်မယ်လို့ယူဆပါတယ်"ဟု ဦးသန်းလွင်က ပြောပြခဲ့သည်။

# အင်ဒိုနီးရှားနိုင်ငံက မြန်မာနိုင်ငံမှ အရန်ဆန်တန်ချိန်နှစ်သိန်းအားဝယ်ယူရန် MoU ရေးထိုး




Parkroyal ဟိုတယ်တွင် MRIA နှင့်အင်ဒိုနီးရှားနိုင်ငံ၏ Perum BULOG တို့နားလည်မှုစာချွန်လွှာရေးထိုးစဉ်

အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံပိုင် State owned enterprise တစ်ခုဖြစ်သော Perum Bulog ကုမ္ပဏီက မြန်မာနိုင်ငံမှ အရန်ဆန်နှစ်သိန်းအားဝယ်ယူရန်အတွက် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့ Parkroyal ဟိုတယ်၌ လက်မှတ်ရေးထိုးခဲ့ကြောင်းသတင်းရရှိသည်။

"ကျွန်တော်တို့ကုမ္ပဏီကအစိုးရပိုင်ကုမ္ပဏီတစ်ခုပါ။ အင်ဒိုနီးရှားနိုင်ငံရဲ့စားနပ်ရိက္ခာဖုံလုံမှုအတွက် နှစ်စဉ်ပြည်ပကဆန်နဲ့အတူအခြားစားသောက်ကုန်တွေ တင်သွင်းရပါတယ်။ ၂၀၁၀ ခုနှစ်ကစပြီး ရာသီဥတုပြောင်းလဲမှုကြောင့်သီးနှံအထွက်ကျဆင်းတဲ့အတွက် အခုမြန်မာနိုင်ငံကဆန်ကိုတင်သွင်းသွားမှာဖြစ်ပါတယ်"ဟု Perum Bulog ကုမ္ပဏီဥက္ကဋ္ဌဖြစ်သူ Sutarto Alimoeso က ပြောပြခဲ့သည်။

အဆိုပါ ဆန်တန်ချိန်နှစ်သိန်းအား ဖေဖော်ဝါရီလမှစ၍ အင်ဒိုနီးရှားနိုင်ငံသို့ တင်သွင်းသွားမည်ဖြစ်ပြီး ဈေးနှုန်းကိုမူ လစဉ်ပုံမှန်သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**အခုဖြစ်နေတာက Capacity ပြဿနာပါ။ အခုကမ္ဘာ့ဈေးကွက်ကပွင့်လန်းလာလို့ မြန်မာနိုင်ငံက တန်ချိန်နှစ်သန်းလောက်ဝယ်မယ်ဆိုရင်တောင် မပို့နိုင်တဲ့လုပ်ငန်းရှင်တွေအများကြီးရှိတယ် . . .**

"ကျွန်တော်တို့မြန်မာနိုင်ငံဆန်စပါးဈေးကွက်က ကမ္ဘာ့ပေါ်မှာ ရှားနေတဲ့အချိန်ကျရင် ဈေးကွက်မှာပြတ်နေတတ်ပြီးကမ္ဘာ့ဆန်ဈေးကွက်မကောင်းတဲ့အချိန်ကျတော့ ပြည်တွင်းမှာ စုပုံနေတတ်ပါတယ်။ ဒါကလည်း အချိတ်အဆက်မမိတဲ့ပြဿနာပါ။ အခုအင်ဒိုနီးရှားနဲ့ စာချုပ်ချုပ်တာက ဈေးနှုန်းကိုလစဉ်ဆုံးဖြတ်သွားမှာပါ။ ပြီးတော့ အရည်အသွေးပိုင်းဆိုင်ရာ ပတ်သက်ပြီးဆက်လက်ဆွေးနွေးရဦးမယ်။ အင်ဒိုနီးရှားနဲ့ မြန်မာရာသီဥတုအခြေအနေ၊ စိုက်ပျိုးရေးနည်းစနစ်၊ နည်းပညာပိုင်းတွေဖလှယ်သွားဖို့ သဘောတူထားပါတယ်။ အခု MoU ရေးထိုးတာကလည်း ဒီအတွက်ပဲထိုးကြတာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံဆန်စပါးအသင်းအနေနဲ့ကတော့ ပွင့်လင်းမြင်သာမှုရှိရှိသတင်းတွေထုတ်ပြန်သွားမှာပါ။ ကုမ္ပဏီအသေးလေးတွေနဲ့အသေးစားနဲ့အလတ်စားလုပ်ငန်းလေးတွေကိုအကာအကွယ်ပေးသွားမှာပါ။ သူတို့ကိုအားပေးပြီးတော့ ဒီအထဲမှာပါဝင်လာအောင်ကုမ္ပဏီကြီးတွေအနေနဲ့လည်း ရှေ့ဆောင်လမ်းပြလုပ်ရမှာပါ။ ကုမ္ပဏီကြီးတွေအနေနဲ့လည်း နည်းပညာပိုင်းကအစ အတွေ့အကြုံတွေကိုအသင်းကနေတစ်ဆင့်ဝင်ပြီး ထိန်းကျောင်းပေးသွားမယ်။ အခုဖြစ်နေတာက Capacity ပြဿနာပါ။ အခုကမ္ဘာ့ဈေးကွက်ကပွင့်လန်းလာလို့ မြန်မာနိုင်ငံကတန်ချိန်နှစ်သန်းလောက်ဝယ်မယ်ဆိုရင်တောင်မပို့နိုင်တဲ့လုပ်ငန်းရှင်တွေအများကြီးရှိတယ်။ ဒါကြောင့် ကုမ္ပဏီတစ်ခုတည်းကပဲခြောက်သောင်း၊ ခုနစ်သောင်း၊ ရှစ်သောင်း၊ သိန်းနဲ့ချီပြီးပို့နိုင်တယ်။ အများစုကမလုပ်နိုင်သေးတဲ့အတွက်အသင်းကနေပြီးဦးဆောင်ပြီး Capacity ကောင်းအောင်လုပ်ပေးသွားမှာပါ"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းအတွင်းရေးမှူး ကိုရဲမင်းအောင်က ပြောပြခဲ့သည်။

ထို့အတွက် အရန်ဆန်ဝယ်ယူမှုကို စပါးတင်း ၁၀၀ လျှင် ကျပ် ၃၃၀၀၀၀ နှုန်းဖြင့် ပြည်တွင်းရှိတောင်သူများထံမှလာမည့် တန်လာ်၊ အဂ်ါနေ့မှစ၍ဝယ်သွားတော့မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

***အငယ်ထွေး***

■

*မျက်နှာဖုံးသတင်း "၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့စီးပွားရေး ခြောက်ရာခိုင်နှုန်းတိုးတက် . . ."မှ အဆက်*

၂၀၁၁–၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၅ ဒသမ ၅ ရှိခဲ့သော မြန်မာ့စီးပွားရေးသည်လာမည့် ၂၀၁၂–၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်ခြောက်ရာခိုင်နှုန်းတိုးတက်ကာအနာဂတ်အာရှဒေသ၏စီးပွားရေးမျက်နှာစာသစ်တစ်ခု ဖြစ်လာနိုင်သည်ဟု အိုင်အမ်အက်ဖ်(အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့)မှ မြန်မာနိုင်ငံဆိုင်ရာအဖွဲ့ခေါင်းဆောင် Meral Karasulu က ဇန်နဝါရီလ ၂၅ ရက်နေ့တွင်သုံးသပ်ပြောကြားခဲ့ပါသည်။

"မြန်မာ့စီးပွားရေးအနေနဲ့ ကာလရှည်ကျဆင်းနေတဲ့အခြေအနေကနေ ၂၀၁၁–၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ၅ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး လာမယ့်ဘဏ္ဍာရေးနှစ်မှာခြောက်ရာခိုင်နှုန်းတိုးတက်နိုင်ပါတယ်။မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်နိုင်ခြေအလွန်မြင့်မားနေပြီး အာရှဒေသမှာ နောက်ထပ်စီးပွားရေးမျက်နှာစာသစ်နိုင်ငံတစ်ခုဖြစ်လာနိုင်တယ်"ဟု ၁၉၉၉ ခုနှစ်နောက်ပိုင်းထုတ်ပြန်သည့် မြန်မာ့စီးပွားရေးဆိုင်ရာစစ်တမ်းတွင် Meral Karasulu က ပြောကြားပါသည်။

လက်ရှိ မြန်မာအစိုးရအနေဖြင့် နိုင်ငံ၏ စီပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားတို့၏ လူနေမှုအဆင့်အတန်းမြင့်တင်နိုင်ရေးတို့အတွက် အရှိန်အဟုန်မြင့်ဆောင်ရွက်နိုင်ပြီး သမိုင်းမှတ်တိုင်ထင်ကျန်နိုင်သည့် အခွင့်အလမ်းကိုရရှိနေပြီဖြစ်ကြောင်း၊ အခြေအနေများအရ ဖွံ့ဖြိုးတိုးတက်နိုင်သည့်အလားအလာအမြင့်မားဆုံးရှိနေပြီး သယံဇာတရင်းမြစ်များ၊ လူငယ်လုပ်သားများနှင့် စီးပွားရေးအင်အားကြီးနိုင်ငံအချို့နီးစပ်သည့်အနေအထားများကိုလျော်ညီအောင်ဆောင်ရွက်နိုင်ပါက အာရှဒေသ၏ အရေးပါသောနောက်ထပ်စီးပွားရေးမျက်နှာစာသစ်တစ်ခုဖြစ်လာနိုင်ကြောင်း ထည့်သွင်းသုံးသပ်ခဲ့ပါသည်။

အိုင်အမ်အက်ဖ်အဖွဲ့အနေဖြင့် နိုင်ငံ၏စီးပွားရေးတည်ငြိမ်စေရန်အမျိုးမျိုးဖြစ်နေသောငွေလဲနှုန်းများကိုတစ်ခုတည်း ဖြစ်စေရန်ပေါင်းစည်းရေးမှာ အရေးကြီးဆုံးလုပ်ငန်းစဉ်အဖြစ်သုံးသပ်ထားပြီးမက်ခရိုစီးပွာရေးပတ်ဝန်းကျင်တည်ငြိမ်စေရန်အတွက်လည်း စီမံခန့်ခွဲမှုကိုပြုပြင်ပြောင်းလဲသွားရန်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်ရေးမူဝါဒများကိုလည်းကောင်းမွန်အောင် ပြင်ဆင်ပေးရန်တိုက်တွန်းထားပါသည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် မက်ခရိုစီးပွာရေးပတ်ဝန်းကျင်ကို ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်လျက်ရှိသော်လည်း စိန်ခေါ်မှုများရှိနေသေးကြောင်း၊ ဒေသတွင်းစီးပွားရေးအင်အားကြီးနိုင်ငံများ၏ ဝယ်လိုအားလျော့နည်းနေခြင်းကြောင့် မြန်မာနိုင်ငံမှကုန်ကြမ်းများတင်ပို့နိုင်မှုကျဆင်းနိုင်ခြင်း၊ လုပ်သားများအလုပ်အကိုင်ရရှိမှုနည်းပါးသောကြောင့် အလုပ်လက်မဲ့ဦးရေများပြားနိုင်ခြင်းနှင့် ဒေသတွင်းအခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါကယှဉ်ပြိုင်နိုင်စွမ်းအားနည်းနေခြင်းကဲ့သို့အချက်များကိုသတိပြုရမည်ဖြစ်ကြောင်းထည့်သွင်းသုံးသပ်ထားပါသည်။

Meral Karasulu က "မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ကောင်းတာတွေပြောရရင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီးတားဆီးမှုတွေလျှော့ချလာတာတွေ့ရတယ်။ ငွေလဲနှုန်းနဲ့ ပတ်သက်ပြီးကန့်သတ်ချက်တွေကိုလျှော့လာတယ်။ ဘဏ်တွေရဲ့ဈေးငှားနိုင်စွမ်းတိုးတက်လာတယ်။ အတိုးနှုန်းလည်းကျလာတယ်။ ဒါပေမယ့် ငွေဖောင်းပွမှုနှုန်းထက်မနည်းအောင်တော့သတိပြုဆောင်ရွက်ဖို့လိုတယ်။ အတိုးနှုန်းလျော့တဲ့အတွက်ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများလာတာတွေ့ရတယ်။ လုပ်ငန်းလုပ်ရာမှာ ကုန်ကျစရိတ်လျော့စေလို့ကောင်းတယ်။ ဘဏ္ဍာရေးပိုင်းမှာလည်း အစိုးရအနေနဲ့ပိုပြီးသတိရှိလာတယ်။ ကျစ်ကျစ်လစ်လစ်လုပ်လာတယ်လို့ယူဆပါတယ်။ ဘတ်ဂျက်ရေးဆွဲရာမှာဦးစားပေးသင့်တာဦးစားပေးဖို့လိုတယ်။ အများပြည်သူသိအောင် ပွင့်လင်းမြင်သာမှုရှိဖို့လိုတယ်"ဟု ပြောကြားပါသည်။

အိုင်အမ်အက်ဖ်အနေဖြင့် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးမူဝါဒကို မှန်ကန်သောပြုပြင်ပြောင်းလဲမှုများပြုလုပ်နိုင်ရန်တိုက်တွန်းထားပြီး ဘဏ္ဍာရေးမူဝါဒကိုရေရှည်ဖွံ့ဖြိုးစေရန်ဦးတည်ဆောင်ရွက်သွားရန်တိုက်တွန်းထားကြောင်းသိရပါသည်။ အိုင်အမ်အက်ဖ်အနေဖြင့် မြန်မာနိုင်ငံကို ဇန်နဝါရီလ ၉ ရက်နေ့မှ ၂၅ ရက်နေ့အထိလာရောက်ခဲ့ပြီး ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးစစ်တမ်းကိုထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

***စည်သူအောင်***

# ပြည်ပငွေလွှဲလုပ်ကိုင်ခွင့်ရသော ပြည်တွင်းဘဏ်အချို့ ဖေဖော်ဝါရီလတွင်လုပ်ငန်းစတင်မည်




ပြည်ပရောက်မြန်မာနိုင်ငံသားများမှ မြန်မာနိုင်ငံသို့ နိုင်ငံခြားငွေပြန်လည်လွှဲပို့မှုကို လက်ခံနိုင်သောဝန်ဆောင်မှု (Inward Remittance) ကိုပြည်တွင်းဘဏ်အချို့က ဖေဖော်ဝါရီလလယ်တွင် စတင်နိုင်မည်ဖြစ်ကြောင်းဘဏ်လုပ်ငန်းအသိုင်းအဝိုင်းထံမှ သတင်းရရှိပါသည်။

"အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးအနေနဲ့ မလေးရှားနဲ့ စင်ကာပူမှာပြည်ပငွေလွှဲလုပ်ငန်းတွေလုပ်ကိုင်သွားမှာပါ။ မလေးရှားမှာက မလေးဘဏ်နှစ်ခုနဲ့ ချိတ်ထားတယ်။ သူ့တို့ကဖေဖော်ဝါရီလဆန်းပိုင်းလာပြီးညှိနှိုင်းဖို့ ချိန်းထားတယ်။ အဲဒီဘဏ်နှစ်ဘဏ်ထဲကတစ်ဘဏ်နဲ့ လုပ်ငန်းဆောင်ရွက်သွားမှာပါ။ စင်ကာပူမှာတော့ ဖေဖော်ဝါရီလလယ်ဝန်းကျင်ကစပြီး လုပ်ငန်းဆောင်ရွက်မှာပါ။ စင်ကာပူမှာက Remittance လုပ်ငန်းနဲ့ပတ်သက်ပြီးလိုင်စင်ရှိပြီးသားလုပ်ငန်းနဲ့ကျွန်တော်တို့ဘဏ်နဲ့ ပူးပေါင်းပြီး ဖွင့်လှစ်သွားမှာပါ။ စင်ကာပူမှာ ဖေဖော်ဝါရီလလယ်လောက်စပြီးတော့ မလေးရှားမှာ မတ်လအတွင်းစတင်သွားမှာပါ"ဟု အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်မှ အုပ်ချုပ်မှုဒါရိုက်တာဦးရဲမင်းဦးက ပြောကြားပါသည်။

ပြည်တွင်းပုဂ္ဂလိကဘဏ် လေးဘဏ်သည် ပြည်ပမှငွေလွှဲအဝင်လက်ခံခြင်းလုပ်ငန်း (Inward Remittance)ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့ကလုပ်ကိုင်ခွင့်ရရှိခဲ့သည်။ ထို့ပြင် ပို့ကုန်သွင်းကုန်လုပ်ငန်းများအပါအဝင် နိုင်ငံခြားဘဏ်လုပ်ငန်းကိုလည်း အဆိုပါဘဏ်လေးဘဏ် အပါအဝင် မြန်မာဘဏ် ၁၁ ဘဏ်ကလုပ်ငန်းဆောင်ရွက်ခွင့်ရရှိထားကာ နိုင်ငံတကာအသိအမှတ်ပြုနိုင်ငံခြားဘဏ် code နံပါတ်ဖြစ်သော swift code ကိုလျှောက်ထားပြီးဖြစ်ကြောင်း သတင်းရရှိပါသည်။

ကမ္ဘောဇဘဏ်မှ အထွေထွေမန်နေဂျာဦးဇော်လင်းထွဋ်က "ပြည်ပငွေလွှဲလုပ်ငန်းကို ဧပြီ၊ မေမှစတင်လုပ်ကိုင်နိုင်မှာပါ။ အဓိကကတော့ swift code လျှောက်ထားတာမကျသေးလို့ပါ။ မတ်လကုန် ဧပြီလဆန်းပိုင်းမှကျမယ် မှန်းပါတယ်။ ရပြီဆိုရင် ထိုင်း၊ စင်ကာပူ၊ မလေးရှားတင်မဟုတ်ဘဲအာရှနိုင်ငံတော်တော်များများနဲ့ချိတ်ဆက်ပြီး ဝန်ဆောင်မှုပေးသွားမှာပါ။ နိုင်ငံခြားဘဏ်လုပ်ငန်းနဲ့ပတ်သက်ပြီး ပြင်ဆင်မှုပိုင်းတွေကိုတော့ အရှိန်အဟုန်နဲ့လုပ်နေပါတယ်။ ပြည်ပရောက် မြန်မာနိုင်ငံသားတွေရဲ့ငွေလွှဲလုပ်ငန်းရော ပြည်ပပို့ကုန်သွင်းကုန်လို နိုင်ငံခြားဘဏ်လုပ်ငန်းကိုပါ ဝန်ဆောင်မှုပေးသွားမှာပါ"ဟု ရှင်းပြခဲ့ပါသည်။ ပြည်ပငွေလွှဲလုပ်ငန်းဆောင်ရွက်ရန်ပြင်ဆင်နေသောပြည်တွင်းဘဏ်များမှာ ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ်၊ ဧရာဝတီဘဏ်နှင့်အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်တို့ဖြစ်ကြောင်း သိရပါသည်။

# ပြည်သူ့လွှတ်တော်၌ ဦးသိန်းညွန့်တင်သွင်းသည့်အဆိုသုံးခုအနက် နှစ်ခုပြန်လည်ရုပ်သိမ်းခဲ့ရ

ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့၌ သဃ်န်းကျွန်းမြို့နယ် မဲဆန္ဒနယ်မှ ဦးသိန်းညွန့်က အဆိုသုံးခု တင်သွင်းခဲ့သည့်အနက် အဆိုနှစ်ခုကို ပြန်လည်ရုပ်သိမ်းခဲ့ရကြောင်း သိရပါသည်။

ဦးသိန်းညွန့် တင်သွင်းခဲ့သည့် အဆိုသုံးခုမှာ (၁) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုလက်ခံရန်အဆို၊ (၂) ၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော(ရာဇသတ်ကြီး) ပြစ်မှုဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကိုလက်ခံဆွေးနွေးရန်အဆိုနှင့် (၃) တရားရုံးချုပ်ရှေ့နေများကောင်စီအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကိုလက်ခံဆွေးနွေးရန်အဆိုတို့ ဖြစ်သည်။ ထိုသို့တင်သွင်းခဲ့သည့် အဆိုသုံးခုအနက် ပထမအဆိုနှင့် ပတ်သက်ပြီးပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ယင်းဥပဒေနှင့်သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်တို့မှာ လက်ရှိအခြေအနေတွင်ပြဋ္ဌာန်းချက်များပြည့်စုံပြီးဖြစ်၍ထပ်မံဖြည့်စွက်ပြင်ဆင်ရန်မလိုအပ်တော့ကြောင်း ရှင်းလင်းခဲ့သည်။

ဒုတိယအဆိုသည် ၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော(ရာဇသတ်ကြီး) ပြစ်မှုဆိုင်ရာဥပဒေတွင်ပါဝင်သော အသရေဖျက်မှုဆိုင်ရာအချက်များကို ထောက်ပြခဲ့ခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က “. . . ၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော (ရာဇသတ်ကြီး)ပြစ်မှုဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေအခန်း ၂၁ မှာ ပါဝင်တဲ့ အသရေဖျက်မှုပုဒ်မ ၄၉၉၊ ၅၀၀၊ ၅၀၁၊ ၅၀၂ ကို ပယ်ဖျက်ပေးဖို့ တင်ပြသွားမှာဖြစ်ပါတယ်။ ဒီပုဒ်မတွေနဲ့ပတ်သက်ပြီး ကျွန်တော့်ကိုယ်တွေ့ အခုတစ်လောမှာပဲ မြန်မာပြည်မှာစောင်ရေအများဆုံးထုတ်ထားတဲ့သတင်းမီဒီယာကြီးတစ်ခုရဲ့အုပ်ချုပ်မှုတာဝန်ခံကိုသာမက လူခုနစ်ယောက်ကို ပုဒ်မ ၅၀၀ နဲ့ လွယ်လင့်တကူ ကောက်စွဲခဲ့တာကို ကျွန်တော်ကြုံတွေ့ခဲ့ရပါတယ်။ ဒါဒီတစ်ခုထဲမဟုတ်ပါဘူး။ နောက်ထပ်အများကြီးပါပဲ။ တော်တော်များများက သတင်းမီဒီယာတွေကို တရားစွဲလိုက်ရင် သတင်းမီဒီယာတွေကို လွယ်လင့်တကူ ပုဒ်မ ၅၀၀အသုံးပြုပြီး စွဲတဲ့အခါမှာ ကျန်တဲ့ဥပဒေအရဆောင်ရွက်တာကို ဝေဖန်စရာမရှိပါဘူး။ သို့သော် အခုဖြစ်ပျက်နေတဲ့ အခြေအနေက ဒီနေရာတွေဟာ ငွေထွက်နိုင်တဲ့အခြေအနေဖြစ်တဲ့အတွက် တချို့သောတရားစီရင်ရေးနယ်ပယ်နဲ့ ဒီနယ်ပယ်နဲ့ဆက်စပ်နေတဲ့နယ်ပယ်တွေက ဒီပုဒ်မကိုသုံးပြီး လွယ်လင့်တကူတရားစွဲလာတာကိုတွေ့ရတယ်။ အဲဒီတော့သတင်းမီဒီယာဆိုတဲ့စတုတ္ထ



ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပနေစဉ်

မဏ္ဍိုင်ကနိုင်ငံအတွက်လူထုအတွက် သတင်းမီဒီယာလွတ်လပ်ခွင့်တွေကို တင်ပြရမယ့်အစားတရားရုံးရဲ့ဝက်ခြံလေးထဲမှာပဲ နာမည်ကြီးသတင်းမီဒီယာသမားတွေ သွားပြီးထိုင်နေရပါတယ်။ နောက်တစ်ချက် အခုအချိန်မှာ သတင်းမီဒီယာဥပဒေ ထွက်လာတော့မယ့်အချိန်မှာ သတင်းရယူရေးသားဖော်ပြခြင်းအတွက် ဘယ်သတင်းသမား၊ ဘယ်သတင်းမီဒီယာလုပ်ငန်းကိုမဆို တရားစွဲတော့မယ်ဆိုရင် ပြစ်မှုကြောင်းနဲ့စွဲတာ ခေတ်မမီတော့ပါဘူး။ ခုနက အသရေဖျက်မှုနဲ့ပတ်သက်ပြီး တရားစွဲဆိုခွင့်ကိုလုံးဝပယ်ဖျက်ဖို့တင်ပြတာမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာတရားမကြောင်းနဲ့တရားစွဲဆိုခွင့်ရှိပါတယ်။ တရားမနစ်နာမှုဥပဒေနဲ့ ငွေသိန်းသန်းကုဋေချီပြီးတောင်းနိုင်ပါတယ်။ ဒီလိုပါပဲသီးခြားသက်သာခွင့်ဥပဒေများနဲ့လည်း အရေးယူနိုင်ပါတယ်။ အဲဒီတော့ ၁၉ ရာစုကပြဋ္ဌာန်းခဲ့တဲ့ ပုဒ်မ ၅၀၀ နဲ့ပဲ ၂၁ ရာစုသတင်းမီဒီယာသမားများကို ဆက်လက်တရားစွဲမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုရဲ့ အရေးကြီးတဲ့ကာလမှာ စတုတ္ထမဏ္ဍိုင်ရဲ့ အခန်းကဏ္ဍဟာဘယ်လိုနေရာမျိုးပဲ ရှိမလဲဆိုတာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို လေ့လာဆန်းစစ်နိုင်ဖို့ တင်ပြလိုပါတယ်။သတင်းသမားများသာမက သာမန်ပြည်သူတွေအတွင်းမှာလည်း ပြစ်မှုကြောင်းကိုသုံးပြီး တရားစီရင်ရေးယန္တရားကို အလွဲသုံးစားလုပ်နေတာကိုလည်း ကာကွယ်တားဆီးနိုင်ပါတယ်။ နိုင်ငံတကာမှာ တရားမနစ်နာမှုနဲ့ အရေးယူနေတဲ့အကြောင်းအရာတွေကိုကျွန်တော်တို့မှာအခုထက်ထိပြစ်မှုကြောင်းနယ်ပယ်မှာပြဋ္ဌာန်းပြီး အရေးယူနေဆဲဖြစ်ပါတယ်။ ဒါကြောင့် ကိုလိုနီခေတ် ၁၈၆၁ က ပြဋ္ဌာန်းခဲ့တဲ့ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေမှာပါတဲ့အခန်း ၂၁ မှာပါတဲ့အသရေဖျက်မှုပုဒ်မ ၄၉၉၊ ၅၀၀၊ ၅၀၁၊ ၅၀၂တို့ကို ၂၁ရာစုနဲ့ညီအောင် ရုပ်သိမ်းဖို့ လိုအပ်လာပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်”ဟု ပြောကြားခဲ့သည်။ အဆိုပါအဆိုနှင့်ပတ်သက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့်က ထိုဥပဒေပါပြဋ္ဌာန်းချက်များသည် သတင်းမီဒီယာသမားများကိုသာ ထိခိုက်စေသည့်ဥပဒေပြဋ္ဌာန်းချက်များမဟုတ်ပါကြောင်း၊ ဥပဒေနှင့်အညီမှန်ကန်စွာပြောဆိုနေထိုင်သည့်သတင်းမီဒီယာသမားများအပါအဝင် အများပြည်သူများအား အကာအကွယ်ပေးထားသောပြဋ္ဌာန်းချက်များသာဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ ခေတ်နှင့်လျော်ညီသည့်ဥပဒေပြဋ္ဌာန်းချက်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ပြန်လည် စဉ်းစားနိုင်ရန် အကြံပြုတင်ပြပါကြောင်း ရှင်းလင်းခဲ့သည်။

တတိယအဆိုနှင့်ပတ်သက်၍မူ ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာထွန်းရှင်ကရှင်းလင်းခဲ့ပြီးပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ယင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေမူကြမ်းကို သုတေသနပြုရေးဆွဲကာလွှတ်တော်သို့ တင်ပြရန်ဆောင်ရွက်လျက်ရှိ၍ အဆိုပြုဥပဒေကြမ်းကိုတင်ပြရန် မလိုအပ်တော့ကြောင်း ရှင်းလင်းခဲ့သည်။

ယင်းကဲ့သို့ ရှင်းလင်းမှုများကြောင့်ဦးသိန်းညွန့်ကတင်သွင်းထားသော အဆိုသုံးခုအနက် ပထမအဆိုနှင့် တတိယအဆိုတို့ကို ပြန်လည်ရုပ်သိမ်းကြောင်းပြောဆိုခဲ့ပြီး ဒုတိယအဆိုကိုမူ မှတ်တမ်းတင်ပေးရန် တင်ပြတောင်းဆိုခဲ့၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်းဆုံးဖြတ်ခဲ့သည်။

# မီဒီယာဥပဒေမူကြမ်းကို ရှေ့နေချုပ်ရုံးသို့တင်ပြထားကြောင်း သိရ

မီဒီယာဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ပုံနှိပ်စက်နှင့် ထုတ်ဝေစာများဥပဒေ (Printing Press and Publication Law) မူကြမ်းကို ရှေ့နေချုပ်ရုံးသို့ တင်ပြထားပြီး မကြာမီလွှတ်တော်သို့တင်ပြရန်စီစဉ်ကြိုးပမ်းလျက်ရှိကြောင်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက ဇန်နဝါရီလ ၂၅ ရက်နေ့က ပြောကြားခဲ့သည်။

အဆိုပါ ဥပဒေမူကြမ်းကို ယခင်က ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် ၁၉၃၁ ခုနှစ် ထုတ်ဝေစာများနှင့် စပ်လျဉ်းသည့်ဥပဒေ၊ ၁၉၄၀ ခုနှစ် မူပိုင်ခွင့်ဥပဒေနှင့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေတို့မှ အချက်အလက်အချို့နှင့် ပြည်ပနိုင်ငံ ၁၈ နိုင်ငံမှ ဥပဒေများကို မှီငြမ်းရေးဆွဲထားခြင်းဖြစ်ပြီး အတိုကောက်ဝေါဟာရများ၊ စာပေနှင့် စာနယ်ဇင်းအခွင့်အရေး၊ ရပိုင်ခွင့်နှင့် ကျင့်ဝတ်များ၊ ထုတ်ဝေရေးဆိုင်ရာမူဝါဒများ၊ Press Council ဖွဲ့စည်းရေး၊ မှတ်ပုံတင်ခြင်း၊ အဖိုးအခများ၊ ပြည်ပမှစာမူတင်သွင်းမှုများ၊ ပြစ်ဒဏ်များနှင့်အထွေထွေဟူသည့် အခန်းများ ပါရှိကြောင်းသိရသည်။

မီဒီယာဥပဒေ ပြဋ္ဌာန်းပြီးပါက ဆင်ဆာ လုံးဝရှိတော့မည် မဟုတ်ကြောင်း၊ လက်ရှိတွင်စာပေစိစစ်ရေး၌ မူဝါဒ ၁၂ ချက်နှင့်အညီ စစ်ဆေးလျက်ရှိကြောင်းနှင့် ဥပဒေမူကြမ်းမှာ ဝန်ကြီးဌာနအနေနှင့်သာ ရေးဆွဲထားသည့် မူကြမ်းဖြစ်ကြောင်း ဦးတင့်ဆွေက RFA နှင့် အင်တာဗျူးတစ်ခုတွင် ဖြေကြားထားသည်။

# ကြားဖြတ်ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည်

လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ (မြန်မာ)မှ မင်္ဂလာတောင်ညွန့် မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါမဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းမှာ ယခင်ရွေးကောက်ပွဲတွင်မင်္ဂလာတောင်ညွန့်မြို့နယ်မှပင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဒီမိုကရက်တစ်ပါတီ(မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေ ဖြစ်သည်။

ဦးသုဝေသည် ကျောင်းသားဘဝတွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၊ ရန်ကုန်တက္ကသိုလ် ဒီမိုကရက်တစ်ပါတီ ကျောင်းသားများအဖွဲ့၊ ဖဆပလလူငယ်အဖွဲ့၊ တော်လှန်ရေးပါတီဖြစ်သောပါလီမန်ဒီမိုကရေစီ၊ ပြည်ချစ်လွတ်မြောက်ရေးတပ်မတော်နှင့်ပြည်ချစ်အသံလွှင့်ဌာနတို့တွင်ခေါင်းဆောင်အဖြစ်ပါဝင်ခဲ့ဖူးကြောင်းနှင့် သတင်းအယ်ဒီတာအဖြစ်လည်း လုပ်ကိုင်ခဲ့ဖူးကြောင်းသိရသည်။ ဦးသုဝေသည် ယခင်(ဖဆပလ)ခေတ် ဒုတိယဝန်ကြီးချုပ် ဦးကျော်ငြိမ်း၏ ကိုယ်ရေးအတွင်းဝန်အဖြစ်လည်း လုပ်ကိုင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာဆိုရှယ်လစ်လူငယ်အဖွဲ့ချုပ်၏ ကိုယ်စားလှယ်အနေဖြင့် အာရှ၊ ဥရောပနိုင်ငံများသို့ နိုင်ငံရေးနှင့်လေ့လာရေးများအတွက် ညီလာခံများ၊ အစည်းအဝေးများ၊ နှီးနှောဖလှယ်ပွဲများလည်းတက်ရောက်ခဲ့ဖူးကြောင်း သိရသည်။




# ပိတ်ဆို့အရေးယူမှုအား ရုပ်သိမ်းပြီးဖြစ်၍ ပုဂ္ဂလိကကုမ္ပဏီများ၏သဘောဆန္ဒအတိုင်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ကြောင်း နော်ဝေနိုင်ငံခြားရေးဝန်ကြီး ပြောကြား

လတ်တလောတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ နော်ဝေနိုင်ငံ၏အရေးယူပိတ်ဆို့မှုအား ရုပ်သိမ်းပြီးဖြစ်သောကြောင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်း၊ မပြုလုပ်ခြင်းမှာ ပုဂ္ဂလိကကုမ္ပဏီများ၏ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့်သာသက်ဆိုင်ကြောင်း နော်ဝေနိုင်ငံခြားရေးဝန်ကြီး H.E Jonas Gahr Store က ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားခဲ့သည်။

“ကျွန်တော်တို့ နော်ဝေနိုင်ငံအနေနဲ့ နိုင်ငံရေးအကြောင်းတရားတွေကြောင့် မြန်မာနိုင်ငံကိုရင်းနှီးမြှုပ်နှံမှု မလုပ်ဖို့ ပိတ်ပင်ထားခဲ့တာ ရှိပါတယ်။ ဒါပေမယ့် အဲဒီအရေးယူပိတ်ဆို့မှုကို လွန်ခဲ့တဲ့နှစ်ပတ်လောက်ကစပြီး ရုပ်သိမ်းပေးလိုက်ပြီးပါပြီ။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍနဲ့ ဝန်ဆောင်မှုကဏ္ဍတွေကို ဖွင့်ပေးလိုက်တာပါ။ အခုနောက်ပိုင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်မယ်ဆိုရင်တော့ သက်ဆိုင်ရာကုမ္ပဏီရဲ့သဘောဆန္ဒအတိုင်းသာ ဖြစ်ပါတယ်။ အခုလိုစီးပွားရေးပိတ်ဆို့မှုကို ရုပ်သိမ်းပေးတာကိုက ရင်းနှီးမြှုပ်နှံချင်တဲ့စက်မှုလုပ်ငန်းရှင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ဝန်ဆောင်မှုကဏ္ဍလုပ်ငန်းရှင်တွေကို ကျွန်တော်တို့ဘက်က အားပေးတဲ့သဘောပါ”ဟု နော်ဝေနိုင်ငံခြားရေးဝန်ကြီး H.E Jonas Gahr Store က ပြောကြားခဲ့သည်။

အဆိုပါနေ့တွင်ပြုလုပ်သော ဆွေးနွေးပွဲတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကိုဆွေးနွေးခဲ့ကြပြီး မကြာမီနော်ဝေနိုင်ငံမှလုပ်ငန်းရှင်များလာရောက်၍လက်တွေ့ဆွေးနွေးကြမည်ဖြစ်ကြောင်းနှင့်လတ်တလောတွင် နော်ဝေနိုင်ငံခြားရေးဝန်ကြီးအဖွဲ့နှင့်အတူ နော်ဝေနိုင်ငံမှ မိုဘိုင်းဆက်သွယ်ရေးကုမ္ပဏီတစ်ခုလည်း လိုက်ပါလာကြောင်း သိရှိရသည်။

“အခုကျွန်တော်တို့အဖွဲ့နဲ့အတူ မိုဘိုင်းကုမ္ပဏီတစ်ခုလည်းပါလာပါတယ်။ သူတို့ကဒေသတွင်း ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေမှာလည်းရင်းနှီးမြှုပ်နှံမှုလုပ်ဖူးပါတယ်။ ဒီကုမ္ပဏီအနေနဲ့လုပ်မယ်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းတွေမှာလာရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင်တော့ အစိုးရအပိုင်းကအကူအညီပေးသွားမှာပါ”ဟု နော်ဝေနိုင်ငံခြားရေးဝန်ကြီးက ပြောပြခဲ့သည်။

အလားတူ ဥရောပသမဂ္ဂ နိုင်ငံများ၏ပိတ်ဆို့အရေးယူမှုနှင့်ပတ်သက်၍မူ လာမည့်ဧပြီလတွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကာလကို စောင့်ကြည့်သွားလိမ့်မည်ဟု ယုံကြည်ကြောင်း၊ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲဖြစ်ရေးအတွက် နိုင်ငံတကာမှစောင့်ကြည့်လေ့လာသူများအား ခွင့်ပြုပေးရန်လိုလားကြောင်း၊ယင်းကိစ္စအဆင်ပြေပြီးနောက်ပိုင်းမှသာ ဥရောပသမဂ္ဂနိုင်ငံများ၏ပိတ်ဆို့အရေးယူမှုကိုရုပ်သိမ်းသွားဖွယ်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

လာမည့်ကြားဖြတ်ရွေးကောက်ပွဲမှာမှန်ကန်ပြီးမျှတသောရွေးကောက်ပွဲဖြစ်ရေး၊ မြန်မာနိုင်ငံ စစ်မှန်သော ဒီမိုကရေစီနိုင်ငံအဖြစ်သို့ ကူးပြောင်းရောက်ရှိရေး၊ တရားဥပဒေ စိုးမိုးမှုရှိရေး၊ဖွံ့ဖြိုးတိုးတက်ရေးအတွက် နော်ဝေနိုင်ငံမှ ဆက်လက်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း နော်ဝေနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

# ဘုရင့်နောင်ပွဲရုံများရှိ ဂိုထောင်များ၌ ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများ ထားရှိခြင်းကို စစ်ဆေးအရေးယူသွားမည်

ဘုရင့်နောင်ပွဲရုံများရှိ ဂိုထောင်များ၌ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများထားရှိခြင်းကို စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း ဇန်နဝါရီလ၂၆ရက်နေ့၊ ကုန်စည်ဒိုင်တွင် ကျင်းပပြုလုပ်သောလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲတွင် မရမ်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"ဘုရင့်နောင်ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းက ပွဲရုံတွေ၊ဂိုထောင်တွေမှာ ပေါက်ကွဲစေတတ်တဲ့ ဓာတုပစ္စည်းတွေထားရှိခြင်းရှိမရှိကို စစ်ဆေးအရေးယူသွားမယ်။နောက်ပြီး ဒီဝင်းထဲမှာ ပရဆေးတွေရောင်းတဲ့ဆိုင်တစ်ဆိုင်ရှိတယ်လို့လည်း ကျွန်တော်တို့သိထားပါတယ်။ဒါကိုလည်း ကျွန်တော်တို့ပရဆေးရောင်းချနေတဲ့လုပ်ငန်းရှင်နဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ခုက လောင်စာဆီ တရားမဝင်ရောင်းချနေတာကိုလည်း ထိထိရောက်ရောက်အရေးယူသွားမှာ ဖြစ်ပါတယ်"ဟုလည်း မရမ်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဘုရင့်နောင်ကုန်တင်ယာဉ်ရပ်နားစခန်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကုန်စည်ကူးသန်းရောင်းဝယ်ရာ၌အဓိကအကျဆုံးနေရာဖြစ်သည့်အတွက် မီးလောင်ပေါက်ကွဲမှုများ မဖြစ်ပွားစေရန်လောင်စာပစ္စည်းများနှင့်ပေါက်ကွဲစေနိုင်သောပစ္စည်းများအား စစ်ဆေးသွားရန်ညွှန်ကြားထားကြောင်းလည်း ဘုရင့်နောင်မီးသတ်စခန်းမှ တာဝန်ရှိသူတစ်ဦးက အထက်ပါလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

"ဘုရင့်နောင်ဆိုတာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကုန်စည်တွေကူးသန်းရောင်းဝယ်နေတဲ့နေရာပါ။မင်္ဂလာတောင်ညွန့်မြို့နယ်မှာ ဒီဇင်ဘာလ ၂၉ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ မီးလောင်ပေါက်ကွဲမှုဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့ ဘုရင့်နောင်မှာလည်း ပေါက်ကွဲစေတတ်တဲ့ ဓာတုပစ္စည်းတွေ၊ မီးလောင်လွယ်စေမယ့် လောင်စာဆီတွေ သိုလှောင်ရောင်းချခြင်းမပြုဖို့စစ်ဆေးသွားမှာပါ" ဟု ဘုရင့်နောင်မီးသတ်စခန်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း လောင်စာဆီဖြင့် မီးမွှေးရာမှ မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ကာ လူတစ်ဦး အသက်ဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ် ၂၀၁၀ ပြည့်နှစ်အတွင်းက ဖြစ်ပွားခဲ့ကြောင်းလည်းသိရှိရသည်။

■

# ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ အဆင်ပြေစေရန်အတွက် ရေငန်ငါးဖမ်းလုပ်ငန်းများနှင့်ပတ်သက်၍ ဖြေလျှော့မှုများပြုလုပ်ခဲ့



တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ငါးဖမ်းရေယာဉ်များကိုတွေ့ရစဉ်

ပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များ လုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေစေရန်အတွက် ရေငန်ငါးဖမ်းလုပ်ငန်းနှင့်ပတ်သက်ပြီး ဖြေလျှော့မှုများပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ယခင်က ကမ်းဝေးငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန်တွင် ကျွန်းခိုရပ်နားနိုင်ရန် ရခိုင်ငါးဖမ်းကွက်တွင် နှစ်နေရာ၊ ဧရာဝတီငါးဖမ်းကွက်တွင် သုံးနေရာ၊ မွန်ပြည်နယ်တွင်တစ်နေရာနှင့် တနင်္သာရီငါးဖမ်းကွက်တွင်သုံးနေရာ သတ်မှတ်ပေးထားခဲ့သော်လည်း ယခုအခါတွင် တနင်္သာရီငါးဖမ်းကွက်တွင်ရေယာဉ်များ ကျွန်းခိုရပ်နားနိုင်ရန် ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်းအရှေ့ဘက်ရေပြင်အား ရာသီခိုလှုံရာနေရာအဖြစ် တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ယခင်က ကမ်းဝေးငါးဖမ်းဆီးခွင့်လိုင်စင်အား တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်ရက်သုံးရက်ဖြင့် ပြီးစီးအောင်ဆောင်ရွက်ပေးမှုကို ယခုအခါ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှရေယာဉ်ဆိုင်ရာအချက်အလက်များနှင့်အတူ ဖက်စ်ဖြင့်တင်ပြစေပြီး နေ့ချင်းပြီး စိစစ်ခွင့်ပြုပေးခဲ့ခြင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ညွှန်ကြားချက်နှင့်ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တို့ညှိနှိုင်းချက်အရ မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၀၀ မိနစ်အောက်တွင် ငါးဖမ်းဆီးခွင့်ပိတ်ပင်တားမြစ်ခဲ့ခြင်းကိုပယ်ဖျက်၍ မြန်မာ့ရေပိုင်နက်ပင်လယ်နယ်နိမိတ်နှင့် ဇာဒက်ကြီးကျွန်းကြားရှိရေပြင်ကိုသာ ငါးမဖမ်းဆီးရန်ထုတ်ပြန်ခဲ့ခြင်း၊ ယခင်က ကမ်းဝေးငါးဖမ်းရေယာဉ်များ ငါးဖမ်းရက်ကို ဒေသအလိုက် ၄၅ ရက်မှ ရက် ၇၀ အထိ ခွင့်ပြုပေးခဲ့ရာမှ ယခုအခါ ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံး ငါးဖမ်းရက် ၉၀ ခွင့်ပြုပေးခဲ့ကြောင်းလည်း သိရှိရသည်။

ထို့အပြင် ယခင်က တနင်္သာရီတိုင်းဒေသကြီးအခြေပြု ကမ်းဝေးငါးဖမ်းရေယာဉ်များအား တနင်္သာရီငါးဖမ်းကွက်တွင်သာ ခွင့်ပြုလုပ်ကိုင်စေပြီး ရန်ကုန်အခြေပြုရေယာဉ်များအား မြစ်ဝကျွန်းပေါ်(ဧရာဝတီ၊ မွန်)ငါးဖမ်းကွက်အတွင်းသာလုပ်ကိုင်ခွင့်ပြုရာမှ ယခုအခါတွင် နိုင်ငံသားပိုင်ကမ်းဝေးငါးဖမ်းရေယာဉ်များအနေဖြင့် မိမိကြိုက်နှစ်သက်ရာငါးဖမ်းကွက်တွင်လိုင်စင်ရယူ၍ ရခိုင်၊ ဧရာဝတီ၊ မွန်၊ တနင်္သာရီငါးဖမ်းကွက်များတွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်းလည်းသိရှိရသည်။

ယခင်က ပြည်တွင်း ပြည်ပကမ်းဝေး ငါးဖမ်းရေယာဉ်များတွင် VMS(Vessel Monitoring System)စနစ်တပ်ဆင် အသုံးပြုနိုင်ရန် စီစဉ်ပေးခဲ့မှုကို ကမ်းဝေးငါးဖမ်းရေယာဉ်များတွင် VMSစနစ်တပ်ဆင်သုံးစွဲလိုခြင်းမရှိကြောင်း ရေလုပ်ငန်းရှင်အများစု၏တင်ပြချက်ကိုလည်း ခွင့်ပြုပေးခဲ့ကြောင်း သိရှိရပါသည်။

# မလေးရှားနိုင်ငံရှိလျှပ်စစ်ပစ္စည်းစက်ရုံသို့အလုပ်သမအဖြစ်တရားဝင်စေလွှတ်ရန်အခမဲ့ဝန်ဆောင်မှုပေးခြင်းအချို့ရှိလာ

အမျိုးသမီးများအား ပြည်ပနိုင်ငံအချို့သို့ အလုပ်လုပ်ကိုင်ခွင့်ပြုပြီးသည့်နောက်ပိုင်း မလေးရှားနိုင်ငံရှိလျှပ်စစ်ပစ္စည်းစက်ရုံသို့အမျိုးသမီးများကိုအလုပ်သမအဖြစ်တရားဝင်စေလွှတ်ရန်ပြည်ပအလုပ်အကိုင်အေဂျင်စီအချို့က အခမဲ့ဝန်ဆောင်မှုပေးခြင်းများရှိလာကြောင်း သိရပါသည်။

ပြည်ပအလုပ်အကိုင် အေဂျင်စီအချို့က ဇန်နဝါရီလလယ်ပိုင်းခန့်မှ စတင်ကာ အမျိုးသမီးများအား မလေးရှားနိုင်ငံရှိ လျှပ်စစ်ပစ္စည်းစက်ရုံသို့ အလုပ်သမအဖြစ် တရားဝင်စေလွှတ်ရန် အလုပ်လျှောက်လွှာခေါ်ယူမှုများစတင်နေပြီဖြစ်ရာ လာရောက်လျှောက်ထားပြီး အင်တာဗျူးဖြေဆိုအောင်မြင်သူများကို လုပ်ငန်းခွင်စေလွှတ်ရန် အခမဲ့ဝန်ဆောင်မှုပေးမည်ဖြစ်သော်လည်း နိုင်ငံကူးလက်မှတ်ပြုလုပ်သည့်ကုန်ကျစရိတ်၊ ဆေးစစ်ခနှင့် လေယာဉ်လက်မှတ်ဖိုးတို့အတွက် ကုန်ကျစရိတ်ကို မြန်မာကျပ်ငွေ သုံးသိန်းငါးသောင်းပေးရမည်ဖြစ်ကြောင်း ပုဂ္ဂလိကပြည်ပအလုပ်အကိုင်အေဂျင်စီတစ်ခုကဆိုပါသည်။ယင်းအလုပ်အတွက်အမျိုးသမီးများနေထိုင်မှုအတွက်အခမဲ့စီစဉ်ပေးမည်ဖြစ်ပြီးလုပ်အားခအဖြစ်တစ်ရက်လျှင်၂၁ရင်းဂစ်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိတွင်အလုပ်သမားဝန်ကြီးဌာနက မလေးရှားသို့သွားရောက် အလုပ်လုပ်ကိုင်ကြမည့်သူများအား တစ်လလျှင်အလုပ်သမားမှတ်ပုံတင်ကတ်အရေအတွက် သုံးထောင်ကို ပုံမှန်ထုတ်ပေးနေပြီးယင်းသို့ထုတ်ပေးရမှုမှာလည်း တစ်ဖက်နိုင်ငံတွင်အလုပ်နှင့် ပတ်သက်သည့်ပြဿနာဖြစ်ပေါ်လာပါက အလုပ်သမားများဘက်က အလုပ်သမားမှတ်ပုံတင်ကတ်ပြ၍ သက်ဆိုင်ရာဌာနများသို့တိုင်ကြားနိုင်ရန် အဓိကရည်ရွယ်ကြောင်း သိရသည်။

"မြန်မာအမျိုးသမီးတွေ ပြည်ပမှာသွားအလုပ်လုပ်မယ်ဆိုရင် ကမ်းလှမ်းလာတဲ့အလုပ်ခေါ် စာကိုသေချာနားလည်သဘောပေါက် သိရှိဖို့လိုအပ်ပါတယ်။အဲဒီအပြင်အလုပ်ရှင်နဲ့ အလုပ်သမားနှစ်ဦးသဘောတူချုပ်ဆိုတဲ့စာချုပ်ကိုလည်း အသေးစိတ်ဖတ်ရှုလို့ နားလည်သဘောပေါက်လက်ခံနိုင်မှ အလုပ်လုပ်ကိုင်ဖို့ လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုသင့်ပါတယ်။ ပြီးရင် စာချုပ်မိတ္တူ တစ်စောင်ရယူထားဖို့လည်း လိုအပ်ပါတယ်"ဟုအလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်က ပြည်ပနိုင်ငံများသို့ မြန်မာအမျိုးသမီးများ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်ရာတွင် သတိထားသင့်သည့်အချက်အချို့ကို ရှင်းလင်းပြောကြားခဲ့ပါသည်။

■

# ရန်ကုန်မြို့တွင် အသက် ၁၂ နှစ်အရွယ် ကလေးတစ်ဦး ငါးလွှာမှပြုတ်ကျ သေဆုံး

အသက် ၁၂နှစ်အရွယ်ကလေးတစ်ဦးမှာ ငှင်းနေထိုင်သည့် ငါးလွှာတိုက်ခန်းမှ ပြုတ်ကျသေဆုံးခဲ့သည့် ဖြစ်စဉ်တစ်ခု ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်တွင်ဖြစ်ပွားခဲ့ကြောင်း သိရှိရပါသည်။

ဖြစ်စဉ်မှာ ၂၀၁၂ခုနှစ် ဇန်နဝါရီလ ၂၂ရက်နေ့က မောင်......၁၂ နှစ် ဆဌမတန်း ငါးလွှာ၊ နှင်းဆီကုန်းအိမ်ရာ သဃ်န်းကျွန်းမြို့နယ်နေသူသည် ည ၇ နာရီအချိန်ခန့်တွင် နေအိမ်အိပ်ခန်းအတွင်း ကုတင်ဘေးကပ်လျက်ရှိသော ပြတင်းပေါက်ပေါင်အားခွကာ အိပ်ပျော်နေရာမှ ယောင်ယမ်းလူးလိမ့်ရင်း အရှိန်လွန်ကာပြူတင်းပေါက်မှ တစ်ဆင့်အမြင့် ၄၅ပေခန့်ရှိ မြေပြင်ပေါ်သို့ ပြုတ်ကျခဲ့သဖြင့် မိသားစုဝင်များက သဃ်န်းကျွန်း စံပြဆေးရုံသို့ ပို့ဆောင်ဆေးကုသနေစဉ် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ယင်းသေဆုံးမှုတွင် စံပြဆေးရုံက အလောင်းအား ပီအာရ် ၅၄ဖြင့် လက်ခံထားရှိပြီး သုဝဏ္ဏရဲစခန်းကလည်း သေမှုသေခင်းအမှတ်စဉ် ၂/၂၀၁၂ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရှိရသည်။





ELEVEN MEDIA GROUP Co., Ltd.
■ အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
■ ဖုန်း ၄၀၁၄၁၁၊ ၄၀၀၅၂၈၊ ဖက်စ် - ၄၀၀၅၂၈

ParkwayHealth™
စင်ကာပူနိုင်ငံမှ ဆရာဝန်ကြီးများလာရောက်မည်။
• Mount Elizabeth ဆေးရုံကြီးမှ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး
Dr. Luke Tan နှင့် Dr. Leong Jern Lin
ဖေဖော်ဝါရီလ (၆ မှ ၁၁) ရက်နေ့ထိ
• Gleneagles ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး Dr. Ho Ching Lin
ဖေဖော်ဝါရီလ (၁၈ မှ ၁၉) ရက်နေ့ထိ
ရန်ကုန် နှင့် မန္တလေးမြို့များသို့ လာရောက်ပါမည်။
အသေးစိတ်သိရှိလိုသူများ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
24-Hour Helplines: | Yangon : 09 430 66666
| Mandalay : 09 430 66667
ParkwayHealth မြန်မာပြည်ကိုယ်စားလှယ်ရုံး
YANGON : အမှတ် ၁၅ ဘီ၊ တော်ဝင်လမ်း၊ နိုင်ငံခြားရေးဝန်ကြီးရုံးအနီး၊ ဒဂုံမြို့နယ်။
MANDALAY : Swan Hotel အမှတ် - ၄၄ ဘီ၊ ၂၆ လမ်း၊ ၆၆ လမ်းနှင့် ၆၈ လမ်းကြား။

# ၂၀၁၂ ခုနှစ် ရွှေစက်တော်ဘုရားပွဲတော်ဖွင့်ပွဲကျင်းပပြီး ယခင်နှစ်ထက်ပိုမိုစည်ကား



မကွေးတိုင်းဒေသကြီး၊မင်းဘူးမြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ဘုရားပွဲတော်ကို တပို့တွဲလဆန်း ၅ ရက်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ပြီး ယခင် နှစ်ကထက်ဖွင့်ပွဲနေ့တွင် ဘုရားဖူးများ ပိုမိုစည်ကားခဲ့ကြောင်း သိရသည်။

ရွှေစက်တော်ဘုရားပွဲတော်တွင် ယခုနှစ်အတွက် ယခင်နှစ်ကထက် တဲ ကျောင်းမြေနေရာများ ပိုမိုဈေးများခဲ့သော်လည်း ယခင်နှစ်က



တဲကျောင်းအရေအတွက် ၅၀၀ ခန့် သာရှိခဲ့ပြီး ယခုနှစ်တွင် တဲကျောင်းအရေအတွက် ၉၀၀ ကျော်ရှိကြောင်း သိရသည်။

“အခုနှစ်ကဖွင့်ပွဲနေ့နဲ့ စနေ၊ တနင်္ဂနွေနေ့တိုက်လို့ ဘုရားဖူးပိုကျပါတယ်။ တဲကျောင်းတွေက နာမည်ပေါက်ကျအောင် လျှောက်ယူကြပြီး တစ်ဆင့်ပြန်ရောင်းတာတွေရှိလို့ အရင်နှစ်ကထက်ဈေးပိုတက်ခဲ့တာပါ။ နာမည်ပေါက်စလစ်တစ်ခုကို ကျပ်သိန်း ၂၀ အထိပေးဝယ်ခဲ့ကြပြီး အဆောက်အဦဖိုးအပါနဲ့ဆို ကျပ် ၃၅ သိန်းအထက်ထိ ပေးဝယ်တာတွေရှိပါတယ်”ဟု ရွှေစက်တော်ဘုရားပွဲတော်တွင် နှစ်စဉ်လာရောက်သော ဆယ့်နှစ်ပွဲဈေးသည်တစ်ဦးက ပြောပြပါသည်။

ယခုနှစ်တွင် ဆိုင်ခန်းပေါင်း ၄၀၀ ကျော် ပါဝင်ခဲ့ပြီး ယခင်နှစ်များက အဆောက်အဦးဆောက်လုပ်လေ့မရှိသော နမ္မဒါတည်းခိုဆောင် အဝင်လမ်းမ၏ ဘေးဝဲယာတွင် ဆိုင်ခန်းနှစ်ခန်းဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ခြေတော်ရာဖွင့်ပွဲနှင့် ပွဲတော်ဖွင့်ပွဲနေ့တွင် ရွှေစက်တော်နှင့် နီးစပ်ရာမြို့နယ်များမှအပြင် ရန်ကုန်မြို့မှ ဘုရားဖူးယာဉ်လိုင်းများဖြင့် လာရောက်သူများဖြင့် ပိုမိုစည်ကားခဲ့ကြောင်း၊ရွှေစက်တော်ဘုရားပွဲသည် မကွေးတိုင်းဒေသကြီးအတွက် ရက်အရှည်ကြာဆုံးပွဲတော်ဖြစ်ပြီး တန်ခူးလပြည့်ကျော်၁ရက်(မြန်မာနှစ်ဆန်း ၁ရက်)နေ့အထိ ရက်ပေါင်း ၈၁ရက်ကြာကျင်းပမည်ဖြစ်ကြောင်း သိရသည်။ *အောင်သူငြိမ်း(မကွေး)*

## ပိဋကတ်သုံးပုံကို Android Tablet များတွင်ဖတ်ရှု အသုံးပြုနိုင်

ပိဋကတ်သုံးပုံကို iPad တွင် ထည့်သွင်းအသုံးပြုနိုင်ပြီးနောက် ယခုအခါ Android OS သုံး Tablet များတွင်လည်း ထည့်သွင်းအသုံးပြုနိုင်ပြီဖြစ်ကြောင်းသတင်းရရှိသည်။

“Android စနစ်သုံး Tablet တွေမှာလည်း ထည့်သွင်းဖတ်ရှုနိုင်အောင်ဆက်ပြီးလုပ်ဆောင်ခဲ့ပါတယ်။ လက်ရှိမှာ Android Tablet တွေမှာလည်း အသုံးပြုနိုင်ပြီဖြစ်ပါတယ်။ ဒါပေမယ့်စမ်းသပ်နေတုန်းဖြစ်ပြီး သံဃာတော်တွေသုံးစွဲတာမျိုးတော့ မရှိသေးပါဘူး”ဟု စိန်ရတနာခမ္မာစရိယစာသင်တိုက်မှ ဦးထွန်းနိုင်က ပြောကြား ခဲ့သည်။ iPadပိဋကတ်သုံးပုံတွင်ပါဝင်သောအကြောင်းအရာများအတိုင်း Android ပိဋကတ်သုံးပုံတွင်ပါဝင်ပြီး တိပိဋကနိကာယ(ပါဠိတော် အဋ္ဌကထာဋီကာ)၊ ပါဠိမြန်မာအဘိဓာန်၊ တိပိဋက ပါဠိမြန်မာအဘိဓာန်၊ ပါဠိတော်နိဿယများ၊ အဋ္ဌကထာနိဿယများ၊ဋီကာနိဿယများ၊ ပိဋကဝတ္ထုလမ်းညွှန်ကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း၊ မဃဒေဝလင်္ကာသစ်စသည့် အကြောင်းအရာများပါဝင်ကြောင်း သိရသည်။

## ဆေးဝါးရောင်းချသူ လက်စွဲမှုကြမ်းရေးဆွဲပြီးစီး၊ ပြန်လည်ပြင်ဆင်ရမည့်အချက်များကို ဆွေးနွေး

ဆေးဝါးရောင်းချသူ လက်စွဲမှုကြမ်းအားရေးဆွဲပြီးဖြစ်ကြောင်းနှင့် ပြန်လည်ပြင်ဆင်ရန်၊ ထည့်သွင်းရန်လိုအပ်သည့်အချက်များကို ဆေးပညာရပ်ဆိုင်ရာ ပညာရှင်များဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

ဆေးဝါးရောင်းချသူ လက်စွဲဆိုသည်မှာ ဆေးဆိုင်ဖွင့်လှစ်ရောင်းချသူများ သိရှိလိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းနှင့်ဆေးဝါးဆိုင်ရာအချက်အလက်များကို ထည့်သွင်းရေးသားထားခြင်းဖြစ်သည်။ အချောသတ်ပြုစုပြီးပါကပြည်နယ်နှင့်တိုင်းဒေသကြီးတို့ရှိ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများကို နေပြည်တော်တွင် ခေါ်ယူသင်တန်းပေးမည်ဖြစ်ပြီး သင်တန်းတက်ရောက်ပြီးသူများမှ မြို့နယ်ကျန်းမာရေးဌာနမှူးများအား သင်တန်းပြန်ပေးခြင်း၊ ကျန်းမာရေးဌာနမှူးများမှတစ်ဆင့်ဆေးဝါးရောင်းချသူများသို့ ပြန်လည်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန်၊ မန္တလေးဆေးတက္ကသိုလ်များမှ ဆေးဝါးဌာန၏ ပါမောက္ခ၊ တွဲဖက်ပါမောက္ခများ၊ ဆေးဝါးဆိုင်ရာ ပညာရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်းတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြောင်းသိရသည်။

## သစ်ကုန်ကြမ်း၏ ၁၀ ရာခိုင်နှုန်းအောက်သာ ကုန်ချောထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့

ယေဘုယျအားဖြင့် ပြည်တွင်းမှထွက်ရှိသည့် သစ်ကုန်ကြမ်းစုစုပေါင်း၏၁၀ရာခိုင်နှုန်းအောက်ကိုသာ ကုန်ချောအဖြစ်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့မှုရှိနေကြောင်း သစ်တောထွက်ပစ္စည်းကုန်သွယ်မှုကဏ္ဍနှင့် ပတ်သက်၍မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

သစ်တောထွက်ပစ္စည်းများအား ကုန်ချောအဖြစ်ထုတ်လုပ်တင်ပို့မှု နည်းပါးနေရခြင်းတွင် လိုအပ်သည့်ကုန်ကြမ်းပြည့်မီစွာမရရှိခြင်း၊ သစ်တောထွက် ပစ္စည်းများတင်ပို့ရောင်းချရာတွင် လိုက်နာကျင့်သုံးရသောလုပ်ထုံးလုပ်နည်းများတင်းကျပ်ခြင်း၊ သစ်အခြေခံစက်မှုလုပ်ငန်းများ၌ ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ သစ်အချောထည်စက်ရုံများ အနေဖြင့် ရင်းနှီးမြုပ်နှံနိုင်မှုအားနည်းခြင်း၊ နည်းပညာပိုင်ဆိုင်မှုမရှိခြင်းနှင့် ဈေးကွက်မရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရသည်။ လက်ရှိတွင် မြန်မာမှ ကုန်ကြမ်းသစ်လုံးများကိုအိန္ဒိယနှင့် တရုတ်နိုင်ငံသို့အများဆုံးတင်ပို့နေပြီး အိန္ဒိယနိုင်ငံသို့ ရန်ကုန်မှ ရေကြောင်းဖြင့် FOB တင်ပို့မှုများသာရှိပြီး တရုတ်နိုင်ငံသို့မှု ရန်ကုန်မှ ရေကြောင်းဖြင့်သာမက နယ်စပ်မှ ကုန်းလမ်းဖြင့်လည်း ကုန်ကြမ်းတင်ပို့မှုများရှိနေသည်။

## ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ယူရိုသန်း ၁၅၀ ကူညီရန် စဉ်းစားနေ

ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအစီအစဉ်များအတွက် ယူရိုသန်း ၁၅၀ ကူညီရန် စဉ်းစားနေကြောင်း အီးယူသံတမန်များ၏ ဇန်နဝါရီလ ၂၅ ရက်နေ့ ပြောကြားချက်ကိုကိုးကားပြီး သတင်းဖော်ပြချက်များအရ သိရသည်။

ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ပြုလုပ်သောအစည်းအဝေး၌ ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံကို အကူအညီအထောက်အပံ့ပေးမည့်အစီအစဉ်နှင့် ပတ်သက်၍ဆွေးနွေးကာ မြန်မာအစိုးရခေါင်းဆောင်များအား ဗီဇာပိတ်ထားမှုကို ရုပ်သိမ်းရန် သဘောတူခဲ့ကြသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံတွင်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကိုထူးထူးခြားခြားဆောင်ရွက်ခဲ့ကြောင်း အသိအမှတ်ပြုပြီးနောက်ပိုင်း ယခုကဲ့သို့ရုပ်သိမ်းမှုဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂက လာမည့် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲများကို လွတ်လပ်ပြီး တရားမျှတစွာကျင်းပခြင်း၊ ကျန်ရှိနေသော ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများအား လွှတ်ပေးခြင်းစသည့် နောက်ထပ်ပြုပြင်ပြောင်းလဲမှုများကိုဆက်လက်ပြုလုပ်ပါက အရေးယူပိတ်ဆို့မှုများကို ဆက်လက်လျော့ပေါ့ရုပ်သိမ်းသွားစေလိမ့်မည်ဖြစ်ကြောင်း ၎င်း၏ထုတ်ပြန်ချက်တွင် ပြောကြားထားသည်။

မြန်မာနိုင်ငံတွင် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြီးနောက်ပိုင်း ဧပြီလအတွင်း ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးရာမူဝါဒအကြီးအကဲကက်သရင်းအက်ရှ်တန်သည် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်သည်။

ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံကို ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးအရေးယူပိတ်ဆို့မှုများကို ပြီးခဲ့သည့်နှစ်ကတစ်နှစ်သက်တမ်း တိုးခဲ့သော်လည်း မကြာသေးမီက ခရီးသွားလာမှုနှင့် ဘဏ္ဍာရေးထိန်းချုပ်ထားမှုများကို ဖယ်ရှားပေးခဲ့သည်။

## မြန်မာနိုင်ငံသို့ တစ်နှစ်တာ ခရီးသွားဝင်ရောက်မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၁၉ သန်းရရှိ



ရန်ကုန်မြို့ရောက် ခရီးသွားအချို့အား ဇန်နဝါရီလလယ်ပိုင်းက တွေ့ရစဉ်

မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ ဝင်ရောက်မှု၊ လည်ပတ်သုံးစွဲမှုများမှ ရရှိသောဝင်ငွေသည် ၂၀၁၁ ခုနှစ်တွင် သိသာစွာတိုးတက်မှုရှိခဲ့ပြီး စုစုပေါင်းဝင်ငွေ အမေရိကန် ဒေါ်လာ ၃၁၉ သန်းရှိခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ရရှိသောအချက်အလက်များအရ သတင်းရရှိပါသည်။

ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်၊ ၂၀၀၉ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်တို့တွင် ရရှိခဲ့သော ဝင်ငွေထက် ၂၀၁၁ ခုနှစ်၏ ဝင်ငွေသည် ပိုမိုခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆၅သန်း၊ ၂၀၀၉ ခုနှစ်တွင် ၁၉၆ သန်း၊ ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၂၅၄ သန်း အသီးသီးရရှိခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင်ရရှိသော ဝင်ငွေမှာ အမေရိကန် ဒေါ်လာ ၃၁၉ သန်းဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်မှုများအရ သိရှိရသည်။

၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သော ခရီးသွားဧည့်သည်များသည် တစ်ဦးလျှင် ပျမ်းမျှ နေထိုင်ရက် ရှစ်ရက်ဝန်းကျင်နေထိုင်ခဲ့ကြပြီး တစ်ရက်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၂၀ ဝန်းကျင်သုံးစွဲခဲ့ကြသည်။

၂၀၀၈ ခုနှစ်တွင် ပျမ်းမျှ နေထိုင်ရက် ကိုးရက်နှင့် သုံးစွဲမှု တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၉၅ ဒေါ်လာ၊ ၂၀၀၉ ခုနှစ်တွင် ပျမ်းမျှ နေထိုင်ရက် ရှစ်ရက်ခွဲနှင့် တစ်ရက်သုံးစွဲမှု အမေရိကန်ဒေါ်လာ ၉၅ ဒေါ်လာ၊ ၂၀၁၀ ပြည့်နှစ်တွင် ပျမ်းမျှ နေထိုင်ရက် ရှစ်ရက်နှင့် တစ်ရက်သုံးစွဲမှု အမေရိကန်ဒေါ်လာ ၁၂၀ တို့ဖြစ်ပြီး ၂၀၁၁ ခုနှစ်သည် ခရီးသွားတစ်ဦးချင်း၏ ပျမ်းမျှ နေထိုင်ရက်နည်းပါးသော်လည်း တစ်ရက်သုံးစွဲမှုမှာ အခြားနှစ်များထက် တိုးတက်ခဲ့သည်ဟု သိရှိရသည်။

၂၀၁၁ ခုနှစ်အတွင်း လေဆိပ်ဝင်ပေါက်များမှ ဝင်ရောက်ခဲ့သော ခရီးသွားဦးရေ ၃၉၀၀၀၀ ကျော်ရှိခဲ့ရာတွင် အာရှဒေသမှ ၂၅၉၀၀၀ ကျော်၊ အနောက်ဥရောပမှ ၈၀၈၀၀ ကျော်၊ မြောက်အမေရိကမှ ၂၅၃၀၀ ကျော်၊ ပင်လယ်ပိုင်းဒေသမှ ၁၁၆၀၀ကျော်၊ အရှေ့ဥရောပမှ ၇၆၀၀ ကျော်၊ အရှေ့အလယ်ပိုင်းမှ ၂၆၀၀ ကျော်၊ အခြားအမေရိကဒေသမှ ၂၃၀၀ ကျော်၊ အာဖရိကမှ ၉၉၀ ကျော်တို့ ဝင်ရောက်ခဲ့သည်ဟု သိရှိရသည်။

*ဖြိုးနု*

## မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်မီးလောင်ပေါက်ကွဲမှုအပြီး ကျန်ရှိခဲ့သော ဓာတုဗေဒပစ္စည်းများ၊ ပရဆေးနှင့်အခြားပစ္စည်းများအား မြေမြှုပ်ဖျက်ဆီး

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူတို့ဆိပ်ရပ်ကွက်တွင် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့က မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မီးလောင်ပေါက်ကွဲမှုအပြီးကျန်ရှိခဲ့သော ဓာတုဗေဒပစ္စည်းများ၊ ပရဆေးပစ္စည်းများနှင့်အခြားပစ္စည်းများအား မြေမြှုပ်ဖျက်ဆီးခြင်းကို ဇန်နဝါရီလ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ သုံးရက်ကြာပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ယင်းမီးလောင်ပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာမှ သိမ်းဆည်း၍ရနိုင်သည့်ပစ္စည်းများကိုသိမ်းဆည်းကာ ကျန်ရှိသည့်ဓာတုဗေဒပစ္စည်းများနှင့် အခြားပစ္စည်းများကို သယ်ယူကာ ထိန်ပင်အမှိုက်ပုံနှင့် ထားဝယ်ချောင်အမှိုက်ပုံတို့သို့ပို့ကာ ကျင်းတူး၍ မြေမြှုပ်ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ကူးတို့ဆိပ်မီးလောင်ပေါက်ကွဲမှုအပြီး ကျန်ရှိခဲ့သော ဓာတုဗေဒများအား မြေမြှုပ်ဖျက်ဆီးခဲ့မှု အားတွေ့ရစဉ်

"မီးလောင်ပေါက်ကွဲတဲ့နေရာက မီးမလောင်ဘဲ သိမ်းဆည်းလို့ရနိုင်တဲ့ပစ္စည်းတွေကိုသိမ်း၊ကျန်တဲ့မီးလောင်ခံရတဲ့ ဓာတုဗေဒပစ္စည်းတွေ၊ ပရဆေးပစ္စည်းတွေ၊ ပန်းကန်ခွက်ယောက်တွေကို မြေမြှုပ်ဖျက်ဆီးမှုလုပ်ခဲ့ပါတယ်။ ဓာတုဗေဒပစ္စည်းတွေကိုတော့ထိန်ပင်မှာဖျက်ဆီး၊ ဓာတုဗေဒပစ္စည်းမဟုတ်တာတွေကိုတော့ ထားဝယ်ချောင်အမှိုက်ပုံမှာဖျက်ဆီးခဲ့တာပါ။ ဖျက်ဆီးတဲ့နေရာမှာလည်း ဓာတုဗေဒပစ္စည်းတွေပါဝင်တဲ့အတွက် တော်တော်လေးကို သတိထားပြီးကိုင်တွယ်ရပါတယ်။ အခုတော့ မီးလောင်ပြင်မှာ ဓာတုဗေဒပစ္စည်းတွေအကုန်ရှင်းသွားပါပြီ။ မီးလောင်ပြင်နေရာမှထွက်ရှိတဲ့ ပစ္စည်းတွေကို တန် ၂၀ ဆံ့ သောကား၊ လေးတန်ဆံ့ကား၊ ၁၀ တန်ဆံ့အမှိုက်ကားတွေနဲ့ အခေါက်ရေ ၃၀ လောက်သယ်ယူခဲ့ရပါတယ်"ဟုရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့သည်။

မီးလောင်ပေါက်ကွဲပြင်နေရာမှ ကျောက်ချဉ်များ၊ ထင်းရူးဆီများ၊ ကားပေါ်လစ်ဆီများ၊ ဖော့စရပ်ပုံးများ၊ ယမ်းစိမ်း၊ တရုတ်ယမ်းစိမ်းများ၊ အာဆင်းနစ်ဆာလဖိတ်ဟုခေါ်သော ကန့်နှင့် ဆေးဒန်းများအား သယ်ယူဖျက်ဆီးခဲ့သည်ဟု သိရသည်။

ကျော်ထင်

## ပုဇွန်သားပေါက်တိုးမြှင့်ထုတ်လုပ်နိုင်ရန်ဘွိုင်လာစနစ်သုံး သားဖောက်ထုတ်လုပ်မှုစတင်

မြန်မာနိုင်ငံအတွင်းရှိ ပုဇွန်သားပေါက်ထုတ်လုပ်မှုလုပ်ငန်းများတွင် ပုဇွန်သားပေါက်ထုတ်လုပ်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်သွားရန် အတွက် ဘွိုင်လာစနစ်သုံးပုဇွန်သားပေါက်ထုတ်လုပ်မှုများစတင် ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အပတ်စဉ်အစည်းအဝေးတွင်ပြောကြားချက်အရ သိရှိရသည်။

"အခုလုပ်နေတဲ့ အပူပေးစနစ်ပြောင်းလဲဆောင်ရွက်နေတဲ့အတွက် ပုဇွန်သားပေါက်ကို လိုအပ်တဲ့အချိန်မှာ လိုအပ်သလိုထုတ်လုပ်ပေးနိုင်မှာပါ။ ပြီးတော့ သားပေါက်ထုတ်လုပ်ရာမှာလည်း Heater အပူပေးစနစ်ကိုသုံးမှာပါ။ အေးတဲ့အချိန်မှာလည်း အပူချိန်ကို လိုသလိုညှိပြီး ထုတ်လုပ်နိုင်ပါတယ်။ အခုလိုအပူပေးစနစ်သုံးပြောင်းလဲသွားရတာကလည်း ပြီးခဲ့တဲ့နှစ်က ပုဇွန်သားပေါက်စခန်းသုံးခုမှာ ရာသီဥတုအေးလာတဲ့အတွက် အပူချိန်မနိုင်ဖြစ်ပြီး သားဖောက်ချိန်နောက်ကျခဲ့ရပါတယ်။ သားဖောက်ချိန်နောက်ကျခဲ့ရလို့လည်း ရောင်းအားကျဆင်းခဲ့ရတယ်။ အဲဒီလိုရောင်းအားကျဆင်းလာခဲ့ရတာကြောင့် ပုဇွန်သားပေါက်စောစီးစွာထုတ်လုပ်နိုင်ရေးအတွက် အပူပေးစနစ်ပြောင်းလဲခဲ့တာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"ပုဇွန်ဆိုတာမျိုးက လေးလမွေးရတာပါ။ မွေးတဲ့ကာလနဲ့ဖောက်တဲ့ကာလ တိုင်ပင်ကိုက်ရပါတယ်။ မွေးတဲ့ကာလ နောက်ကျသွားလို့ရှိရင် မိုးနဲ့သွားတိုးနေပြီးတော့ ပုဇွန်သမားတွေအတွက် ရောင်းအားတို့၊ အခြားအခက်အခဲတွေနဲ့ကြုံရတတ်ပါတယ်။ အခုလိုဘွိုင်လာစနစ်သုံးလိုက်တာကလည်း အဓိကကတော့ အပူချိန်ရပြီး သားဖောက်ဖို့ပေါ့။ အဓိကကတော့ Temperature control ပါ။ Temperature အနေနဲ့ကတော့ ၂၈၊ ၂၉ လောက်ထိ ထိန်းထားနိုင်တယ်။ ဥပမာအအေးလှိုင်းဖြတ်မယ်ဆိုရင်ပုံမှန် Temperature မရတော့ဘူး။ အဲဒီတော့ temperature ကိုမြှင့်ချင်ရင် Boiler system နဲ့ heat ကိုမြှင့်ပြီးပုဇွန်သားပေါက်ဖို့အတွက် ကိုအကောင်းဆုံး Temperature ရအောင်လုပ်တာပါ"ဟုလည်း ဆက်လက်ပြောကြားသွားခဲ့သည်။

ပုဇွန်သားဖောက်ထုတ်လုပ်သော စခန်းများမှာ ရခိုင်ပြည်နယ် စစ်တွေမြို့၊ ကျောက်ဖြူမြို့နှင့် မောင်တောမြို့များတွင် လုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

■

## ကမ္ဘာ့ရေတိမ်ဒေသများနေ့ အထိမ်းအမှတ် "Live Together With Wetland"ဓါတ်ပုံပြပွဲကျင်းပ

ကမ္ဘာ့ရေတိမ်ဒေသများနေ့ အထိမ်းအမှတ်'Live Together With Wetland'ဓာတ်ပုံပြပွဲကို မြန်မာ့ငှက်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းကကြီးမှူးပြီး ဇန်နဝါလ ၂၇ ရက်နေ့မှစတင်၍ ၂၉ ရက်နေ့အထိ တော်ဝင်နှင်းဆီသီရိခန်းမတွင် သုံးရက်ကြာပြသခဲ့သည်။

ဓာတ်ပုံပြပွဲဖွင့်ပွဲကို ဇန်နဝါရီလ ၂၇ ရက်နေ့က ပြုလုပ်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည်တက်ရောက် ဖွင့်လှစ်ပေးခဲ့ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ယခုနောက်ပိုင်းတွင်လူအများပြုလုပ်လာကြပြီး စိတ်ဝင်စားမှု များပြားလာသည်ကိုမြင်တွေ့နေရကြောင်း၊ ဆက်လက်၍လည်း လုပ်ကိုင်သွားရမည်ဖြစ်ကြောင်း အဖွင့်အမှာစကားအဖြစ်ပြောကြားခဲ့သည်။

'Live Together With Wetland' ဓာတ်ပုံပြပွဲတွင် ဓာတ်ပုံပညာရှင် ၂၁ ဦးတို့မှ ကန်၊ မြစ်၊ ချောင်း၊ မြစ်ဝကျွန်းပေါ်၊ ဒီရေတော၊ ကမ်းရိုးတန်း၊ ဆည်၊ လယ်အစရှိသည့် မြန်မာနိုင်ငံရှိ ရေတိမ်ဒေသ ပတ်ဝန်းကျင်ရှုခင်းများနှင့် ရေတိမ်ဒေသများတွင် ကျက်စားသည့်ငှက်၊ အင်းဆက်မျိုးစိတ်များကို ရိုက်ကူးထားသည့် ဓာတ်ပုံပေါင်း ၁၄၀ ပြသခဲ့သည်။ ပြပွဲသို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ၊ လေ့လာသူများ တက်ရောက်ခဲ့သည်ဟု သိရှိရသည်။

ပြပွဲတွင် ဓါတ်ပုံများပြသခြင်းအပြင် ဟောပြောပွဲများကျင်းပခဲ့ပြီး ဇန်နဝါရီလ ၂၈ ရက်နေ့နှင့် ၂၉ ရက်နေ့တို့တွင် ဦးအုန်း၊ ဒေါက်တာထွန်းလွင်နှင့် ဦးသိန်းအောင်တို့က ဒီရေတောနှင့် ပတ်ဝန်းကျင်၊ ရာသီဥတုနှင့်ရေတိမ်ဒေသ၊ Wetland Tourism အစရှိသည်တို့ကို ဟောပြောခဲ့သည်။

ကမ္ဘာ့ရေတိမ်ဒေသများနေ့သည် နှစ်စဉ်ဖေဖော်ဝါရီ ၂ ရက်နေ့တွင် ကျရောက်ကျင်းပခြင်းဖြစ်ပြီး ၁၉၇၁ ခုနှစ်တွင် အီရန်နိုင်ငံ၊ ရမ်ဆာမြို့တွင်ကျင်းပပြုလုပ်ခဲ့သည့်ရေတိမ်ဒေသဆိုင်ရာကွန်ဗင်းရှင်းအထိမ်းအမှတ်ဖြစ်သည်။ ၂၀၁၂ ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသများနေ့ဆောင်ပုဒ်သည် ရေတိမ်ဒေသများနှင့် ခရီးသွားလုပ်ငန်းဖြစ်သည်ဟု သိရှိရသည်။

## ညောင်ပင်လေးဈေး၊မော်တင်ဈေး၊သိမ်ကြီးဈေးနှင့်သံဈေးတို့မှ အရောင်ရှိစားသောက်ကုန်နမူနာအမျိုးအစား ၉၉ မျိုးအား FDA မှစစ်ဆေးနေ

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန(FDA)မှ ညောင်ပင်လေးဈေး၊မော်တင်ဈေး၊ သိမ်ကြီးဈေးနှင့်သံဈေးတို့ရှိအရောင်ပါစားသောက်ကုန်နမူနာအမျိုးအစား ၉၉ မျိုးကို ဇန်နဝါရီလ ၂၃ ရက်နေ့နှင့် ၂၄ ရက်နေ့တို့တွင် ဈေးကွက်ကောက် စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ယင်းကဲ့သို့ စစ်ဆေးခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကျန်းမာရေးဌာန၊ ဈေးများဌာန၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ပြုလုပ်ခြင်းဖြစ်သည်။

"စစ်ဆေးတဲ့ပုံစံက ဈေးထဲမှာရောင်းချနေတဲ့အရောင်ရှိစားသောက်ကုန်တွေကိုဈေးကွက်ကောက်ပြီး စားသောက်ကုန်ဓာတ်ခွဲစစ်ဆေးရေးယာဉ်ပေါ်မှာပဲစစ်ဆေးတယ်။ ချက်ချင်းစစ်ဆေးပြီးအဖြေထုတ်လို့ရတဲ့စားသောက်ကုန်တွေကိုတော့ ယာဉ်ပေါ်မှာပဲစစ်ဆေးပြီး ဓာတ်ခွဲခန်းကိုယူသွားပြီး စစ်ဆေးရမယ့် စားသောက်ကုန်တွေကတော့ နောက်နှစ်ရက်လောက်နေရင် ဆိုးဆေးသုံးစွဲထားတာရှိမရှိဆိုတာသိရမှာပါ"ဟု FDA မှတာဝန်ရှိသူတစ်ဦးကပြောပြခဲ့သည်။

ဈေးကွက်ကောက်ယူစစ်ဆေးရာတွင် အရောင်ရှိစားသောက်ကုန်များဖြစ်သည့် ငရုတ်သီးမှုန့်၊ နနွင်းမှုန့်၊ လက်ဖက်၊ ငါးပိ၊ ပဲနီလေး၊ ပဲဝါလေး၊ပဲကြီးလှော်၊ငရုတ်ဆီစသည်တို့ပါဝင်ကြောင်း၊ ဓာတ်ခွဲခန်းတွင် စစ်ဆေးရန်လိုအပ်သည့်စားသောက်ကုန်များအတွင်း စားသုံးရန်မသင့်သည့် ခွင့်မပြုဆိုးဆေးများ သုံးစွဲထားခြင်းရှိမရှိကိုချက်ချင်းစစ်ဆေးသွားမည်ဖြစ်ပြီး စားသုံးရန်မသင့်သည့် ဆိုးဆေးများသုံးစွဲထားကြောင်းတွေ့ရှိပါကချက်ချင်းထုတ်ပြန်၍ အရေးယူမှုများပြုလုပ်သွားမည်ဟု သိရသည်။



## ဗိဿနိုး၊ သရေခေတ္တရာအပါအဝင် ရှေးဟောင်းမြို့တော်များအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရရေးဆောင်ရွက်နေ


ပုဂံရှေးဟောင်းယဉ်ကျေးမှုမြို့တော်

မြန်မာနိုင်ငံ၌ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစွာရှိသော်လည်းကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရခြင်းမရှိသေးကြောင်း၊ ယင်းကြောင့် ဗိဿနိုး၊ သရေခေတ္တရာအပါအဝင်ရှေးဟောင်းမြို့တော်များအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ်မှတ်တမ်းတင်ခံရရေး ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနမှ သိရှိရသည်။

"မြန်မာနိုင်ငံမှာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေအများကြီးရှိတယ်။ ပုဂံ၊ ပင်းယ၊ အင်းဝစသဖြင့်ပေါ့ ရှေးဟောင်းနယ်မြေတွေရှိတယ်။ ရှေးဟောင်းအဆောက်အအုံတွေအရင်တုန်းကတည်းကသဘာဝအလျောက်ရှိနေခဲ့တဲ့အမွေအနှစ်တွေဖြစ်တဲ့အင်းလေးကန်လိုမျိုးဒေသတွေရှိတယ်။ ဒါပေမဲ့ ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဖြစ် စာရင်းဝင်သတ်မှတ်ခံရတာတစ်ခုမှမရှိသေးဘူး။ အဲဒီအတွက် ကမ္ဘာ့အမွေအနှစ်အဖြစ်သတ်မှတ်နိုင်ရေးဆောင်ရွက်နေတာဖြစ်ပါတယ်"ဟုလည်း ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အလားတူအာဆီယံဒေသတွင်းနိုင်ငံများ၌မှု ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ်ထိန်းသိမ်းထားရှိခြင်းကိုလည်း "အာဆီယံဒေသတွင်းနိုင်ငံတွေမှာကြည့်ရင်နိုင်ငံတိုင်းလိုလိုမှာ ကမ္ဘာ့စာရင်းဝင်အမွေအနှစ်တွေရှိတယ်ဆိုပြီး သတ်မှတ်ကြတယ်။ မြန်မာနိုင်ငံတစ်ခုပဲ မရှိသေးတာ။ တကယ်ဆိုရင် မြန်မာနိုင်ငံမှာ ရှေးဟောင်းအမွေအနှစ်တွေအများကြီးပဲလေ။ ဒါကြောင့် ဗိဿနိုး၊ သရေခေတ္တရာစတဲ့မြို့ဟောင်းတွေနဲ့ အင်းလေးကန်ဒေသတွေကို ကမ္ဘာ့စာရင်းဝင်အဖြစ်သတ်မှတ်နိုင်ဖို့ဆောင်ရွက်နေပါတယ်"ဟု အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောကြားခဲ့ပါသည်။

ကမ္ဘာ့စာရင်းဝင်အဖြစ် သတ်မှတ်ခံရရေးအတွက် နိုင်ငံတစ်နိုင်ငံလျှင် တစ်နှစ်အတွင်း နှစ်ခုသတ်မှတ်ခံရနိုင်ကြောင်းလည်း သိရှိရသည်။

"ကမ္ဘာ့စာရင်းဝင်အဖြစ်သတ်မှတ်ခံရဖို့အတွက် တစ်နိုင်ငံက တစ်နှစ်အတွင်း နှစ်ခုသတ်မှတ်ခံရနိုင်တယ်။ တစ်ခုက ရှေးဟောင်းအဆောက်အအုံဖြစ်ရမယ်။ နောက်တစ်ခုက သဘာဝအလျောက်ရှိနေတဲ့ရှေးဟောင်းအမွေအနှစ်တွေဖြစ်တယ်။ ဥပမာ–အင်းလေးကန်လိုမျိုးပေါ့။ နောက်ပြီး ရှေးဟောင်းဝတ္ထုပစ္စည်းမဟုတ်တဲ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၊ ဘိုးဘွားတွေရဲ့နည်းပညာ၊ အတွေးအခေါ်တွေ၊ ရိုးရာဓလေ့တွေ၊ ပုံပြင်၊ ပါးစပ်ရာဇဝင်၊ ရုပ်ဝတ္ထုပစ္စည်းတွေမဟုတ်တဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေလည်း လျှောက်ထားလို့ရပါတယ်။ ကျွန်တော်တို့ဆီမှာ အမွေအနှစ်တွေသာများနေတယ်။ သတ်မှတ်ခံရတာမရှိသေးဘူးဆိုတာ မဖြစ်သင့်ဘူး။ ဒါကြောင့် ကျွန်တော်တို့ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု လည်းရှေးဟောင်းသုတေသန၊ အမျိုးသား ပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။

နီလာ

## ပြည်သူ့ဥယျာဉ်တွင် ဓမ္မပူဇာသဘင်ကျင်းပမည်

မြတ်ဗုဒ္ဓသာသနာတော်နှစ် ၂၆၀၀ ပြည့်သည့် အထိမ်းအမှတ်အဖြစ် ဓမ္မပူဇာသဘင်ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ဥယျာဉ်၌ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့ထိ ငါးရက်တိုင်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဗုဒ္ဓသာသနာတော်နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ်ဓမ္မပူဇာသဘင်တွင်ဖေဖော်ဝါရီ ၁၇ ရက်နေ့၌ ယောဆရာတော်၊ ၁၈ ရက်နေ့၌ ချမ်းမြေ့ဆရာတော်၊ ၁၉ ရက်နေ့၌ သီတဂူဆရာတော်၊ ၂၀ ရက်နေ့၌ပါမောက္ခချုပ်ဆရာတော်နှင့် ၂၁ ရက်နေ့တွင် ဗန်းမော်ဆရာတော်တို့က ညစဉ် ၇ နာရီခွဲအချိန်မှစ၍ တရားဒေသနာတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဓမ္မသဘင်သည်ပြည်သူ့ဥယျာဉ်တွင် ပထမဦးဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပြီး ရွှေတိဂုံစေတီတော်အား ဖူးမြော်ရင်းတရားဓမ္မများနာကြားရမည့်အစီအစဉ်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

■

## စာရင်းပညာရပ်ဆိုင်ရာ ပညာသင်ဆု ခြောက်ဦးရရှိ

COMMERCE EXPERTISE TRAINING သင်တန်းကျောင်းမှ ချီးမြှင့်သည့် စာရင်းပညာရပ်ဆိုင်ရာ ပညာသင်ဆုကို ခြောက်ဦးရရှိကြောင်း သိရှိရပါသည်။

သင်တန်းကြေးကင်းလွတ်ခွင့်နှင့်စာအုပ်စာတမ်းကြေးများကင်းလွတ်ခွင့်များပါဝင်သည့်စာရင်းပညာရပ်ဆိုင်ရာပညာသင်ဆုကို အနိမ့်ဆုံးပညာအရည်အချင်းတက္ကသိုလ်တန်းအောင်အဆင့်မှ စတင်ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ပထမအဆင့်အနေဖြင့် LCCI Level (I,II) အတွက်ပေးအပ်ခြင်းဖြစ်၍ ထူးချွန်သူများအနေဖြင့် ဒုတိယအဆင့်ပေးအပ်မည့် Level (III) တက်ရောက်နိုင်မည့် အခွင့်အရေးများပါထပ်မံရရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

"ပညာသင်ဆု ၂၀ ပေးဖို့စီစဉ်ခဲ့တာပါ။ ဒါပေမဲ့ ဒီပရိုဂရမ်အတွက် လာရောက်လျှောက်ထားတဲ့သူနည်းတဲ့အတွက်သတ်မှတ်ထားတဲ့အချက်အလက်တွေနဲ့ပြည့်စုံတဲ့သူခြောက်ဦးကိုပဲ Scholar ပေးနိုင်ပါတယ်။ နောက်လည်း Level (I,II) အတွက် Scholar ထပ်ပေးဖို့ အစီအစဉ်ရှိပါတယ်"ဟု COMMERCE EXPERTISE TRAINING သင်တန်းကျောင်း မှတာဝန်ရှိသူတစ်ဦးက ပြောပြခဲ့ပါသည်။ အဆိုပါသင်တန်းကျောင်းမှစာရင်းပညာရပ်ဆိုင်ရာပညာသင်ဆုများကို ပထမဆုံးအကြိမ်အဖြစ် ချီးမြှင့်ပေးခြင်းဖြစ်ကြောင်းလည်း သိရပါသည်။

## လုပ်ငန်းခွင်ကျွမ်းကျင်မှု အတတ်ပညာသင်တန်း လျှောက်လွှာခေါ်ယူ

လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေသော လူငယ်များအား လုပ်ငန်းကျွမ်းကျင်စေလိုသော ရည်ရွယ်ချက်ဖြင့် အခမဲ့သင်ကြားပေးမည့်လုပ်ငန်းခွင်ကျွမ်းကျင်မှုအတတ်ပညာသင်တန်းအတွက်လျှောက်လွှာများစတင်ခေါ်ယူနေပြီဖြစ်သည်။

သင်တန်းကိုနှစ်စဉ်မေလပထမပတ်တွင်စတင်ဖွင့်လှစ်ပြီး လျှောက်လွှာများကို ဇန်နဝါရီလမှ မတ်လအတွင်း ထုတ်ယူလျှောက်ထားနိုင်ကြောင်း သိရှိရသည်။

မိမိရွေးချယ်ရာ သင်တန်းအတွက်လုပ်ငန်းခွင်တွင်စတင်အလုပ်လုပ်ကိုင်နေသူများနှင့်လုပ်ငန်းခွင်တွင်အလုပ်သင်ဝန်ထမ်းအနေဖြင့်လုပ်ကိုင်နေသူများသာ တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

"ဆရာတို့သင်တန်းမှာသင်တန်းကြေးကုန်ကျစရာမလိုပါဘူး။ ပညာသင်ယူမှု အစအဆုံးတာဝန်ယူသွားမှာပါ။ စာတွေ့ပိုင်းအပြင် လက်တွေ့သင်ကြားမှုအပိုင်းကို တစ်နှစ်မှာ တစ်ကြိမ် နှစ်ပတ်ကနေ သုံးပတ်ပြုလုပ်မှာပါ"ဟု CVT ကျောင်းမှ ဆရာဦးညီညီက ပြောကြားသည်။

လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းတွင်စီးပွားရေးပညာအထောက်အကူပြုသင်တန်း၊ လျှပ်စစ်ကျွမ်းကျင်မှုပညာသင်တန်း၊ ပရိဘောဂပြုလုပ်မှုအတတ်ပညာသင်တန်း၊ ဟိုတယ်နှင့်ဧည့်ဝတ်ပြုမှုဆိုင်ရာအတတ်ပညာသင်တန်း၊ သတ္တုပစ္စည်းထုတ်လုပ်မှုအတတ်ပညာသင်တန်း၊ အသက်မွေးမှုအကြိုသင်တန်းတို့ကိုသင်ကြားပို့ချလျက်ရှိကြောင်း သိရှိရသည်။

သင်တန်းကာလမှာ စာတွေ့ပိုင်းနှင့်လက်တွေ့ပိုင်း သုံးနှစ်ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် တစ်ရက်တက်ရောက်ရမည်ဖြစ်သည်။ သုံးနှစ်သင်တန်းပြီးဆုံးပါက နောက်ဆုံးစာမေးပွဲကိုဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုမှုအောင်မြင်သူများသည်ယင်းသင်တန်းမှပေးအပ်မည့် ဒီပလိုမာကို ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

## မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ပေးမည်


သီတဂူရွှေပြည်ဟိန်း စက္ခုဒါနအထူးကုဆေးခန်း

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နှင့် ၅ ရက်နေ့တို့တွင် နဝမအကြိမ်မြောက်အဖြစ် မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ပေးမည်ဖြစ်ကြောင်း ရွှေပြည်ဟိန်းကုသဖြစ်ဆေးခန်းမှ သိရှိရသည်။

အဆိုပါ မျက်စိခွဲစိတ်မှုကို ရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံတွင်ဝေဒနာရှင် ၁၀၀ ကျော်အားခွဲစိတ်ပေးမည်ဖြစ်ပြီးမျက်မှန်တပ်ရုံသာလိုအပ်သောဝေဒနာရှင်များမှလွဲ၍ အားလုံးကိုခွဲစိတ်ပေးမည်ဖြစ်ကြောင်းသိရသည်။ မျက်စိဝေဒနာရှင်များကို ခွဲစိတ်ကုသရာတွင် မျက်စိအထူးကုဆရာဝန်ကြီးများမှ လာရောက်ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ခွဲစိတ်မှုပြုလုပ်ရန်အတွက် ဇန်နဝါရီလ ၁၀ ရက်နေ့မှစတင်၍ စာရင်းလက်ခံလျက်ရှိပြီး မျက်စိဝေဒနာရှင်များအနေဖြင့် ရွှေပြည်ဟိန်းကျောင်း ပြည်သာယာဘောက်ထော် ရန်ကင်းမြို့နယ်သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းတွင်အထွေထွေကုသခြင်းများ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာရောဂါများ၊ သွားနှင့်ခံတွင်းရောဂါများ၊ အရေပြားရောဂါများ၊ ကလေးနှင့် အမျိုးသမီးရောဂါများ၊ မျက်စိဆိုင်ရာရောဂါများစသည်တို့ကိုအခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။


## အလိုရှိသည်

(၁) အလုပ်သင် (သို့) အငယ်တန်းသတင်းထောက် - ကျား (၃) ဦး၊ မ (၂) ဦး

အသက် (၂၃) နှစ်အောက်ဖြစ်ပြီး အခြေခံပညာအထက်တန်းအောင်မြင်ရမည်။ ကိုယ်တိုင်ရေးအာဘော်သတင်းတစ်ပုဒ်နှင့်အတူ လျှောက်ထားနိုင်သည်။

(၂) သတင်းထောက် - ကျား (၂) ဦး၊ မ (၁) ဦး

အသက်(၂၅)နှစ်အောက် ဘွဲ့ရ၊ သတင်းတစ်ပုဒ်နှင့်အတူ လျှောက်ထားနိုင်သည်။

(၃) မန္တလေးရုံးခွဲအတွက် အလုပ်သင် (သို့) အငယ်တန်းသတင်းထောက် - ကျား (၁) ဦး

အသက် (၂၃) နှစ်အောက်ဖြစ်ပြီး အခြေခံပညာအထက်တန်းအောင်မြင်ရမည်။ ကိုယ်တိုင်ရေးအာဘော်သတင်းတစ်ပုဒ်နှင့်အတူ လျှောက်ထားနိုင်သည်။

လျှောက်ထားသူများသည် သတင်းမီဒီယာလုပ်ငန်းကိုစိတ်ဝင်စားသူများဖြစ်ပြီး အများအကျိုးဆောင်ရွက်ရန် စိတ်ထက်သန်သူများဖြစ်ရမည်။ လျှောက်ထားသူများသည် မိမိရရှိလိုသည့်လစာကို ထည့်သွင်းလျှောက်ထားရမည်။ လျှောက်ထားသူအားလုံးကို အခြေခံပြင်ပဗဟုသုတများ မေးမြန်းမည်ဖြစ်သည်။

(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။)

ဆက်သွယ်ရန် ➢ **Eleven Media Group**၊ အမှတ် (၂၂) တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၄၀၀၅၂၄၊ ၄၀၀၅၂၈၊ ၄၀၁၄၁၁


SATIRE



## လူကုန်ကူးမှုများအတွက်တိုင်ကြားရန် Hot Line ဖုန်းတပ်ဆင်ပြီး သုံးလအတွင်း ပြည်တွင်းပြည်ပမှ ၁၀၈ ကြိမ်တိုင်ကြားခဲ့

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ လူကုန်ကူးမှုဆိုင်ရာများအတွက် သတင်းပေးတိုင်ကြားရန် Hot Line ဖုန်းများကို တပ်ဆင်ပေးခဲ့ပြီး သုံးလအတွင်း၌ ပြည်တွင်းပြည်ပမှ တိုင်ကြားမှု ၁၀၈ ကြိမ်ကို လက်ခံရရှိခဲ့ကြောင်းနှင့် လူကုန်ကူးခံရသူခြောက်ဦးအားကယ်တင်နိုင်ခဲ့ပြီး ပျောက်ဆုံးသူ ၂၂ ဦးအား ရှာဖွေနိုင်ခဲ့ကြောင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ထုတ်ပြန်ချက်များအရသိရသည်။

Hot Line ဖုန်းများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် မူဆယ်မြို့များတွင် ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် စတင်တပ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်ဆင်ပြီး သုံးလအတွင်း(၂၀၁၁ခုနှစ် ဒီဇင်ဘာလအထိ) ပြည်တွင်းမှ ၁၀၅ကြိမ်နှင့် ပြည်ပမှသုံးကြိမ်သတင်းပေးတိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့အတွက်လူကုန်ကူးမှုလေးမှုမှလူကုန်ကူးသူတရားခံလေးဦးအား အရေးယူနိုင်ခဲ့ပြီး လူကုန်ကူးခံရသူခြောက်ဦးအားကယ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊လူပျောက်ဆုံးမှုတိုင်ကြားချက်မှာ ၃၃ ကြိမ်ရှိခဲ့ကြောင်းနှင့် ကလေးသူငယ်အပါအဝင် ပျောက်ဆုံးသူ ၂၂ ဦးအားပြန်လည်ရှာဖွေနိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ပြန်လည်ကယ်တင်နိုင်ခဲ့သူနှင့်ပြန်လည်ရှာဖွေတွေ့ရှိခဲ့သူများကို မိဘဆွေမျိုးများထံ အသိပေးအကြောင်းကြားခြင်း၊ မိဘများနှင့်ပြန်လည်ပေါင်းစည်းပေးခြင်းများပြုလုပ်နိုင်ခဲ့ကြောင်းလည်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ထုတ်ပြန်ထားချက်များအရ သိရသည်။

လူကုန်ကူးမှုများအတွက် သတင်းပေးတိုင်ကြားရန် တပ်ဆင်ခဲ့သည့် Hot Line ဖုန်းများမှာ နေပြည်တော်တွင် ၀၆၇-၄၁၂၅၅၅၊ ၀၆၇-၄၁၂၆၆၆၊ ရန်ကုန်တွင် ၀၉-၄၉၅၅၅၈၈၈၊ ၀၉-၄၉၅၅၅၉၉၉၊ မန္တလေးတွင် ၀၉-၄၉၅၅၅၇၇၇ နှင့် မူဆယ်တွင် ၀၉-၄၉၅၅၅၆၆၆ တို့ဖြစ်ကြောင်း သိရသည်။

## WiMAX အင်တာနက်လိုင်းကို ကနဦးတပ်ဆင်ခ ကျပ်သုံးသိန်းခွဲခန့်ဖြင့် တပ်ဆင်အသုံးပြုနိုင်မည်

WiMAX အင်တာနက်လိုင်းကို လာမည့်ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကနဦးတပ်ဆင်ခ ကျပ် ၃၆၀၀၀၀ ဖြင့် ရောင်းချမည်ဟု ယင်းအင်တာနက်လိုင်းကိုဝန်ဆောင်မှုပေးနေသော Red Link ကုမ္ပဏီမှ စုံစမ်းသိရှိရသည်။

ယင်းနှုန်းထားဖြင့် ရောင်းချခြင်းကို ဖေဖော်ဝါရီလ ၂ ရက်နေ့ နံနက် ၉ နာရီမှ ၁၁ နာရီအတွင်း Chatrium ဟိုတယ်၌ရောင်းချပေးမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါနှုန်းထားမှာလက်ရှိအင်တာနက် ကနဦးတပ်ဆင်ခနှုန်းထားများတွင် အနည်းဆုံးဈေးနှုန်းဖြစ်ပြီးလိုင်းဖုန်းရှိရန်မလိုဘဲ မိုဒမ်းလည်းမလိုသောကြောင့် အဆိုပါကုန်ကျစရိတ်များလည်းမရှိဘဲလစဉ်ကြေးသာ ထပ်မံကုန်ကျမည်ဖြစ်ကြောင်းသိရသည်။

WiMAX Service Plan များကို ခြောက်မျိုးသတ်မှတ်ထားပြီး Silver, Gold, Gold+, Platinum, Platinum+, Diamond ဟူ၍ရှိကြောင်း၊လစဉ်ကြေးမှာ512 Kbps ကို ၃၀ ဒေါ်လာ၊1 Mbps ကို ၅၅ ဒေါ်လာ၊ 2 Mbps ကို ၉၀ ဒေါ်လာနှင့်3 Mbps ကို ၁၅၅ ဒေါ်လာ သတ်မှတ်ထားကြောင်းသိရသည်။




အိုင်တီပြပွဲတစ်ခုတွင်တွေ့ရသည့် WiMAX ပြခန်း

Google, G-mail, G-talk, Facebook, Download စသည့် ကြည့်ရှုအသုံးပြုမှုများအတွက် Usage Quota ကို သတ်မှတ်ထားပြီး သတ်မှတ်ပမာဏကျော်လွန်အသုံးပြုမည်ဆိုပါက 1 Mb လျှင် ၀ ဒသမ ၀၁ ဒေါ်လာနှုန်းဖြင့်ပေးဆောင်ရမည်ဖြစ်ကြောင်းသိရသည်။

ကြိုးဖြင့် သို့မဟုတ် ကြိုးမဲ့ဖြင့် အင်တာနက်ကို တစ်ဆင့်ပြန်လည်ရောင်းချမှုများရှိသောကြောင့် Data Limit သတ်မှတ်ပြီး Service Plan များပြောင်းလဲရခြင်းဖြစ်ကြောင်းသိရသည်။

"အဲဒီနေ့မှာပဲ ရန်ကုန်တိုင်းဒေသကြီးအတွင်းက ပြည့်သူ့ဆေးရုံ ၁၀ ရုံကို WiMAX အင်တာနက်ဝန်ဆောင်မှု လှူဒါန်းသွားဖို့ရှိပါတယ်။ ပရိုမိုးရှင်းပွဲတွေမှာတော့ ဒီဈေးနှုန်းနဲ့ရောင်းဖြစ်ရင်ရောင်းဖြစ်မှာပါ"ဟု RedLink မှတာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

"ဒီမှာအင်တာနက်တပ်ဖို့အတွက်ကနဦးတပ်ဆင်ခနဲ့လစဉ်ကြေးကဈေးကြီးလွန်းပါတယ်။ ကနဦးတပ်ဆင်ခကကျပ်သောင်းဂဏန်းဒါမှမဟုတ် ကနဦးတပ်ဆင်ခမယူဘဲ သုံးစွဲသလောက်လစဉ်ကြေးပဲကောက်ခံတာမျိုးဆိုရင်ပိုကောင်းပါတယ်။ တကယ်ဆိုရင်အင်တာနက်ကို အခပေးရပ်သံလိုင်း ဥပမာ- 5 Network တို့လို နှုန်းထားမျိုးနဲ့ အသုံးပြုနိုင်အောင်စီစဉ်ပေးသင့်ပါတယ်"ဟုအင်တာနက်ကဖေးတွင် အင်တာနက်အမြဲသုံးစွဲသူ လူငယ်တစ်ဦးက အကြံပြုခဲ့သည်။

## အင်တာနက်ကဖေးအများစု Network ဂိမ်းကိုသာ အားထားနေရသေးကြောင်းသိရ



အင်တာနက်ကဖေးအများစုမှာ အင်တာနက်နှေးကွေးချိန်များတွင် ကွန်ပျူတာဂိမ်း၊ နက်ဝပ်ဂိမ်းများကိုသာ အားထားနေရသေးကြောင်း အင်တာနက်ကဖေးများနှင့်သုံးစွဲသူများထံမှစုံစမ်းသိရှိရသည်။

"အင်တာနက်သုံးသူတွေက တဖြည်းဖြည်းပိုများလာပါတယ်။ ဒါပေမယ့် အင်တာနက်ကွန်နက်ရှင်ကတော့ အရင်ကထက်ပိုထူးမလာတဲ့အပြင် ပိုဆိုးလာသလိုတောင် ရှိပါတယ်။ အဲဒါကြောင့် အင်တာနက်လိုင်းတွေမကောင်းတဲ့အချိန်မှာ ကွန်ပျူတာဂိမ်း၊ နက်ဝပ်ဂိမ်းတွေကိုပဲအားထားနေရတယ်"ဟုစမ်းချောင်းမြို့နယ်ရှိအင်တာနက် ကဖေးတစ်ခုမှတာဝန်ရှိသူကပြောကြားခဲ့သည်။

အင်တာနက်ကဖေးများအနေဖြင့် အင်တာနက်ဝန်ဆောင်မှုအပြင် အစားအသောက်များရောင်းချခြင်း၊ ဖုန်းခေါ်ပေးခြင်း၊ ဂိမ်းဝန်ဆောင်မှု၊ အင်တာနက်အသုံးပြုနည်းသင်တန်း စသဖြင့် အခြားဝန်ဆောင်မှုများကိုလည်းအားထားနေရကြောင်းစုံစမ်းသိရှိရသည်။

"အင်တာနက် Connection အခြေအနေကတော့ Service ပေးတဲ့ ကျွန်တော်တို့ကိုယ်တိုင်တောင် အားမရပါဘူး။ အင်တာနက်ကဖေးတွေအထိ ကွင်းဆင်းပြီးတော့လည်းအင်တာနက်နှေးရတဲ့အကြောင်းရင်းကို ရှာဖွေခဲ့တယ်။ Bandwidth ထပ်ချဲ့ရမှာဖြစ်သလို Gateway အသစ်တွေလည်းထပ်ချဲ့ရမှာဖြစ်ပါတယ်။ နေပြည်တော်မှာ နောက်ထပ် ISP တစ်ခုထပ်ဆောက်ဖို့လည်းလုပ်နေတာလည်းရှိပါတယ်။ ပြီးရင်တော့ ပိုကောင်းလာမှာဖြစ်ပြီး ၂၀၁၃ မှာဆီးဂိမ်းနဲ့ ၂၀၁၄ မှာ Asean Summit တွေရှိလို့ အင်တာနက်ကိုမဖြစ်မနေ Upgrade လုပ်သွားရမှာဖြစ်ပါတယ်"ဟုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

## FEC 20 တန် တစ်ခါသုံးဂျီအက်စ်အမ် Sim Card များပြန်လည်ရောင်းချ

FEC 20 တန်တစ်ခါသုံးဂျီအက်စ်အမ် Sim card များကို ဇန်နဝါရီလ၂၅ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးတွင် ပြန်လည်ရောင်းချပေးလျက်ရှိသည်ဟု ယင်းဖုန်းကတ်များအား တရားဝင်ရောင်းချခွင့်ရရှိထားသည့် Elite Tech Service မှ သိရသည်။

"တစ်ခါသုံးဂျီအက်စ်အမ် Sim card တွေကို ဇန်နဝါရီလ ၂၅ရက်နေ့ကနေစပြီး ပြန်ရောင်းပေးနေပါတယ်။အရင်က ဂျီအက်စ်အမ်ဖုန်းတွေလိုင်းကျပ်နေတာ အခုမှလိုင်းအရေအတွက်တွေထပ်တိုးလိုက်တဲ့အတွက် FEC 20 တန်တွေပြန်ချပေးလိုက်တာ။ကတ်အရေအတွက် ဘယ်လောက်ချမလဲဆိုတာသတ်မှတ်ထားတာမရှိသေးဘူး။လိုသလောက်ရောင်းခိုင်းထားပါတယ်။ တစ်နိုင်ငံလုံးဖြန့်မှာပါ။ မြန်မာကျပ်ငွေနဲ့ရောFEC နဲ့ပါရောင်းပေးပါတယ်။မြန်မာကျပ်ငွေနဲ့ဝယ်မယ်ဆိုရင်ပေါက်ဈေးအတိုင်းတွက်ပြီး ရောင်းပေးပါတယ်။ FEC 50 တန်တစ်ခါသုံး စီဒီအမ်အေ Sim card တွေကတော့အရင်အတိုင်းပဲရောင်းနေပါသေးတယ်"ဟု Elite Tech Service မှ ဦးစိုင်းခင်မောင်အေးကပြောကြားသည်။

ယင်းဖုန်းကတ်၏သက်တမ်းမှာ ကတ်ချိုးပြီးချိန်မှစ၍ တစ်လအတွင်းအသုံးပြုရမည်ဖြစ်ပြီး ကတ်မချိုးဘဲထားပါက ဧပြီလ၁ရက်နေ့တွင်ကတ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။အထွက်ခေါ်ဆိုခမှာတစ်မိနစ်လျှင် မြန်မာငွေကျပ်သုံးရာကျော်ခန့်ကျသင့်မည်ဖြစ်ပြီးအဝင်ခေါ်ဆိုခမှာ ကျပ်ငါးဆယ်ဖြစ်ကြောင်းသိရသည်။



# ဆင်မင်းဈေးအား အဆင့်မြင့်ဈေးအဖြစ် ပြောင်းလဲဆောက်လုပ်ရန် တိုင်းတာခြင်းပြီးစီး



ဆင်မင်းဈေးအတွင်းပိုင်းအား တွေ့ရစဉ်

အလုံမြို့နယ်ရှိ သိပ္ပံဈေး(ဆင်မင်းဈေး)အား အဆင့်မြင့်ဈေးအဖြစ် ပြောင်းလဲဆောက်လုပ်ရန်အတွက် မြေတိုင်းတာခြင်းလုပ်ငန်းများ ပြုလုပ်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

သိပ္ပံဈေး(ဆင်မင်းဈေး)မှာ လက်ရှိမြေစိုက်သစ်သားဈေးဖြစ်ပြီး အဆင့်မြင့်ဈေးအဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပုဂ္ဂလိကကုမ္ပဏီတစ်ခုတို့ အကျိုးတူပူးပေါင်းဆောက်လုပ်မည်ဖြစ်ပြီး ယင်းကဲ့သို့ဆောက်လုပ်ရန်အတွက် ဈေးသူဈေးသားများထံမှ ဆန္ဒမဲကောက်ခံမှုကို ပြီးခဲ့သည့် ဇန်နဝါရီလ ၁၃ ရက်နေ့ကပြုလုပ်ခဲ့ရာ အဆင့်မြင့်ဈေးအဖြစ် ပြန်လည်ဆောက်လုပ်ရန်သဘောတူညီသည့် မဲရေအတွက်ကအနိုင်ရရှိခဲ့ကြောင်းသိရသည်။ ထို့ကြောင့် အသစ်ဆောက်လုပ်ရန်အတွက် မြေတိုင်းတာရေးလုပ်ငန်းကို ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

"ဈေးကို ရှစ်ထပ်ဈေးဆောက်မယ်လို့ကြားပါတယ်။ အောက်ထပ်မှာ ဈေးဆိုင်ခန်းတွေကို ပြန်ပေးမယ်။ ဟိုတစ်နေ့ကတော့ မြေတိုင်းတာရေးတွေ လာလုပ်သွားတာတွေ့တယ်။ မကြာခင်မှာ ယာယီဈေးကို ရွှေ့ရမယ်လို့ကြားတယ်။ ရွှေ့ဖို့ရက်ကိုတော့ ဈေးတာဝန်ခံရုံးက အကြောင်းကြားမယ်လို့ ပြောတယ်။ ယာယီဈေးက အခုဈေးနဲ့မလှမ်းမကမ်းက ဘောလုံးကွင်းထဲက စည်ပင်သာယာပိုင်မြေမှာပေးမယ်လို့ပြောပါတယ်။ ဈေးကိုအဆင့်မြင့်ဈေးအဖြစ်ပြောင်းဆောက်မယ့်အချိန်ကို တစ်နှစ်ခွဲနဲ့နှစ်နှစ်ကြားမှာ သတ်မှတ်ထားတယ်လို့သိရတယ်။ဒီလိုအဆင့်မြင့်ဈေးအဖြစ် ပြန်ပြောင်းဆောက်တာကောင်းပါတယ်။ ဘာဝန်ဆောင်မှုမှထပ်ပေးစရာမလိုဘူးလေ။ ဒါပေမဲ့ တစ်နှစ်ခွဲနဲ့နှစ်နှစ်အတွင်းမပြီးမှာစိုးရိမ်တယ်။ ဆင်မလိုက်ဈေးကိုလည်း ဒီလိုအဆင့်မြင့်ဆောက်တာ သတ်မှတ်ချိန်အတွင်းမပြီးလို့မပြောင်းနိုင်သေးတဲ့ အဖြစ်အပျက်ရှိနေပါတယ်။ ပြီးတော့ယာယီဈေးမှာ အရောင်းအဝယ် ဘယ်လိုရှိမလဲမသိနိုင်ဘူးလေ"ဟု သိပ္ပံဈေး(ဆင်မင်းဈေး)အတွင်းရှိ ဈေးဆိုင်ခန်းပိုင်ရှင်တစ်ဦးက ပြောပြခဲ့သည်။

မြေတိုင်းတာခြင်းလုပ်ငန်းများ ပြုလုပ်ပြီးစီးသွားပြီဖြစ်သောကြောင့် ဈေးပုံစံဒီဇိုင်းများထုတ်မည်ဖြစ်ပြီး ဒီဇိုင်းများရရှိပါက ဈေးသူဈေးသားများအား ပြသအသိပေးသွားမည်ဖြစ်ကြောင်းလည်း ဈေးတွင်ကြေညာထားချက်အရ သိရသည်။

သိပ္ပံဈေး(ဆင်မင်းဈေး)အား ၁၉၅၀ ပြည့်နှစ်တွင်ဖွင့်လှစ်ခဲ့ပြီး ယခုလက်ရှိဖွင့်လှစ်ရောင်းချနေသော အမည်ပေါက်ဆိုင်ခန်းပေါင်း ၇၂၇ ခန်းရှိကာ 'ခ' အဆင့်ရှိသော ဈေးတစ်ခုဖြစ်ကြောင်း သိရှိရသည်။

*ကျော်ထင်၊ စောဝဏ္ဏ*

# မော်လမြိုင်မှအရေးပေါ်လူနာ ၁၀၀ ကျော်အား ရန်ကုန်သို့လာရောက် ဆေးကုသနိုင်ရန် လူနာတင်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်

မော်လမြိုင်မြို့မှ အရေးပေါ်လူနာ ၁၀၀ ကျော်အား ရန်ကုန်မြို့သို့လာရောက်ကာ ဆေးကုသမှုခံယူနိုင်ရန်အတွက် လူနာတင်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း မော်လမြိုင်မြို့ စေတနာအခမဲ့ကုသိုလ်ဖြစ်ဆေးခန်းမှ သိရှိရပါသည်။

"နယ်မှာ လူနာတစ်ယောက်အရေးပေါ်ဖြစ်ပြီဆိုပါတော့။ ရန်ကုန်ကိုလာဖို့အတွက် ကားအခက်အခဲရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့စေတနာအခမဲ့ကုသိုလ်ဖြစ်ဆေးခန်းက လူနာတင်ယာဉ်နဲ့ပို့ဆောင်ပေးပါတယ်။ ဒီနေ့ ဇန်နဝါရီလ ၂၃ ရက် ရန်ကုန်လာတာကလည်း ကျွန်တော်တို့ဆေးခန်းက လူနာတစ်ယောက် အရေးပေါ်အခြေအနေနဲ့ ရန်ကုန်ဆေးရုံကြီးကို တင်ဖို့လိုအပ်နေလို့ ကျွန်တော်တို့လာခဲ့ကြတာပါ။ အခုလိုမျိုးပို့ဆောင်ပေးနေတာ လူနာ ၁၀၀ ကျော်ရှိပါပြီ"ဟုလည်း မော်လမြိုင်စေတနာအခမဲ့ကုသိုလ်ဖြစ်ဆေးခန်းမှ ဒုဥက္ကဋ္ဌ ဦးမောင်အေးက ပြောကြားခဲ့ပါသည်။

မော်လမြိုင်မြို့တွင် အခမဲ့ဆေးခန်းဖွင့်လှစ်ထားခြင်းနှင့်ပတ်သက်ပြီး "ဒီဆေးခန်းကိုစဖွင့်တာ တစ်နှစ်ကျော်ပါပြီ။ အထွေထွေရောဂါကုတယ်ပေါ့။ ဆေးခန်းမှာ ဆရာဝန်တွေရော သန့်ရှင်းရေးဝန်ထမ်းတွေပါ အခမဲ့ကုသိုလ်ယူနေကြတာပါ။ ဆရာဝန် ၁၅ ဦးက အလှည့်ကျလာထိုင်သလို အလုပ်သမားလေးဦးနဲ့ တခြားသူနာပြုဆရာမတွေအပါအဝင်ဆိုရင်တော့ ဝန်ထမ်းအင်အားက ၅၀နဲ့၆၀ကြားရှိနေပါတယ်"ဟုလည်း ဦးမောင်အေးက ဆက်လက်ပြောကြားခဲ့သည်။



မော်လမြိုင်စေတနာအခမဲ့ကုသိုလ်ဖြစ်ဆေးခန်းမှ လူနာတင်ယာဉ်

## ဘုရင့်နောင်ပွဲရုံဝင်း၌ အရက်အတုများဖမ်းဆီးရမိ

ဘုရင့်နောင်ပွဲရုံဝင်း၌ အရက်အတုပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် IBTC ကုမ္ပဏီကြီးကြပ်ရေးမှူးရွှေပြည်သာမြို့နယ်နေသူနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ်(၁)ရပ်ကွက် ဘုရင့်နောင်ပွဲရုံဝင်း ကံ့ကော်လမ်းသွယ်(၂)လမ်း၌ အရက်တုပုလင်းများတွေ့ရှိကြောင်း သတင်းအရ သွားရောက်ကြည့်ရှုရာ ၈ခ/--တောင်းအေ့စ်လိုက်ထရပ် အဖြူရောင် ကိုယ်ပိုင်ယာဉ်ပေါ်တွင် GRAND ROYALအရက်တုပုလင်းများထည့်ထားသည့် တစ်ဖာလျှင် အရက်ပုလင်း ၁၂ လုံးပါ ၆၂ ဖာကို တွေ့ရှိပြီး---ကားဂိတ်မှတစ်ဆင့် ယင်းပစ္စည်းများအား ကော့ကရိတ်မြို့သို့ပို့ဆောင်ရန်ပြုလုပ်နေစဉ် တွေ့ရှိခဲ့သည်။ ထွက်ပြေးတိမ်းရှောင်သွားသူအပေါ် အရေးယူပေးရန် တရားလိုပြုတိုင်တန်းမှုအား ဘုရင့်နောင်ရဲစခန်း(ပ)၆၆/၂၀၁၂ ပုဒ်မ ၄၂၀/၄၆၈ ဖြင့် အရေးယူရန်စုံစမ်းနေကြောင်း သိရသည်။

**မျက်နှာဖုံးသတင်း "၂၀၁၂ ခုနှစ်ဇန်နဝါရီလအတွင်းတိုင်ကြားခဲ့သည့်လိမ်လည်မှုဖြစ်စဉ်အများစု ..."မှအဆက်**

၂၀၁၂ ခုနှစ်ဇန်နဝါရီလအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ တိုင်ကြားခဲ့သည့် လိမ်လည်မှုဖြစ်စဉ်များအနက်အများစုမှာ မော်တော်ယာဉ်၊ မြေကွက်နှင့်ပတ်သက်သည့်အကြောင်းအရာများဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

မြေကွက်နှင့်ပတ်သက်၍ လိမ်လည်ခံရသည့် ဖြစ်စဉ်အကြောင်းရင်းတွင် အချို့မှာ ပိုင်ဆိုင်သည့်မြေကွက်၏မူရင်းစာရွက်စာတမ်းများကိုပေး၍ ရောင်းခိုင်းရာ၌ ရရှိသောငွေကျပ်များကို ပိုင်ရှင်ထံသို့ ပြန်မအပ်ဘဲ တိမ်းရှောင်နေသည့်ဖြစ်စဉ်၊ မြေကွက်နှင့် သက်ဆိုင်သည့် မြေကွက်ချထားပေးကြောင်း အကြောင်းကြားစာ မူရင်းစာရွက် ငွေပေးသွင်းထားသည့်ငွေရပြေစာအတုဖြင့် လိမ်လည်ရောင်းချသည့် ဖြစ်စဉ်များဖြစ်ကြောင်း သိရသည်။

မော်တော်ယာဉ်နှင့်ပတ်သက်၍ လိမ်ခံရသည့်ဖြစ်စဉ်အကြောင်းရင်း အချို့မှာ မိမိရရှိထားသည့်ကားများကို ရောင်းချမည်ဟုပြောဆို၍ ငွေများကိုရယူကာသတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပေးအပ်ခြင်းမရှိဘဲ တိမ်းရှောင်နေသည့်ဖြစ်စဉ်၊ Cherry Wagon ကားများ ဝယ်ယူခွင့်ရမည်ဟုပြောဆို၍ ကျသင့်ငွေများကို လိမ်လည်ယူသွားသည့် ဖြစ်စဉ်များဖြစ်သည်ဟု သိရသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဦး--၊ ပန်းဘဲတန်းမြို့နယ်နေသူသည် ၎င်း၏နေအိမ်ရုံးခန်း၌ လွန်ခဲ့သော ၁၅ နှစ်ခန့်က ခင်မင်ရင်းနှီးခဲ့သူ ဦး-- နှင့် ဇနီးဖြစ်သူဒေါ်--တို့နှင့်တွေ့ဆုံစဉ် ၎င်းတို့ ရရှိထားသော လေလံကားသုံးစီးအားရောင်းချမည်ဖြစ်ကြောင်း ယုံကြည်အောင်ပြောဆိုသဖြင့် ယင်းနေ့တွင် တိုယိုတာ မာ့ခ်တူးမော်ဒယ် (ဒီဇယ်)အမျိုးအစားကားအား ရောင်းချပေးရန်အတွက် ငွေကျပ်သိန်း၂၇၀ အားလည်းကောင်း၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် တိုယိုတာဟိုင်းလတ်ပစ်ကပ် 4 Door 96 မော်ဒယ်အမျိုးအစားကားအတွက် ငွေကျပ်သိန်း ၁၇၀ အားလည်းကောင်း၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် တိုယိုတာမာ့ခ်တူး ၉၇ မော်ဒယ် (ဒီဇယ်)အမျိုးအစားကားအတွက် ငွေကျပ်သိန်း ၂၉၀ အားလည်း သက်သေများရှေ့တွင် စာချုပ်သုံးစောင်ချုပ်ဆို၍ဦး--ကပေးအပ်ခဲ့ရာ ၎င်းတို့က လက်ခံပြီး တစ်လအတွင်း ကားသုံးစီးအား စာရွက်စာတမ်းများနှင့်တကွ လွှဲပြောင်းပေးမည်ဟုကတိပြုခဲ့သော်လည်း ယနေ့အထိပေးအပ်ခြင်း မရှိသဖြင့်ဦး--နှင့်ဒေါ်--အပေါ် အရေးယူပေးရန် တရားလိုပြု၍လာရောက်တိုင်တန်းမှုအား ပန်းဘဲတန်း ရဲစခန်း(ပ) ၂၀/၂၀၁၂၊ ပုဒ်မ ၄၂၀ ဖြင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ နံနက် ၉ နာရီခန့်၌ ဦး--ဗိုလ်တထောင်မြို့နယ်နေသူ၏ နေအိမ်သို့ လွန်ခဲ့သောနှစ်ပတ်ခန့်က တစ်ကြိမ်လာရောက်ဖူးပြီး Cherry Wagon ကားဝယ်ခွင့်ရအောင် ဆောင်ရွက်ပေးမည်ဟုပြောဆိုခဲ့သူ ဦး--က ကားလေးစီးဝယ်ယူခွင့်ရရှိပြီးဖြစ်ကြောင်းနှင့်ငွေသွင်းရန်ခေါ်၍ ၎င်းနှင့်မိတ်ဖြစ်သူ ဒေါ်--တို့မှချိန်းဆိုထားသော အင်းလျားလိတ်ဟိုတယ်လမ်းထိပ်သို့ ဦး--အား သွားရောက်ခေါ်ယူပြီး မရမ်းကုန်းမြို့နယ် ၁၀ ရပ်ကွက်၊ ဦးဖိုးသုန်လမ်းသို့ ဆက်လက်ထွက်ခွာခဲ့ရာ လမ်းထိပ်အရောက်ငွေ သိန်း ၂၀၀ ပါအထုပ်အား ၎င်းနှင့်ဦး--တို့ တစ်လှည့်စီသယ်ယူခဲ့ပြီး ခြေလျင်လမ်းလျှောက်လာစဉ် ဦးဖိုးသုန်လမ်းအတွင်း ကုန်းတက်တစ်ခုအရောက် ဦး--မှ ခေတ္တစောင့်နေရန်ပြောပြီးငွေထုတ်အား သယ်ယူသွားရာ ပြန်လည်ရောက်ရှိလာခြင်းမရှိ၍ ဦး--အပေါ်အရေးယူပေးရန် တရားလိုပြုတိုင်တန်းမှုအား မရမ်းကုန်းရဲစခန်း (ပ)၅၄/၂၀၁၂၊ ပုဒ်မ ၄၂၀ ဖြင့်အမှုဖွင့်ပြီး တရားခံဖမ်းဆီးရမိရေးအတွက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ဦး--သန်လျင်မြို့နယ်နေသူသည်သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာနေ ဦး--နှင့်ဦး--တို့ နှစ်ဦးပိုင်ဆိုင်သောသန်လျင်မြို့နယ်အေးသာယာရပ်ကွက်၊ အမှတ် L/၃၇၇၊ ပေ (၄၀× ၆၀)မြေကွက်အား ကျပ်သိန်း ၁၅၀ ဖြင့် ရောင်းချသဖြင့် မြေကွက်နှင့် သက်ဆိုင်သည့် မြေကွက်ချပေးထားကြောင်း၊ အကြောင်းကြားစာမူရင်းတစ်စောင်၊ ငွေပေးသွင်းထားသည့် ငွေရပြေစာတစ်စောင်တို့အား ပေးအပ်သဖြင့် သက်သေများရှေ့ စာချုပ်ချုပ်ဝယ်ယူခဲ့ပြီးနောက် မြေကွက်နှင့်ပတ်သက်၍ သန်လျင်မြို့နယ်ရှိ အိုးအိမ်ဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ ထွေ/အုပ်ဦးစီးဌာနများသို့ စုံစမ်းရာ အဆိုပါမြေကွက်နေရာသည်အကွက်အမှတ်တပ်ထားသော်လည်း နေရာချထားပေးခြင်းမရှိသေးသည့် အစိုးရပိုင်မြေကွက်ဖြစ်ကြောင်း သိရှိရသဖြင့် စာရွက်စာတမ်းအတုများဖြင့် မြေကွက်အား လိမ်လည်ရောင်းချသူနှစ်ဦးတို့အပေါ် အရေးယူပေးရန် တရားလိုပြုတိုင်ကြားမှုအား သန်လျင်ရဲစခန်း (ပ) ၇၁/၂၀၁၂၊ ပုဒ်မ ၄၂၀၊ ၄၆၈ ဖြင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့ အမှုဖွင့်ပြီး တရားခံများအား ဖမ်းဆီးရမိရန် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးထွန်းမင်းက "လိမ်ခံရတဲ့ အဓိကအကြောင်းအရင်းတွေက လူတစ်ဖက်သားကို ယုံကြည်မှု လွန်ကဲတာတွေ၊ လောဘလာစူးစမ်းမှုအားနည်းတာတွေ၊ လိမ်ခံရသူရဲ့လောဘအပေါ်အမြတ်ထုတ်ခံရတာတွေဖြစ်ပါတယ်"ဟုသုံးသပ်ခဲ့သည်။

***ဝင်းမြင့်ကျော်၊ အောင်မျိုးသန့်၊ ကျော်ဇင်ဝင်း***

ZENITH
Air - con Service's Anniversary Promotion
Last Date 29.02.2012
(1) Zenith မှ Air-con ဝယ်ယူ တပ်ဆင်လိုသူများအတွက် - Safeguard + Frame FREE
(2) Zenith နှင့် Air-con Servicing ပြုလုပ်လိုသူများအတွက် - 40% Discount
Zenith's Customer ဟောင်းများအတွက် - အထက်ပါအခွင့်အရေးများ + Cash Discount များပါထပ်မံခံစားရမည် ဖြစ်ပါသည်။
Sales & Service Centre
Building No.B-3, Room No.4, Malikha Shopping Complex, Yadanar Road, Thingangyun Tsp.
Hot Line : 09-73240434, 09-73042580
Mobile Ph : 09-5169931, 09-5130855, 09-5087938, 09-49223868, 09-49223870

ဆရာမဒေါ်နွယ်နွယ်ဝင်း ဦးစီးသင်ကြားသည့်
အောင်ဗိုမာန် ဆေးဝါးကျွမ်းကျင်နှင့် သူနာပြုအကူသင်တန်း
အမှတ်(၂၈၄)၊ ၅-လွှာ၊ အနော်ရထာလမ်း၊ ကုန်စျေးတန်းမှတ်တိုင်အနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
တစ်လပြတ် - ဖေဖော်ဝါရီ (၆/၈/၁၀) (တစ်ပတ် ၅ရက်)
နှစ်လပြတ် - ဖေဖော်ဝါရီ (၆/၉/၁၀) (တစ်ပတ် ၂ရက်)
သုံးလပြတ် - ဖေဖော်ဝါရီ (၁၁/၁၂) (တစ်ပတ် ၁ရက်)
ကိုယ်ပိုင်ဆေးဆိုင်ဖွင့်လိုသူများ၊ သူနာပြုအကူ လုပ်ကိုင်လိုသူများ တက်ရောက်နိုင်ပါသည်။ ဘော်ဒါဆောင်စီစဉ်ပေးသည်။ သင်တန်းဆင်းလက်မှတ်ပေးမည်။

# အန္တရာယ်ရှိနိုင်သော ရင်သားကြီးထွားစေရန်ထည့်သွင်းသော ဆီလီကွန်တစ်မျိုးကို ထုတ်လုပ်ခဲ့သည့် ပြင်သစ်ကုမ္ပဏီဥက္ကဋ္ဌကို ဖမ်းဆီး



ရင်သားကို ထိခိုက်စေကာ အန္တရာယ်ရှိနိုင်သည့် ရင်သားကြီးထွားစေရန်ထည့်သွင်းသော ဆီလီကွန်တစ်မျိုးကို ထုတ်လုပ်ခဲ့သည့် ပြင်သစ်ကုမ္ပဏီ၏ဥက္ကဋ္ဌကို ဖမ်းဆီးခဲ့ကြောင်းသိရသည်။

စက်မှုလုပ်ငန်းသုံး အရည်အသွေးနိမ့် ဆီလီကွန်ဖြင့်ပြုလုပ်ထားသောကြောင့် ၂၀၁၀ ကတည်းက ထုတ်လုပ်မှုများရပ်ဆိုင်းစေခဲ့သည့် Poly Implant Prothese (PIP) ဟုအမည်ပေးထားသော ရင်သားကြီးထွားစေရန်ထည့်သည့် ဆီလီကွန်ကို ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီး လေးသိန်းခန့်က ထည့်သွင်းထားကြသည်ဟု သိရသည်။

ပြီးခဲ့သည့်နှစ်နှောင်းပိုင်းတွင် ပြင်သစ်အစိုးရက ယင်းအမျိုးအစား ဆီလီကွန်ထည့်ထားသည့် ပြင်သစ်အမျိုးသမီး ၃၀၀၀၀ ကို အစိုးရစရိတ်ဖြင့် ပြန်လည်ထုတ်ဖယ်ပေးခဲ့သည်။

နိုင်ငံအများစုတွင်မူ ပြင်သစ်ကဲ့သို့အစိုးရက စိုက်ထုတ်ကျခံပေးခြင်းမရှိခဲ့ပေ။

PIPသည် တစ်ချိန်က ရင်သားကြီးထွားစေရန် ထည့်သွင်းသောဆီလီကွန်ထုတ်လုပ်မှုတွင် ကမ္ဘာ့အကြီးဆုံးဖြစ်ခဲ့ပြီး နိုင်ငံပေါင်း ၆၅ နိုင်ငံတွင် ယင်းဆီလီကွန်ထည့်သွင်းထားသည့် အမျိုးသမီးများရှိသည်ဟု သိရသည်။

ယခုအခါ PIP တည်ထောင်သူ အသက် ၇၂ နှစ်အရွယ်ရှိ ယန်းက လော်ဒီမက်စ်ကို ဇန်နဝါရီလ ၂၆ ရက်နေ့က ဖမ်းဆီးခဲ့ပြီး ၂၇ ရက်နေ့တွင် ပြင်သစ်တရားရုံးတစ်ရုံးတွင် ရုံးတင်ခဲ့ကြောင်းသိရသည်။

ပြင်သစ်နိုင်ငံ၏ထုတ်ပြန်ချက်အရ ယင်းဆီလီကွန်ထည့်ထားသည့် ပြင်သစ်အမျိုးသမီး ၂၀ ခန့်တွင် ရင်သားကင်ဆာဖြစ်ပွားမှုကို တွေ့ခဲ့ရသည်ဟုဆိုသည်။ သို့ရာတွင် ယင်းဆီလီကွန်နှင့် ရင်သားကင်ဆာဖြစ်ပွားမှု တိုက်ရိုက်ဆက်စပ်သည်ဟုကား မသုံးသပ်ထားဘဲ အန္တရာယ်ရှိနိုင်သည်ဟုသာထုတ်ပြန်ထားသည်။

*Ref: AFP*

# အန္တာတိကတိုက်တွင် ၅၉ ရက်ကြာ ရေခဲပြင်စကိတ်စီးပြီး ဗြိတိန်အမျိုးသမီးစံချိန်တင်

အန္တာတိကတိုက်ကိုဖြတ်သန်း ပြီး ၅၉ ရက်အတွင်း ကီလိုမီတာ ၁၇၀၀ ကျော် အကွာအဝေးအထိ တစ်ကိုယ်တော် ရေခဲပြင်စကိတ်စီးခဲ့သော ဗြိတိန်အမျိုးသမီးသည် ကမ္ဘာ့ပထမဆုံးအန္တာတိကတိုက်ဖြတ်ကျော် တစ်ကိုယ်တော်စကိတ်စီးသည့်အမျိုးသမီးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်းသိရသည်။

အသက် ၃၃ နှစ်ရှိပြီဖြစ်သည့် ဖယ်လီစီတီအက်စတန်က "အခု ဟာကျူလီအင်းနက်စ်အရပ်က ကျွန်မရဲ့တဲထဲမှာထိုင်ပြီး လေယာဉ်ပျံလာအကြိုကိုစောင့်နေပါတယ်။ ဝိုင်နီသောက်ပြီး ရေချိုးရမယ်လို့ ကျွန်မကိုကတိပေးထားကြပါတယ်"ဟု တွစ်တာဝက်ဘ်ဆိုက်မှတစ်ဆင့် ကမ္ဘာသို့အသိပေးခဲ့သည်။ အက်စတန်သည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလ ၂၅ ရက်နေ့က ရော့စ်ရေခဲပြင်မှနေပြီး ခရီးစဉ်ကို စတင်ခဲ့ကာ တောင်ဝင်ရိုးစွန်းတွင် တစ်ခေါက်နားခဲ့ပြီး ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ရွှန်ရေခဲပြင်ရှိ ဟာကျူလီအင်းနက်စ်ဟုအမည်ပေးထားသောနေရာတွင် အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။ ယခင်ကတည်းက တောင်ဝင်ရိုးစွန်းနှင့်အန္တာတိကတိုက်သွားခရီးစဉ်ကို အောင်မြင်ခဲ့သူအမျိုးသမီးများရှိခဲ့သလို အန်းနက်စ်ကိုယ်တိုင်လည်း ၂၀၀၉ ခုနှစ်က အမျိုးသမီး အဖွဲ့တစ်ဖွဲ့နှင့်အတူတစ်ကြိမ်ရောက်ရှိခဲ့ဖူးသည်။ သို့ရာတွင်တစ်ကိုယ်တော်ခရီးစဉ်မှာ ပထမဆုံးဖြစ်သည်။

*Ref;AFP*



# တစ်နေ့လျှင် လက်ဖက်ရည်ကြမ်း သုံးခွက် သောက်သုံးခြင်းဖြင့် သွေးတိုးကျစေနိုင်

တစ်နေ့လျှင် လက်ဖက်ရည်ကြမ်းသုံးခွက်ခန့်သောက်သုံးခြင်းဖြင့် သွေးတိုးကျဆင်းစေနိုင်ကြောင်း လေ့လာမှုတစ်ခုကဖော်ပြသည်။ ဩစတြေးလျအနောက်ပိုင်းတက္ကသိုလ်မှသိပ္ပံပညာရှင်များက လက်ဖက်ရည်ကြမ်းသောက်သုံးခြင်းဖြင့် အပေါ်သွေးရော၊ အောက်သွေးပါကျဆင်းစေကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သုတေသီများသည်စမ်းသပ်ချက်အား လက်ဖက်ရည်ကြမ်းတွင်သာ စမ်းသပ်ခဲ့ပြီး နို့နှင့် ရောထားသောလက်ဖက်ရည်ပေါ်တွင် မူစမ်းသပ်မှုမပြုရသေးပေ။ လက်ဖက်ရည်သည် ရေပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယလူကြိုက်အများဆုံးသောက်သုံးစရာတစ်ခုဖြစ်သည်။ လက်ဖက်ရည်ကြမ်းထဲတွင် ကင်ဆာဆဲလ်များ တိုးပွားမှုရပ်တန့်ပေးနိုင်သော Polyphenols နှင့် Antioxidants များပါဝင်နေသည့်အပြင် တစ်နေ့လျှင်လက်ဖက်ရည်ကြမ်း သုံးခွက်သောက်သုံးလျှင်နှလုံးရောဂါဖြစ်ပွားမှုနှုန်း ၁၀ ရာခိုင်နှုန်းကျဆင်းစေကြောင်း လေ့လာသူများမှ ပိုမိုထောက်ခံအသိအမှတ်ပြုလာကြပါသည်။ ထို့ပြင် ဟားဗတ်ဖ်တက္ကသိုလ်မှလေ့လာတွေ့ရှိမှုတွင်လည်း ရောဂါဖြစ်မှုနှုန်းပိုမိုနည်းပါးလာစေကြောင်းတွေ့ရှိရပါသည်။

နှလုံးရောဂါဖြစ်ပွားမှုကျဆင်းစေနိုင်ခြင်း၊ သွေးကြောများ ပိုမိုအားကောင်းလာနိုင်စေခြင်းနှင့်ကင်ဆာဆဲလ် များတိုးပွားမှုအားလျော့ကျစေနိုင်သည်များအား လေ့လာတွေ့ရှိခဲ့သော်လည်း လက်ဖက်ရည်ကြမ်းမှသွေးဖိအားအားမည်သို့ကျဆင်းစေသည်ကို ဆက်လက်လေ့လာရန် လိုအပ်နေဆဲဖြစ်သည်။ အရက်နှင့်အငန်စားသုံးမှုအား ရပ်တန့်ကာ အသီးအနှံနှင့်ဟင်းသီးဟင်းရွက်များအား ပိုမိုစားသုံးခြင်းသည်လည်း သွေးတိုးကျစေမည့်နည်းကောင်းတစ်ရပ်ဟု ပညာရှင်များက သုံးသပ်ခဲ့ပါသည်။

*Ref: AFP*

# လွန်ခဲ့သော အနှစ် ၃၀၀၀၀ ကတည်းက ခွေးများကို အိမ်မွေးတိရစ္ဆာန်အဖြစ်မွေးမြူခဲ့ကြကြောင်းလေ့လာမှုများကဖော်ပြ



လွန်ခဲ့သော အနှစ်သုံးသောင်းခန့်ကတည်းက ခွေးများကို အိမ်မွေးတိရစ္ဆာန်အဖြစ်မွေးမြူခဲ့ကြကြောင်း လေ့လာမှုများကို အခြေပြုပြီးပညာရှင်များကထုတ်ပြန်ခဲ့ကြသည်။

၁၉၇၅ ခုနှစ်ကတည်းက အယ်လ်တိုင်းတောင်တန်းများ ရှိ ဂူတစ်ခုတွင်တွေ့ရှိခဲ့သော နို့တိုက်သတ္တဝါများ၏အရိုးစုများထဲတွင် ပါရှိခဲ့သည့် ဆိုက်ဘေးရီးယားခွေးတစ်ကောင်၏ ကျောရိုးနှင့်မေးရိုးကို အလာဘားမားတက္ကသိုလ် မှပညာရှင်များက ပြန်လည်လေ့လာခဲ့ပြီးနောက် ဂူနေလူများက မွေးမြူခဲ့ခြင်းဖြစ်နိုင်ကြောင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယခင်နှစ်အနည်းငယ်ကလည်း ဘယ်လ်ဂျီယမ်နိုင်ငံတွင် ခွေးအရိုးစုများကိုလေ့လာခဲ့မှုအရ ယခုတွေ့ရှိမှုနှင့်ဆင်တူသော ကောက်ချက်ချမှုမျိုးပြုလုပ်ခဲ့ပြီးဖြစ်သည်။

နီယန်ဒါသယ်လ်လူများအပါအဝင် လူသားခေတ်ဦးကတည်း က ဥရောပနှင့်ဆိုက်ဘေးရီးယားမှ အမဲလိုက်သူနှင့် ရှာဖွေစားသောက်သူအုပ်စုငယ်များသည် တိရစ္ဆာန်များကိုမွေးမြူသည့်ဓလေ့ရနေကြပြီဖြစ်ကြောင်း ယခုတွေ့ရှိမှုများကဖော်ပြသည်။

ယခုတွေ့ရှိမှုသည် လူသားများနှင့်ပတ်ဝန်းကျင်ထိတွေ့မှုဆိုင်ရာသမိုင်းဖြစ်စဉ်ကိုထောက်ပြနေကြောင်း အလာဘာမားတက္ကသိုလ်မှလေ့လာမှုကိုဦးဆောင်ခဲ့သည့် ပါမောက္ခ ဂရီဂိုရီ ဟော့ဒ်ဂင်းကပြောကြားခဲ့သည်။

သို့ရာတွင်တွေ့ရှိခဲ့သည့် ဆိုက်ဘေးရီးယားနှင့် ဘယ်လ်ဂျီယမ် ခွေးများသည် ယနေ့ခေတ်အိမ်မွေးခွေးများ၏ဘိုးဘေးများဟု ပြောနိုင်သည့်အနေအထားတွင်ကားရှိမနေကြောင်း ပညာရှင်များကသုံးသပ်သည်။ ယင်းအစောပိုင်းအိမ်မွေး(ဂူမွေး)ခွေးများသည် ရေခဲခေတ်၏အဆိုးဆုံးကာလတွင်ကျွင်းကျန်ရစ်နိုင်ဖွယ်မရှိဟု ဆိုသည်။ယနေ့ခေတ် အိမ်မွေးခွေးများသည် အရှေ့အလယ်ပိုင်းနှင့် အရှေ့အာရှမှဖြစ်သည်ဟုအခြားသောလေ့လာမှုများကဖော်ပြသည်။Ref;AP



# အမေရိကန်က အမြဲတမ်းတပ်ဖွဲ့ဝင်တစ်သိန်း လျှော့ချ အာရှနှင့်အရှေ့အလယ်ပိုင်းတွင်မူ စစ်အင်အား ပုံမှန်အတိုင်းထားရှိမည်



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်တောင်ပိုင်း အူလ်ဆန်ရှိ အမေရိကန်ရေတပ်အခြေစိုက်စခန်းရှိ PAC-3 စနစ် Patriot ဒုံးကျည်ပစ်လွှတ်စင်

ဆယ်စုနှစ်တစ်ခုကျော်အတွင်း စစ်ပွဲနှစ်ခုဆင်နွှဲခဲ့ရသော အမေရိကန်သည် အမြဲတမ်းတပ်ဖွဲ့ဝင် တစ်သိန်း လျှော့ချမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၂၆ ရက်တွင် ပင်တဂွန်က အဆိုပြုခဲ့သည်။ သို့သော် အာရှနှင့် အရှေ့အလယ်ပိုင်း ဒေသတို့တွင်မူ စစ်အင်အားအတွက် ရင်းနှီးမြှုပ်နှံမှု အသစ်များပြုလုပ်သွားမည်ဟု ကြေညာခဲ့သည်။

ဥရောပရှိ တပ်မဟာလေးခုအနက် နှစ်ခုကို ပြန်လည်ရုပ်သိမ်းခြင်းအပါအဝင် ကြည်းတပ်အင်အား ၁၃ ရာခိုင်နှုန်းလျှော့ချမှုနှင့်သက်တမ်းရင့်သင်္ဘောများနှင့်လေယာဉ်များအား အနားပေးခြင်းတို့ကို သမ္မတဘာရက်အိုဘားမားအစိုးရအဖွဲ့က လုပ်ဆောင်မည်ဖြစ်သည်။

သို့သော် အထူးစစ်ဆင်ရေးအတွက် ခေတ်မီပြီး တပ်ဖွဲ့ဝင်များကို အလျင်အမြန်သယ်ဆောင်ပေးနိုင်သော လွင့်မျောအခြေစိုက်စခန်းများ၊ ကမ္ဘာတစ်ဝန်းရှိ ဒေသတိုင်းနှင့်သက်ဆိုင်သည့် ဘာသာစကားများတတ်ကျွမ်းသောအရည်အသွေးမြင့်တိုက်ခိုက်ရေးအဖွဲ့ဝင်များ မွေးထုတ်ပေးသည့်စီမံကိန်းများ၊ အီရန်နှင့် ပါကစ္စတန်တို့အတွက်ရည်ရွယ်သည့် ဆိုက်ဘာစစ်ဆင်ရေးနှင့်လူမဲ့တိုက်ခိုက်ရေးလေယာဉ်များစီမံကိန်းတို့တွင်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရန် အစိုးရက ထုတ်ပြန်ခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသနှင့် တရုတ်စစ်အင်အားကြီးထွားလာနေသည့် အာရှဒေသတွင် အမေရိကန်စစ်အင်အားကို ထိန်းသိမ်းသွားမည်ဖြစ်ပြီး ရေငုပ်သင်္ဘောများအဆင့်မြှင့်ခြင်း၊ မျိုးဆက်သစ်ဗုံးကြဲလေယာဉ်များ တီထွင်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ၂၀၁၃ ခုနှစ် ကာကွယ်ရေးအသုံးစရိတ် ကြိုတင်သုံးသပ်ခြင်းကိုထုတ်ပြန်ခဲ့သော ကာကွယ်ရေးဝန်ကြီးလီယွန်ပန်နက်တာကပြောကြားခဲ့သည်။

အောက်တိုဘာလတွင် စတင်မည့်၂၀၁၃ ကာကွယ်ရေးအသုံးစရိတ်အတွက် ပန်နက်တာက ဒေါ်လာ ၆၁၃ ဘီလျံ အဆိုပြုထားသည်။

အင်အားလျှော့ချမှု ပြုလုပ်နေသော်လည်း အမေရိကန်စစ်ရေးအသုံးစရိတ်သည် ကမ္ဘာပေါ်တွင် အများဆုံးဖြစ်နေသည်။ ဒုတိယအများဆုံးဖြစ်သော တရုတ်သည် ၂၀၁၁ ခုနှစ်တွင်စစ်အသုံးစရိတ်ယွမ် ၆၀၁ ဒသမ ၁ ဘီလျံ (ဒေါ်လာ ၉၁ ဒသမ ၁ ဘီလျံ)သုံးစွဲကြောင်း ထုတ်ပြန်ခဲ့သော်လည်း ယင်းပမာဏထက်မြင့်မားနိုင်ကြောင်း အနောက်နိုင်ငံကျွမ်းကျင်သူများက ယုံကြည်ကြသည်။

Ref: AFP

# အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌဘာနန်ကီ တက္ကသိုလ်သင်တန်းများပြန်ပို့ချမည်

အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌဘာနန်ကီသည် ဝါရှင်တန်ရှိ ဗဟိုဘဏ်တွင်တက္ကသိုလ်တန်းသင်တန်းပို့ချမှုများကို ဦးဆောင်သွားမည်ဖြစ်ကြောင်း ဗဟိုဘဏ်က ဇန်နဝါရီ ၂၆ ရက်နေ့တွင် ပြောကြားခဲ့သည်။

အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌဖြစ်မလာမီ ဘာနန်ကီသည် ပရင်စတန်တက္ကသိုလ်စီးပွားရေး ပါမောက္ခတစ်ဦးဖြစ်ခဲ့သည်။ အသက် ၅၈ နှစ်အရွယ်ဘာနန်ကီသည် မတ်လမှစ၍ တက္ကသိုလ်သင်တန်းများကို ဆက်တိုက်ပို့ချသွားမည်ဖြစ်သည်။ ဂျော့ချ်ဝါရှင်တန်တက္ကသိုလ်မှ စီးပွားရေးဘွဲ့ကြိုသင်တန်းများကို ယနေ့ခေတ်စီးပွားရေးနှင့်ပတ်သက်ပြီး ဗဟိုဘဏ်က သင်တန်းများပို့ချမည်ဖြစ်ရာ ဘာနန်ကီက သင်တန်းလေးမျိုးကို ဦးဆောင်သွားမည်ဖြစ်သည်။ ဗဟိုဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ အခြားကျွမ်းကျင်သူများကလည်း သင်တန်းများပို့ချသွားမည်ဖြစ်သည်။ ဗဟိုဘဏ်သည် အဓိကအတိုးနှုန်းကို ၀ ရာခိုင်နှုန်းနီးပါး၌ သုံးနှစ်တိုင်တိုင်လျှော့ချထားသည့်တိုင်ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းချုပ်ရေးသည် ဗဟိုဘဏ်၏မူဝါဒများတွင် အရေးပါနေဆဲဖြစ်ကြောင်း ဘာနန်ကီက ပြောကြားခဲ့သည်။

Ref: AFP

# အတိုက်အခံများ၏ ပူတင်ကိုဆန့်ကျင်မည့် လူထုစုဝေးမှုကို ရုရှားအာဏာပိုင်များ သဘောတူခွင့်ပြု

သမ္မတရွေးကောက်ပွဲ မတိုင်ခင်ပူတင်ကိုဆန့်ကျင်မှုအဖြစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် စုဝေးဆန္ဒပြမည့်လူများစွာ ပါဝင်မည့်စုဝေးမှုကို ရုရှားအာဏာပိုင်များ က ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ခွင့်ပြုခဲ့သည်။

ဖေဖော်ဝါရီလ ၄ ရက်၊ ဒေသစံတော်ချိန် နေ့လည် ၃ နာရီအချိန်တွင် မော်စကိုမြို့တောင်ပိုင်းမှလူငါးသောင်းကျော် စုဝေးဆန္ဒပြမှုမည့်ချီတက်ဆန္ဒပြမှုတစ်ခုကို မြို့တော်စည်ပင်သာယာရုံးကခွင့်ပြုခဲ့ကြောင်း မော်စကိုဒုတိယမြို့တော်ဝန် အလက်ဇန္ဒားဂေါဘန်ကိုက Inter-fax သတင်းဌာနသို့ပြောကြားခဲ့သည်။

လူထုအနေဖြင့် ဖမ်းဆီးခံရမည်ကို ကြောက်လန့်စရာမလိုဘဲ လမ်းမများပေါ်တွင်စုဝေးမှုပြုလုပ်နိုင်ခွင့်ကိုရုရှားအာဏာပိုင်များက တရားဝင်ခွင့်ပြုချက်ပေးခဲ့ခြင်းဖြစ်သည်။

ပါလီမန်ရွေးကောက်ပွဲများ စီမံလုပ်ဆောင်မှုကို ဆန့်ကျင်မှုအဖြစ် ဒီဇင်ဘာ ၁၀ ရက်နှင့် ဒီဇင်ဘာ ၂၄ ရက်နေ့တွင် လူထုဆန္ဒပြမှုများ ပြုလုပ်ပြီးနောက် တတိယအကြိမ်မြောက်အဖြစ် မော်စကိုတွင် လူထုစုဝေးမှုကြီးတစ်ခုပြုလုပ်သွားမည်ဖြစ်သည်။ ယခင်ပြုလုပ်ခဲ့သည့် စုဝေးဆန္ဒပြမှုများတွင် ထောင်ပေါင်းများစွာပါဝင်ခဲ့ပြီး ပူတင်အုပ်ချုပ်မှုကို မကျေနပ်မှုများကြီးထွားလာမှုကို ပြသခဲ့သည်။

ဖေဖော်ဝါရီလတွင် ပြုလုပ်မည့်စုဝေးဆန္ဒပြမှုတွင် ဆန္ဒပြသူများသည် မော်စကိုမြို့ တောင်ပိုင်းရှိ Bolshaya Yakimanka လမ်းမှ Bplotnaya ရင်ပြင်သို့ ချီတက်ဆန္ဒပြသွားမည်ဖြစ်သည်။

ပူတင်ကိုထောက်ခံသည့် လူထုများစွာပါဝင်သည့် စုဝေးမှုများကိုတန်ပြန်မှုအဖြစ် စုဝေးဆန္ဒပြရန်အတိုက်အခံများက စီစဉ်ခဲ့ခြင်းဖြစ်သည်။

Ref: AFP

# Global Fund အတွက် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော် ဘီလ်ဂိတ်လှူဒါန်းမည်

အေ့ဒ်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်မှုများပြုလုပ်ရန်အတွက် Global Fund သို့ အမေရိကန်ဒေါ်လာ သန်း ၇၅၀ လှူဒါန်းမည်ဖြစ်ကြောင်း မိုက်ခရိုဆော့ဖ်တည်ထောင်သူ ဘီလ်ဂိတ်က ဇန်နဝါရီ ၂၆ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

"စီးပွားရေးအခြေအနေတွေက အခက်အခဲတွေဖြစ်နေပေမယ့်လည်း ဒါဟာ ကမ္ဘာ့ဆင်းရဲတဲ့နိုင်ငံတွေကို ကူညီထောက်ပံ့ပေးမှု ဖြတ်တောက်ဖို့အတွက်အကြောင်းပြချက် မဟုတ်ပါဘူး။Global Fund ဟာ ကျွန်တော်တို့ရဲ့ပိုက်ဆံတွေကို နှစ်စဉ်နှစ်တိုင်းထောက်ပံ့ပေးမှုမှာ ထိရောက်မှု အရှိဆုံးနည်းလမ်းတစ်ခုပါပဲ "ဟု ဒါဗို့စ်တွင်ကျင်းပသည့်ကမ္ဘာ့စီးပွားရေးဖိုရမ်သို့တက် ရောက်ခဲ့သည့်ဘီလ်ဂိတ်က ပြောကြားခဲ့သည်။ လွန်ခဲ့သည့် ၁၀ နှစ်ကဒါဗို့စ်တွင်Global Fund စတင်တည်ထောင်ခဲ့ပြီးနောက် Gates ဖောင်ဒေးရှင်းမှ ဒေါ်လာသန်း ၆၅၀ ထည့်ဝင်ခဲ့ပြီးနောက် ထပ်မံလှူဒါန်းခဲ့ခြင်းဖြစ်သည်။

Ref: AFP

# ချီလီတွင် ကျောင်းသုံးစာအုပ်များ၌ ပီနိုချေးကို အာဏာရှင်ဟု ခေါ်ဝေါ်ရေးသားမည်

ချီလီတွင် ကျောင်းသုံးစာအုပ်များ၌ အာဏာရှင်ဟောင်းဩဂုတ်စတိုပီနိုချေးအစိုးရအဖွဲ့ကို အာဏာရှင်ဟု ရေးသားတော့မည်ဖြစ်ကြောင်း အမျိုးသားပညာရေးကောင်စီက ဇန်နဝါရီလ ၂၆ ရက်နေ့တွင် မဲခွဲဆုံးဖြတ်ခဲ့သည်။

လက်ရှိအစိုးရအဖွဲ့က ပီနိုချေးအစိုးရအဖွဲ့ကို 'အစိုးရ' ဟုသာ ခေါ်ဝေါ်သုံးနှုန်းနေသော်လည်းပညာရေးကောင်စီက အာဏာရှင်ဟု ခေါ်ဝေါ်ရန် ၆ မဲ ၁ မဲဖြင့် မဲခွဲဆုံးဖြတ်ခဲ့သည်။ အသက် ၆ နှစ်မှ ၁၂ နှစ်အရွယ်အတွင်း ကလေးများကို သင်ကြားမည့် စာအုပ်များတွင် ၁၉၇၃ ခုနှစ်မှ ၉၀ ပြည့်နှစ်အတွင်း အုပ်ချုပ်ခဲ့သည့် ပီနိုချေးအစိုးရ အဖွဲ့ကို အာဏာရှင်အစိုးရဟု ခေါ်ဝေါ်ခြင်းကို ဆန့်ကျင်ကြောင်းပညာရေး ဝန်ကြီး ဟာရယ်ဘေယာက ပြော ကြားခဲ့သည်။ပီနိုချေးအစိုးရအဖွဲ့ကို မည်သို့ ခေါ်ဝေါ်သုံးစွဲမည်ဆိုခြင်းနှင့်ပတ်သက်ပြီး ၂၀၁၁ ခုနှစ် နှစ်လယ်တွင်ဆွေးနွေးခဲ့ကြကာ ဒီဇင်ဘာလတွင် "အစိုးရ"ဟုခေါ်ဝေါ်ရန် ပညာရေးကောင်စီက သဘောတူခဲ့သည်။ သို့သော် လူ့အခွင့်အရေးအဖွဲ့များက ထိုအသုံးအနှုန်းကိုဆန့်ကျင်ခဲ့သည်။ ပီနိုချေးဦးဆောင်သော အစိုးရအဖွဲ့သည် ၁၉၇၃ ခုနှစ်တွင် ဆိုရှယ်လစ်သမ္မတဟောင်း ဆာဗေးဒိုအာလန်ဒီကို အာဏာသိမ်းခဲ့ပြီး ၁၉၉၀ ပြည့်နှစ်အထိ အုပ်ချုပ်ခဲ့သည်။ ပီနိုချေးလက်ထက်တွင် သဘောထားကွဲပြားသူများကို ဖိနှိပ်ခဲ့ရာ လူ ၃၀၀၀ ခန့်ပျောက်ဆုံး၊ သေဆုံးခဲ့သည်။



ပီနိုချေး

Ref: AFP

# ပူတင်ကိုစိန်ခေါ်မည့် ရုရှားဘီလျံနာ သမ္မတရွေးကောက်ပွဲအတွက်မှတ်ပုံတင်

ရုရှားဘီလျံနာ မီခေးလ် ပရိုခိုရော့ဗ်သည် သမ္မတရွေးကောက် ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ဇန်နဝါရီလ ၂၅ ရက်တွင် တရားဝင်မှတ်ပုံတင်ခဲ့ကြောင်း သိရသည်။

မတ်လတွင်ပြုလုပ်မည့် သမ္မတရွေးကောက်ပွဲ၌ လက်ရှိဝန်ကြီးချုပ်ဗလာဒီမာပူတင်ကို ယှဉ်ပြိုင်မည့် အခြားသုံးဦးသည်လည်း မှတ်ပုံတင်ခဲ့ကြောင်း သိရသည်။

အသက် ၄၆ နှစ်ရှိ စီးပွားရေးလုပ်ငန်းရှင်ပရိုခိုရော့ဗ်သည် New Jersey Nets ဘက်စကက်ဘောအသင်းကို ပိုင်ဆိုင်ပြီး ဒေါ်လာ ၁၈ ဘီလျံမျှကြွယ်ဝသည်။ ပရိုခိုရော့ဗ်ကို ရွေးကောက်ပွဲတွင် ပူတင်နှင့်ယှဉ်ပြိုင်ခိုင်းခြင်းမှာ ရွေးကောက်ပွဲကို နိုင်ငံတကာက အသိအမှတ်ပြုရန်နှင့် ပူတင်အစိုးရအပေါ် မကျေနပ်သောမြို့နေလူလတ်တန်းစားများအားချွေးသိပ်သည့်သဘောအဖြစ် လေ့လာသူအချို့က ရှုမြင်ထားသည်။



သမ္မတရွေးကောက်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ရုရှားဘီလျံနာ မီခေးလ်ပရိုရော့ဗ်

ပရိုခိုရော့ကသူသည် အစိုးရအပေါ် မှီခိုထားခြင်းမရှိဘဲ ယှဉ်ပြိုင်မည်ဟု ကြေညာခဲ့သော်လည်း ပူတင်ကို တိုက်ရိုက်ဝေဖန်ခြင်းမပြုလုပ်ခဲ့သလို ဝန်ကြီးချုပ်နေရာတွင်ထမ်းဆောင်ရန်အတွက်လည်း စဉ်းစားထားကြောင်း ပြောကြားခဲ့ဖူးသည်။

Ref: AP

# ပြင်သစ်သမ္မတဆာကော်ဇီ၏သား ယူကရိန်းတွင် အစာအဆိပ်သင့်မှုဖြစ်ပွားသဖြင့် ဆေးရုံတက်ခဲ့ရ

ပြင်သစ်သမ္မတ ဆာကော်ဇီ၏သား ဖြစ်သူ ပီယာဆာကော်ဇီ သည် ယူကရိန်းရှိ Odessa ဆိပ်ကမ်းမြို့တွင် အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သဖြင့် ဆေးရုံတင်ထားရကြောင်း ပြင်သစ်နှင့် ယူကရိန်းမှ တာဝန်ရှိသူများက ဇန်နဝါရီ ၂၅ ရက်နေ့တွင် ပြောကြားခဲ့သည်။

အသက် ၂၀ ကျော်အရွယ်ရှိ ရော့ခ်ဂီတဖန်တီးသူပီယာဆာကော်ဇီသည် နာမကျန်းဖြစ်ပွားခဲ့သည့်အတွက် ယူကရိန်းရှိ ဆေးရုံတစ်ခုသို့ တင်ထားခဲ့ရကြောင်း ပြင်သစ်သံရုံးမှ ပြောခွင့်ရပုဂ္ဂိုလ် Emmanule Berard က အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

DJ Mosay ဟုလူသိများသည့် ပီယာဆာကော်ဇီ သည် Odessa ရှိ အထက်လွှာများတက်ရောက်သည့် Tchaikovsky ကလပ်တွင် ဖျော်ဖြေတင်ဆက်ရန် စီစဉ်ထားသော်လည်း နာမကျန်းဖြစ်မှုကြောင့် ဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့ကြောင်း အဆိုပါကလပ်က ထုတ်ပြန်ခဲ့သည်။

Ref:AP

# ဂူးဂဲလ်က ကိုယ်ရေးအချက်အလက်ဆိုင်ရာမူဝါဒကို ပြင်ဆင်လိုက်သောကြောင့် ဝေဖန်မှုများနှင့်ရင်ဆိုင်နေရ




အင်တာနက် အချက်အလက်ရှာဖွေရေးနှင့် ဝန်ဆောင်မှုကုမ္ပဏီဂူးဂဲလ်ကသုံးစွဲသူများ၏ကိုယ်ရေးအချက်အလက်များထိန်းသိမ်းမှုဆိုင်ရာမူဝါဒကို ပြင်ဆင်လိုက်သောကြောင့် ဝေဖန်မှုများနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။

ဂူးဂဲလ်၏ဝန်ဆောင်မှုများဖြစ်သော ဂျီမေးလ်၊ ဗီဒီယို၊ လူမှုဆက်ဆံရေးကွန်ရက် Google+ နှင့်အခြားဝန်ဆောင်မှုအားလုံးတွင် သုံးစွဲသူတို့၏အချက်အလက်များကို ရယူကာ အသုံးချမည့်အပြင် အခြားသူများထံပါမလိုလားအပ်သည့်အချက်အလက်များအလွယ်တကူ ပျံ့နှံ့နိုင်သောကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ဥပမာအားဖြင့် ဂူးဂဲလ် Account ဖြင့် ဝန်ဆောင်မှုတစ်ခုခုကို ဝင်ရောက်ထားစဉ် အင်တာနက်တွင် စကိတ်ဘုတ်ပြားအကြောင်း ရှာဖွေသည်ဆိုပါက နောက်တစ်ကြိမ်တွင် Youtube ဗီဒီယိုဝက်ဘ်ဆိုက်သို့ဝင်လိုက်သည်နှင့် စကိတ်စီးခြင်းနှင့်ဆိုင်သောဗီဒီယိုများကိုမြင်ရမည်ဖြစ်သလိုဘေးတွင် မြင်ရမည့်ကြော်ငြာမှာလည်း ယင်းနှင့်သက်ဆိုင်သောအရာများဖြစ်နေမည်ဖြစ်သည်။

သို့သော် အရေးကြီးသောကိစ္စများဖြစ်သည့် မိမိ၏ ဂူးဂဲလ်ပြက္ခဒိန်မှ အရေးပါသော အစည်းအဝေးကဲ့သို့သောကိစ္စများကိုပါ မှတ်တမ်းတင်ကာ သက်ဆိုင်သည့် ကိစ္စများကို ချိတ်ဆက်ဖော်ပြမှုမျိုးမှာမလိုအပ်ဘဲ လျှို့ဝှက်ထားသည်များပေါက်ကြားသလို ဖြစ်စေမည်ဖြစ်သည်။

ယင်းသို့ပြင်ဆင်မှုအတွက် အမေရိကန်လွှတ်တော်အမတ်များက မေးခွန်းထုတ်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုကုန်သွယ်ရေးကော်မရှင်နှင့် သဘောတူညီထားသည်များကို ချိုးဖောက်ရာရောက်နေကြောင်း ထုတ်ပြန်ဝေဖန်ခဲ့ကြသည်။

ဥရောပသမဂ္ဂတရားရေးကော်မရှင်ကလည်းဂူးဂဲလ်နှင့် ဖေ့စ်ဘွတ်ခ်ကဲ့သို့သော ဝက်ဘ်ဆိုက်များကို အသုံးပြုသူများ၏သဘောတူညီချက်မရဘဲ၎င်းတို့၏အချက်အလက်များကိုအသုံးမပြုရေး၊ စည်းမျဉ်းတစ်ရပ်ကို အတည်ပြုကာ ချိုးဖောက်သည့်ကုမ္ပဏီကို တစ်ကြိမ်လျှင် ယူရိုတစ်သန်းအထိဒဏ်တပ်နိုင်ရန် ကြိုးပမ်းနေသည်။

*Ref: AFP*

# Smart Phone ရောင်းအားကြောင့် ဆမ်ဆောင်း၏အမြတ်စံချိန်တင်

တောင်ကိုရီးယားကုမ္ပဏီ ဆမ်ဆောင်းအီလက်ထရောနစ်သည် ယမန်နှစ် တတိယသုံးလပတ်တွင် အမြတ် ဒေါ်လာ ၄ ဒသမ ၇၂ ဘီလျံ ထိရရှိခဲ့ပြီး စမတ်ဖုန်းရောင်းအားမြင့်တက်လာခြင်းသည် အမြတ်တိုးရခြင်းအတွက် အဓိကဖြစ်ကြောင်း ကုမ္ပဏီက ဇန်နဝါရီ ၂၇ ရက်နေ့တွင် ပြောကြားခဲ့သည်။

ဆမ်ဆောင်းသည်စမတ်ဖုန်းရောင်းချရမှုတွင် ပြိုင်ဘက်အက်ပဲလ်၏နောက်တွင် ဒုတိယနေရာတွင်သာ ရှိနေခဲ့ကြောင်း သုတေသနများက ဆိုသည်။ ဆမ်ဆောင်းသည် ယမန်နှစ် တတိယသုံးလပတ်တွင် အက်ပဲလ်ကို ကျော်ကာ ကမ္ဘာ့မိုဘိုင်းဖုန်းအရောင်းရဆုံး ကုမ္ပဏီဖြစ်ခဲ့သည်။

သို့သော်လည်း အက်ပဲလ်က iPhone 4S ကို မိတ်ဆက်ရောင်းချခဲ့ပြီးနောက် နောက်ဆုံးသုံးလပတ်တွင် မိုဘိုင်းဖုန်းအရောင်းရဆုံး ကုမ္ပဏီပြန်ဖြစ်လာခဲ့သည်။ အက်ပဲလ်သည် စတုတ္ထသုံးလပတ်တွင် စမတ်ဖုန်း ၃၇ သန်းရောင်းချခဲ့ရပြီး ဆမ်ဆောင်းက ၃၆ ဒသမ ၅ သန်း ရောင်းချခဲ့ရကြောင်း Strategy Analytics က ခန့်မှန်းခဲ့သည်။

*Ref:AFP*

# ဖေ့စ်ဘွတ်ခ်သုံးသူများ အတိတ်မှတ်တမ်းစဉ်ကိုဖော်ပြသည့် Timeline ဝန်ဆောင်မှုကိုမဖြစ်မနေသုံးစွဲရမည်

ဖေ့စ်ဘွတ်ခ်၏ ဝန်ဆောင်မှုအသစ်ဖြစ်သော အတိတ်မှတ်တမ်းစဉ်ကိုဖော်ပြသည့် Timeline ဝန်ဆောင်မှုကို စတင်ထွက်ရှိစဉ်က အသုံးမပြုလိုလျှင် အသုံးမပြုဘဲ နေခွင့်ရှိခဲ့သော်လည်း ယခုအခါ အသုံးပြုလိုသည်ဖြစ်စေ၊ မပြုလိုသည် ဖြစ်စေ အလိုအလျောက်ပြောင်းလဲကာ မဖြစ်မနေသုံးစွဲရတော့မည်ဖြစ်ကြောင်း သိရသည်။




Timeline ဝန်ဆောင်မှုသည် သုံးစွဲသူများ၏ Profile Page ကို ပုံစံပြောင်းသွားစေမည်ဖြစ်ပြီး စတင်သုံးစွဲခဲ့ချိန်မှစပြီး လက်ရှိအချိန်အထိလုပ်ဆောင်ခဲ့သမျှကို မှတ်တမ်းစဉ်အနေဖြင့်ဖော်ပြသည့် ပုံစံဖြစ်သည်။

ယင်းသို့ မဖြစ်မနေပြောင်းလဲရမည့်အချိန်အတွက် တစ်ပတ်အချိန်ပေးထားပြီး ပြောင်းပြီးပါက ရှိနေမည့်ပုံစံကိုကြိုကြည့်နိုင်မည်ဖြစ်ကာ ယင်းကာလအတွင်း မိမိမမြင်စေလို၊ မသိစေလိုသော အချက်အလက်များ၊ ပုံများ၊စာများကိုဖွက်ရမည်ဖြစ်သည်။

ယင်းဝန်ဆောင်မှုမှာ သုံးစွဲသူတို့ မေ့ပျောက်ပစ်လိုသောအကြောင်းအရာများကို မတော်တဆပြန်လည်ဖွင့်ချသလိုဖြစ်မည်စိုးရသောကြောင့် ဝေဖန်မှုများနှင့်ကြုံတွေ့နေရသည်။

*Ref: Daily Mail*




# ကမ္ဘာ့ပထမဆုံးမိုဘိုင်းဖုန်းကို ၁၉၂၀ ပြည့်နှစ်များကတည်း ဖန်တီးသုံးစွဲခဲ့ကြ




ကမ္ဘာ့ပထမဆုံး မိုဘိုင်းဖုန်းကို ၁၉၂၀ ပြည့်နှစ်များကတည်းက ဖန်တီးသုံးစွဲမှုများရှိခဲ့ကြကြောင်း သမိုင်းမှတ်တမ်းများကို ကိုးကားပြီးဒေးလီးမေးလ်သတင်းစာက ဖော်ပြသည်။

တွေ့ရှိရသမျှထဲတွင် အစောဆုံးမှာ ကားဖုန်းများ၏ဖခင်ဟုဆိုရမည့် ယနေ့ခေတ်မိုဘိုင်းဖုန်းများ၏ အဘိုးဟုပါဆိုနိုင်သော သယ်ဆောင်သွားနိုင်သည့်ဖုန်းဖြစ်သည်။ ယင်းဖုန်းကို ဒဗလျူဒဗလျူမက်ဖာလိန်းဆိုသူက စတင် တီထွင်ခဲ့ခြင်းဖြစ်သည်။ အခြားတီထွင်သူများကလည်း ယင်းကာလနှင့်မရှေးမနှောင်းပင် သယ်ဆောင်သွားနိုင်သော ဖုန်းများကို တီထွင်ခဲ့ကြသည်ဟုဆိုသည်။ ထိုခေတ်ကတည်းက ဝါယာလက်တယ်လီဖုန်းဟုခေါ်သော စနစ်ရှိနေပြီဖြစ်သော်လည်း ယင်းစနစ်နှင့်မတူဘဲ မျက်မှောက်ခေတ်သုံး မိုဘိုင်းဖုန်းများနှင့်ဆင်တူသည့် စနစ်ကိုတီထွင်ခဲ့ကြခြင်းဖြစ်သည်ဟုဆိုသည်။

ဖာလိန်းတီထွင်ခဲ့သောဖုန်းဆိုလျှင် ကိုက် ၅၀၀ အတွင်းပြောနိုင်သည်ဟုဆိုသည်။ ဗြိတိန် ရုပ်ရှင်ကုမ္ပဏီတစ်ခုမှ ၁၉၂၂ ခုနှစ်တွင် မှတ်တမ်းတင်ထားမှုအရလည်း အမျိုးသမီးများနယူးယောက်မြို့တွင် သယ်ဆောင်နိုင်သော ဖုန်းတစ်မျိုးကို ကိုင်ဆောင်ပြောဆိုနေကြပုံကို ပြန်လည်တွေ့ရှိခဲ့သည်။ သို့ရာတွင် လေးလံသော သေတ္တာကဲ့သို့ ပစ္စည်းကိရိယာများ သယ်ယူရခြင်းကဲ့သို့သော အဆင်မပြေမှုမျိုးရှိခဲ့သည်ဟုဆိုသည်။

*Ref: Daily Mail*





# နိုင်ဂျီးရီးယား အစွန်းရောက်အစ္စလာမ္မစ် ဘိုကိုဟာရမ်အဖွဲ့ဝင် ၁၆၀ နီးပါး ဖမ်းဆီးခံရ




အစွန်းရောက်အစ္စလာမ္မစ်ဘိုကိုဟာရမ်အဖွဲ့ခေါင်းဆောင်Abubakar Shekau(ပုံသေး)၊မီးလောင်ကျွမ်းပျက်စီးခဲ့သည့် လက်ထောက်ရဲချုပ်၏ရုံးအနီးမှ ဒေသခံများ ဖြတ်သန်းသွားစဉ်(ပုံကြီး)

နိုင်ဂျီးရီးယား ပူးတွဲစစ်ဆင်ရေးအဖွဲ့သည် အစွန်းရောက်အစ္စလာမ္မစ် ဘိုကိုဟာရမ်အဖွဲ့ဝင် ၁၅၈ ဦးကို ဖမ်းဆီးခဲ့ကြောင်း သတင်းရင်းမြစ်များက ဇန်နဝါရီလ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

နိုင်ငံဒုတိယအကြီးဆုံးမြို့ ကန်နိုတွင် ဇန်နဝါရီလ ၂၀ ရက်က ဘိုကိုဟာရမ်အဖွဲ့၏ ဖုံးခွဲတိုက်ခိုက်မှု၊ သေနတ်များဖြင့် ပစ်ခတ်မှုတို့ကြောင့် လူ ၂၀၀ ကျော်သေဆုံးခဲ့မှုအပြီး သုံးရက်အကြာတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အဖွဲ့ဝင်အချို့မှာ ပြန်လည်ခုခံပြီးသေနတ်များဖြင့်ပြန်ပစ်ခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရသူများစာရင်းကို မသိရသေးကြောင်း အမည်မဖော်သော လုံခြုံရေးသတင်းရင်းမြစ်များက ပြောကြားခဲ့သည်။ ဇန်နဝါရီလ ၂၀ ရက်တွင် အစိုးရအဆောက်အအုံရှစ်ခုကို ဘိုကိုဟာရမ်အဖွဲ့က ဖုံးခွဲတိုက်ခိုက်ခြင်း၊ လက်နက်များဖြင့်ပစ်ခတ်ခြင်းတို့ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းမြို့ရှိ လူမှုရေးအဖွဲ့ခေါင်းဆောင်များက သေဆုံးသူအနည်းဆုံး ၂၁၁ ဦးရှိကြောင်း ပြောကြားခဲ့ပြီးနောက် ယင်းကဲ့သို့ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အစိုးရတာဝန်ရှိသူများကလည်း သေဆုံးသူအရေအတွက်ကို အတည်ပြုပေးရန် ငြင်းဆန်ခဲ့ပြီး သေဆုံးသူ ၁၅၇ ဦး အဖြစ်သာ ကြေညာထားသည်။

ဇန်နဝါရီလ ၂၄ ရက်တွင် ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်လာသော ကား ၁၀ စီးကိုဖမ်းမိခဲ့ပြီး နေရာအများအပြားတွင် အချိုရည်ဗူးများနှင့်ပုလင်းများတွင် ဝှက်ထားသော ဖောက်ခွဲရေးပစ္စည်းကိရိယာ ၃၀၀ ခန့်ကိုဖမ်းမိခဲ့ကြောင်း ရဲတပ်ဖွဲ့က ကြေညာခဲ့သည်။ ရဲတန်းလျားတစ်ခုတွင်လည်း မဖောက်ခွဲရသေးသောပစ္စည်းများ တွေ့ရှိခဲ့ပြီးနောက် ပိုက်စိပ်တိုက်ရှာဖွေမှုပြုလုပ်ရာမှ ယင်းကဲ့သို့ ဖောက်ခွဲရေးပစ္စည်းအများအပြားတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ရဲမင်းကြီးအီဗရာဟင်မ်အိုင်ဒရစ်က ပြောကြားခဲ့သည်။

ပြီးခဲ့သော ခရစ္စမတ်နေ့တွင် ခရစ်ယာန်ဘုရားကျောင်းနှစ်ခုကို ဘိုကိုဟာရမ်အဖွဲ့က အကြမ်းဖက်တိုက်ခိုက်ခဲ့ပြီးနောက် နိုင်ငံမြောက်ပိုင်းပြည်နယ်လေးခုတွင်သမ္မတဂွတ်လပ်ခ်ဂျိုနသန်က အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ *Ref: CNN*

## နိုင်ဂျီးရီးယားအစွန်းရောက်အစ္စလာမ္မစ် ဘိုကိုဟာရမ်အဖွဲ့သည် ၂၀၀၉ ခုနှစ်နောက်ပိုင်း လူ ၁၀၀၀ နီးပါး သတ်ဖြတ်

နိုင်ဂျီးရီးယားအစွန်းရောက်အစ္စလာမ္မစ် ဘိုကိုဟာရမ်အဖွဲ့သည် ယခုနှစ်ဆန်းပိုင်းအတွင်း တိုက်ခိုက်မှုများကြောင့် လူ ၂၅၀ ကျော်သေဆုံးမှုအပါအဝင် ၂၀၀၉ ခုနှစ်နောက်ပိုင်း လူ ၁၀၀၀ နီးပါးကို သတ်ဖြတ်ခဲ့ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်သည့်အဖွဲ့ HRW က ဇန်နဝါရီလ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဘိုကိုဟာရမ်အမည်မှာ နိုင်ဂျီးရီးယားမြောက်ပိုင်းတွင်သုံးသော Hausa ဘာသာစကားအရ 'အနောက်ပညာရေးသည် လွဲမှားနေသည်' ဟု အဓိပ္ပာယ်ရကြောင်း သိရပြီး အာဖဂန်ရှိ တာလီဘန်တို့ပုံစံကို အတုခိုးသယောင်ပြုထားသည်။

ယင်းအဖွဲ့ သည် မွတ်စလင်အများစုနေထိုင်သော နိုင်ငံမြောက်ပိုင်းရှိခရစ်ယာန် ဘုရားကျောင်းများ၊ ရဲစခန်းများစစ် ဘက်အဆောက်အဦများ၊ဘဏ် များ၊ ဘီယာဆိုင်များကို တိုက်ခိုက်ခဲ့ကြောင်း ထုတ်ပြန်ထားသည်။

ဇန်နဝါရီလ ၂၀ ရက်က ဖြစ်ပွားခဲ့သော နိုင်ဂျီးရီးယားဒုတိယအကြီးဆုံးမြို့ကန်နိုတွင် ဖုံးခွဲတိုက်ခိုက်မှုများနှင့် သေနတ်များဖြင့်ပစ်ခတ်မှုကြောင့် လူ ၁၈၆ ဦးသေဆုံးခဲ့ပြီး ဘိုကိုဟာရမ်အဖွဲ့၏တိုက်ခိုက်မှုများတွင် သေဆုံးမှုအများဆုံးဖြစ်ရပ်တစ်ခုဖြစ်ခဲ့သည်။

*Ref: Reuters*

## ဆီနီဂေါရွေးကောက်ပွဲတွင် ဥရောပသမဂ္ဂက လွတ်လပ်မှုအပြည့်ဖြင့် စောင့်ကြည့်လေ့လာခွင့်ရမည်

အနောက်အာဖရိကမှ ဆီနီဂေါနိုင်ငံတွင် ဖေဖော်ဝါရီလ၌ပြုလုပ်မည့် သမ္မတရွေးကောက်ပွဲတွင် ဥရောပသမဂ္ဂအဖွဲ့မှ စောင့်ကြည့်သူများကို ဆီနီဂေါအစိုးရကလွတ်လပ်မှုအပြည့် အဝပေး၍ စောင့်ကြည့်ခွင့်ပေးမည်ဖြစ်ကြောင်း ကတိပေးထားသည်ဟု ဥရောပသမဂ္ဂက ဇန်နဝါရီလ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဆီနီဂေါသမ္မတရွေးကောက်ပွဲကို စောင့်ကြည့်စစ်ဆေးနိုင်ရန် ဥရောပသမဂ္ဂက စောင့်ကြည့်စစ်ဆေးသူ ၉၀ ခန့် စေလွှတ်သွားမည်ဖြစ်ပြီး ယင်းအဖွဲ့ကို ဥရောပသမဂ္ဂပါလီမန်ဒုတိယဥက္ကဋ္ဌ Thijs Berman က ဦးဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ စောင့်ကြည့်သူများအနေဖြင့် မည်သည့်မဲရုံမဆို၊ မဲပေးမှုများနှင့် သက်ဆိုင်သောမည်သည့်အဆောက်အအုံကိုမဆို လွတ်လပ်စွာစောင့်ကြည့်စစ်ဆေးခွင့်ရရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အသက် ၈၅ နှစ်ရှိ ဆီနီဂေါသမ္မတ Abdoulaye Wade သည် ခုနစ်နှစ် သက်တမ်းရှိ သမ္မတရာထူးကို တတိယသက်တမ်းအတွက် ယှဉ်ပြိုင်မည်ဟုထုတ်ပြန်ခဲ့သဖြင့် ပြီးခဲ့သောသီတင်းပတ်အတွင်း တင်းမာမှုများမြင့်တက်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် Wadeက သမ္မတရာထူးယူခဲ့ပြီးနောက် သမ္မတသက်တမ်းနှစ်ကြိမ်သာ ဆက်တိုက်ထမ်းဆောင်ခွင့်ရှိသည့် အခြေခံဥပဒေကို ပြင်ဆင်ခဲ့သည်။ သမ္မတအဖြစ်ရွေးချယ်ခံရပြီးနောက် Wadeက အခြေခံဥပဒေမှာ ဥပဒေသက်ရောက်မှု မရှိတော့ကြောင်း ပြောကြားခဲ့ပြီး သမ္မတသက်တမ်းကို သုံးကြိမ်ဆက်ယှဉ်ပြိုင်ခွင့်ပေးသင့်သည်ဆိုကာ ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ *Ref: AP*

## ဂွာတီမာလာအာဏာရှင်ဟောင်းကို ၁၉၈၀ ပြည့်လွန်နှစ်များက ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် တရားစွဲဆိုမည်

၁၉၈၂–၈၃ ခုနှစ်အတွင်း စစ်ဘက်က အုပ်ချုပ်ခဲ့စဉ် ကျူးလွန်ခဲ့သော လူမျိုးသုဉ်းသတ်ဖြတ်မှုများအတွက် ဂွာတီမာလာအာဏာရှင်ဟောင်း အီဖရိန်ရီးအော့မွတ်ကိုတရားစွဲရန်အတွက် သက်သေအခိုင်အလုံရှိကြောင်း ဂွာတီမာလာတရားသူကြီးတစ်ဦးက ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။

အစိုးရရှေ့နေများ၏တင်ပြမှုအရ အသက် ၈၅ နှစ်အရွယ် ရီအော့မွတ်သည် ပြည်တွင်းစစ်ကာလ အတွင်း မွေးရပ်ရှိ မာယာကျေးရွာများကို ဖျက်ဆီးမှုတွင် ဦးဆောင်ခဲ့သော စွပ်စွဲချက်များကိုတရားရင်ဆိုင်ရမည်ဟု တရားသူကြီးပက်ထရီရှာဖလိုရက်စ်က ပြောကြားခဲ့သည်။

ဂွာတီမာလာလက်ဝဲသူပုန်များကို ဆန့်ကျင်တိုက်ခိုက်ခဲ့မှုတွင် မြေလှန်စနစ်ကျင့်သုံးခဲ့မှုအတွက် ရီအော့မွတ်ကိုလူသိများသည်။ ၁၉၉၆ ခုနှစ်က အဆုံးသတ်ခဲ့သော ၃၆ နှစ် ကြာပြည်တွင်းစစ်တွင် လူ ၂၀၀၀၀၀ ခန့် သေဆုံးခဲ့သည်ဟု ဂွာတီမာလာစုံစမ်းရေးကော်မရှင်ကခန့်မှန်းထားသည်။ ပြည်တွင်းစစ်အတွင်း အဆိုးဆုံးရက်စက်မှုများကိုရီအော့မွတ်အုပ်ချုပ်စဉ်ကာလအတွင်း ဖြစ်ပွားခဲ့ကြောင်း ယုံကြည်ထားကြသည်။

ကုလသမဂ္ဂက ကျောထောက်နောက်ခံပြုသမိုင်းမှန်ဖော် ထုတ်ရေးကော်မရှင်ကအစိုးရနှင့်လက်ဝဲသူပုန်တို့၏တိုက်ပွဲများတွင် ဒေသခံတိုင်းရင်းသားအများစုသေဆုံးခဲ့မှုအတွက် အစိုးရတွင် တာဝန်ရှိကြောင်း တွေ့ရှိထားသည်။ *Ref: AFP*

## ပါပူအာနယူးဂီနီတွင် နိုင်ငံရေးအပြောင်းအလဲနှင့်ပတ်သက်သော တပ်တွင်းပုန်ကန်မှုဖြစ်ပွား

သမုဒ္ဒရာပိုင်းဒေသရှိ ပါပူအာနယူးဂီနီကျွန်းနိုင်ငံငယ်တွင် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် တပ်တွင်းပုန်ကန်မှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်းသိရသည်။အငြိမ်းစားဗိုလ်မှူးကြီးတစ်ဦးဖြစ်သော ယူအာရာဆာဆာက ဦးဆောင်ပြီး စစ်ဦးစီးချုပ် ဗိုလ်ချုပ် ဖရန်စစ်အက်ဂ်ဝီ ကို ထိန်းသိမ်းကာ မြို့တော် ပို့တ်မော်ရပ်စ်ဘီရှိ စစ်စခန်းနှစ်ခုကို ထိန်းချုပ်လိုက်ခြင်းဖြစ်သည်။

တပ်တွင်းပုန်ကန်မှုသည် နိုင်ငံရေးအပြောင်းအလဲနှင့်လည်းပတ်သက်နေပြီး ဖယ်ရှားခံခဲ့ရပြီးပြည်ပရောက်နေသော ဝန်ကြီးချုပ်ဟောင်း မိုက်ကယ်ဆိုမာရေးကို ဝန်ကြီးချုပ်နေရာ ပြန်ပေးရေးတောင်းဆိုမှုဖြစ်သည် ဟုသိရသည်။

သို့ရာတွင်ပုန်ကန်မှုမှာ မအောင်မြင်သည့်အခြေအနေသို့ ရောက်သွားခဲ့ပြီး လက်ရှိဝန်ကြီးချုပ် ပီတာအိုနေးလ်က အခြေအနေကိုထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ယင်းနေ့နှောင်းပိုင်းတွင်ပင် ပြန်လည်ကြေညာထားသည်။



မအောင်မြင်သော စစ်တပ်အာဏာသိမ်းမှုဖြစ်ပွားအပြီးတွင် မြို့တော်ပို့တ်မော်ရပ်စ်ဘီတွင် စစ်သားများ ကင်းလှည့်နေစဉ်

ပုန်ကန်မှု မအောင်မြင်သည့်အခြေအနေရောက်သွားခဲ့သောကြောင့် ပုန်ကန်မှုတွင် ပါဝင်သူများမှာ လွတ်ငြိမ်းချမ်းသာခွင့် မပေးမချင်းလက်နက်မချဟုထုတ်ပြန်ထားသည်။ ပုန်ကန်မှုတွင်ပါဝင်သည့် စစ်သားများသည် မြို့တော်ဆင်ခြေဖုံးရှိ စစ်စခန်းသို့ဆုတ်ခွာသွားပြီဖြစ်ပြီး ထိန်းသိမ်းထားသည့် ဗိုလ်ချုပ်ဖရန်စစ်အက်ဂ်ဝီလည်း ပြန်လွတ်လာပြီဖြစ်သည်။

နောက်ကွယ်မှအဓိကအကြောင်းအရာမှာ မိုက်ကယ်ဆိုမာရေး စင်ကာပူတွင် ကာလရှည်ဆေးသွားကုနေစဉ်သူ၏အမတ်နေရာမှာလစ်လပ်ကြောင်း ကြေညာခဲ့ပြီး အစိုးရသစ်ပြန်ဖွဲ့ကာ အိုနေးလ်က ဝန်ကြီးချုပ်တာဝန်လွှဲယူခဲ့ခြင်းကြောင့်ဖြစ်ပြီး ယင်းပြဿနာကိုမဖြေရှင်းနိုင်သေးပေ။ *Ref: AP*

## ရဲချုပ်နှင့် ဒုရဲချုပ်များကို နိုင်ဂျီးရီးယားသမ္မတက ရာထူးမှထုတ်ပယ်



ဂွတ်လပ်ခ်ဂျိုနသန်(ဘယ်)နှင့်ရဲချုပ်ဟာဖစ်ဖ်ရင်ဂင်တို့ကို ၂၀၁၁ ဇွန် ၁၇ ရက်နေ့က တွေ့ရစဉ်

နိုင်ဂျီးရီးယားသမ္မတ ဂွတ်လပ်ခ်ဂျိုနသန်သည် ရဲချုပ်နှင့်ဒုရဲချုပ်ခြောက်ဦးကို ရာထူးမှထုတ်ပယ်လိုက်ကြောင်း သမ္မတရုံးက ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ခရစ္စမတ်နေ့ ဖုံးခွဲတိုက်ခိုက်မှုအဓိကမသင်္ကာသူတစ်ဦးကို ရဲတပ်ဖွဲ့က ထိန်းသိမ်းထားရာမှ လွတ်မြောက်သွားခဲ့ပြီး တစ်ပတ်အကြာ ရဲချုပ်များရာထူးမှ ထုတ်ပယ်ခံရခြင်းဖြစ်သည်။

ဘိုကိုဟာရန် အစ္စလာမ္မစ်အဖွဲ့၏ နေ့စဉ်နီးပါးအကြမ်းဖက်တိုက်ခိုက်မှုကိုမထိန်းချုပ်နိုင်သည့်အတွက် ဂျိုနသန်သည်အပြင်းအထန်ဝေဖန်ခံနေရသည်။ လုံခြုံရေးတပ်ဖွဲ့များကို အပြောင်းအလဲပြုလုပ်ရန် ၎င်း၏ပြိုင်ဘက်များက တောင်းဆိုလျက်ရှိသည်။ ဘိုကိုဟာရန်အဖွဲ့သည် လွန်ခဲ့သည့်နှစ်က လူ ၅၀၀ ကျော်ကို သတ်ဖြတ်ခဲ့ပြီး၂၀၁၂ ခုနှစ်၏ ပထမသီတင်းပတ်များအတွင်းမှာပင် လူ ၂၅၀ ကျော်ကို သတ်ဖြတ်ခဲ့ပြန်သည်။ ဘိုကိုဟာရန် ဂိုဏ်းဝင်များသည် လုံခြုံရေးတပ်ဖွဲ့များနှင့် အစိုးရအဖွဲ့နေရာအသီးသီးတွင် စိမ့်ဝင်လျက်ရှိကြောင်း ဂျိုနသန် ကပြောကြားခဲ့သည်။

သမ္မတဂျိုနသန်သည် မိုဟာမက်အဘူဘာကာကို ယာယီရဲချုပ်အဖြစ်ခန့်အပ်လိုက်ပြီဖြစ်ကြောင်းသမ္မတရုံးကထုတ်ပြန်ခဲ့သည်။ အဘူဘာကာသည်လက်ရှိတွင် လက်ထောက်ရဲချုပ်တာဝန်ထမ်းဆောင်လျက်ရှိပြီး ထုတ်ပယ်ခံရသည့် ရဲချုပ် ဟာဖစ်ရင်ဂင်၏နေရာကို ဆက်ခံရ မည်ဖြစ်သည်။ အသက် ၅၃ နှစ် အရွယ်ရှိ အဘူဘာကာသည် ၁၉၇၉ ခုနှစ်ကတည်းက ရဲတပ်ဖွဲ့သို့ဝင် ရောက်ခဲ့သူဖြစ်သည်။ ၎င်းသည် ရင်ဂင်ကဲ့သို့ပင် နိုက်ဂျီးရီးယားမြောက်ပိုင်းမှ မွတ်စလင်တစ်ဦးဖြစ်သည်။ ဂျိုနသန်သည် နိုင်ငံတောင်ပိုင်းရေနံထုတ်လုပ်သည့် နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသမှ ခရစ်ယာန်တစ်ဦးဖြစ်သည်။

ရင်ဂင်၏ဒု–ရဲချုပ်ခြောက်ဦးစလုံးကို ချက်ချင်းအငြိမ်းစားပေးခဲ့ပြီး ရဲတပ်ဖွဲ့ပြန်လည်ဖွဲ့စည်းရေးကိုကြီးကြပ်ရန်ကော်မတီတစ်ခုကိုဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း သမ္မတရုံးက ထုတ်ပြန်ခဲ့သည်။

*Ref: Reuters*

## ဖိလစ်ပိုင်က ၎င်း ပိုင်နက်တွင် အမေရိကန်တပ်များ အလှည့်ကျစနစ်ဖြင့်တိုးမြှင့်ထားရှိရန် ဆန္ဒရှိ

ဖိလစ်ပိုင်သည် နိုင်ငံ့အကျိုးစီးပွားကာကွယ်ရန်နှင့် ဒေသတွင်း ငြိမ်းချမ်းရေးအတွက် အမေရိကန်နှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဆန္ဒရှိကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက ဇန်နဝါရီလ ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်နှင့် တင်းမာမှုမြင့်တက်နေသည့်အချိန်တွင် ဖိလစ်ပိုင်သည် အမေရိကန်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပိုမိုပြုလုပ်ရန်၊ ဖိလစ်ပိုင်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ အလှည့်ကျစနစ်ဖြင့် တိုးမြှင့်တပ်စွဲရန်အတွက် ဆန္ဒရှိကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး Albert del Rosario က ပြောကြားခဲ့သည်။

အမေရိကန်သည် ဖိလစ်ပိုင်ကို ယခင်ကကိုလိုနီပြုခဲ့ဖူးသည်။

Del Rosario က တရုတ်နိုင်ငံကို တိုက်ရိုက်ရည်ညွှန်းခြင်းမပြုသော်လည်း နယ်မြေပိုင်ဆိုင်မှုအငြင်းပွားသည့်ပြဿနာကို အလေးထားပြောကြားခဲ့သည်။ ဖိလစ်ပိုင်သည် တောင်တရုတ်ပင်လယ်ရှိ ကျွန်းစုများနှင့်ပတ်သက်၍ ဆယ်စုနှစ်ကြာ ပဋိပက္ခဖြစ်ပွားခဲ့ပြီး ပြီးခဲ့သောနှစ်တွင် ယင်းပဋိပက္ခမှာ ပိုမိုမြင့်တက်လာခဲ့သည်။

အမေရိကန်စစ်ဘက်နှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်းဖြင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ချိန်ခွင်လျှာညီမျှစေမည်ဖြစ်ကြောင်း Del Rosario က ပြောကြားခဲ့သည်။ အမေရိကန်တပ်များကို ဖိလစ်ပိုင်ဥပဒေအရ တပ်စွဲခွင့်ပြုမည်ဖြစ်ပြီး နိုင် ငံတွင်း အမြဲတမ်းတပ်စွဲခြင်းကိုမူ ပိတ်ပင်မည်ဖြစ်သည်။

အမေရိကန်သည် ၁၉၉၂ ခုနှစ်အထိ ဖိလစ်ပိုင်တွင် စစ်အခြေစိုက်စခန်းများရှိပြီး ဖိလစ်ပိုင်လွှတ်တော်က လက်မခံရေးမဲခွဲဆုံးဖြတ်ခဲ့သဖြင့် ပြန်လည်ရုပ်သိမ်းခဲ့သည်။ သို့သော် ပြီးခဲ့သော ၁၀ နှစ်အတွင်း အမေရိကန်တို့၏အလှည့်ကျတပ်ဖွဲ့ဝင် ၆၀၀ ခန့်သည် ဖိလစ်ပိုင်တောင်ပိုင်းတွင် တပ်စွဲခဲ့ပြီး ဒေသခံစစ်သားများကို လေ့ကျင့်ပေးခြင်း၊ အစ္စလာမ္မစ်သွေးကြွများကို နှိမ်နင်းခြင်းတို့တွင် ပါဝင်ခဲ့သည်။

အမေရိကန်သည် အာရှဒေသတွင် စစ်ရေးအင်အားတိုးမြှင့်မည့် မဟာဗျူဟာမြောက်အပြောင်းအလဲကို သမ္မတဘာရက်အိုဘားမားက ပြီးခဲ့သောနှစ်တွင် ကြေညာခဲ့သည်။ ပြီးခဲ့သောနှစ်၊ နိုဝင်ဘာလတွင် အမေရိကန်သည် သြစတြေးလျမြောက်ပိုင်းတွင် မရိန်းတပ်ဖွဲ့ဝင် ၂၅၀၀ အထိ တိုးမြှင့်တပ်စွဲရန် သဘောတူညီချက်ရခဲ့သည်။

*Ref: AFP*



အမေရိကန်နှင့် ဖိလစ်ပိုင်မရိန်းတပ်သားများ ဖိလစ်ပိုင်နိုင်ငံကမ်းခြေတစ်ခုတွင် ပြီးခဲ့သည့်နှစ် အောက်တိုဘာလ ၂၃ ရက်နေ့က ပူးတွဲစစ်ရေးလေ့ကျင့်စဉ်

## ထိုင်းတွင် တရုတ်နှစ်သစ်ကူးပွဲစည်နွှဲစဉ် မီးရှူးမီးပန်းများကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လူသုံးဦးသေဆုံးပြီး အိမ်ခြေငါးဆယ်ခန့်ပျက်စီး



ထိုင်းနိုင်ငံတွင် တရုတ်နှစ်သစ်ကူးပွဲတော်ဆင်နွှဲစဉ်အတွင်း မီးရှူးမီးပန်းပစ်လွှတ်ချိန်တွင် ပြင်းထန်သည့် ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် လူသုံးဦး သေဆုံးပြီး လူ ၄၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲများက ပြောကြားခဲ့သည်။ မီးရှူးမီးပန်းပေါက်ကွဲမှုမှ မီးတောက်အစအနများလွင့်စဉ်မှုကြောင့် Suphan Buri ပြည်နယ်ရှိ တရုတ်ဘုံကျောင်းအနီး ဝန်းကျင်ရှိအိမ်များတွင် မီးလောင်မှုဖြစ်ပေါ်ခဲ့ကာ အိမ်ခြေ ၅၀ ခန့် ပျက်စီးခဲ့ကြောင်းသိရသည်။

အိမ်ခြေအလုံး ၂၀ မှာ မီးလောင်ကျွမ်းမှုကြောင့် အလုံးစုံပျက်စီးခဲ့ပြီး ကျန်အိမ်ခြေ ၃၀ မှာပျက်စီးမှုများဖြစ်ခဲ့ကြောင်း TNN သတင်းဌာနက ထုတ်ပြန်ခဲ့သည်။

မီးရှူးမီးပန်းများမှ မီးတောက်အစအနများသည်တရုတ်ဘုံကျောင်းနောက်ရှိလူနေအိမ်ခေါင်မိုးများပေါ်ကို တစ်သွင်သွင် ကျဆင်းလာခြင်းကြောင့် မီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

“ပေါက်ကွဲမှုဟာ မတော်တဆဖြစ်ပွားမှုတစ်ခုလို့ ထင်ပါတယ်။ မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ပေမယ့် စောင့်ကြည့်နေရဦးမယ်”ဟု ဒေသဆိုင်ရာရဲမှူးကြီး Reera Butrpho က ပြောကြားခဲ့သည်။

သေဆုံးသူနှင့် ဒဏ်ရာရရှိသူအချို့မှာ မီးရှူးမီးပန်းပစ်လွှတ်မှုကို လာရောက်ကြည့်ရှုသည့် ပွဲပရိသတ်များထဲမှဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

သေဆုံးသူ သုံးဦးမှာ မီးရှူးမီးပန်းပစ်လွှတ်သည့်အဖွဲ့မှဖြစ်ကြောင်းနှင့် ဒဏ်ရာရရှိသူတစ်ဦး၏ အခြေအနေမှာ စိုးရိမ်ရကြောင်း TNN သတင်းဌာနက ထုတ်ပြန်ခဲ့သည်။

မီးလောင်ပျက်ဆီးခဲ့သည့် အိမ်ခြေများအတွက် တဲများဆောက်လုပ်ပေးရန် ညွှန်ကြားခဲ့သည်ဟု Suphan Buri အုပ်ချုပ်ရေးမှူး Som-sak Phureesrisak က ပြောကြားခဲ့သည်။ တရုတ်နှစ်သစ်ကူးပွဲတော်ကျင်းပသည့် အခမ်းအနားသို့ ထိုင်းဒုတိယဝန်ကြီးချုပ်Chumpol Silpa-archa နှင့် ၎င်း၏အစ်ကိုဖြစ်သူ ထိုင်းဝန်ကြီးချုပ်ဟောင်း Banharn Slipa-archa တို့ တက်ရောက်ခဲ့ကြသည်။ ထိုင်းနိုင်ငံတွင် တရုတ်လူမျိုးစုများစွာနေထိုင်ကြသည်။

*Ref: AFP*

## အင်အားသုံး မြေယာသိမ်းမှုများအား ရပ်တန့်ရန် ကမ္ဘောဒီးယားအစိုးရအား လူ့အခွင့်အရေးအဖွဲ့များ တိုက်တွန်း

ကမ္ဘောဒီးယားအစိုးရ၏ အင်အားသုံး မြေယာသိမ်းမှုများအား ရပ်တန့်ရန်နှင့် မကြာသေးမီကဖြစ်ပွားခဲ့သော မြေယာနှင့်ပတ်သက်သည့် ဆန္ဒပြမှုများတွင် ထိန်းသိမ်းခံရသူ ခုနှစ်ဦးတို့အား ပြန်လည်လွှတ်ပေးရန် လူ့အခွင့်အရေးအဖွဲ့ ငါးခုက ၂၀၁၂ ခုနှစ်အလှည့်ကျ အာဆီယံဥက္ကဋ္ဌဖြစ်သော ကမ္ဘောဒီးယားနိုင်ငံအား ဇန်နဝါရီလ ၂၄ ရက်နေ့တွင် တိုက်တွန်းခဲ့ပါသည်။

“၂၀၁၂ ရဲ့ အာဆီယံဥက္ကဋ္ဌအနေနဲ့ ကမ္ဘောဒီးယားဟာပြည်သူတွေရဲ့ အခွင့်အရေးနဲ့အခြေခံလိုအပ်ချက်တွေကို တရားဝင်ကာကွယ်မှုတွေ တိုးတက်လာအောင် အားပေးသင့်ပါတယ်။ ဒီလိုသာ အင်အားသုံးနေရာသိမ်းမှုတွေ ဆက်ဖြစ်နေမယ်ဆိုရင် ကမ္ဘောဒီးယားရဲ့ဂုဏ်သတင်းဟာ နိုင်ငံတကာအသိုင်းအဝိုင်းမှာ အမည်းစက်စွန်းထင်းသွားပါလိမ့်မယ်”ဟု ဆန့်ကျင်ကန့်ကွက်သူတစ်ဦးမှ ဝန်ကြီးချုပ်ဟွန်ဆန်ထံသို့ အိတ်ဖွင့်ပေးစာ တစ်စောင်ပေးပို့ခဲ့ပါသည်။

ဆက်လက်စုံစမ်းရန် ကျန်ရှိနေသေးသဖြင့် ထိန်းသိမ်းခံထားရသူခုနစ်ဦးအား ပြန်လွှတ်ပေးရန် လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့၊အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့တို့အပါအဝင် လူ့အခွင့်အရေးအဖွဲ့ငါးခုက တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ထိန်းသိမ်းခံထားရသူများသည် ဇန်နဝါရီလ ၃ ရက်နေ့က မြို့တော် ဖနွမ်းပင်၌ မိသားစု ၃၀၀ တို့၏ မြေယာများအား သိမ်းမှုအတွက် ဆန္ဒပြမှုတွင် ပါဝင်ခဲ့သူများဖြစ်ပါသည်။

Borei Keila ခရိုင်တွင် ဒေသခံပြည်သူတို့၏ နေအိမ်များအား ဖြိုဖျက်ခဲ့မှုကြောင့် ပြည်သူများမှ ရဲများအား ခဲများ၊ ပုလင်းများဖြင့် ပစ်ပေါက်ခဲ့၍ ရဲများဘက်မှလည်း မျက်ရည်ယိုဗုံးများ၊ ရာဘာကျည်ဆန်များ ပြန်လည်ပစ်ခတ်ခဲ့ပါသည်။

ဇန်နဝါရီလ ၁၁ ရက်နေ့တွင် မြေယာသိမ်းမှုများကြောင့် ငြိမ်းချမ်းစွာဆန္ဒပြခဲ့သော အမျိုးသမီး ၂၂ ဦးနှင့် ကလေး ၆ ဦးအား ပြည့်တန်ဆာများနှင့် မူးယစ်ဆေးစွဲသူများအား ထိန်းသိမ်းလေ့ရှိသော ပြန်လည်ထူထောင်ရေးဂေဟာသို့ ပို့ဆောင်သည့်ကိစ္စနှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန်ဝေဖန်နေကြသည်။

မြေယာပိုင်ဆိုင်မှုများနှင့် ပိုင်ဆိုင်မှုပြ သက်သေခံအထောက်အထားအများစုသည်ခမာနီလက်ထက် ၁၉၇၅–၁၉၇၇ ကွန်မြူနစ်စည်းမျဉ်းများအောက်တွင် ဖျက်သိမ်းခံရခဲ့ခြင်းဖြစ်ပါသည်။ *Ref: AFP*

## ဝန်ကြီးချုပ်ရုံး၏လုပ်ဆောင်ချက်ကို ပြည်သူလူထုအားအသိပေးရန်အတွက် အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းန် twitter စတင်သုံးစွဲ

အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းန်က ဝန်ကြီးချုပ်ရုံး၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီး လူထုကို အသိပေးရန်အတွက် ဇန်နဝါရီ ၂၃ ရက်နေ့တွင် twitter စတင်သုံးစွဲခဲ့ကြောင်း သိရှိရသည်။

Twitter သုံးစွဲသည့် ကမ္ဘာ့တစ်ဝန်းရှိ နိုင်ငံ့ခေါင်းဆောင်များတွင် ဝန်ကြီးချုပ် မန်မိုဟန်ဆင်းန်သည် ၆၂ ဦးမြောက် ဖြစ်လာခဲ့သည်။Twitter သုံးစွဲသည့် နိုင်ငံ့ခေါင်းဆောင်များထဲတွင် အမေရိကန်သမ္မတဘားရက်အိုဘားမား၊ ရုရှားသမ္မတဒီမီထရီမက်ဗီဒက်၊ ပြင်သစ်သမ္မတဆာကော်ဇီနှင့် ဗင်နီဇွဲလားသမ္မတ ဟူဂိုချားဗက်စ်တို့လည်း ပါဝင်ကြောင်း သိရှိရသည်။

ယခုအချိန်တွင် အမေရိကန်သမ္မတအိုဘားမား၏ twitter စာမျက်နှာတွင်အဖွဲ့ဝင် (follower) ၁၂ သန်းရှိနေပြီဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းန်၏ @POMIndia twitter စာမျက်နှာ စတင်သုံးစွဲရာတွင် တစ်ရက်အတွင်း အဖွဲ့ဝင် ၁၃၀၀၀ ရရှိခဲ့သည်။ ဝန်ကြီးချုပ်၏ twitter စာမျက်နှာကိုင်၎င်း၏ဆက်သွယ်ရေးအဖွဲ့က စီမံထိန်းချုပ်သွားမည်ဖြစ်သည်။

ဝန်ကြီးချုပ်မန်မိုဟန်ဆင်းန်သည် မီဒီယာနှင့် အလှမ်းဝေးမှုများအတွက်မကြာခဏဝေဖန်ခံခဲ့ရသည်။ အမေရိကန်သမ္မတနှင့်မီဒီယာကို နားလည်သည့်အခြားကမ္ဘာ့ခေါင်းဆောင်များနှင့်မတူညီဘဲ မီဒီယာ(သို့မဟုတ်) သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ပေးရန်ခဲယဉ်းသူတစ်ဦးဖြစ်သည်။

ဝန်ကြီးချုပ် မန်မိုဟန်ဆင်းန်သည်တစ်နှစ်အတွင်းခရီးစဉ် ၄၅ ခုနီးပါးသွားရောက်ခဲ့ပြီးအားရလောက်စရာမရှိသည့် မိန့်ခွန်းဒါဇင်များစွာကိုပြောကြားခဲ့သူဖြစ်သည်။

Twitter သုံးစွဲခြင်းဖြင့် ဝန်ကြီးချုပ်ရုံး၏သတင်းအချက်အလက်များဖြန့်ချိပေးမှုကို ကူညီပေးနိုင်လိမ့်မည်ဟုဝန်ကြီးချုပ်ရုံး၏ ဆက်သွယ်ရေးအဖွဲ့က မျှော်လင့်ခဲ့သည်။

*Ref:AFP*



ဇန်နဝါရီလ ၂၅ ရက်နေ့က နယူးဒေလီရှိ သမ္မတနန်းတော်သို့ရောက်ရှိလာသော ထိုင်းဝန်ကြီးချုပ်ယင်လက်ရှင်နာဝပ်ထရာကို အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းက ကြိုဆိုနေစဉ်

## ကွမ်ရှီးပြည်နယ်တွင် အများသုံးရေမသန့်ရှင်းမည်ကို စိုးရိမ်သောကြောင့် ရေသန့်ပုလင်းများအလုအယက်ဝယ်ယူ

တရုတ်နိုင်ငံ ကွမ်ရှီးပြည်နယ်တွင် သတ္တုတူးဖော်ရေးလုပ်ငန်းတစ်ခုမှ Longjian မြစ်အတွင်းသို့ cadmian အဆိပ်ဓာတ်သတ္တုပစ္စည်းများစွန့်ပစ်မှုကြောင့် ပုံမှန်သုံးစွဲနေကျရေအရင်းအမြစ်များမသန့်ရှင်းတော့ဟု သတင်းထွက်ခဲ့ပြီးနောက် ဒေသခံများသည်သောက်ရေသန့်ပုလင်းများ အလုအယက် ဝယ်ယူခဲ့ကြကြောင်းသိရသည်။ ကျင်းဟီဟီသတ္တုတူးဖော်ရေး ကုမ္ပဏီမှLongjian မြစ်အတွင်းသို့ အစိုးရမှသတ်မှတ်ထားသော အတိုင်းအတာထက်ကျော်လွန်၍ cadmian သတ္တုအမြောက်အမြားစွန့်ပစ်မှုအား အာဏာပိုင်များတွေ့ရှိသည်မှာ သုံးကြိမ်ရှိပြီဖြစ်ကြောင်း အရှေ့တိုင်းရှန်ဟိုင်းမနက်ပိုင်းသတင်းစာမှထုတ်ပြန်ခဲ့ပါသည်။

မြစ်အတွင်း၌ငါးအနည်းငယ်သေဆုံးမှုအား တွေ့ရှိခဲ့သဖြင့် ဇန်နဝါရီလ ၁၅ ရက်နေ့က အာဏာပိုင်များမှစုံစမ်းစစ်ဆေးကြည့်၍ မြစ်ရေသန့်စင်မှုအား ထပ်မံတိုင်းတာကြည့်ရာ cadmium သတ္တုပါဝင်မှုနှုန်းသည် အလွန်အမင်းမြင့်တက်နေကြောင်း ဆင်ဟွာသတင်းဌာနမှပြောကြားခဲ့ပါသည်။ Liuzhou မြို့နေပြည်သူများသည်လည်း အစိုးရမှအသိအမှတ်ပြုပေးလိုက်သော လုံခြုံစိတ်ချရသော ရေသန့်ပုလင်းများအားရသမျှဝယ်ယူနေ၍ အာဏာပိုင်အဖွဲ့အစည်းများမှ ရေသန့်ပုလင်းဈေးနှုန်းများ ဈေးကစားမှု မပြုရန်အထူးအဖွဲ့များစေလွှတ်ထားကြောင်း ဆင်ဟွာသတင်းဌာနပြောကြားခဲ့ပါသည်။

Liuzhou မြို့မှအာဏာပိုင်များက ယင်းမြို့တစ်ဝိုက်ရှိရေများသည် သန့်စင်သည်ဟုအာမခံထားခဲ့သော်လည်း လွန်ခဲ့သောအပတ်က မီးသတ်သမားများကမြစ်အတွင်းသို့ cadmian များ ပျက်ပြယ်စေရန်ဓာတ်ပစ္စည်း အချို့ရောနှောခဲ့ကြောင်းတွေ့ရှိခဲ့သည်။ *Ref: AFP*

## စစ်ဘက်က အရပ်ဘက်သို့ အာဏာလွှဲပေးသည်အထိ ထိုင်ဆန္ဒပြသွားမည်ဟု အီဂျစ်လူငယ်များပြောကြား



ကိုင်ရိုတွင်ပြုလုပ်မည့် လူထုစုဝေးပွဲတစ်ခုကို တက်ရောက်မည့် အီဂျစ်ဆန္ဒပြသူများ Kasr al-Nile တံတားတွင် စီတန်းလမ်းလျှောက်နေစဉ်

အီဂျစ်သမ္မတဟောင်းဟိုစနီမူဘာရက် ရာထူးဆင်းပေးခဲ့ရပြီးနောက် အာဏာကြားဖြတ်ရယူခဲ့သော စစ်ဘက်ကောင်စီသည် အရပ်ဘက်သို့ အာဏာလွှဲပေးသည်အထိ ကိုင်ရိုမြို့ရှိ တဟ်ရီရာရင်ပြင်တွင် ထိုင်ပြီးဆန္ဒပြသွားမည်ဟု လူငယ်များက ဇန်နဝါရီ ၂၆ ရက်တွင် ကတိပြုခဲ့သည်။

မူဘာရက် ရာထူးပြုတ်ကျစေခဲ့သော လူထုတော်လှန်ရေးတစ်နှစ်ပြည့်အခမ်းအနားကို ပြုလုပ်ခဲ့ပြီးနောက်တစ်နေ့တွင် လူငယ်များ၏ ကတိပြုချက်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

စစ်ဘက်ကောင်စီအာဏာချက်ချင်းစွန့်လွှတ်ရေးလိုလားသည့် လူငယ်များနှင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုအတွင်း ရွေးကောက်ပွဲအနိုင်ရခဲ့သော အစ္စလာမ္မစ်တို့အကြား သဘောကွဲလွဲနေသည်။

ထိုင်ပြီးဆန္ဒပြမှုများမှာ ယခင်ကပြုလုပ်ချိန်က ရဲနှင့်စစ်တပ်က ဖြိုခွင်းရာမှ အကြမ်းဖက်မှုဖြစ်ပေါ်ခဲ့ဖူးပြီး ဇန်နဝါရီလ ၂၅ ရက်တွင်မူ ငြိမ်းချမ်းစွာပြီးဆုံးခဲ့သည်။

"စစ်ကောင်စီဟာ မူဘာရက်လက်ထက်ကလို နှိပ်စက်ညှဥ်းပန်းမှုတွေလုပ်နေတယ်။ ဘာအပြောင်းအလဲမှမခံစားရသေးဘူး"ဟု အသက် ၂၃ နှစ်ရှိ ကျောင်းသား ဆာမာကာဘီလ်က ပြောကြားခဲ့သည်။

*Ref: Reuters*

## ကူဝိတ်ကအယ်လ်ဂျာဇီးရားကိုရုံးပြန်ဖွင့်ခွင့်ပြု

ရုံးပိတ်ရန်အမိန့်ပေးပြီး တစ်နှစ်ကျော်အကြာတွင် ပန်အာရပ်သတင်းရုပ်သံအယ်လ်ဂျာဇီးရားကို ရုံးပြန်ဖွင့်ခွင့်ပေးလိုက်ပြီဖြစ်ကြောင်း အဆိုပါရုပ်သံကွန်ရက်၏ ကူဝိတ်ဒါရိုက်တာက ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ပြောကြားခဲ့သည်။

"ပုံမှန်အတိုင်းလုပ်ငန်းဆောင်ရွက်ဖို့တရားဝင်ရှင်းလင်းချက်ကို ဇန်နဝါရီလ ၂၅ ရက်နေ့က ရပါတယ်"ဟု ဆာအက်အယ်လ်ဆာအီးဒီက အေအက်ပီသို့ ပြောကြားခဲ့သည်။

၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် လူထုစုဝေးမှုကို ရဲတပ်ဖွဲ့က နှိမ်နင်းမှုအား အယ်လ်ဂျာဇီးရားကဖော်ပြမှုကြောင့် ယင်း၏သတင်းထောက်များအား တရားဝင်အသိအမှတ်ပြုခြင်းရုပ်သိမ်းခံရပြီး ကူဝိတ်ရှိ ရုံးပိတ်ခဲ့ရသည်။ ကူဝိတ်အထွေထွေရွေးကောက်ပွဲမကျင်းပမီတစ်ပတ်အလိုတွင် ရုံးဖွင့်ခွင့်ရခြင်းဖြစ်သည်။ ၎င်းရွေးကောက်ပွဲသည် ကူဝိတ်သမိုင်းတွင် အရေးကြီးဆုံးဖြစ်မည်ဟု ယှဉ်ပြိုင်အရွေးခံမည့်သူအများအပြားက ပြောကြားလျက်ရှိသည်။ အယ်လ်ဂျားဇီးရားသည် ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလမှစ၍ သုံးနှစ်ကြာပိတ်ခဲ့ရဖူးသည်။

*Ref: AFP*

## ဆီးရီးယားအတိုက်အခံခေါင်းဆောင်တစ်ဦး ပြင်သစ်သို့ သွားရောက်ပြီး ကုလသမဂ္ဂထံ အကူအညီတောင်း

ဆီးရီးယားအတိုက်အခံခေါင်းဆောင်တစ်ဦးဖြစ်သူ Georges Sabra သည် ပြင်သစ်သို့သွားရောက်ခဲ့ပြီး ဆီးရီးယားပြည်သူများသည် ကုလသမဂ္ဂ၏ကာကွယ်ခံရမှုနှင့်ထိုက်တန်ကြောင်း Liberation နေ့စဉ်သတင်းစာသို့ ပြောကြားခဲ့သည်။

ဆီးရီးယားအကြီးဆုံးအတိုက်အခံ SNC ကိုကူညီပေးရန်၊ အဖွဲ့တစ်ခုအဖြစ် ပူးပေါင်းလုပ်ဆောင်ရန် မိမိကို စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း Democratic People's ပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ Sabra က ဇန်နဝါရီလ ၂၄ ရက်တွင် ပြောကြားခဲ့သည်။ SNC ခေါင်းဆောင် Burhan Ghalioun မှာ ပါရီတက္ကသိုလ်တွင် လူမှုဗေဒကထိကတစ်ဦးဖြစ်ပြီး ပြင်သစ်တွင် ဆီးရီးယားသမ္မတဘာရှားအယ်လ်အာဆတ်အစိုးရဆန့်ကျင်သူများ ခိုလှုံလျက်ရှိသည်။

Ghalioun သည် အရည်အချင်းရှိကြောင်း၊ သို့သော် ၎င်းသည် ပညာရှင်တစ်ဦးဖြစ်ပြီး နိုင်ငံရေးသမားတစ်ဦးမဟုတ်ကြောင်း၊ အများနှင့်ပူးပေါင်းလုပ်ဆောင်သည့်အလေ့အထမရှိကြောင်း၊ ပြဿနာများကိုဖြေရှင်းရေးနှင့် ဆုံးဖြတ်ချက်များချမှတ်ရေးတို့တွင် မိမိတို့သည် နည်းလမ်းသစ်ရှာဖွေသင့်ကြောင်း Sabra က ပြောကြားခဲ့သည်။ ဥပမာအားဖြင့် ဆီးရီးယားနိုင်ငံတွင်းရှိ အတိုက်အခံများကို ကူညီပေးရန် SNC ၏လုပ်ဆောင်မှုများမှာ လုံလောက်မှုမရှိကြောင်း၊ အတိုက်အခံများမှာ ဆေးဝါး၊ အဝတ်အထည်၊ စားစရာများလိုအပ်နေကြောင်း ၎င်းကပြောကြားခဲ့သည်။

နိုင်ငံတွင်းနှင့် အပြင်ဘက်မှ မိမိတို့၏လှုပ်ရှားမှုများကို လမ်းကြောင်းသစ်ပြောင်းရန် မျှော်လင့်နေကြောင်း၊ ရုရှား၏ရပ်တည်ချက်များ ပြောင်းလဲရန် ၎င်းတို့က လိုလားနေကြောင်း Sabra က ပြောကြားခဲ့သည်။ မိမိတို့သည် ကုလသမဂ္ဂအပေါ် မျှော်လင့်ထားကြောင်း၊ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်များ စေလွှတ်ပေးမည်ကို မျှော်လင့်ထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကုလသမဂ္ဂစတင်တည်ထောင်သည့် ၄၂ နိုင်ငံတွင်ပါဝင်သော ဆီးရီးယားနိုင်ငံတွင်းသို့ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ အဘယ်ကြောင့်မစေလွှတ်ရသနည်းဟု Sabra က မေးခွန်းထုတ်ခဲ့ပြီး ဆီးရီးယားပြည်သူများသည် ကုလသမဂ္ဂ၏ကာကွယ်ပေးမှုအောက်တွင် ရှိနေသင့်ကြောင်း ပြောကြားခဲ့သည်။ *Ref: AFP*



## အီရန်သည် ယခုနှစ်အတွင်း နျူကလီးယားဗုံးထုတ်လုပ်နိုင်စွမ်းမရှိဟု ISIS က ထုတ်ပြန်

အီရန်သည် လက်နက်ထုတ်လုပ်နိုင်သော ယူရေနီယမ်များကို ထုတ်လုပ်နိုင်စွမ်းမရှိသေးသည့်အတွက် ယခုနှစ်အတွင်း နျူကလီးယားဗုံးထုတ်လုပ်နိုင်မည်မဟုတ်သေးကြောင်း အပြည်ပြည်ဆိုင်ရာသိပ္ပံနှင့်လုံခြုံရေးအင်စတီကျု (ISIS)က ဇန်နဝါရီလ ၂၅ ရက်တွင် အစီရင်ခံစာထုတ်ပြန်ခဲ့သည်။

နျူကလီးယားပြ၊ရှင်ဒေးဗစ်အောဘရိုက်တည်ထောင်ခဲ့သော ယင်းအင်စတီကျု၏အစီရင်ခံစာမှာ အမေရိကန်နှင့်မဟာမိတ်များက အီရန်နျူစီမံကိန်းနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်နေသကဲ့သို့မဟုတ်ဘဲ စိုးရိမ်မှုအနည်းငယ်လျော့ကျစေနိုင်သည့် တွေ့ရှိချက်တစ်ခုဖြစ်ခဲ့သည်။ ယူရေနီယမ်သန့်စင်မှုလုပ်ငန်းများတွင်ယခု အချိန်ထိအကန့်အသတ်ရှိနေသေးသဖြင့် အီရန်ခေါင်းဆောင်များသည် နျူလက်နက်ထုတ်လုပ်ရန် ဆုံးဖြတ်ချက်မချသေးကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

(USIP)ကို အမေရိကန်လွှတ်တော်က ၁၉၈၄ ခုနှစ်တွင် အမှီအခိုကင်းသော၊ ပါတီစွဲမရှိဘဲ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ *Ref:Reuters*

## ယုံကြည်ရသော၊ ငြိမ်းချမ်းသောယီမင်ရွေးကောက်ပွဲဖြစ်စေရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီတိုက်တွန်း

ဖေဖော်ဝါရီလတွင်ပြုလုပ်မည့် ယီမင်သမ္မတရွေးကောက်ပွဲမှာ အများက ယုံကြည်စိတ်ချရသော၊ အကြမ်းမဖက်သော၊ ငြိမ်းချမ်းသော ရွေးကောက်ပွဲဖြစ်စေရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဇန်နဝါရီလ ၂၆ ရက်တွင် တိုက်တွန်းခဲ့သည်။ သို့သော် ယီမင်တွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများလိုအပ်နေမှုမှာ စိုးရိမ်ဖွယ်အခြေအနေရောက်နေကြောင်း လုံခြုံရေးကောင်စီအစီရင်ခံစာတွင် ဖော်ပြထားသည်။

ယီမင်တွင် နိုင်ငံရေးအသွင်ကူးပြောင်းမှုပြုလုပ်ရာ၌ တိုးတက်မှုအချို့ရှိခဲ့မှုကို ကြိုဆိုကြောင်း အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ သို့သော် နိုင်ငံတွင်း လုံခြုံရေးအခြေအနေဆိုးရွားနေမှုနှင့် အယ်လ်ကေးဒါးတို့ခြေကုပ်ယူနိုင်မှု မြင့်တက်လာခြင်းအပေါ် အလွန်အမင်းစိုးရိမ်မိကြောင်း လုံခြုံရေးကောင်စီက ထုတ်ပြန်ခဲ့သည်။

ရာထူးနုတ်ထွက်ရေးအတွက် လူထုတောင်းဆိုဆန္ဒပြမှုကို တစ်နှစ်နီးပါးကြုံတွေ့ခဲ့ရသော ယီမင်သမ္မတအလီအဗ္ဗဒူလာဆာလက်ဟ်သည် ဆေးကုရန် အမေရိကန်သို့ ဇန်နဝါရီလ ၂၂ ရက်တွင် ထွက်ခွာခဲ့ကြောင်း သိရသည်။ သမ္မတနန်းတော်တွင် ဗုံးခွဲတိုက်ခိုက်မှုအတွင်း ဒဏ်ရာရရှိခဲ့သော ဆာလက်ဟ်သည် ဆော်ဒီအာရေဗျ၌ ဆေးကုသမှုခံယူခဲ့ရသည်။ ပြီးခဲ့သောနှစ်က GCC ၏ ရာထူးနုတ်ထွက်ရေးဆိုင်ရာအဆိုပြုချက်ကို ဆာလက်ဟ်က လက်မှတ်ထိုးခဲ့ပြီးနောက် လနှင့်ချီကြာခဲ့သော နိုင်ငံရေးအကျပ်အတည်းအဆုံးသတ်ခဲ့သည်။

GCCအဆိုပြုချက်တွင် အဓိကပါဝင်သော ဆာလက်ဟ်ကို တရားစွဲဆိုမှုမှကင်းလွတ်ခွင့်ပေးသည့် အငြင်းပွားဖွယ်ဥပဒေတစ်ရပ်အား ယီမင်လွှတ်တော်က ပြီးခဲ့သောသီတင်းပတ်တွင် အတည်ပြုခဲ့သည်။ အပြန်အလှန်အနေဖြင့် အာဏာကို ၃၃ နှစ်ကျော်ကြာချုပ်ကိုင်ခဲ့သော ဆာလက်ဟ်သည် ဖေဖော်ဝါရီလတွင် ရာထူးမှနုတ်ထွက်ရမည်ဖြစ်သည်။

GCC အဆိုပြုချက်ကို ဆာလက်ဟ်က လက်မှတ်ထိုးခဲ့မှုအား အတိုက်အခံပါတီများက လက်ခံခဲ့သည်။ *Ref: CNN*



ဆာနာမြို့ရှိ စစ်ကားတစ်စီးပေါ်တွင် ကလေးများထိုင်နေပုံ


Jardine Schindler

Schindler

CHALLENGING CAREER OPPORTUNITY

A leading multinational Elevator & Escalator Company with operations in over 12 countries in Asia, Myanmar Jardine Schindler Ltd., is looking for suitable candidates for the following positions as part of its expansion plan in Myanmar.

We look for qualified and motivated independent candidates and offer competitive packages and respectful working environment. All applicants shall not be older than 35 and have good command of English.

**Job Title: No. 1 : New Installation Product Line Manager (1) Position**

1. Strong Leadership Skill & people management
2. Excellent in presentation skill, negotiation, good Computer Skills
3. At least five years experience in Sales or project management
4. Graduate in engineering degree or diploma more preferable
5. Self-motivated, energetic, and decisive person
6. No gender constraint

**Job Title No. 2: Executive Secretary (1) Position**

1. (1~ 3 Years) Experience in Office Work
2. Good Computer Skill - able to use Microsoft Excel, Word, Power Point
3. Self-motivated, energetic

**Job Title No. 3: Finance Coordinator (1) Position**

1. Minimum (3) years Experience in Financial Back Ground
2. Graduate in B Com or LCCI Level III
3. Self-motivated, energetic, and decisive person

**Job Title No. 4: Logistic Executive (1) Position**

1. 2 years experience in Logistic Business or Export and Import Business
2. Good Computer Skill - able to use Microsoft Excel, Word, Power Point
3. Self-motivated, energetic, and decisive person
4. No gender constraint

**Job Title No. 5: Service Technician in Yangon Nay Pyi Taw, Mandalay (3) Positions**

1. Minimum (2~3) years Experiences in Elevator & Escalator Maintenance Work
2. Graduate, engineering degree or diploma
3. Self-motivated, energetic, easy to learn and decisive person
4. Male Only and Physically Strong

**Job Title No. 6: Apprentice (3) Positions**

1. Graduate in engineering degree or diploma
2. Self-motivated, energetic, and easy to learn
3. Male Only & Physically Strong

Those who are interested in the positions and meet the above-mentioned qualifications are welcome to submit CV with a recent photo to the following address by 29th February, 2012. Only short listed will be invited for interview.

Myanmar Jardine Schindler Ltd.
No. 15 (F), Than Ta Man Street
Dagon Township
Yangon, Myanmar
Attention: HR Executive
Tel: 226 930/228 376

# သဘာဝပတ်ဝန်းကျင်အတွက် ပြန်လည်စဉ်းစားရမည့် ကမ္ဘောဒီးယားဆည်စီမံကိန်းများ

အောင်မျိုးသူ



ဘန်သာဝရီနှင့်သူ့ရဲ့မိသားစုဟာ ကမ္ဘောဒီးယားနိုင်ငံ၊ ခမ်ပေါ့(Kampot) ပြည်နယ်ရဲ့တောက်ချူး(Toek Chhou)မြစ်အထက်ကတောင်ကုန်းတွေအနီးမှာ မွေးကတည်းက နေလာခဲ့ကြတာပါ။ ခြင်းတောင်းယက်ဖို့အတွက် ဝါးပင်တွေ ခုတ်ပြီး အသက်မွေးခဲ့ကြပါတယ်။ ဒါပေမဲ့ တရုတ်ကုမ္ပဏီ Sinohydro က ၂၀၀၇ ခုနှစ်မှာ ၁၉၃ မဂ္ဂါဝပ်ထွက်မယ့် ကမ်ချေ(Kamchay)ဆည်ကို လာဆောက်ပြီးတဲ့နောက်ပိုင်းမှာတော့ ဒီတည်ငြိမ်အေးချမ်းလှတဲ့ မြို့လေးဝန်းကျင်မှာအပြောင်းအလဲတွေရှိလာခဲ့ပါတယ်။

မစ္စသာဝရီရဲ့ခင်ပွန်း ခင်ဆိုဖာဟာ တခြား ရွာနီးချုပ်စပ်က လူတွေလိုပဲ ဝါးခုတ်ဖို့အတွက် ဆည်ကြီးကိုပတ်ပြီး ၆ မိုင်လောက် ခရီးသွားနေရပါပြီ။ “အရင်တုန်းက ကျွန်မ တို့လိုတာက စက်ဘီးတစ်စီးနဲ့ ဓားတစ်လက်ပါပဲ။ ဒါပေမဲ့ အခုတော့ မဟုတ်တော့ပါဘူး”ဟု အသက် ၃၂ အရွယ် ကလေးနှစ်ယောက်မိခင် သာဝရီက ပြောခဲ့ပါတယ်။

အခုတော့ ရွာသားတွေက ဝါးပင်တွေရှိတဲ့ ကန့်သတ်နယ်မြေကိုသွားဖို့ လှေတစ်စီးရယ် ထရပ်ကားတစ်စီးရယ် ရှာနေရပါပြီ။ သာဝရီရဲ့ခင်ပွန်းဆိုရင် ဝါးခုတ်ဖို့အတွက်နဲ့ ခရီးစရိတ်လျှော့ချဖို့အတွက် တောထဲကို တစ်ပတ်တစ်ခါပဲ သွားနိုင်ပါတော့တယ်။ တစ်ခါက ရေတွေစီးနေခဲ့တဲ့ ကမ်ခြေဆည်ရဲ့ မြစ်အောက်ပိုင်းဟာဆိုရင် အခုတော့ နေရောင်အောက်မှာ ကျောက်တုံးကြီးတွေကို မြင်နေရပါပြီ။ မြစ်ရှေ့ဘက်က စားသောက်ဆိုင်ပိုင်ရှင်တွေက ရေကူးဖို့ လူတွေမလာလို့ စီးပွားရေး မကောင်းတော့တဲ့အကြောင်းပြောနေကြပါတယ်။

ကမ္ဘောဒီးယား စီးပွားရေးဟာ ပြီးခဲ့တဲ့နှစ်က ၆ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့တယ်လို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားပါတယ်။ စီးပွားရေးတိုးတက်နေတာတွေကို ဖြည့်ဆည်းပေးဖို့အစိုးရက စွမ်းအင်ထုတ်လုပ်မှုကို တိုးမြှင့်လိုနေပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာ ရေအားလျှပ်စစ်ဆည် ၂၀ ကျော် တည်ဆောက်နေပြီး လက်ရှိ မဂ္ဂါဝပ် ၁၀၀၀ အောက်လောက် ထုတ်နေရာက မဂ္ဂါဝပ် ၁၀၀၀၀ ကျော်အထိ ထုတ်လုပ်ဖို့ကြိုးပမ်းနေပါတယ်။ ဆည် ၁၀ ခုကို တည်ဆောက်နေဆဲဖြစ်ပြီး နောက်ထပ် ဆည် ၂၅ ခုကျော်တည်ဆောက်ဖို့ စီစဉ်ထားတဲ့ လာအိုနိုင်ငံလိုမျိုးပါပဲ။ ကမ္ဘောဒီးယားဟာ ဆည်သစ်တွေကနေ ရရှိမယ့် လျှပ်စစ်ဓာတ်အား တချို့တစ်ဝက်ကို နိုင်ငံခြားကိုရောင်းချင်နေပါတယ်။

ပြည်တွင်းမှာ စွမ်းအင်စျေးနှုန်းကိုလျှော့ချပြီး အလုပ်အကိုင်ပိုဖန်တီးဖို့အတွက် စွမ်းအင်တင်သွင်းမှုကို လျှော့ချပြီး ပြည်တွင်းမှာလည်း စွမ်းအင်ဖြန့်ဖြူးမှုကိုတိုးမြှင့်ဖို့ အစိုးရက ကြိုးပမ်းနေပါတယ်။ “ဒီစီမံကိန်းတွေရဲ့ရရှိမယ့်အကျိုးအမြတ်တွေကတော့ အများကြီးပါပဲ။ လျှပ်စစ်ဓာတ်အား စျေးချိုမယ်။ အလုပ်အကိုင်အသစ်တွေ၊ စီးပွားရေးအခွင့်အလမ်းသစ်တွေရလာမယ်။ စွမ်းအင်အရင်းအမြစ်တွေ ပိုများလာမယ်”ဟုလန်ဒန်အခြေစိုက် IHS Global မှ လေ့လာသုံးသပ်သူ မာရီယာပက်ထရီကိုင်နန်ကပြောကြားခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီဆည်တွေဟာ အကောင်းထက် ထိခိုက်နစ်နာမှုတွေ ပိုရှိလာနိုင်တယ်လို့လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေကပြောပါတယ်။

ခမ်ပေါ့ပြည်နယ်က လိုမျိုးအခြေအနေမျိုးကို တခြားပြည်နယ်တွေမှာလည်း မကြာခင်ဖြစ်လာနိုင်ပြီး သာဝရီတို့လို မိသားစုတွေရဲ့ အသက်မွေးမှုကို ထိခိုက်လာပါလိမ့်မယ်။ ဆည်တွေရဲ့ အစိုးရိမ်ရဆုံးခြိမ်းခြောက်မှုကတော့ ကမ္ဘောဒီးယားကျေးလက်ပြည်သူတွေရဲ့စားနပ်ရိက္ခာဖူလုံရေးပါပဲ။

“ဆည်ကြီးတွေက မြစ်တွေရဲ့ ဂေဟဗေဒစနစ်ကိုထိခိုက်၊ ငါးတွေရဲ့ အရွှေ့အပြောင်းလမ်းကြောင်းတွေကို အတားအဆီးဖြစ်ပြီး ရေစုန်ကနေပါလာတဲ့အာဟာရကြွယ်ဝတဲ့အနည်အနှစ်တွေကမြစ်ကမ်းဘေးက လယ်ကွင်းတွေ၊ ဥယျာဉ်တွေဆီ စီးမလာတော့ပါဘူး” ဟု အမေရိကန် အခြေစိုက်အပြည်ပြည်ဆိုင်ရာမြစ်များအဖွဲ့(International Rivers)မှ အရှေ့တောင်အာရှရေးရာညွှန်ကြားရေးမှူး အေမီထရန်ဒန်က ပြောခဲ့ပါတယ်။ “မြစ်တွေရဲ့ရေလှောင်ကန်ကြီးတွေကလူတွေကို အနေပျက်စေသလိုသစ်တောတွေကိုလည်းပျက်စီးစေပါတယ်။

**ရေလှောင်ကန်ကြီးတွေက လူတွေကို အနေပျက်စေသလို သစ်တောတွေကိုလည်း ပျက်စီးစေပါတယ်။ လူတွေရဲ့ အသက်မွေးမှုကို ဖျက်ဆီးပြီး စားနပ်ရိက္ခာဖူလုံရေးကို ထိခိုက်ကာ ဆင်းရဲမွဲတေမှုကို ပိုဆိုးစေပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေလည်း ဖြစ်လာစေပါတယ်**

လူတွေရဲ့အသက်မွေးမှုကို ဖျက်ဆီးပြီး စားနပ်ရိက္ခာဖူလုံရေးကို ထိခိုက်ကာ ဆင်းရဲမွဲတေမှုကို ပိုဆိုးစေပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေလည်း ဖြစ်လာစေပါတယ်”လို့ သူက ပြောခဲ့ပါတယ်။

လူအများစုက မဲခေါင်မြစ်အောက်ပိုင်းမှာစီစဉ်ထားတဲ့ လာအိုက ရာရာဘူရီဆည်ကို အာရုံစိုက်နေကြပါတယ်။ ဒါပေမဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေက ကမ္ဘောဒီးယားနိုင်ငံထဲက မဲခေါင်မြစ်လက်တက်တွေရဲ့ ရေစုန်မှာ ဆောက်မယ့်ဆည်တွေကလည်း သဘာဝပတ်ဝန်းကျင် ပျက်စီးစေနိုင်တယ်ဆိုတာပြောနေပါတယ်။ ဗီယက်နမ်လျှပ်စစ်လုပ်ငန်း(Électricité du Vietnam)က မဲခေါင်မြစ်လက်တက်တွေက အကြီးဆုံးမြစ်ဖြစ်တဲ့ ဆီဇန် (Sesan) မြစ်မှာဆည်တစ်ခုကို လာမယ့်နှစ်မှာ စဆောက်ပါတော့မယ်။ နောက်သုံးနှစ်အတွင်း ထိုင်းနယ်စပ် ပါဆက်ပြည်နယ်မှာ တရုတ်နိုင်ငံက ဆည် ၂ ခု မကြာခင် စဆောက်ပါတော့မယ်။ ဒီဆည်တွေက မဲခေါင်မြစ်နဲ့ချိတ်ဆက်နေတဲ့အတွက်ကြောင့် ဒေသခံငါးဖမ်းသမားတွေအတွက် ဆိုးဝါးတဲ့အကျိုးဆက်တွေရှိစေနိုင်ပြီး ဆည်တွေကြောင့် ဗီယက်နမ် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသနဲ့ ကမ္ဘောဒီးယားနိုင်ငံထဲက (Tonle Sap)ကန်တွေဆီကို အာဟာရကြွယ်တဲ့ အနည်အနှစ်တွေမစီးတော့ဘူးလို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေက ပြောပါတယ်။ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသဟာ ဗီယက်နမ်စပါးကျီဖြစ်ပြီး ဆန်စိုက်ပျိုးမှုရဲ့ ၄၀ ရာခိုင်နှုန်းရှိတဲ့ နေရာ၊ ငါးဖမ်းသမားများ မှီခိုတဲ့နေရာ၊ လူ ၁၇ သန်း လောက်နေတဲ့နေရာဖြစ်တယ်လို့ မဲခေါင်မြစ်ကော်မရှင်က ဆိုပါတယ်။

“ကမ္ဘောဒီးယားဟာ လူ ၁၃ သန်းကျော်စားနပ်ရိက္ခာဖူလုံရေးအတွက် ငါးဖမ်းဆီးမှုကို အဓိကထားပြီးနေတဲ့နိုင်ငံဖြစ်ပါတယ်။ ဆည်တွေကြောင့် ငါးတွေအပြောင်းအရွှေ့ဖြစ်လာပြီး စားနပ်ရိက္ခာဖူလုံရေးကို ထိခိုက်နိုင်ပါတယ်”လို့ WWF က ရေအားလျှပ်စစ်လုပ်ငန်းကျွမ်းကျင်သူ မာ့ခ်ကွိုင်ချော့ကပြောခဲ့ပါတယ်။ ဆည်တွေကြောင့် သဘာဝပတ်ဝန်းကျင်နဲ့ လူမှုရေးသက်ရောက်မှုတွေ ကိုလေ့လာရာမှာ ခက်ခဲလာတယ်လို့ ဒေသတွင်းရေအားလျှပ်စစ်ဖွံ့ဖြိုးရေးလုပ်ငန်းစောင့်ကြည့်လေ့လာသူများက ပြောပါတယ်။

“လောလောဆယ်မှာတော့ ဖွံ့ဖြိုးရေးအတွက် ဆည်ဆောက်တာကို အကောင်းဆုံးနည်းလမ်းလို့ မယူဆကြတော့ပါဘူး”လို့ အင်္ဂလန်က East Anglia တက္ကသိုလ်၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးကျောင်းမှာ ဒေါက်တာကျမ်းပြုစုလာသူ ဒေးဗစ်ဘလိတ်က ပြောကြားခဲ့ပါတယ်။ ရေအားလျှပ်စစ်ဆည်တွေက ယူဆောင်လာမယ့် အကျိုးစီးပွားတွေထဲမှာ ဒေသခံတွေအတွက်လည်း ပါသင့်တယ်လို့ သူကပြောပါတယ်။

ဆည်တွေက အလျင်အမြန်တိုးတက်နေတဲ့ ဒေသတစ်ခုမှာ လျှပ်စစ်ဓာတ်အားစျေးချိုစေတယ်။ အလုပ်အကိုင်သစ်တွေရရှိစေတယ်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရစေတယ်။ ဥပမာ ကမ်ချေဆည်ဟာဆိုရင် ကမ္ဘောဒီးယားမြို့တော် ဖနွမ်းပင်၊ တောင်ပိုင်းမှာ လျှပ်စစ်ဓာတ်အားပုံမှန်မရတဲ့ ခမ်ပေါ့နဲ့ပရသီဟာနွတ်လိုပြည်နယ်တွေအတွက် လျှပ်စစ်ဓာတ်အားရင်းမြစ်တစ်ခုဖြစ်လာပါတယ်။ ဒါပေမဲ့လည်း ဒေသတွင်းမှာ အငြင်းပွားမှုဖြေရှင်းတဲ့လုပ်ထုံးလုပ်နည်းတွေမရှိတဲ့ အားနည်းချက်မျိုးကြောင့် နစ်နာမှုအကျိုးဆက်တွေကို ရှောင်ရှားဖို့ခက်တယ်လို့ လေ့လာသူတွေကပြောပါတယ်။

“ဒီစီမံကိန်းက ထိန်းသိမ်းထားတဲ့ ဥယျာဉ်တစ်ခုပေါ်မှာ ဆောက်ထားတယ်။ အကျိုးဆက်တွေကို လေ့လာခဲ့တာလည်းမလုံလောက်ဘူး။ သက်ဆိုင်တဲ့လူ့အဝန်းအဝိုင်းကိုလည်း မတိုင်ပင်ခဲ့ဘူး။ ဒီလိုမျိုးတွေထပ်ဖြစ်လာရင် နိုင်ငံအတွက်အန္တရာယ်ရှိပါတယ်” လို့ International Rivers မှ မစ္စထရန်ဒန်က ပြောခဲ့ပါတယ်။

ဝါးခြင်းတောင်းရက်တဲ့ သာဝရီကဆည်မဆောက်ခင်တုန်းကလည်း သူတို့အနေဖြင့်မသိခဲ့ကြောင်း၊ သိခဲ့ပါက ခင်ပွန်းဖြစ်သူ၏ခရီးပိုသွားရမှုအတွက် တစ်ပတ် ၁၅ ဒေါ်လာ လျော်ကြေးတောင်းမှာဖြစ်ကြောင်း ပြောခဲ့ပါတယ်။ ဒါဆိုရင်သူဝင်ငွေက တစ်ပတ်ကို ဒေါ်လာ ၁၀၀ လောက်ရှိမှာပါ။

“လျှပ်စစ်တွေကတော့ စီးနေမှာပါပဲ။ ဒါပေမဲ့ ကျွန်မအတွက်တော့ ဝါးခုတ်ရတဲ့ အခြေအနေပျက်စီးသွားပါပြီ”ဟုသူက ပြောခဲ့ပါတယ်။

*Ref: NY Times*

## ဆူနာမီဖြစ်ပွားစဉ်အတွင်းကျောင်းသားများ သေဆုံးမှုအတွက် တာဝန်ရှိသည်ဟု ဂျပန်ကျောင်းများ ဝန်ခံ

ဂျပန်နိုင်ငံတွင် မတ်လအတွင်းကဖြစ်ပွားခဲ့သည့်အင်အားပြင်းငလျင်နှင့်နောက်ဆက်တွဲ ဆူနာမီကြောင့် ကျောင်းသားနှင့် ဆရာ ၈၄ ဦး သေဆုံးခဲ့မှုအတွက် တာဝန်ရှိသည်ဟု Ishinomaki မြူနီစပယ်ပညာရေးဘုတ်အဖွဲ့နှင့် အိုကာဝါမူလတန်းကျောင်းအုပ်တို့က ဝန်ခံခဲ့သည်။

မတ်လ ၁၁ ရက်နေ့က ဖြစ်ပွားခဲ့သည့် ငလျင်နှင့်ဆူနာမီကြောင့် ကျောင်းသား ၇၄ ဦးနှင့် ဆရာ ၁၀ ဦး သေဆုံးခဲ့ပြီးနောက်စာသင်ကျောင်းများ၏ ဘေးအန္တရာယ်မှ ကယ်ဆယ်ရေးလုပ်ဆောင်ချက်များကို ဘုတ်အဖွဲ့က ပြန်လည်သုံးသပ်ခဲ့ခြင်း ဖြစ်သည်။

ဆူနာမီနှင့်ပတ်သက်သည့် သတိပေးမှုများကို ရရှိခဲ့သော်လည်း ကယ်ဆယ်ရေးလုပ်ဆောင်ချက်များကို ဆောက်ရွက်ရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ကျောင်းသားများ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ဝန်ခံခဲ့သည်။

*Ref:The Yomiuri Shimbun*

**TRADE MARK CAUTION**

**SEIKO HOLDINGS KABUSHIKI KAISHA,** of 5-11, Ginza 4-chome, Chuo-ku, Tokyo, Japan, is the Owner and Sole Proprietor of the following Trademark:-

**ANANTA**

**Reg. No. 4/7637/2008**

in respect of "Watches, clocks, stopwatches; horological and chronometric apparatus and instruments; cases, parts, watch boxes and fittings for all the aforesaid goods; all included in **Class 14.**"

Any fraudulent imitation or unauthorized use of the said Trademark will be dealt with according to law.

**U Nyunt Tin Associates,** Intellectual Property Law Firm
P.O. Box 952, Yangon, Myanmar.
Tel: 951 375754, Fax: 951 254321, Email: info@untlaw.com
For **SEIKO HOLDINGS KABUSHIKI KAISHA**
Dated: 1 February, 2012.

S A T I R E



# ပြည်တော်သာစီမံကိန်းကြီးလို ရေစုန်မျှောမသွားစေဖို့

လူထုစိန်ဝင်း

**မြန်မာနိုင်ငံဟာလည်း နိုင်ငံခြားကူညီထောက်ပံ့မှုတွေနဲ့ ချေးငွေတွေ မကြာမီရောက်ရှိလာဖွယ်ရှိလေတော့ အာဖရိကလိုမဖြစ်ရအောင်အကျင့်ပျက်ခြစားမှုတွေကို ကြိုတင်ရှင်းလင်းဖယ်ရှားထားဖို့လိုပါတယ်။ ဒီလိုလုပ်မထားနိုင်ရင် ဖဆပလခေတ်က လူတစ်ကိုယ်တိုက်တစ်လုံး၊ ကားတစ်စီးနဲ့ လစဉ်ဝင်ငွေကျပ် ၅၀၀ ဆိုတဲ့ ပြည်တော်သာစီမံကိန်းကြီး ရေစုန်မျှောသလို ဖြစ်သွားနိုင်ပါတယ် ...**

နိုင်ငံခြားဧည့်သည်တွေ တစ်ယောက်ဝင်တစ်ယောက်ထွက် ဝင်လာမစဲ တဖွဲဖွဲဖြစ်နေတာကိုကြည့်ပြီး မြန်မာနိုင်ငံသားအားလုံးဝမ်းသာအားရဖြစ်ကြတယ်။အထူးသဖြင့်နှစ်ပေါင်းငါးဆယ်ကျော်ခပ်စိမ်းစိမ်းနေခဲ့ကြတဲ့ အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ်စတဲ့ အနောက်နိုင်ငံတွေက နိုင်ငံခြားရေးဝန်ကြီးတွေကိုယ်တိုင်ရောက်လာကြတာကို ပိုပြီးသဘောတွေ့ကြတယ်။

## ကိုယ်ထူကိုယ်ထပင်ပန်းလှပြီ

ရောက်လာသမျှဧည့်သည်တိုင်းကလည်း အားတက်စရာစကားတွေပြောသွားကြတယ်။ စီးပွားရေးပိတ်ဆို့မှုတွေရုပ်သိမ်းဖို့ နီးစပ်လာပြီ၊ ကူညီထောက်ပံ့မှုတွေနဲ့ ချေးငွေတွေလည်း ပြန်ပေးမယ်။ ရင်းနှီးမြှုပ်နှံမှုတွေလည်း လာကြမယ်စတဲ့ စတဲ့စကားတွေကို မစားရဝခမန်းပြောကြတယ်။ နှစ်ပေါင်းငါးဆယ်လုံးလုံး အရာရာတိုင်းကိုယ့်အားကိုယ်ကိုး ကိုယ်ထူကိုယ်ထချည်းလုပ်နေကြရလို့ ပင်ပန်းလှပြီဖြစ်တဲ့တိုင်းသူပြည်သားများအဖို့တော့ ကူညီထောက်ပံ့မှုတွေလာတော့မယ်ဆိုတဲ့စကားဟာ မင်္ဂလာအရှိဆုံးဖြစ်နေပါတော့တယ်။

## အားခဲနေကြတယ်

ဒါ့အပြင် မြန်မာလူမျိုးတိုင်းရဲ့ရင်ထဲမှာကျိတ်ပြီး မခံချိမခံသာဖြစ်နေရတာတွေကလည်း နည်းနည်းနောနောမှမဟုတ်တာ။ ဟိုအရင်က ကိုယ့်ကိုမော့ကြည့်နေခဲ့ရတဲ့ နိုင်ငံတွေက အခု ကိုယ့်ကိုမတူသလို မတန်သလိုဆက်ဆံနေကြတာတွေ မနည်းအောင့်အီးသည်းခံနေခဲ့ကြရတာကြာနေပြီ။ အထူးသဖြင့် ကိုယ့်ဆီကသယံဇာတတွေကိုယူပြီး သူတို့ သူဌေးဖြစ်နေကြတာတွေကိုမခံချင်ဘူး။ ဒါပေမဲ့ ကိုယ်လည်း ဘာမှမတတ်နိုင်လို့ 'နေသေးသပချုံထဲက ချိုသွေးသမျှတမြမြ' ပဲလုပ်နေခဲ့ကြရတယ်။ အခုလိုကူညီထောက်ပံ့မှုတွေ အလုံးအရင်းနဲ့ ဝင်လာမယ်ဆိုတော့ လုပ်လိုက်မဟဲ့ဆိုပြီး အားခဲနေကြတယ်။ ဝမ်းသာအားရ စောင့်ကြိုနေကြတယ်။

## ပြင်စရာရှိတာပြင်ဆင်ဖို့

ကိုယ်တိုင်လည်းဝမ်းသာကျေနပ်ဖြစ်ပါတယ်။ ကူညီထောက်ပံ့မှုတွေဝင်ရောက်လာတဲ့အခါကိုယ့်ဘက်က အဆင်သင့်ဖြစ်အောင် ပြင်ဆင်စရာရှိတာတွေပြင်ဆင်ထားဖို့လည်း စဉ်းစားမိပါတယ်။ စီးပွားရေးသမားမဟုတ်ဘဲသတင်းစာသမားဖြစ်တော့ တစ်ချိန်ချိန်မှာရရှိလာမယ့်နေ့စဉ်သတင်း စာထုတ်ဝေခွင့်အတွက်ပဲ ဦးဆုံးစဉ်းစားမိတယ်။ စာပေစိစစ်ရေးဆက်ပြီး ရှိနေဦးမှာလား။ ဘယ်တစ်ချိန်မှာ လုံးဝရုပ်သိမ်းမှာလဲဆိုတာက ကိုယ့်ကိစ္စမဟုတ်တော့ ဒီအကြောင်း စဉ်းစားမနေချင်ဘူး။ ကိုယ့်ကိစ္စပဲကိုယ်စဉ်းစားတော့မယ်။ နေ့စဉ်သတင်းစာထုတ်ဝေခွင့်ရတဲ့အခါ ကိုယ့်ဆီမှာလုံလောက်တဲ့အင်အားအမှန်တကယ်ရှိနေပြီလားဆိုတာသုံးသပ်ဖို့လိုတယ်။သတင်းရှာတတ်၊ လိုက်တတ်၊ နှိုက်တတ်တဲ့ သတင်းထောက်တွေအလုံအလောက်ရှိရဲ့လားဆိုတာဆန်းစစ်ရမယ်။ အင်တာဗျူးလုပ်ရာမှာ မေးခွန်းမေးတတ်ရဲ့လားဆိုတာလည်း ကြည့်ရမယ်။ အယ်ဒီတာတွေကလည်း သတင်းထောက်တွေကိုဦးဆောင်လမ်းညွှန်မှုပြနိုင်တဲ့ အရည်အချင်းရှိဖို့လိုတယ်။ စာနယ်ဇင်းကျင့်ဝတ်တွေကိုလည်း နှောကျေအောင်သိထားမှဖြစ်မယ်။ ဒီအချက်တွေကိုစဉ်းစားပြီးပြင်ဆင်ထားကြဖို့ ဂျာနယ်သမားလူငယ်တွေကို တိုက်တွန်းပါတယ်။

## စီးပွားရေးသမားစစ်စစ်ပေါ်ထွက်ဖို့

စီးပွားရေးစာမျက်နှာမှာလည်း ပြင်ဆင်စရာတွေအများကြီးရှိပါတယ်။ အရေးကြီးဆုံးအချက်ကတော့ စီးပွားရေးသမားစစ်စစ်တွေပေါ်ထွက်လာဖို့ဖြစ်တယ်။ ၁၉၈၈ခုနှစ်နောက်ပိုင်းကစပြီး ဈေးကွက်စီးပွားရေးစတင်ခဲ့တယ်ဆိုပေမယ့် အုပ်ချုပ်ရေးစနစ်ကတစ်သွေးတစ်သံတစ်မိန့်အာဏာရှင်စနစ်ဖြစ်နေတာကြောင့် ပီပြင်တဲ့ဈေးကွက်စီးပွားရေးဖြစ်မလာခဲ့ဘူး။ လုပ်ပိုင်ခွင့်အာဏာလက်ကိုင်ရှိသူက မီးစိမ်းမပြရင်ဘာမှလုပ်လို့မရဘူး။လုပ်ပိုင်ခွင့်ရှိသူဆီက ပါမစ်ရဖို့သိပ်အရေးကြီးတယ်။ ရိုးရိုးသားသားစီးပွားရေးလုပ်တဲ့သူတွေက လုပ်ပိုင်ခွင့်ရှိသူတွေနဲ့ဘယ်နီးစပ်မှာလဲ။ ဒီတော့ အများစုက မိရိုးဖလာလုပ်လာတဲ့လုပ်ငန်းကို စွန့်ပြီးဘေးထွက်ထိုင်နေလိုက်ကြတယ်။

## လက်သင့်ရာစားတော်ခေါ်

တချို့ကတော့ ထွက်မသွားဘဲကုပ်ကပ်ပြီးနေရင်းနဲ့လုပ်ပိုင်ခွင့်ရှိသူတွေနဲ့နီးစပ်ခင်မင်ရာတွေကိုလိုက်ရှာကြတယ်။ ရှာတော့လည်းတွေ့တာပေါ့။ ဒီလိုနဲ့ပဲ ကြားပွဲစား၊ ပါမစ်ပွဲစားဆိုတာတွေ တစ်ယောက်ပြီးတစ်ယောက်ပေါ်ထွက်လာကြတယ်။ကြာလာတော့ဈေးကွက်စီးပွားရေးဆိုတာလည်း မြန်မာ့ဆိုရှယ်လစ်ခေတ်ကလို 'လက်သင့်ရာစားတော်ခေါ်' တဲ့ စီးပွားရေးဖြစ်သွားပြီး စီးပွားရေးသမားစစ်စစ်တွေက လုံးဝဘေးကိုရောက် သွားကြတော့တယ်။ မြန်မာနိုင်ငံရဲ့ အစဉ်အလာလူများစုဖြစ်တဲ့ လူလတ်တန်းစားဆိုတာလည်း တဖြည်းဖြည်းပျောက်သွားပြီး သိပ်ချမ်းသာသူနဲ့ သိပ်ဆင်းရဲသူဆိုတဲ့ လူတန်းစားနှစ်ရပ်ပဲ ကျန်တော့သလိုဖြစ်သွားတယ်။

## အာဖရိကသင်ခန်းစာ

ကမ္ဘာပေါ်က အာဏာရှင်နိုင်ငံမှန်သမျှမှာ ချမ်းသာသူနဲ့ဆင်းရဲသူများရဲ့ကြားကကွာခြားချက်ဟာ သိပ်ကိုကြီးမားကြတယ်။ ဒီကွာခြားချက်သိပ်ကြီးမားမှုဟာအင်မတန်ကြောက်စရာကောင်းတယ်။ ဒါကို အထူးသတိထားဖို့လိုတယ်။ နောက်တစ်ခုသတိထားဖို့လိုတာကတော့ အာဖရိကတိုက်ကြီးလိုမဖြစ်စေဖို့ပဲ။ ဒုတိယကမ္ဘာစစ်ကြီးပြီးသွားတော့ အာဖရိကတိုက်ကြီးကို ဆင်းရဲမွဲတေခြင်းကလွတ်ကင်းအောင်လုပ်ဆောင်ဖို့ဆိုပြီး ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ ချမ်းသာတဲ့အနောက်နိုင်ငံတွေက နှစ်စဉ် နှစ်တိုင်းကူညီထောက်ပံ့မှုတွေ ချေးငွေတွေ ဒေါ်လာဘီလျံပေါင်းများစွာသုံးစွဲခဲ့ကြတယ်။ ဒါပေမဲ့ နှစ်ပေါင်းခြောက်ဆယ်ကျော်လာတဲ့အထိ အာဖရိကတိုက်ကြီးဟာ ဆင်းရဲမွဲတေသူအများဆုံး၊ ရောဂါအထူပြောဆုံး၊ စစ်ပွဲတွေအများဆုံးအဖြစ်ရှိနေသေးတယ်။

## အကျင့်ပျက်ခြစားမှုတိုက်ဖျက်

ဒီလိုဖြစ်ရတဲ့အကြောင်းများစွာထဲမှာ အာဏာရအသိုင်းအဝိုင်းနဲ့အုပ်ချုပ်ရေးယန္တရားအတွင်းအကျင့်ပျက်ခြစားမှုတွေထိန်းမနိုင်သိမ်းမရ ကြီးထွားနေမှုလည်း အဓိကနေရာကပါနေတယ်လို့ ကုလသမဂ္ဂနဲ့အကူအညီပေးရေးအဖွဲ့အစည်းများရဲ့ ထောက်ပြမှုတွေအရသိရတယ်။ မြန်မာနိုင်ငံဟာလည်း နိုင်ငံခြားကူညီထောက်ပံ့မှုတွေနဲ့ချေးငွေတွေမကြာမီရောက်ရှိလာဖွယ်ရှိလေတော့ အာဖရိကလိုမဖြစ်ရအောင် အကျင့်ပျက်ခြစားမှုတွေကိုကြိုတင်ရှင်းလင်းဖယ်ရှားထားဖို့လိုပါတယ်။ ဒီလိုလုပ်မထားနိုင်ရင် ဖဆပလခေတ်ကလူတစ်ကိုယ်တိုက်တစ်လုံး၊ ကားတစ်စီးနဲ့လစဉ်ဝင်ငွေကျပ် ၅၀၀ ဆိုတဲ့ပြည်တော်သာစီမံကိန်းကြီးရေစုန်မျှောသလိုဖြစ်သွားနိုင်ပါတယ်။

## လွတ်လပ်စွာရေးခွင့်ရှိဖို့

အကျင့်ပျက်ခြစားမှုတိုက်ဖျက်ဖို့အတွက် စာနယ်ဇင်းတွေကလွတ်လွတ်လပ်လပ်ရေးသားတင်ပြခွင့်ရှိဖို့အထူးရှိဖို့လိုတယ်။ ဒါ့အပြင်တရားစီရင်ရေးအဖွဲ့အစည်းကလည်းလုံးဝသန့်ရှင်းပြီး ကျင့်ဝတ်သိက္ခာကို အပြည့်အဝစောင့်ထိန်းဖို့လိုအပ်ကြောင်း ထောက်ပြရင်း အဆုံးသတ်လိုက်ပါတယ်။

# ဘုရင့်နောင်ဈေးကြီး၏ ယာဉ်ရပ်နားဝင်းအတွင်း ဆိုင်ခန်းအသစ်များဆောက်လုပ်မည့်အပေါ် ဈေးသူဈေးသားများ၏ သဘောထားဆန္ဒမဲကောက်ခံရာ ကန့်ကွက်မဲများပြားခဲ့

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ဈေးကြီး၏ ယာဉ်ရပ်နားဝင်းအတွင်း ဆိုင်ခန်းအသစ်များဆောက်လုပ်မှုအပေါ်တွင် ဈေးသူဈေးသားများ၏ သဘောထားဆန္ဒမဲကောက်ခံခြင်းကို ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ပြုလုပ်ခဲ့ရာ ယင်းအစီအစဉ်ကို ကန့်ကွက်သည့်မဲက ထောက်ခံသည့်မဲထက်ပိုမိုများပြားခဲ့ကြောင်း သတင်းရရှိသည်။



ဘုရင့်နောင်ဈေးကြီး၏ ယာဉ်ရပ်နားသည့်နေရာကို တွေ့ရစဉ်

ဘုရင့်နောင်ဈေးကြီး၏ ယာဉ်ရပ်နားသည့်နေရာ၏ အကျယ် ၂၈၀ ပေ× ၁၂၀ပေနေရာတွင် ဆိုင်ခန်း ၄၀ ပါဝင်သော အဆောက်အအုံတစ်ခုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဂမုန်းပွင့်ကုမ္ပဏီတို့အကျိုးတူပူးပေါင်း၍ ဆောက်လုပ်ရန် စီစဉ်ခဲ့ကြောင်း၊ အဆောက်အအုံဆောက်လုပ်မည့်နေရာမှာ ဈေးအတွင်းသို့ လာရောက်သည့်ယာဉ်များသာမက ဈေးအတွင်းမှ ပစ္စည်းတင်ယာဉ်များပါရပ်နားအသုံးပြုနေသည့်အတွက် ဈေးသူဈေးသားများက အဆောက်အအုံ ဆောက်လုပ်မည့်အစီအစဉ်ကို ကန့်ကွက်ခဲ့ကြကြောင်း သိရသည်။

ယင်းကဲ့သို့ ကန့်ကွက်မှုများကြောင့် အဆောက်အအုံ ဖောင်ဒေးရှင်းပြုလုပ်နေစဉ်မှာပင် ရပ်ဆိုင်းခဲ့ကြောင်း၊ထို့နောက်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနမှ အဆိုပါ ဆောက်လုပ်မည့်အစီအစဉ်နှင့်ပတ်သက်၍ဈေးသူဈေးများကို မဲပေးသည့်စနစ်ဖြင့် ဆုံးဖြတ်ခဲ့မည်ဟု ကန့်ကွက်မဲက ပိုမိုများပြားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

မဲပေးရာတွင် ဆိုင်ခန်းတစ်ခုလျှင် မဲတစ်မဲထည့်ရပြီး ဘုရင့်နောင်ဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၂၅၃၃ ခန်းရှိသည့်အနက် မဲလာရောက်ပေးသူဦးရေမှာ ၁၈၁၈ ဦးရှိခဲ့ပြီး ယင်းအထဲတွင် ထောက်ခံမဲမှာ ၂၆၈ မဲရှိခဲ့ပြီး ကန့်ကွက်မဲမှာ ၁၄၇၉ မဲဖြစ်ခဲ့ပြီး ပယ်မဲ ၇၁ မဲရှိခဲ့ကြောင်း သိရှိရသည်။

ကျော်ထင်

# ရွှေဘိုမြို့ အရပ်ရပ်အခွင့်အရေးလိုင်စင်ခွန်များ လေလံကြေး ယခင်နှစ်များထက်များစွာမြင့်တက်

ရွှေဘိုမြို့နယ်(၂၀၁၂-၂၀၁၃ ခုနှစ်) အရပ်ရပ်အခွင့်အရေးလိုင်စင်လေလံပွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမတွင် ဇန်နဝါရီလ ၂၅ ရက်နေ့က ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

လေလံကြမ်းခင်းဈေးမှာ ယခင်နှစ်ကထက် ငါးရာခိုင်နှုန်းတိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး လေလံအောင်သွားသောဈေးများမှာ ယခင်နှစ်များထက်များစွာမြင့်တက်ခဲ့ကြောင်း သိရှိရသည်။ အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်ပေါင်း ၃၀ ကို လေလံတင်ခဲ့ခြင်းဖြစ်ပြီး ၂၈ ခု လေလံအောင်ကာ ကျန်လိုင်စင်နှစ်ခုမှာလေလံဆွဲမည့်သူ မရှိခဲ့ကြောင်း သိရသည်။

စက်ဘီး၊ ဆိုင်ကယ်ထိန်းသိမ်းရေး လိုင်စင်သုံးနေရာတွင် (ဈေးအရှေ့ဘက်) ကြမ်းခင်းဈေး ကျပ် ၂၈၃၉၀၀၀ဖြစ်ပြီး လေလံအောင်ဈေးကျပ်၄၅၀၀၀၀၀၊(ဈေးမြောက်ဘက်) ကြမ်းခင်းဈေး ကျပ် ၂၂၀၀၀၀၀ ဖြစ်ပြီးလေလံအောင်ဈေးကျပ်၅၄၇၅၀၀၀၊ (စည်ပင်ရုံးအတွင်း) ကြမ်းခင်းဈေး ကျပ် ၆၄၈၀၀၀၀ဖြစ်ပြီး လေလံအောင်ဈေးကျပ်၁၃၆၂၀၀၀၀အသီးသီးရှိ ကြောင်း သိရသည်။

မြို့မအမဲလေလံကြမ်းခင်းဈေးမှာ ကျပ် ၅၅၉ သိန်းဖြစ်ပြီး လေလံအောင်သွားသောဈေးနှုန်းမှာ ကျပ် ၂၂၂၅သိန်းထိ ဖြစ်ခဲ့ကြောင်း၊ မြို့မဆိတ် လေလံကြမ်းခင်းဈေးမှာ ကျပ် ၁၁၅သိန်းမှ လေလံအောင်ဈေး ကျပ် ၁၈၇သိန်း၊မြို့မဝက်လေလံကြမ်းခင်းဈေးမှာ ကျပ် ၆၆၈သိန်းမှ လေလံအောင်ဈေး ကျပ်၆၉၂သိန်း၊ စုပေါင်းဂိတ်နှင့် အိမ်သာလေလံကြမ်းခင်းဈေးမှာ ကျပ်၃၀၃၄၀၀၀မှ လေလံအောင်ဈေး ကျပ်၂၇၉၀၀၀၀၊မြို့ဝင်ဘီးကောက်ခွန်လေလံကြမ်းခင်းဈေးမှာ ကျပ် ၂၆၆၆၀၀၀ ဖြစ်ပြီး လေလံအောင်ဈေးမှာ ကျပ် ၂၈၅၀၀၀၀ ရှိခဲ့ကြောင်း သတင်းရရှိပါသည်။

ရဲရင့်အောင်(ရွှေဘို)





ဂိုဒေါင်အလွတ်များငှားရန်ရှိသည်။
ငှားရမ်းလိုသူများ အမြန်ဆက်သွယ်ပါ။
ဆက်သွယ်ရန်ဖုန်း - ၀၉၅၀၇၃၆၆၂၊ ၀၉၅၁၇၂၄၃၆



မြန်မာ-ထိုင်းနယ်စပ်ဂိတ်အနီး ထိုင်းနိုင်ငံဘက်ခြမ်းတွင် ရွှေ့ပြောင်းလုပ်သားများကို ဇန်နဝါရီလဆန်းက တွေ့ရစဉ်။

# နိုင်ငံတော့ဖြင့် မခြားလိုပြီ

အရှင်သံဝရာလင်္ကာရ (ဓမ္မပိယဆရာတော်)

**ဒီမိုကရေစီနိုင်ငံအဖြစ် တကယ်အကောင်အထည်ဖော်မည်ဆိုလျှင် ပြည်သူတို့၏ စားဝတ်နေရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကအစ ရုံးကန်ကနားအရေး၊ လူ့အရေးအားလုံး အဖြစ်နိုင်ဆုံး၊ အတတ်နိုင်ဆုံး "သုခါပဋိပဒါခိပ္ပာဘိညာ" လွယ်လွယ်ကူကူနှင့် မြန်မြန်ဆန်ဆန် လိုရင်းကိစ္စပြီးမြောက်ဖို့ ယင်းအကျင့်၊ ယင်းမှုကို အထူးကျင့်သုံးဖို့ လိုအပ်ကြောင်း...**

၈၈ ခုနှစ်လောက်ဆီကစ၍ ဆယ်စုနှစ် နှစ်စုကျော်ကျော်အထိ လူအများစု နိုင်ငံခြား၊ ရှင်အချို့လည်း နိုင်ငံခြား၊ နိုင်ငံကိုတော်တော်ခြားလိုကြသည်။ နိုင်ငံခြားကို တော်တော်စိတ်ဝင်စားကြသည်။ စာရေးသူလည်း ၁၉၉၀ ဆီ ငယ်စဉ်က (စိတ်နာလွန်းလို့၊ စိတ်ကုန်လွန်းလို့) နိုင်ငံကိုအပြီးအပိုင်ခြားဖို့အထိပင် စိတ်ကူးပေါ်သည်။ သို့သော် အကြောင်းကြောင်းတွေကြောင့် နိုင်ငံမခြားဖြစ်ခဲ့။

အဘယ်ကြောင့် လူရော၊ ရှင်ပါ နိုင်ငံခြားလိုကြပါသနည်း။ အမှန်တကယ်လိုအပ်ချက်ကြောင့်လော၊ ပေါ်ပြူလာသဘောလော၊ ရလဒ်ကြောင့်လော၊ ရေကြည်ရာမြက်နုရာဆိုသည့်သဘောလော။ လိုအပ်ချက်ကြောင့်ဆိုလျှင် လိုအပ်ချက်က အဘယ်နည်း။ ပေါ်ပြူလာသဘောဆိုလျှင် အများစုနှင့်သက်ဆိုင်၏၊ မသက်ဆိုင်၏၊ ရလဒ်ကြောင့်ဆိုလျှင် ရလဒ်က အဘယ်နည်း။ ရေကြည်ရာမြက်နုရာဆိုလျှင် ဤ၌ရေနောက်နေ၍လော၊ မြက်ခြောက်နေ၍လော အလွှာသုံးပါး၊ အလွှာစုံအကြောင်းကြောင်းတွေကြောင့် နိုင်ငံခြားကိုသွားခဲ့ကြသည်မှာသန်းဂဏန်းတော်တော်များများမှာရှိသတဲ့။ လူသားအရင်းအမြစ်တွေ၊ လေလွင့်မှု၊ ဆုံးရှုံးမှု၊ ပြုန်းတီးမှုဟုယူဆရမည်။ ထိုသူတို့၏ လုပ်အားတွေ ဆုံးရှုံးရသဖြင့် တိုင်းပြည်နစ်နာသည်ကတော့ အမှန်ပင်။ နမြောဖွယ်ကောင်းလေစွ။

အရာရာကိုပညာဖြင့်ပုံဖော်ရသော ပညာခေတ်ကြီးထဲ၌ ပညာတတ်၊ ပညာရှင်များနိုင်ငံခြား၍သွားကြခြင်းသည် နိုင်ငံအတွက်ပို၍ နစ်နာဆုံးရှုံးသည်ဟုဆိုရပေမည်။ ယင်းသို့ ပညာတတ်၊ ပညာရှင်များ နိုင်ငံခြား၍ တိုင်းတစ်ပါးထွက်ခွာသွားခြင်းကို 'ဦးနှောက်ယိုစီးမှု' ဟု နာခေါင်းရှုံ့သူကရှုံ့၍ ကင်ပွန်းတတ်ကြသည်။ ဦးနှောက်ယိုစီးခြင်းဟုဆိုလျှင် ဦးနှောက်ပေါက်၍ ယိုစီးခြင်းတော့ မဖြစ်နိုင်။ ဦးနှောက်ပြည့်လျှံ၍ ယိုဖိတ်ခြင်း၊ လျှံကျခြင်း၊ ယိုစီးခြင်းသာဖြစ်ဖွယ်ရှိသည်။

ပျော်ရာမှမနေရ၊ တော်ရာမှာသာနေရသည့်ဘဝဖြင့် သူတို့အဆိုဦးနှောက်ယိုစီးသူများ။ တိုင်းတစ်ပါးသို့လွင့်စင်ကာဟိုရောက်သည်ရောက်ပုံ့ကျဲသွားရခြင်းသည်ဆွဲအားကြောင့်လော၊ တွန်းအားကြောင့်လော၊ ဆွဲအားကြောင့်ဆိုလျှင် ဆွဲအားက အဘယ်နည်း။ တွန်းအားကြောင့်ဆိုလျှင် တွန်းအားက အဘယ်နည်း။ အဘယ်အရာတွေကဆွဲဆောင်၍သွားသနည်း။ အဘယ်အရာတွေက တွန်းထိုး၍ထုတ်သနည်း။

လူလည်းနိုင်ငံခြား၊ ရှင်လည်းနိုင်ငံခြား၊ နိုင်ငံခြားမှုကိုအထူးစိတ်ဝင်တစားရှိသောခေတ်ကြီးတွင်"အရှင်ဘုရားကော နိုင်ငံခြားမကြွဘူးလား" ဟု ရံဖန်ရံခါအမေးခံရသည်များရှိသည်။ အမေးခံရဖန်များတော့ စိတ်ထဲကသိကအောင့်ဖြစ်လာသည်။ ထိုအခါ ဘုတောမိသည်။ "နိုင်ငံခြားတယ်ဆိုတာ ရောဂါတစ်မျိုးပါဗျာ" ဟူ၍ အဘယ်ရောဂါနည်း၊ နိုင်ငံကိုယ်တွေ့ခြားသူတို့ကပို၍သိပါမည်။ "ဟိုဆရာကြီးတော့ အမြဲနိုင်ငံခြားတယ်ဘုရား" ဟု အထွန့်တက်လာတော့။ "အဲဒါရောဂါမပျောက်သေးလို့ပေါ့" ဟု ထပ်ဆင့်၍ဘုတောမိသည်။ သြော် နိုင်ငံခြားဆိုသည့် ရောဂါ။ နိုင်ငံခြားရောဂါ။

နိုင်ငံခြားလျှင် ခြားသူကလည်း အထင်ကြီး၊ မခြားသူကလည်း အထင်ကြီး၊ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော် ငယ်စဉ်ကတော့နိုင်ငံခြားလိုသောရောဂါသည်းခဲ့ဖူးကြောင်း ရှေ့နား၌ပြောခဲ့ပြီ။ သို့သော် နောက်ပိုင်းလူပြောသူပြောအရအဝင်အထွက်ကိစ္စတွေမှာ နိုင်ငံကူးလက်မှတ်၊ဖြတ်သန်းခွင့်စာအုပ်ကိစ္စတွေမှာ'ဒုက္ခာပဋိပဒါ-ပင်ပန်းဆင်းရဲခက်ခဲသောအကျင့်ရှိခြင်း၊ ဒန္ဓာဘိညာ-ထိုထိုကိစ္စဆောင်ရွက်ရာတွင်ကြန့်ကြာခြင်း၊ နှောင့်နှေးခြင်း'အကြောင်းတွေကြားရသိရတော့ ထိုကိစ္စတွေကိုကြောက်ရွံ့လာသည်။ ထိုကိစ္စတွေနှင့်မပတ်သက်ချင်တော့။ ထိုသို့သော အကြောင်းကြောင်းတွေကြောင့် ငယ်ငယ်ကသည်းခဲ့သောရောဂါ၊ အတော်အတန်ပျောက်ကင်း၍သွားခဲ့လေသည်။

၁၉၉၈ ခုနှစ်ဆီက ဗုဒ္ဓဂယာဘုရားဖူးကိစ္စအဖော်ကောင်းလို့ထွက်ဖြစ်ခဲ့သည်။ ထိုစဉ်ကလည်း အေးဂျင့်နှင့်ဆိုတော့ ထိုစာရွက်စာတမ်းကိစ္စ၊ ရုံးကိစ္စတွေကို ကာယကံရှင်က ဘာမျှခက်ခဲပင်ပန်းစွာမလုပ်လိုက်ရ။ ယခု ၂၀၁၁ ခုနှစ်မှာတော့ အစာအိမ်ပြဿနာကျန်းမာရေးကိစ္စကြောင့် ဘန်ကောက်သို့သွားဖို့ကိစ္စပေါ်လာလေသည်။ Eleven က MD နှင့် CEOတို့၏ကူညီမှုဖြင့် ဘန်ကောက်သို့ သွားဖို့ စီစဉ်ရသည်။ ထိုအခါ ကိုယ်မသွားချင်သောရုံးကိစ္စတွေနှင့် မဖြစ်မနေပတ်သက်၍လာခဲ့ရသည်။ နိုင်ငံခြားဖို့လိုလာပြီဆိုတော့ ပထမဦးစွာဖြတ်သန်းခွင့် သို့မဟုတ် နိုင်ငံခြားခွင့်စာအုပ်လိုလာပြီ။ ထိုစာအုပ်ရရှိရေးအတွက် နိုင်ငံခြားဖူး၊ ဝင်ထွက်သွားလာ၊ နားလည်ပါးလည်ရှိသော ဥုးပဇင်းတစ်ပါးကိုဆက်သွယ်ရသည်။ သူက ထိုစာအုပ်လေးလုပ်ပေးနေကျသူကိုဆက်သွယ်သည်။

ထိုစာအုပ်ရရှိရေးအတွက် အရေးကြီးတာက ပထမဦးစွာ သာသနာရေးဌာနထောက်ခံစာ၊ နေပြည်တော်ထိတင်ရမှာမို့ နှစ်ပတ်ကြာမည်။ ထိုသာသနာရေးထောက်ခံစာတင်ဖို့အတွက်ရပ်ကွက်အာဏာပိုင်ထောက်ခံစာ၊ မြို့နယ်သံဃနာယကထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ ဦးစွာလိုသတဲ့။

သာသနာရေးထောက်ခံစာပါမှ ဖြတ်သန်းခွင့်စာအုပ်လျှောက်ခွင့် ပြည်ထဲရေးဌာနက လက်ခံသည်။ ထိုသာသနာရေးထောက်ခံစာလုပ်ပေးမယ့်ဌာနကလည်း ရှေ့က ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သံဃနာယက၊ မြို့နယ်ရဲစခန်းထောက်ခံစာ သုံးခုလိုသတဲ့။ အောင်မလေးလေး ဒါတွေ ဒါတွေကြောင့် နိုင်ငံခြားဖို့စိတ်ပျက်ခဲ့တာ ဆယ်စုနှစ် နှစ်စုမျှကြာခဲ့ပါပြီ။

သာသနာရေးထောက်ခံစာက သူ့လမ်းကြောင်းအတိုင်းသွားလျှင် ပုံမှန်နှစ်ပတ်ကြာမည်။ ထိုမျှ မစောင့်နိုင်။ ထို့ကြောင့် ထို့ထက်မြန်သောလမ်းကြောင်းရှာရသည်။ လမ်းကြောင်းတွေ့သွားတော့သာသနာရေးထောက်ခံချက်ကနေ့ချင်းပြီး အဆင်ပြေသွားသည်။ သြော် လမ်းကြောင်း လမ်းကြောင်း တယ်ပြီးအရေးပါပါလား။ အရေးပါနေဆဲပါလားဟူ၍။

သာသနာရေးထောက်ခံချက်ရတော့ နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးရာဌာနကိုသွားရသည်။ လုပ်နေကျကျွမ်းကျင်သူတစ်ယောက်လိုက်၍လုပ်ပေးသည်။ ဟိုမှာလည်း အသိရဲ့အုပ်တစ်ယောက် စားပွဲတိုင်းကိုလိုက်ပြောပေးသည်။ စားပွဲလေးလုံး၊ ငါးလုံး ဟိုပြေးရ သည်ပြေးရနှင့် ဖတ်ဖတ်ကိုမောလို့။

နိုင်ငံကူးလက်မှတ်ရတော့ သံရုံးဗီဇာဝင်ရသည်။ လာပြန်ပြီ သာသနာရေးထောက်ခံချက်တဲ့။ သာသနာရေးထောက်ခံချက်ရပြီးလို့မှ စာအုပ်တောင်ထွက်လာပြီ။ ယခုတစ်ဖန်ထပ်တောင်းပြန်တာကတော့သက်သက်မဲ့နှိပ်စက်လို ရုံမှတစ်ပါးအခြားရှိမည်မထင်ပေ။ သည်အရေးတွေကိုမြင်လို့ သည်ဌာနတွေနှင့်မပတ်သက်ချင်လို့ နိုင်ငံခြားကိုစိတ်ကုန်ခဲ့တာကြာပါပြီ။ ယခုမှ ကျန်းမာရေးကိစ္စမို့ မသွားမဖြစ်လို့။ သြော် တော်တော်နှိပ်စက်ကြတာပဲဟူ၍သာ။

'လွယ်ကူသောအကျင့် လျင်မြန်သော အသိဉာဏ်ဖြင့် မဂ်ဖိုလ်ကိုရက်တိုတိုဖြင့်မျက်မှောက်ပြုရလိုပါ၏' ဟူသောဆုတောင်းစကားစုက 'လွယ်ကူသောအကျင့်လျင်မြန်သော အသိဉာဏ်'ဟူသောအဓိပ္ပာယ်ကိုတော်တော်သဘောပေါက်သွားသည်။ တရားကျင့်ရာမှာ လွယ်လွယ်ကူကူကျင့်ပြီး လျင်လျင်မြန်မြန်တရားထူးရလျှင် ယင်းကို'သုခါပဋိပဒါခိပ္ပာဘိညာ'ဟုခေါ်သည်။ ထိုသို့မဟုတ်ဘဲ ခက်ခက်ခဲခဲကျင့်ပြီးမှ တရားထူးကို နှေးနှေးကွေးကွေးရလျှင် ယင်းကို 'ဒုက္ခာပဋိပဒါဒန္ဓာဘိညာ' ဟု ခေါ်သည်။

နိုင်ငံတော်ဘဏ်တွေငွေအပ်လျှင် တစ်နေကုန်နီးပါးကြာမြင့်သည်။ ထိုငွေထုတ်လျှင်လည်းထို့အတူပင်။ အခြားဌာနဆိုင်ရာအားလုံးမှာလည်း ထိုနည်းလည်းကောင်းသာ နှစ်ပေါင်းငါးဆယ်ကျော်ကြာမြင့်ခဲ့သော ထိုအကျင့်ဆိုးတွေက ယခုတိုင်သည်အတိုင်း။ သည်အတိုင်း။ ဒုံရင်း ဒုံရင်း ဘာမှမပြောင်း။ ဘာမှမလွဲ။ ဝန်ထမ်းအများစုက သူတို့ခွင်ထဲဝင်လာ သူအားလုံးကိုသားကောင်လိုသဘောထားကြဟန်ရှိသည်။ နှိပ်စက်ဖို့ ညှစ်ဖို့၊ ညစ်ဖို့သာကြံစည်နေကြသလားမသိ။

ဌာနဆိုင်ရာအားလုံးနီးပါးကတော့ 'ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာ' ဘယ်ရုံးမှမလွယ်ကူ။ ဘယ်ရုံးမှ လိုရင်းကိစ္စမြန်မြန်မပြီး။ သည်မိုး၊ သည်လေ၊ သည်လူတွေနှင့်ရှေ့ခရီးမည်သို့ ဆက်ကြမည်နည်း။ ဘန်ကောက်မှာ ဆေးစစ်၊ ဆေးကုသမှုခံယူတော့ ဘာထူးသနည်းဟုမေးကြသည်။ ဖြေရလျှင် တိကျသည်။ မှန်ကန်သည်၊ မြန်ဆန်သည်။ 'သုခပါဋိပဒါခိပ္ပာဘိညာ' အနေအထားမျိုးကိုတွေ့ရသည်။

သည်မှာတော့အရာရာတိုင်းက 'ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာ' ပါပဲ။ နိုင်ငံတော်အနေနှင့် ဒီမိုကရေစီနိုင်ငံအဖြစ် တကယ်အကောင်အထည်ဖော်မည်ဆိုလျှင် ပြည်သူတို့၏ စားဝတ်နေရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကအစ ရုံးကန်ကနားအရေး၊ လူ့အရေးအားလုံးအဖြစ်နိုင်ဆုံး၊ အတတ်နိုင်ဆုံး'သုခါပဋိပဒါခိပ္ပာဘိညာ' လွယ်လွယ်ကူကူနှင့် မြန်မြန်ဆန်ဆန် လိုရင်းကိစ္စပြီးမြောက်ဖို့ ယင်းအကျင့်၊ ယင်းမှုကို အထူးကျင့်သုံးဖို့လိုအပ်ကြောင်း . . .။

(နိုင်ငံတော်ယန္တရားကြီးတစ်ခုလုံးနှင့်တကွ နိုင်ငံသားတို့၏စားဝတ်နေရေး၊ အသက်ရှင်သန်ရေးစသည့်အရာရာလွယ်ကူသက်သာပါစေ၊ လူမှုကိစ္စအားလုံးလျင်လျင်မြန်မြန်ပြီးမြောက်ပါစေ။)


စင်ကာပူနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ထုတ်လုပ်သော
LED မီးဆိုင်းဘုတ် အပိုပစ္စည်း အမျိုးမျိုးဖြန့်ချိရေး

စင်ကာပူနိုင်ငံမှထုတ်လုပ်ပြီးအမေရိကန်နည်းပညာသုံး (NA) အမှတ်တံဆိပ်အပိုပစ္စည်းများ
(IC ပြားနစ်ထပ်ပါဝင်ခြင်း၊ အာမခံသက်တမ်းတိုးပေးနိုင်ခြင်း၊ မီးလုံးများမှ Error မလိုက်ခြင်း)
တရုတ်နိုင်ငံမှ LED အပိုပစ္စည်းအမျိုးမျိုးလည်း ရရှိနိုင်ပါသည်။ (ဈေးနှုန်းအထူးချိုသာစေရပါမည်။)
အလင်းရောင်တောက်ပသော အလှဆင် ၇ ရောင်ပြောင်း LED မီးသီးများ၊ မီးချောင်းများ ရရှိနိုင်ပါသည်။
LED ကြော်ငြာဆိုင်းဘုတ်များကို တစ်ပေပတ်လည်မှစ၍ စိတ်ကြိုက်အရွယ်အစားအတိုင်း
အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုးဖြင့် ရရှိနိုင်ပါသည်။

ယနေ့လူကြိုက်များ ခေတ်စားနေသော ကွန်ပျူတာ LED
မီးဆိုင်းဘုတ် များအတွက် သင်တန်းကြေးလုံးဝမလိုပါ

- LED မီးဆိုင်းဘုတ်လုပ်ငန်းကို စိတ်ဝင်စားသူများအတွက် ကျွန်တော်တို့လုပ်ငန်းမှ LED အပိုပစ္စည်းဝယ်ယူလျှင် တပ်ဆင်ထုတ်လုပ်ပုံနှင့်စာသားသွင်းခြင်း၊ ကုန်ချောထုတ်သည်အထိ စေတနာအရင်းခံဖြင့် (မတတ်မခြင်း) သင်ကြားပေးပါမည်။
- နယ်ကိုယ်စားလှယ်မိတ်ဆွေများ အချိန်ကုန်သက်သာစေရန်အတွက် အထူးညှိနှိုင်းသင်ကြားပေးပါမည်။
- ကွန်ပျူတာအခြေခံရှိရုံမျှဖြင့် သင်ကြားနိုင်ပါသည်။

သန်းဦးနှင့်သားများ (မန္တလေးဆိုင်) ဆိုင်(၁) အမှတ်(၁၇/၁)၊ ၃၅လမ်း၊ ၈၄လမ်းနှင့် ၈၅လမ်းကြား၊ မန္တလေးမြို့
ဆိုင်(၂) အမှတ်(အေ -၁)၊ ၃၂လမ်း၊ ၈၄လမ်းနှင့် ၈၅လမ်းကြား၊ မန္တလေးမြို့
PH Hotline : 02 9100 48 58, 09 20 55 960,09 20 16 954
FAMOUS LED (ရန်ကုန်ဆိုင်) ဆိုင်(၃) အမှတ်(၂၁(အေ))၊ ၈၈လမ်းကန်/နောက်ရပ်ကွက်မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
PH Hotline : 09 7310 2928, 09 50 25 910

# နှလုံးသားများ အကြွေမစောကြစေဖို့

ဒေါက်တာဇော်မျိုးထက် (နှလုံးရောဂါအထူးကု၊ UK)



ကျွန်တော် မြန်မာနိုင်ငံကို အလည်အပတ်သွားရာကနေအင်္ဂလန်ကို ပြန်ရောက်ပြီး ရက်ပိုင်းပဲရှိပါသေးတယ်။ နိုင်ငံခြားရောက် မြန်မာအများစုလိုပဲ ကိုယ့်မြေသံယောဇဉ်ရှိသူမို့ မြန်မာနိုင်ငံသတင်းကို မဖတ်တဲ့နေ့ဆိုတာ မရှိသလောက်ပါပဲ။ နှစ်သစ်ကူးနေ့မှာ Internet သတင်းဖတ်ရင်းနဲ့ ဒေါက်တာနေဝင်းမောင်ရဲ့ သတင်းကို ဖတ်မိလိုက်တော့ မယုံနိုင်အောင်ကိုဖြစ်မိတယ်။

၁၉၈၈ ခုနှစ်တုန်းကကျွန်တော် မန္တလေးပြည်သူ့ဆေးရုံကြီးမှာအလုပ်သင်ဆရာဝန်တာဝန်ကျနေတုန်းက ဒေါက်တာနေဝင်းမောင်ကိုဆုံခဲ့ဖူးပါတယ်။ သူ့ရဲ့ညီဖြစ်သူ ဒေါက်တာနေလင်းမောင်က ကျွန်တော်နဲ့ခင်မင်ရင်းနှီးသူတစ်ဦးပါ။ နောက်ပိုင်းမှာသူနဲ့မဆုံဖြစ်တော့ပေမယ့် သတင်းမီဒီယာတွေမှာသူ့ရဲ့အကြောင်းတွေ၊ သူ့ရဲ့မိန့်ခွန်းတွေ ဖတ်ရပါတယ်။ သူ့အပေါ်အမြင်အမျိုးမျိုးရှိ ကြပေမယ့် သူဟာတိုင်းပြည်အပေါ်မှာအင်မတန်စေတနာရှိတယ်ဆိုတာ ဘယ်သူမှငြင်းလို့မရတဲ့အချက်ပါ။ အသက်၅၀ ဆိုတာအတွေ့အကြုံနဲ့ခွန်အားပေါင်းစပ်ပြီး တိုင်းပြည်အတွက်အများကြီးလုပ်နိုင်တဲ့အရွယ်ပါပဲ။ကျန်ရစ်ခဲ့သူမိသားစုအတွက်ကတော့ အစားထိုးမရတဲ့ ဆုံးရှုံးမှုကြီးတစ်ရပ်ပါ။

သူ့ရဲ့နောက်ဆုံးအဖြစ်အပျက်ကို ဖတ်ရတဲ့အခါ ရင်ထုမနာဖြစ်ရပါတယ်။ အထူးသဖြင့်ကျွန်တော်လို နှလုံးအထူးကု သမားတော်တစ်ယောက်အနေနဲ့ ပိုပြီးယူကျုံးမရဖြစ်ရတယ်။ ကျွန်တော်အင်္ဂလန်မှာ နှလုံးရောဂါအထူးကုသမားတော်လုပ်လာတာ ၁၀ နှစ်ကျော်လို့ ၁၅ နှစ်နီးပါးရှိပါပြီ။ Heart Attack ရတဲ့သူတွေဟာ တစ်ကမ္ဘာလုံးမှာတော်တော်ကိုပဲများပါတယ်။သူ သာအင်္ဂလန်မှာဆိုရင်ဆိုတဲ့ အတွေးကတိုးပြီးဝင်လာလို့ မနည်းကိုဖျောက်ပစ်လိုက်ရတယ်။ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ကျန်းမာရေးစနစ်ကြောင့် သူအကြွေစောရတာလားဆိုတဲ့ မေးခွန်းကိုတော့ ကျွန်တော်ရဲ့ အတွေးထဲကဖျောက်လို့ကိုမရနိုင်ပါဘူး။

ကျွန်တော်တို့နိုင်ငံမှာ ဆေးရုံဖွင့်တာ လွယ်ပုံရပါတယ်။ မကြာသေးမီက စီးပွားရှင်တွေ အပြိုင်အဆိုင်ဆေးရုံတွေဆောက်လုပ်လှူဒါန်းကြတာတွေ ဖတ်ရ၊ ကြားရပါတယ်။ ဒီလိုစေတနာတွေရှိကြတာ အရမ်းကောင်းပါတယ်။ ဟိုတယ်ကနေ ဆေးရုံကြီးဖြစ်သွားတာတွေ၊ ဌာနဆိုင်ရာရုံးကြီးတွေက ဆေးရုံကြီးတွေဖြစ်သွားတာ တွေ့မြင်ရတယ်။ ဆေးရုံလို့ဆိုင်းဘုတ်တပ်တိုင်း ဆေးရုံဖြစ်သွားရောလားဆိုတာ မေးသင့်တဲ့ မေးခွန်းတစ်ခုပါ။ ဆေးရုံတစ်ခုဖွင့်ရင် ဆေးရုံအင်္ဂါရပ်နဲ့ပြည့်စုံသလား၊ မပြည့်စုံဘူးလားဆိုတာ ဘယ်သူတွေက တာဝန်ယူပြီး စစ်ဆေးကြသလဲ။ ဘယ်ဌာနက အသိအမှတ်ပြုလက်မှတ် Accreditation ပေးတာလဲ၊ ဘယ်ဟာကို စံထားပြီး လုပ်တာလဲဆိုတာ အရေးကြီးပါတယ်။ နိုင်ငံတော်တော် များများမှာ Accreditation စနစ်ကို ဆေးရုံကြီးတွေအတွက်သုံးပါတယ်။ ဥပမာ မြန်မာနိုင်ငံသားတွေအားထားရာ Bangkok Hospital ဆိုရင် Joint Commission International (JCI) Accreditation ရထားတာပါ။

ဆေးရုံတစ်ရုံမှာ အဆောက်အအုံ၊ ဆေးဝါးကိရိယာပစ္စည်းတွေနဲ့ တတ်သိပညာရှင်တွေလိုပါတယ်။ ပထမနှစ်ခုကတော့ ငွေရှိရင်အလွယ်တကူရနိုင်ပါတယ်။ တတ်သိပညာရှင်တွေကတော့ချက်ချင်းလွယ်လွယ်ကူကူနဲ့မရနိုင်ပါဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံက အထူးကုတွေခမျာလည်း တော်တော်လေးကိုပင်ပန်းပါတယ်။တချို့ဆရာဝန်ကြီးတွေဆိုရင် ဆေးရုံအသစ်ဖွင့်တိုင်းကိုယ်ပွားရလို့ ၁၀ ကိုယ်ပွားလောက်တောင်များရှိကြသလားမသိဘူး။ ကမ္ဘာ့ရပ်ခြားမှာ တာဝန်ထမ်းဆောင်နေတဲ့မြန်မာအထူးကုဆရာဝန်အရေအတွက်ဟာ မြန်မာပြည်မှာရှိတဲ့ အထူးကုဆရာဝန် အရေအတွက်ထက် ၁၀ ဆလောက်ကို ရှိနိုင်ပါတယ်။ ဒီအထူးကုဆရာဝန်တွေသာ မြန်မာနိုင်ငံကို ပြန်လာပြီးအလုပ်လုပ်နိုင်ရင်၊ ဆရာဝန်အငယ်တွေကို သင်ကြားပို့ချပေးနိုင်ရင် ပြည်သူလူထုအတွက် အများကြီးအကျိုးရှိမှာ မလွဲပါဘူး။ လူနာဘဲအုပ်ကတစ်ရာနှစ်ရာဖြစ်နေရှာတဲ့ မဖေဒါအထူးကုဆရာဝန်ကြီးတွေအတွက်လည်းဝန်ပေါ့သွားနိုင်ပါတယ်။ တတ်သိပညာရှင်တွေကိုမြန်မာနိုင်ငံပြန်လာပြီး အလုပ်လုပ်စေချင်ရင် ဒီလူတွေအလုပ်လုပ်လို့ရတဲ့စနစ်နဲ့ အခြေအနေတွေကို ဖန်တီးပေးဖို့လိုပါတယ်။Infrastructure မကောင်းရင် အထူးကုဆရာဝန်တွေလည်း ရမ်းကုတွေနဲ့ နင်လားငါလား ဖြစ်သွားနိုင်ပါတယ်။ကားအကောင်းတွေသွင်းလာပြီးလမ်းတွေမကောင်းလို့ မကြာခင် ပျက်ကုန်တာ မထူးဆန်းပါဘူး။

ကျွန်တော် အလုပ်လုပ်တဲ့ Sunderland Royal Hospital (SRH) ဟာ ကုတင်တစ်ထောင် ဆံ့ဆေးရုံပါ။ကျွန်တော်တို့ပြည်ထောင်စု ကျန်းမာရေးဝန်ကြီးဆိုရင်လည်း ဆေးရုံဝင်းထဲမှာ အလည်အပတ်ရောက်ရင်းတည်းဖူးပါတယ်။ SRH ဟာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနဲ့ အရွယ်အစား အတူတူလောက်ပါပဲ။ ကျွန်တော် High Tech စက်တွေယှဉ်ပြီး မပြောပါဘူး။ ဆေးပညာလောကမှာ နှစ်ပေါင်းများစွာသုံးလာခဲ့တဲ့ Defibrillator ခေါ် နှလုံးရပ် Cardiac Arrest မှာ နှလုံးကို Shock ရိုက်တဲ့စက်တွေပဲယှဉ်ကြည့်ပါ။ SRH မှာ Ward တိုင်း၊ Clinic တိုင်းမှာ Defibrillator တွေရှိပါတယ်။ ဆေးရုံတစ်ရုံမှာဆိုရင် Defibrillator အလုံးတစ်ရာနီးပါးရှိပါတယ်။ဒီစက်တွေကို တာဝန်ရှိသူတွေက နေ့တိုင်းပဲ Test လုပ်ရပါတယ်။ရန်ကုန်ဆေးရုံကြီးလိုမြန်မာနိုင်ငံရဲ့ထိပ်တန်းဆေးရုံတစ်ရုံမှာ Defibrillator ဘယ်နှလုံးရှိပါသလဲ။ နောက်ဆုံးဖွင့်တဲ့ ဆေးရုံအသစ်တွေမှာရော Defibrillator ဘယ်နှလုံးစီရှိပါသလဲ။

တချို့က "ဟာ မီးတောင်မှမှန်လို့လား"လို့ ပြောကြလိမ့်မယ်။ ဆေးရုံဆိုတာ စက်ရုံလို နားထားလို့ရတဲ့အချိန်မရှိပါဘူး။ ဆေးရုံတိုင်းမှာ မီးဆိုတာ ၂၄ နာရီလာနေရပါမယ်။ ကျွန်တော် အင်္ဂလန်မှာ ဆရာဝန်လုပ်လာခဲ့တဲ့ သက်တမ်းက ၁၈ နှစ်လောက်ရှိပါပြီ။ UK ဆေးရုံမှာ မီးပျက်တယ်ဆိုတာ ၁၈ နှစ်အတွင်း လက်ချိုးရေလို့ရပါတယ်။ အဲဒီလောက်မီးပျက်တာနည်းတာတောင် ဆေးရုံမှာ ကိုယ်ပိုင်မီးစက် Generator ထားတယ်။ နောက်တစ်ခုကတော့ Training ပါ။ ကျွန်တော်တို့ဆေးရုံမှာ ဆရာဝန်၊ သူနာပြုတွေသာမက ဝန်ထမ်းတိုင်းနှစ်စဉ် နှလုံးရပ်တဲ့လူနာတွေအတွက်အသက်ကယ်သင်တန်း Basic Life Support (BLS) ကိုမတက်မနေရပြဋ္ဌာန်းထားတယ်။ လူနာတစ်ယောက်ဆေးရုံအတွင်းမှာ Cardiac Arrest ရ နှလုံးရပ်ရင်အောက်ခြေအလုပ်သမားကအစ ဘာလုပ်ရမှန်းသိတယ်။ BLS Training က နှစ်နာရီလောက်ပဲကြာတာပါ။ High tech မဟုတ်ပါဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ BLS တောင် ဆရာဝန် ဘယ်နှယောက်လုပ်နိုင်ပါသလဲ။

နောက်တစ်ခုက Ambulance ကားတွေပါ၊ UK က Ambulance တိုင်းမှာ Defibrillator ပါပါတယ်။ Ambulance driver တိုင်းဟာ Training ရပြီး သက်ဆိုင်ရာအသိအမှတ်ပြု အောင်လက်မှတ်ရထားတဲ့သူတွေပါ။ ကျွန်တော်တို့မြန်မာနိုင်ငံက Ambulance တွေတိုင်းမှာ Defibrillator ရှိတယ်မရှိဘူးဆိုတာ တာဝန်ရှိသူတွေ အသိဆုံးဖြစ်မှာပါ။ Heart Attack ရထားတဲ့ ဒေါက်တာနေဝင်းမောင်လို လူနာတစ်ယောက် ဆေးရုံတစ်ရုံကို ရောက်လာပြီးမှ ပြည်သူ့ဆေးရုံကို လူနာကိုယ်တိုင် ကားမောင်း သွားရတယ်ဆိုတာ တစ်ကမ္ဘာလုံးမှာ ဘယ်နှနိုင်ငံများရှိမှာလဲ။ အပြစ်တင်ချင်တာထက် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျန်းမာရေးအဆင့်ကို ဘယ်လိုတိုးတက်အောင် လုပ်လို့ရသလဲလို့ တွေးချင်တာပါ။

UK မှာ မကြာသေးမီကမှာ Cardiac Arrest ရသူတွေအတွက် အလိုအလျောက်နှလုံး Shock ရိုက်စက်၊ Automated External Defibrillator (AED) တစ်သောင်းကျော်ကို လေဆိပ်တွေ၊ Shopping mall တွေနဲ့ လူအများသွားလာတဲ့ နေရာတွေမှာ တပ်ဆင်ထားပါတယ်။ Heart Attack ရသူတွေရဲ့ သေဆုံးသူဦးရေရဲ့ တစ်ဝက်လောက်ဟာ ဆေးရုံမရောက်ခင် Cardiac Arrest နဲ့ ဆုံးကြရတာပါ။ AED တွေကြောင့် ၇၅ ရာခိုင်နှုန်းလောက် အသက်ရှင်ဖို့ အခွင့်အလမ်းပိုရနိုင်ပါတယ်။ တခြားနိုင်ငံတွေမှာလည်း AED တွေကို အဲဒီလိုတပ်ဆင်တာတွေရှိပါတယ်။ သူတို့အတိုင်းအတာအထိ မလုပ်နိုင်ရင်တောင် မြန်မာနိုင်ငံမှာ တတ်နိုင်တဲ့အတိုင်းအတာအထိ လုပ်နိုင်ရင်တော့ ကောင်းမှာပဲလို့ တွေးမိတယ်။ Defibrillator တစ်လုံးဟာ အက္ခရာဟောင်းအပ်နံ့ကားလောက်တောင်ဈေးမကြီးပါဘူး။

ကျွန်တော်က ပြီးခဲ့တဲ့ ဒီဇင်ဘာလကုန်ထဲမှာ မြန်မာပြည်ကို အလည်အပတ် ပြန်ရောက်ထားတာပါ။ ကျွန်တော် ရန်ကုန် မြန်မာနိုင်ငံ ဆရာဝန်အသင်းတိုက်မှာ ဆရာဝန် ၁၆၀ လောက်ကို နှလုံးရောဂါနဲ့ ပတ်သက်ပြီး ECG သင်တန်းပေးခဲ့ပါတယ်။ သင်တန်းလာတက်သူအများစုထဲမှာ လက်ရှိရန်ကုန်က ဆေးရုံတွေမှာ အလုပ်လုပ်နေသူတွေပါပါတယ်။ စာသင်ရင်းနဲ့ Defibrillator အကြောင်းရောက်သွားပါတယ်။ ရန်ကုန်က ဆေးရုံတွေမှာ Ward တိုင်းမှာ Defibrillator ရှိသလားလို့ ကျွန်တော်က မေးတော့ ဆရာဝန်အများစုက ခေါင်းရမ်းကြတယ်။ ဝမ်းနည်းစရာပါပဲ။ ကျွန်တော်ရဲ့ မိတ်ဆွေပါမောက္ခတစ်ဦးကလည်း သူ Heart Attack ရရင် ဘယ်သွားကုရမှာလည်း မသိဘူးလို့ ပြောတော့ တော်တော်လေးကို စိတ်မကောင်းဖြစ်ရတယ်။ သူ့အပြောနဲ့ ဒေါက်တာနေဝင်းမောင်ရဲ့အဖြစ်တွေကိုဆက်စပ်ကြည့်တဲ့အခါတွေးစရာတွေကအစီအရီပေါ်လာတယ်။Heart Attack အရေးပေါ် ရောဂါမျိုးက တခြား နာတာရှည် ရောဂါတွေလို Bangkok တို့ Singapore တို့သွားကုဖို့ အချိန်မမီနိုင်ပါဘူး။

တိုက်တိုက်ဆိုင်ဆိုင် ၂၀၁၂ ခုနှစ်ဆန်းရဲ့ ပထမပတ်အတွင်းမှာပဲ ကျွန်တော် SRH မှာ နှစ်စဉ်ဝန်ထမ်းတိုင်း မတက်မနေရဖြစ်တဲ့ BLS သင်တန်းကိုတက်ရပါတယ်။ တခြားဌာနတွေက အထူးကုဆရာဝန်ကြီးတွေပါ ကျွန်တော်နဲ့အတူတူတက်ရပါတယ်။ အဲဒီ BLS သင်တန်းတက်ရင်း Defibillator တွေ Dummy အရုပ်တွေနဲ့လေ့ကျင့်ရင်းကနေ ဒေါက်တာနေဝင်းမောင်အကြောင်း၊ မြန်မာနိုင်ငံအကြောင်း မတွေးမိပဲကို မနေနိုင်ပါဘူး။

ကျွန်တော်ရဲ့ အလုပ်မှာ နှလုံးသွေးကြောကျဉ်းတဲ့ လူနာတွေကို နေ့စဉ်ပဲတွေ့ရပါတယ်။လူနာအသစ်တိုင်းကို Heart Attack ရတယ်လို့ တင်ရင် ဘာလုပ်ရမယ်ဆိုတာ နှလုံးရောဂါအထူးကုသမားတော်အနေနဲ့ အကြံပေးရပါတယ်။ UK မှာတော့ လူနာတွေက သူတို့ Heart Attack ရတယ်လို့ထင်ရင် ၉၉၉ နံပါတ်ကို ဖုန်းဆက်ပြီး Ambulance ခေါ်လို့ရပါတယ်။ အဲဒီလိုလူနာမျိုးဆိုရင် Ambulance တွေက မဆိုင်းမတွချက်ချင်းလာပါတယ်။ ဆရာဝန်တွေက နှလုံးရောဂါရှင်တိုင်းကို Heart Attack ရတယ်ထင်ရင် ဘာလုပ်ရမယ်ဆိုတဲ့ Heartwise ကတ်ကလေးတွေ ပေးထားကြတယ်။ ကျွန်တော့် အဲဒီကတ်ကလေးတွေ လူနာတိုင်းကိုပေးတိုင်း ဒေါက်တာနေဝင်းမောင်အကြောင်းကို ခေါင်းထဲက မထွက်တော့ပါဘူး။ ဒီလိုစနစ်မျိုးများ ကျွန်တော်တို့မြန်မာနိုင်ငံမှာရှိရင်ဆိုတဲ့ အတွေးက ဖုံးဖိလို့ကို မရနိုင်ပါဘူး။

ကျွန်တော်အခုလို ရေးသားတာဟာ ဘယ်သူ့ကိုမှ နစ်နာစေချင်တဲ့စိတ်နဲ့ရေးတာမဟုတ်ပါဘူး။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ကျန်းမာရေးအဆင့်ကိုတတ်နိုင်သလောက် ရှုထောင့်တစ်နေရာက ထောက်ပြတာပါ။ UK ရဲ့ကောင်းတဲ့စနစ်တစ်ခုကတော့ ဘယ်နေရာဖြစ်ဖြစ် အမှားတွေ့ရင် သိအောင်အဖြေရှာတယ်။ ပြောင်းဖို့လိုအပ်ရင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ပြောင်းလဲမှုတွေလုပ်တယ်။ အစိုးရကိုချည်း အားကိုးလို့မရပါဘူး။ပြောင်းလဲမှုတစ်ခုလုပ်ချင်ရင် လူတိုင်း အဖွဲ့အစည်းတိုင်းမှာ တာဝန်ရှိပါတယ်။ အခုအချိန်အခါ ကျွန်တော်တို့မြန်မာနိုင်ငံမှာနိုင်ငံရေး၊ စီးပွားရေးနဲ့စာနယ်ဇင်းကဏ္ဍအသီးသီးမှာပြုပြင်ပြောင်းလဲမှုတွေတိုးတက်မှုတွေ မြင်နေရပါပြီ။ ကျန်းမာရေးကဏ္ဍအနေနဲ့လည်း ခေတ်နဲ့အညီ ပြုပြင်ပြောင်းလဲမှုတွေ လုပ်တဲ့အခါမှာ ပြည်တွင်းမှာရှိတဲ့ ကျန်းမာရေးလုပ်သားတွေကအရေးအကြီးဆုံးပါ။ တိုးတက်တဲ့ ပညာရေးစနစ်ဖြင့်သာလျှင်ကျန်းမာရေးစနစ်တိုးတက်လာအောင် အထောက်အကူပြုမှာဖြစ်ပါတယ်။ကျွန်တော်အပါအဝင်ပြည်ပရောက်နေတဲ့မြန်မာတတ်သိပညာရှင်တွေကလည်းလက်လှမ်းမီသ၍ပါဝင်ဆောင်ရွက်ကြမှာပါ၊ပြိုင်တူတွန်းလျှင်တော့တကယ်ကိုရွေ့နိုင်ပါတယ်။

ဒေါက်တာနေဝင်းမောင် တစ်ယောက် သူ့ရဲ့ နောက်ဆုံးအချိန်မှာ သူကိုယ်တိုင်ခံစားချက်တွေနဲ့ မြန်မာနိုင်ငံရဲ့ကျန်းမာရေးအဆင့်အတန်းကို တိုးတက်စေချင်ခဲ့မှာ မလွဲပါဘူး။ ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ကြိုးစားကြရင်တော့ နှစ်များ မကြာမီမှာ တိုင်းပြည်ရဲ့ ကျန်းမာရေးအဆင့်အတန်းမြင့်လာပြီးနှလုံးသားတွေ အကြွေမစောကြလေအောင် ဆောင်ရွက်နိုင်ကြလေမယ်လို့ မျှော်လင့်ပါတယ်။

**တတ်သိပညာရှင်တွေကို မြန်မာနိုင်ငံပြန်လာပြီး အလုပ်လုပ်စေချင်ရင် ဒီလူတွေအလုပ်လုပ်လို့ရတဲ့ စနစ်နဲ့အခြေအနေတွေကို ဖန်တီးပေးဖို့ လိုပါတယ်။ Infrastructure မကောင်းရင် အထူးကုဆရာဝန်တွေလည်း ရမ်းကုတွေနဲ့ နင်လားငါလားဖြစ်သွားနိုင်ပါတယ် ...**



မဟာသီရိသုဓမ္မဒေါ်ခင်ကြည် ပြည်တော်သာညီလာခံသို့ တက်ရောက်စဉ်

## ပါလီမန်ခေတ် မှတ်တမ်းများ

# ပြည်တော်သာညီလာခံ

တင်နိုင်တိုး

ပြည်တော်သာညီလာခံကို ၄ ဩဂုတ် ၁၉၅၂မှ ၁၇ဩဂုတ် ၁၉၅၂ အထိ ရန်ကုန်မြို့ကျိုက္ကစံကွင်း၌ ရက်သတ္တနှစ်ပတ်ကြာကျင်းပခဲ့ရာ ပါလီမန်ခေတ် သမိုင်းဝင်ညီလာခံကြီးဖြစ်ခဲ့ပါသည်။ညီလာခံမစမီတစ်ရက်အလို ၃ဩဂုတ်၁၉၅၂တွင် အဆိုစိစစ်ရေးဆပ်ကော်မတီများနှင့်လမ်းညွှန်ဆွေးနွေးပွဲကို ဦးစွာကျင်းပခဲ့သည်။

**လမ်းညွှန်ဆွေးနွေးပွဲ**

ဩဂုတ်လ ၃ ရက်နေ့ နေ့လည် ၁ နာရီတွင် လမ်းညွှန်ဆွေးနွေးပွဲကို ကျင်းပခဲ့ရာ ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ်များ၊ အဆို ၁၀ခုအတွက် သဘာပတိများဖြစ်ကြသော သက်ဆိုင်ရာဝန်ကြီးများတက်ရောက်ခဲ့ကြသည်။ ယင်းအစည်းအဝေးမှ အာဏာလွှဲပြောင်းရေးဆပ်ကော်မတီကိုယ်စားလှယ်များကို ရွေးချယ်ခဲ့ကြသည်။

ရခိုင်တိုင်းအတွက် ကိုယ်စားလှယ်ရွေးချယ်ရာတွင် အမတ်ဦးဘကြိုင်က အမတ် ဦးရွှေလှအောင် (ကျောက်ဖြူ)အားအဆိုတင်သွင်းခဲ့ရာအမတ်ဦးကျော်က ထောက်ခံခဲ့သည်။သို့သော် ကျောက်ဖြူဗတလစ အတွင်းရေးမှူးက ဦးဘကြိုင်သည် ဖဆပလအမတ်မဟုတ်ဘဲ တစ်သီးပုဂ္ဂလအမတ်ဖြစ်နေ၍ဟု ဆိုကာ ကန့်ကွက်ခဲ့၏။ သို့ဖြင့် ရခိုင်တိုင်းမှ တစ်သီးပုဂ္ဂလအမတ်များဖြစ်ကြသော ဦးကျော်မင်း၊ ဦးဘကြိုင်၊ ဦးဦးကျော်၊ ဦးဘဖြူ၊ ဦးဘစိန်၊ ဦးရွှေလှအောင်တို့ခြောက်ဦးမကျေနပ်သဖြင့် အခန်းတွင်းမှ ထွက်ခွာသွားကြသည်။

စတင်ကျင်းပတော့မည် ပြည်တော်သာညီလာခံ၏အခြေအနေကို ကာတွန်းဖေသိန်းက ဗမာ့ခေတ်သတင်းစာတွင် ကာတွန်းတစ်ကွက်နှင့်အတူ "ပြည်တော်သာစခန်းသို့ ရည်မျှော်ကာ လှမ်းလျက်ရှိစဉ်၊ ခြေချော်ကာ ရမ်းမသွားရအောင် သတိဆောင်အပ်လှသည်"ဟူ၍ ရေးသားဖော်ပြထားပါသည်။

**ညီလာခံစတင်ခြင်း**

၄ ဩဂုတ် ၁၉၅၂ နံနက်ပိုင်းတွင် ရန်ကုန်မြို့ကျိုက္ကစံကွင်းအတွင်းရှိ စင်မြင့်ထက်၌ ဗိုလ်ချုပ်ဓာတ်ပုံနှင့် နိုင်ငံတော်အလံများအား ကြိုတင်ပြင်ဆင် ချိတ်ဆွဲထားပါသည်။နံနက် ၁၀နာရီတွင် ရှေ့ပြေးဆိုင်ကယ်ကိုယ်စီဖြင့် ဝန်ကြီးများရောက်ရှိလာကြသည်။နောက်ဆုံး ဝန်ကြီးချုပ်ရောက်ရှိလာစဉ် "ပြည်တော်သာရမည်"ဟု လူထုက သုံးကြိမ်တိုင် ကြွေးကြော်ခဲ့ကြသည်။ဝန်ကြီးချုပ် စင်မြင့်ထက်သို့နေရာယူပြီးသည်နှင့် နိုင်ငံတော်သီချင်းပေါ်ထွက်လာကာ နိုင်ငံတော်အလံနှင့်တကွ ကျဆုံးလေပြီးသော ခေါင်းဆောင်များအား မတ်တပ်ရပ် အလေးပြုကြသည်။ ယင်းနောက် သခင်သာခင်က အခမ်းအနားကို ဖွင့်လှစ်လိုက်ပါသည်။

ပြည်တော်သာညီလာခံအထွေထွေကော်မတီသဘာပတိဝန်ကြီးဦးထွန်းဝင်းက ဧည့်ခံစကားပြောပြီးနောက် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ဝန်ကြီးချုပ်ဦးနုက မိန့်ခွန်းပြောကြားခဲ့ရာ ၃ နာရီနီးပါးကြာမြင့်ခဲ့သည်။ မိန့်ခွန်းပြောအပြီး လူထုလူတန်းစားအဖွဲ့အစည်းများပြန်လည်ထွက်ခွာသွားကြသည်။ ညပိုင်းတွင် ဦးဟန်ပနှင့် စိန်ကျော်တင့်ဆိုင်းအဖွဲ့တို့က ဖျော်ဖြေခဲ့ကြသည်။

**ဝန်ကြီးချုပ်မိန့်ခွန်း**

ဝန်ကြီးချုပ်၏ မိန့်ခွန်းတွင် ညီလာခံ၌ တင်သွင်းမည့် စီမံကိန်း ၁၀ ခုနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ ဝန်ကြီးချုပ်က "ဗမာရှင်ဘုရင်နဲ့ အင်္ဂလိပ်ရှင်ဘုရင်တွေ ဗမာနိုင်ငံကို အုပ်စိုးနေကြတဲ့ အခါတုန်းကဆိုရင် အစိုးရဆိုတာဟာ တိုင်းသူပြည်သားတွေအပေါ်မှာ အုပ်ဖို့၊ စိုးဖို့၊ အမြတ်ထုတ်ဖို့၊ လူအချင်းချင်းလူညွှန့်ရှူးစားဖို့ပဲ ဖြစ်တယ်။ အခုဒီလိုမဟုတ်တော့ဘူး။ ပြည်သူလူထုဆိုတာအမြတ်ထုတ်ခံဖို့၊ လူအချင်းချင်းလူညွှန့်ရှူးစားခံဖို့ သတ္တဝါတွေမဟုတ်တော့ဘူး။ပြည်သူလူထုဆိုတာဟာ ပြည်ထောင်စုကြီးထဲမှာရှိသမျှ လယ်မြေတွေ၊ သစ်တောတွေ၊ ရွှေတွင်းငွေတွင်းကျောက်သံပတ္တမြားတွင်းတွေ၊ သတ္တုတွင်းတွေ၊ ရေနံတွင်းတွေ၊ ဆင်ဖြူတော်တွေရှိသေးရင်လဲ ဆင်ဖြူတော်တွေကိုပါမကျန်ပိုင်ဆိုင်ကြတဲ့ ပိုင်ရှင်ကြီးတွေဖြစ်လာကြပါပြီ။" စသည်ဖြင့် ပြောကြားခဲ့သည်။

**ရှင်းလင်းပြောကြား**

၅ ဩဂုတ် ၁၉၅၂ တွင် စီမံကိန်းအလိုက်ဝန်ကြီးများက ရှင်းလင်းပြောကြားကြသည်။ အာဏာလွှဲပြောင်းရေးစီမံကိန်းကို ဝန်ကြီးဗိုလ်မင်းခေါင်၊ ဒီမိုကရေစီဒေသန္တရစီမံကိန်းကိုဦးဗဆွေ၊ လယ်ယာလုပ်ငန်းတိုးတက်ရေး၊ ကျေးလက်ကြီးပွားရေး ၅ နှစ်စီမံကိန်းကို ဝန်ကြီးဗိုလ်ခင်မောင်ကလေး၊ စီးပွားရေးတိုးတက်မှုရည်မှန်းချက်စီမံကိန်းကို ဝန်ကြီးဦးကျော်မြင့်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးစီမံကိန်းကို ဝန်ကြီးသခင်တင်၊ ဖွံ့ဖြိုးခြင်းမရှိသေးသည့် ဒေသများတွင် ဘဝသစ်ဖန်တီးရေးစီမံကိန်းကို ဦးဘစော၊ ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးစီမံကိန်းကို ဝန်ကြီးဦးရာရှစ်၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးစီမံကိန်းကို ဦးဝင်းမောင်၊ ပညာရေးစီမံကိန်းကို ဝန်ကြီးဦးသန်းအောင်၊ ကျန်းမာရေးစီမံကိန်းကို တရားဝန်ကြီး ဦးခင်မောင်လတ်တို့က အသီးသီးရှင်းလင်းပြောကြားခဲ့ကြသည်။

**ပြည်နယ်များအရေး**

၆ ဩဂုတ် ၁၉၅၂ နံနက်ပိုင်းတွင် ပြည်နယ်များအရေးနှင့် ပတ်သက်၍ဆွေးနွေးကြသည်။ ကယား၊ ကချင်၊ ချင်းတို့က သီးခြားဆွေးနွေးပွဲများကျင်းပခဲ့ကြပြီး နေ့လည် ၁၂ နာရီတွင် စုပေါင်းဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ယင်းနေ့တွင် ဝန်ကြီးချုပ်က ကျိုက္ကဆံကွင်းသို့ လာရောက်ကာ ဌာနဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။ နေ့လည် ၂ နာရီတွင်စီမံကိန်းအဆို ၁၀ ခုနှင့်ပတ်သက်သော ဆပ်ကော်မတီအစည်းအဝေးများကို ကျင်းပခဲ့၏။ ညဘက်တွင် ဌာနဆိုင်ရာသရုပ်ဖော်ပြပွဲများ၊ ရန်ကုန်ဖက်ရှင်အောင်ငွေအငြိမ့်၊ မန္တလေးစိန်ကျော်တင့်ဆိုင်းတို့နှင့်အတူ လှကလေးစိန်က အကဖြင့် ဖျော်ဖြေခဲ့သည်။

**စတင်ဆွေးနွေး**

၇ ဩဂုတ် ၁၉၅၂ တွင် စီမံကိန်းတစ်ခုချင်းအလိုက် စတင်ဆွေးနွေးတင်ပြကြရာ ဝန်ကြီးဗိုလ်မင်းခေါင်က အတည်ပြုလိုက်သော တိုင်းနှင့်ပြည်နယ်များသို့ အာဏာပြောင်းလဲရေးအဆိုကို တင်သွင်းရာတွင် "အခုကျွန်တော်တို့စီစဉ်နေတဲ့ အုပ်ချုပ်ရေးစနစ်ဟာ အခြားနိုင်ငံက ပုံတူကူးချခြင်းမဟုတ်ပါဘူး။ ကျွန်တော်တို့တိုင်းပြည်ရာဇဝင်ကြောင်းတစ်လျှောက်ကြုံတွေ့ရတဲ့ပြဿနာတွေနဲ့ အခြေအနေတွေအပေါ်တစ်စိတ်တစ်ဒေသမှုတည်နေပြီး အခုခေတ်မှာ အမြော်အမြင်နဲ့ ပြည့်စုံတဲ့ ခေါင်းဆောင်တွေထံက ပေါက်ဖွားတဲ့စနစ်ဖြစ်ပါတယ်။ ဗြိတိသျှအစိုးရလက်ထက်က လုပ်ငန်းဆောင်ရွက်ရာမှာ ကြံ့ကြာအောင်တည်ထွင်လုပ်ကိုင်ခဲ့တဲ့ ကြိုးနီစနစ်ကို ပယ်ဖျက်မယ့်စနစ်ဖြစ်ပါတယ်။" စသည်ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။





ပြည်တော်သာညီလာခံအခမ်းအနားကျင်းပနေစဉ်

**စီမံကိန်းအလိုက်တင်ပြချက်**

၈ ဩဂုတ် ၁၉၅၂ တွင် ကာကွယ်ရေးဝန်ကြီးဦးဗဆွေက ဒီမိုကရေစီဒေသန္တရစီမံကိန်းနှင့် ပတ်သက်၍ တင်ပြခဲ့သည်။ ဦးဗဆွေက ဗမာပြည်အင်္ဂလိပ်လက်အောက်ကျရောက်စကနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ တိုးတက်ခြင်းမရှိစေရန် ဖန်တီးထားသည့် အုပ်ချုပ်ရေးစနစ်ကို ဇာတ်ကြောင်းပြန် ပြောကြားခဲ့သည်။

၉ ဩဂုတ် ၁၉၅၂ တွင် ဝန်ကြီးဗိုလ်ခင်မောင်ကလေးက လယ်ယာလုပ်ငန်းတိုးတက်ရေး၊ ကျေးလက်ကြီးပွားရေး ၅ နှစ်စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ကိုလိုနီစနစ်ဆိုးကြီးကို အုတ်မြစ်ကစ၍ တော်လှန်ဖြိုဖျက်ပြီး လူထုကြီးပွားတိုးတက်မှုကိုသာ ပဓာနထားသော လူထုစီးပွားရေးစီမံကိန်းဖြင့် အစားထိုးရန် ရည်ရွယ်ပါကြောင်း ပြောကြားခဲ့သည်။

**စီးပွားရေးတိုးတက်မှု**

၁၁ ဩဂုတ် ၁၉၅၂ တွင် စီးပွားရေးတိုးတက်မှုရည်မှန်းချက်စီမံကိန်းကို ဝန်ကြီးဦးကျော်မြင့်က ရှင်းလင်းတင်ပြရာတွင် လာမည့်နှစ် နှစ်သုံးနှစ်အတွင်းလယ်ယာစိုက်ပျိုးရေးနှင့် စက်မှုသတ္တုလုပ်ငန်းများအတွက် ငွေကုဋေ ၁၀၀ ခန့်သုံးစွဲသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၁၂ ဩဂုတ် ၁၉၅၂ တွင် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးစီမံကိန်းအတွက် ဝန်ကြီးဦးဘစောက ရှင်းလင်းတင်ပြရာတွင် တောင်သူလယ်သမားများအား ဘဝသစ်ဖန်တီးနိုင်ရန်လယ်ဧက ၉ သန်းကျော်ပေးအပ်သွားမည်ဟုပြောကြားခဲ့သည်။ ထိုနေ့ညတွင် ဒဂုန်ဆရာတင်၏ ငြိမ်းချမ်းသာယာပြည်တော်သာပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်ပါသည်။

**ဘဝသစ်ဖန်တီးရေး**

၁၃ ဩဂုတ် ၁၉၅၂ တွင် ဖွံ့ဖြိုးမှုမရှိသေးသောဒေသများဘဝသစ်ဖန်တီးရေးစီမံကိန်းကို ဝန်ကြီးဦးဘစောကတင်ပြခဲ့၏၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ဝန်ကြီးဦးရာရှစ်က လူထုအတွက် အိမ်ရာများဆောက်လုပ်ရန် ၁၉၅၁–၅၂တွင် ရန်ပုံငွေ ၃ ကုဋေခွဲသတ်မှတ်ထားကြောင်း ပြောကြားခဲ့သည်။ ၁၅ ဩဂုတ် ၁၉၅၂ တွင် ဝန်ကြီးဦးဝင်းမောင်ကသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် ငွေသန်း ၄၀၀ သုံးစွဲမည့်အကြောင်း ရှင်းလင်းပြောကြားခဲ့ သည်။ဩဂုတ်လ ၁၆ ရက်နေ့တွင် ပညာရေးစီမံကိန်းအတွက် ဝန်ကြီးဦးသန်းအောင်က ငွေ၁၄ သန်းသုံးစွဲရန် လျာထားကြောင်း ပြောကြားခဲ့၏။

**ပြည်သူ့ကျန်းမာရေး**

ပြည်တော်သာညီလာခံနောက်ဆုံးနေ့အဖြစ် တရားဝန်ကြီးဦးခင်မောင်လတ်က ရှင်းလင်းပြောကြားရာတွင် ယခုအခါဆရာဝန် ၅၅၂ ဦး၊ သူနာပြုဆရာမ ၄၀၄ ဦးသာရှိကြောင်း၊ ဆေးရုံ ၂၉၄ ရုံတွင် ကုတင် ၈၅၄၀ ရှိရာ လူ ၁၉၈၀ တွင် ကုတင်တစ်လုံးကျသာရှိသည်ဟု ဆိုနိုင်ကြောင်း၊ သို့ဖြစ်၍ ပြည်သူ့ကျန်းမာရေးအတွက် ငွေ ၆ ကုဋေခွဲသုံးစွဲသွားမည်ဖြစ်ကြောင်း ပြောကြားကာ ညီလာခံကို ရုပ်သိမ်းခဲ့သည်။

***ကျမ်းကိုး***

၁။ ပြည်ထောင်စုပန်းတိုင်
၂။ သတင်းစာမှတ်တမ်းများ
(မြန်မာ့အလင်း၊ ဗမာ့ခေတ် ၁၉၅၂ ဩဂုတ်လ)



# ယာဉ်ပေါ်မှ ပြုတ်ကျသည့်ဖြစ်စဉ်အချို့တွင် သေဆုံးဒဏ်ရာရရသူများမှာ လူလတ်ပိုင်းများဖြစ်ကြောင်းသိရ



ရန်ကုန်တိုင်းဒေသကြီးအတွင်း သွားလာမောင်းနှင်နေသော ယာဉ်များပေါ်မှ ပြုတ်ကျသည့်ဖြစ်စဉ်အချို့တွင် ဒဏ်ရာရရသူ၊ သေဆုံးသူများမှာလူလတ်ပိုင်းများဖြစ်ကြောင်း သိရှိရသည်။

ယာဉ်ပေါ်မှပြုတ်ကျသည့် ဖြစ်စဉ်အများစုဖြစ်ပွားသည့်ယာဉ်အမျိုးအစားများမှာ ဝန်ထမ်းကြိုပို့ယာဉ်များနှင့် မြို့တွင်းပြေးဆွဲနေသော ခရီးသည်တင်ယာဉ်များဖြစ်ကြောင်းသိရသည်။

၂၀၁၂ခုနှစ် ဇန်နဝါနရီလ ၉ ရက်နေ့တွင် သန်လျင်မြို့နယ် သန်လျင်–ကျောက်တန်းလမ်းအတိုင်းရေကြောင်းတက္ကသိုလ်ဘက်မှ အဒ္ဒတ္တတောကျေးရွာဘက်သို့ ယာဉ်မောင်း........ ကျောက်တန်းမြို့နယ်နေသူမောင်းနှင်လာသော ၈/........ ဘီအမ်အဖြူရောင်အလုပ်သမားကြိုပို့ယာဉ်သည် ကုလားကုန်းကျေးရွာအရောက်ယာဉ်၏ ရှေ့တံခါးပေါက်တွင် ရပ်လျက်စီးနင်းလာသူ မ...... ၂၃နှစ်အထည်ချုပ်လုပ်သား ကျောက်တန်းမြို့နယ်နေသူမှာ ရုတ်တရက်ဘရိတ်အုပ်လိုက်စဉ် ကားလမ်းမပေါ်သို့ပြုတ်ကျပြီး ဦးခေါင်းနောက်စေ့ဖူးရောင်ဒဏ်ရာရရှိကာ ရန်ကုန်ဆေးရုံကြီးသို့တင်ပို့ကုသစဉ်သေဆုံးသွားခဲ့ကြောင်းသိရသည်။ ယာဉ်မောင်းမှာ အခင်းဖြစ်နေရာတွင်ယာဉ်ကိုထား၍ ထွက်ပြေးသွားသဖြင့်သန်လျင် ရဲစခန်း(ပ)၃၂/၂၀၁၂ ပုဒ်မ ၃၀၄က/၂၀၂ဖြင့်အမှုဖွင့်ပြီး တရားခံဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အလားတူ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ရန်ကုန်ပြည်လမ်းအတိုင်း တိုက်ကြီးဘက်မှ ရန်ကုန်ဘက်သို့ယာဉ်မောင်း..... တိုက်ကြီးမြို့နယ်နေသူ မောင်းနှင်လာသော ထ/......မထသ(၁၃၂)လိုင်း တိုက်ကြီး ရန်ကုန်ခရီးသည်တင်ဟိုင်းလတ်အဖြူရောင်သည် တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက်မြို့နယ်ခန်းမရှေ့အရောက် အရှိန်လျှော့လိုက်စဉ် ယာဉ်နောက်ပိုင်းမှ စီးနင်းလိုက်ပါနေသော မ......၂၀ နှစ် တိုက်ကြီးမြို့နယ်နေသူမှာ ယာဉ်ပေါ်မှပြုတ်ကျပြီး ဦးခေါင်းယာဂျီစောင်းဖူးရောင်ဒဏ်ရာရရှိကာ တိုက်ကြီးဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့အတွင်းလူနာအဖြစ် လွှဲပြောင်းကုသနေကြောင်း သိရှိရသည်။ ယင်းဖြစ်စဉ်အား တိုက်ကြီးရဲစခန်း(ပ)၁၉/၂၀၁၂ ပုဒ်မ ၃၃၈ဖြင့် တရားခံအားဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကဲ့သို့ယာဉ်ပေါ်မှပြုတ်ကျ၍ သေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းတို့ဖြစ်စဉ်အများစုမှာ အသက် ၂၀မှ ၂၅နှစ်ဝန်းကျင်ရှိသူများဖြစ်ကြောင်းသိရသည်။

# ရွှေတိဂုံစေတီတော်၌ ထမနဲထိုးပြိုင်ပွဲကျင်းပမည်

လာမည့်ဖေဖော်ဝါရီလ၆ရက်နေ့တွင်ရွှေတိဂုံစေတီတော်၌ထမနဲထိုးပြိုင်ပွဲပြုလုပ်ကျင်းပမည်ဖြစ်ကြောင်းရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှသတင်းရရှိပါသည်။

အဆိုပါထမနဲထိုးပြိုင်ပွဲအားရွှေတိဂုံစေတီတော်ရှိဘာသာရေးအသင်းအဖွဲ့များနှင့်ဝန်ထမ်းများပါဝင်သောအသင်းအဖွဲ့၃၆ခုတို့ကဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီးတပို့တွဲလပြည့်နေ့ဖြစ်သောဖေဖော်ဝါရီလ ၇ရက်နေ့နံနက်၅နာရီအချိန်တွင်ရွှေတိဂုံစေတီတော်ရင်ပြင်တော်ရှိရာဟုထောင့်ချမ်းသာကြီးတန်ဆောင်း၌ ထမနဲဆွမ်းတော်ကြီးကပ်လှူမှုပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

“ထမနဲထိုးပြိုင်ပွဲကိုနှစ်စဉ်တပို့တွဲလဆန်း၁၄ရက်နေ့တိုင်းကျင်းပပြုလုပ်ပြီးတပို့တွဲလပြည့်နေ့မှာတော့ဘုရားအမှူးပြုတဲ့သံဃာတော်အပါး၆၂ပါးတို့ကိုထမနဲဆွမ်းတော်ကြီးကပ်လှူပါတယ်။ပွဲတော်ပြုလုပ်နိုင်ဖို့အတွက်လှူဒါန်းလိုတဲ့အလှူရှင်တွေအနေနဲ့ ထမနဲတစ်ဒယ်ကိုငွေကျပ်နှစ်သောင်းနှုန်းနဲ့လှူဒါန်းနိုင်ပါတယ်”ဟု ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှတာဝန်ရှိသူတစ်ဦးကရှင်းပြပါသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်ဖြစ်ပေါ်သည့် ယာဉ်မတော်တဆမှုများတွင် ရန်ကုန်တိုင်းဒေသကြီးမှာအများဆုံးပါဝင်နေ

ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်ဖြစ်ပေါ်သည့် ယာဉ်မတော်တဆမှုများအနက်ဖြစ်ပေါ်မှုအများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးမှအများဆုံးပါဝင်နေကြောင်း ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ တရားဝင်ထုတ်ပြန်ချက်များအရ သတင်းရရှိပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၅ ခုမှယာဉ်မတော်တဆဖြစ်ပွားမှုများတွင် ရန်ကုန်တိုင်းဒေသကြီးမှအများဆုံးဖြစ်ပေါ်မှုနှင့်အတူ မန္တလေးတိုင်းဒေသကြီးမှ ဒုတိယအများဆုံးနှင့်ပဲခူးတိုင်းဒေသကြီးမှ တတိယအများဖြစ်ပွားလျက်ရှိသည်။ ထို့ကြောင့် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်အတွင်းဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများတွင် ရန်ကုန်တိုင်းဒေသကြီးမှ ၂၁၅၆ မှု၊ မန္တလေးတိုင်းဒေသကြီးမှ ၁၅၁၁ မှုနှင့်ပဲခူးတိုင်းဒေသကြီးမှ ၁၄၇၀ မှုတို့ဖြစ်ပွားခဲ့ကာ မန္တလေးတိုင်းဒေသကြီးအတွင်းဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆများတွင် သေဆုံးသူအရေအတွက်အများဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

“ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၅ ခုအတွင်းမှာတော့ ရန်ကုန်တိုင်းဒေသကြီးက ယာဉ်မတော်တဆဖြစ်ပွားမှုအများဆုံးဖြစ်နေပေမယ့် ကယားပြည်နယ်ကတော့ ယာဉ်မတော်တဆဖြစ်ပွားမှု အနည်းဆုံးဖြစ်ပါတယ်။ ဒါကြောင့် ယာဉ်မတော်တဆဖြစ်ပွားမှုတွေကို လေ့လာဆန်းစစ်လိုက်ရင် လူနေထိုင်မှုထူထပ်တဲ့နေရာကဖြစ်ပွားမှုအများဆုံးပါပဲ”ဟု ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှတာဝန်ရှိသူတစ်ဦးက ဆိုပါသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ၂၀၁၁ ခုနှစ်အတွင်းဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုအရေအတွက်**

| ဖြစ်ပွားသည့်ပြည်နယ်နှင့်တိုင်းဒေသကြီး | ယာဉ်မတော်တဆမှု | သေဆုံးသူ | ဒဏ်ရာရရသူ |
|---|---|---|---|
| ရန်ကုန် | ၂၁၅၆ | ၃၃၄ | ၃၇၉၆ |
| မန္တလေး | ၁၅၁၁ | ၅၃၅ | ၂၆၆၀ |
| ပဲခူး | ၁၄၇၀ | ၃၀၇ | ၂၅၉၁ |
| ရှမ်း | ၉၅၈ | ၃၀၃ | ၁၂၃၀ |
| စစ်ကိုင်း | ၉၃၂ | ၁၂၂ | ၁၁၁၂ |
| ဧရာဝတီ | ၅၉၀ | ၁၅၁ | ၉၉၁ |
| မကွေး | ၅၄၅ | ၁၄၅ | ၁၁၈၆ |
| မွန် | ၄၅၀ | ၁၈၆ | ၈၄၄ |
| ကချင် | ၄၁၀ | ၁၀၅ | ၆၄၆ |
| နေပြည်တော် | ၃၃၉ | ၁၈၆ | ၇၃၀ |
| တနင်္သာရီ | ၂၂၁ | ၆၉ | ၃၅၉ |
| ရခိုင် | ၂၁၉ | ၉၁ | ၂၄၀ |
| ကရင် | ၂၀၆ | ၄၉ | ၃၃၇ |
| ချင်း | ၆၇ | ၃၂ | ၁၈၆ |
| ကယား | ၄၉ | ၂၁ | ၇၂ |


BaB
(Chewable Tablets & Syrup)
Grade 4,5,6







လိုအပ်ချက်တွေပြည့်စုံဖို့ BaB ကိုတိုက်ကြစို့...
"ENERGY SAVING" SOLUTION
HOW TO CUT YOUR ELECTRICITY BILL?
SUNPOWER Established Since 1998
SUN POWER CO., LTD.
No. 21, 9 St., Lanmadaw Tsp., Yangon.
Call Tel: 95-1-212243, 216861,216864
2K
SHIN PLASTIC
ရှိုင်ခန့်
ပလတ်စတစ်စက်ရုံနှင့်ဆိုင်
PE, LDPE

# မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီးဝဲယာရှိကျေးရွာများမှ ရွှေ့ပြောင်းတောင်ယာမြေများတွင် နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်မှုကြောင့် ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးလာ

မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီးဝဲယာဘေးရှိ ကျေးရွာများမှ ရွှေ့ပြောင်းတောင်ယာမြေများတွင် နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်လာရာ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးလာကြောင်း သိရှိရသည်။

"ကျွန်တော်တို့ ရွာရဲ့အနောက်ဘက်မှာ ရတနာပုံဆိုက်ဘာစီးတီးရှိတယ်။ အရှေ့ဘက်မှာ နည်းပညာတက္ကသိုလ်နဲ့ နည်းပညာသုတေသနစီမံကိန်းရှိတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ရွာအတွက်က စိုက်ပျိုးမြေဧကနည်းသွားတယ်။ ဒါပေမယ့် အခုကျန်ခဲ့တဲ့ ဧက ၅၀၀ လေးကို တောင်မှ နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်းတွေကို ချထားပေးတဲ့အတွက် ရွာမှာ စိုက်ပျိုးစရာမြေမကျန်တော့ပါဘူး"ဟုမန္တလေး-လားရှိုး-မူဆယ်လမ်းမကြီးအနီးရှိ သုံးတောင် ကျေးရွာမှတောင်သူတစ်ဦးကပြောသည်။

ယင်းသို့နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်းများချထားပေးမှုတွင် ဒေသခံများ၏ စိုက်ပျိုးမြေများအများဆုံးပါဝင်နေပြီး အချို့နေရာများတွင် မြေနေရာရယူထားသော်လည်း စိုက်ပျိုးခြင်းလုံးဝမရှိကြောင်း၊ ဒေသခံများအနေဖြင့် စိုက်ပျိုးမြေများဆုံးရှုံးမှုကြောင့် နစ်နာမှုများကြုံတွေ့နေရကြောင်း သိရသည်။

"ဒီမှာက တောင်ယာမြေဖြစ်တဲ့အတွက် တစ်နေရာထဲမှာ အတည်တကျစိုက်တာမျိုးမရှိဘူး။ တစ်နေရာကနေတစ်နေရာ ပြောင်းရွှေ့စိုက်ကြ



သုံးတောင်ကျေးရွာအနီးရှိ နှစ်ရှည်ပင်စိုက်ပျိုးရေး လုပ်ပိုင်ခွင့်ရရှိထားသည့် မြေများကိုတွေ့ရစဉ်

တယ်။ မြေရဲ့သဘာဝက မစိုက်တော့ရင် တောထသွားတယ်။ ဒီလိုတောထတာကို လုပ်ငန်းရှင်တွေကလာကြည့်ပြီး မြေလွတ်မြေရိုင်းဆိုပြီး လုပ်ပိုင်ခွင့်တွေ လျှောက်ထားကြတယ်။ လျှောက်တာလည်း တိုးတိုးတိတ်တိတ်လုပ်ကြတယ်။ ဧကနည်းနည်းလောက်ပဲရှိတဲ့တောင်သူလေးယောက်လောက်ကို ခေါ်တွေ့လျော်ကြေးပေးပြီး သဘောတူကြောင်းလက်မှတ်ထိုးခိုင်းတယ်။ ဧကဘယ်လောက်လျှောက်ထားတယ်ဆိုတာလည်းရွာကလူတွေမသိကြဘူး။ အခုကျမှ ဧက ၅၀၀လောက်ဆိုတော့ ရွာမှာရှိတဲ့မြေတွေအကုန်ပါသွားတယ်။ အခုဆိုရင် လုပ်စားစရာဘာမှမကျန်တော့ဘူး"ဟု သုံးတောင်ရွာသားတစ်ဦးက ပြောကြားသည်။

ပြင်ဦးလွင်မြို့နယ်အတွင်း တောင်ယာမြေများတွင် ကော်ဖီစိုက်ခင်း၊လိမ္မော်စိုက်ခင်း၊ ထင်းစိုက်ခင်း၊ သစ်မွှေးစိုက်ခင်းများအကြောင်းပြကာ မြေနေရာရယူခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၀၀ ခုနှစ်လောက်က ရွာအရှေ့ဘက်မှာ ကော်ဖီစိုက်ခင်း ဧက ၁၀၀ လာလုပ်တယ်။ ကော်ဖီပင်တွေအစိုက်ပြပြီး မြေနေရာကြိုယူတဲ့သဘောမျိုးဖြစ်နေတယ်။ နောက်ပြီး ရွာမှာမြေဈေးလေးကောင်းလာတော့ ရွာခြံစည်းရိုးစပ်ထိ နှစ်ရှည်ပင်စိုက်ပျိုးရေးဆိုပြီး မြေနေရာယူလာကြတယ်။ ဒီလိုယူလို့ရရင် ကိုယ်ရွာသားတွေပဲ ယူခွင့်ရှိရမှာပေါ့။ အခုဟာက ရွာသားတွေက သီးစားမြေလျှောက်တော့ ကျေးရွာအဆင့်မှာကတည်းက လျှောက်ထားခွင့်ပိတ်ထားတယ်ဆိုပြီး ပယ်ချတယ်"ဟု သုံးတောင်ကျေးရွာမှ သရက်ခြံပိုင်ရှင်တစ်ဦးက ပြောသည်။

ပြင်ဦးလွင်မြို့နယ် သက္ကံချိုင်ကျေးရွာအုပ်စု နှစ် ၁၀၀ ကျော်သက်တမ်းရှိ ညောင်ကုန်းကျေးရွာမှ ရွာသားတစ်ဦးကလည်း "ကျွန်တော့်အသက် ၆၃ နှစ်ရှိပါပြီ။ အခုခေတ်သစ်လယ်ယာမြေနဲ့အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမလီမိတက်က လုပ်ကိုင်နေတဲ့ကော်ဖီစိုက်ခင်းဟာ ဒေသခံတွေ ဘိုးဘွားစဉ်ဆက် လုပ်ကိုင်စားသောက်ခဲ့တဲ့ မြေတွေပါ။ တောင်ပေါ်ဒေသဖြစ်တဲ့အတွက် ရွှေ့ပြောင်းတောင်ယာ ဖြစ်လိုက်၊ ကွဲနွားစားကျက်ဖြစ်လိုက်၊ အိမ်ထောင်သုံးဖို့ ကျေးရွာ ဘုံထင်းစိုက်ခင်းဖြစ်လိုက်နဲ့ အစဉ်အဆက်ရှိခဲ့တာပါ။ ဒီလိုရှိခဲ့တဲ့မြေတွေကို ၂၀၀၈ ခုနှစ်လောက်မှာ နိုင်ငံတော်ကော်ဖီစီမံကိန်းဆိုပြီး ဧက ၅၀၀ ကျော်လောက်ကို လာသိမ်းတယ်။ ရွာကနေ မြေသိမ်းယူကြောင်း အမိန့်စာပြပါဆိုပြီးမေတ္တာရပ်ခံတော့လည်း မပြနိုင်ဘဲ ဘူဒိုဇာနဲ့အတင်းဝင်ထိုးတယ်။ မြေအစားပေးခြင်း၊ လျော်ကြေး ငွေပေးခြင်းဆိုတာလည်း မရှိပါဘူး"ဟု ပြောကြားသည်။

ယခုအခါ တောင်ယာမြေများ၊ ကွဲနွားစာကျက်များ၊ ထင်းစိုက်ခင်းများတွင် လုပ်ငန်းရှင်များ၏ နှစ်ရှည်ပင် စိုက်ပျိုးရေးလုပ်ငန်းများဝင်ရောက်လုပ်ကိုင်လာမှုကြောင့် ကွဲနွားကျောင်းရန်နေရာရှားပါးလာကြောင်း သိရှိရသည်။

ပြင်ဦးလွင်မြို့နယ် မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီး ဝဲယာအနီးရှိ သုံးတောင်၊ အောင်ချမ်းသာ၊ မီးသွေးဖို၊ ညောင်နီ၊ ညောင်ကုန်း၊ သက္ကချိုင့်၊ ဝက်ဝံ၊ နောင်လှိုင်၊ သပြေ၊ ခြေမြစ်ပင်စသည့်ကျေးရွာများတွင် နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်းများအား အများဆုံးချထားပေးခဲ့ကြောင်း၊ ပြင်ဦးလွင်ခရိုင်အတွင်း အသုံးချလျက်ရှိသည့် မြေအမျိုးအစားများမှာ လယ်မြေ ၅၄၄၆ ဧက၊ ယာမြေ ၂၄၈၅၈ ဧက၊ ဥယျာဉ် ၁၁၅၀ ဧက၊ သီးသန့်သစ်တောကြိုးဝိုင်း ၂၁၉၈၆၆ ဧက၊ တောရိုင်း ၁၈၃၉၄၇ဧကရှိကြောင်း သိရသည်။

*သန်းနိုင်စိုး၊ အောင်သူ*

## မန္တလေးမြို့တွင် ဆိုင်ကယ်အဟောင်းဈေးကွက် အရောင်းအဝယ်ပိုအေးလာ

မန္တလေးမြို့ဆိုင်ကယ်အဟောင်းဈေးကွက် အရောင်းအဝယ်အေးလျက်ရှိကြောင်း ဆိုင်ကယ်ပွဲစားများထံမှ စုံစမ်းသိရှိရပါသည်။

"ဆိုင်ကယ်ဈေးကွက်က အရင်လို အရောင်းအဝယ်လုပ်လို့မကောင်းတော့ဘူး။ ဆိုင်ကယ်အသစ်တွေကို ကုမ္ပဏီကနေတိုက်ရိုက် မန္တလေးမြို့မှာဆိုင်ခွဲတွေနဲ့ ဖွင့်နေတာ။ ပိုက်ဆံတတ်နိုင်တဲ့ လူအများစုက မော်ဒယ်အသစ်ပေါ်တာနဲ့စီးနေတဲ့ ဆိုင်ကယ်ကို အရှုံးခံပြီး ရောင်းလိုက်တော့ ဈေးကွက်က ပျက်သွားတယ်။ တရုတ်ဆိုင်ကယ်တွေက ပြင်ရတာ ပစ္စည်းတွေလည်းပေါလာတော့ ဆိုင်ကယ်တစ်ခုခုဖြစ်ရင် အကြီးစားမပြင်တော့ဘူး။ ပျက်တဲ့အပိုင်းကို အသစ်လဲလိုက်ကြ၊ တစ်စီးလုံးကို ကပ်ခွာလုပ်ကြတာများတယ်။ တရုတ်ဆိုင်ကယ်အဟောင်းတစ်စီးဆိုရင် သုံးသိန်း ပတ်ချာလည်ဆိုရင် ဆိုင်ကယ်တစ်စီးစီးလို့ရပြီ"ဟု ဆိုင်ကယ်ပွဲစားတစ်ဦးက ပြောပါသည်။

"ဂျပန်ဘီးအဟောင်းဈေးကွက်လည်း ဈေးကွက်ပျက်တယ်။ ဆိုင်ကယ် တော်တော်လေးသန့်နေရင် ၁၀ သိန်းကျော်လောက်ရှိတယ်။ ဆိုင်ကယ်လိုအပ်ချက်တွေရှိရင်တော့ ၁၀ သိန်းအောက်နဲ့အရောင်းအဝယ်ဖြစ်တယ်၊ အရင် သိန်း ၂၀ တန်ဘီးတွေက အခု ၁၀ သိန်းကျော်လေးနဲ့ ရတယ်"ဟု အဆိုပါဆိုင်ကယ်ပွဲစားက ဆက်လက်ရှင်းပြပါသည်။

## သံဖြူဇရပ်မြို့နယ်တွင် ရော်ဘာမှိုင်းခံရုံ မီးလောင်မှုဖြစ်ပွား

မွန်ပြည်နယ် တောင်ဘက်ရှိ သံဖြူဇရပ်မြို့နယ် ကြံ့ခိုင်ရေးရပ်အောင်ဆန်းလမ်းသွယ်ရှိ ရော်ဘာမှိုင်းခံရုံတစ်ရုံတွင် လောင်စာဖွဲမီးမှ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။

ဇန်နဝါရီလ ၁၄ ရက်နေ့ နံနက် ၉ နာရီ ၄၅ နာရီအချိန်ခန့်တွင် အဆိုပါရပ်ကွက်နေဦး---(၃၄)နှစ်၏ ရော်ဘာမှိုင်းခံစက်ရုံသည်လောင်စာဖွဲမီးမှတစ်ဆင့်မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ရာ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ရပ်ကွက်နေသူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက်၁၀နာရီ ၄၅မိနစ်တွင် မီးငြိမ်းသွားပြီး မီးလောင်မှုကြောင့် အလျားခုနစ်ပေ၊ အနံခုနစ်ပေ၊ အမြင့် ၁၀ ပေခန့်ရှိရော်ဘာမှိုင်းခံရုံ လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ်ဆသူဦး---အားသက်ဆိုင်ရာရဲစခန်းက (ပ)၇/၂၀၁၂၊ ပုဒ်မ ၂၈၅ ဖြင့်အမှုဖွင့်အရေးယူထားသည်ဟု သိရှိရပါသည်။

## မကွေးမြို့နှင့် မင်းဘူးမြို့ကြား မြေနုကျွန်းတွင် ဖရဲကို ပိုမိုစိုက်ပျိုးလာ

မကွေးမြို့နှင့် မင်းဘူးမြို့ကြား ဧရာဝတီတံတား(မကွေး)အထက်ရှိ မြေနုကျွန်းတွင် ယခုနှစ်အတွက် ဖရဲကို ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။

ထိုမြေနုကျွန်းပေါ်တွင် ပြောင်းဖူး၊ နေကြာ၊ ကုလားပဲနှင့် အခြားဟင်းသီးဟင်းရွက်များ စိုက်ပျိုးမှုရှိသော်လည်း ရာသီဉတုဒဏ်ခံနိုင်ရည်နှင့် ဈေးကွက်အနေအထားအရ ဖရဲကို ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။

"ကျွန်းပေါ်မှာတော့ ၈၅၅၊ ၁၆၄၊ ၁၀၄ နဲ့ ဗီယက်နမ်ဖရဲမျိုးတွေကို အဓိကစိုက်ပျိုးကြပါတယ်။ ဗီယက်နမ်ဖရဲမျိုးက ပုပုဝိုင်းဝိုင်းနဲ့ အရောင်သိပ်မလှပေမယ့် အရသာပိုချိုလို့ ဒေသခံတွေ အကြိုက်များတဲ့အပြင် နယ်စပ်အထိ တင်ပို့ရတာတွေရှိပါ



တယ်။ စပြီးစိုက်ပျိုးတာတော့ သီတင်းကျွတ်လပိုင်းကဖြစ်ပြီး ရက် ၁၀၀ ဆို ခူးဆွတ်ရလေ့ရှိပါတယ်" ဟု ဖရဲစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

ထိုမြေနုကျွန်းပေါ်မှထွက်သော ဖရဲသီးများကို မကွေးမြို့နှင့် မင်းဘူးမြို့ရှိ ဈေးများတွင် ရောင်းချလေ့ရှိသည့်အပြင် တရုတ်နိုင်ငံနယ်စပ် မူဆယ်မြို့အထိ တိုက်ရိုက်တင်ပို့မှုများရှိကြောင်း သိရသည်။

*အောင်သူငြိမ်း(မကွေး)*


## ဝန်ထမ်းအမြန်အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

M.G.W Construction Ltd.

၁။ အုပ်ချုပ်မှုမန်နေဂျာ — Male 1-POST
ဘွဲ့တစ်ခုခုရရှိထားပြီး၊ ဆောက်လုပ်ရေးလုပ်ငန်း (စီမံကိန်းအဆင့်) အတွေ့အကြုံ (၅)နှစ်ခန့်ရှိသူ၊ အသက်(၄၀)မှ(၅၀)နှစ်အတွင်းဖြစ်ရမည်။

၂။ **CHIEF ENGINEER (CIVIL)** — **Male 1-POST**
B.E, M.E(CIVIL) ဘွဲ့ရရှိပြီးသူ၊ အထပ်မြင့်ဆောက်လုပ်ရေးစီမံကိန်းတစ်ခုကို ဦးဆောင်စီမံခန့်ခွဲနိုင်သူ၊ လုပ်ငန်းအတွေ့အကြုံ (၁၀)နှစ်ခန့်ရှိသူ၊ အသက်(၃၅)နှစ်မှ (၅၀)နှစ်အတွင်းဖြစ်ရမည်။

၃။ **A.C.E (M & E)** — **Male 2-POST**
B.E, M.E(E.P) ဘွဲ့ရရှိပြီးသူ၊ အထပ်မြင့် ဆောက်လုပ်ရေးစီမံကိန်းတစ်ခု၏ ရေ၊ မီး၊ လေအေးပေးစနစ်၊ မီးဘေးကာကွယ်ရေးစနစ်များကို ဦးဆောင်လုပ်ကိုင်နိုင်သူ၊ လုပ်ငန်းအတွေ့အကြုံ (၅)နှစ်အထက်ရှိသူ၊ အသက်(၃၅)မှ(၅၀)နှစ်အတွင်းဖြစ်ရမည်။

၄။ **SITE ENGINEER (CIVIL)** — **Male 5-POST**
A.G.T.I, B.E, M.E (CIVIL) ဘွဲ့ရရှိပြီးသူ၊ အထက်မြင့် အဆောက်အအုံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သူ၊ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်အထက်ရှိသူ၊ အသက်(၃၅)နှစ်မှ(၅၀)နှစ်အတွင်းဖြစ်ရမည်။

၅။ **BATCHING PLANT ENGINEER (CIVIL)** — **M/F 3-POST**
A.G.T.I, B.E, M.E, (CIVIL) ဘွဲ့ရရှိပြီးသူ၊ Ready Mixed Concrete Design နှင့် Batching Plant ကြီးတစ်ခုကို ဦးဆောင်စီမံခန့်ခွဲအုပ်ချုပ်နိုင်သူ၊ Plant လုပ်ငန်းအတွေ့အကြုံ (၅)နှစ်အထက်ရှိသူ၊ အသက်(၃၅)နှစ်မှ(၅၀)နှစ်အတွင်းဖြစ်ရမည်။

၆။ **PLANT MANAGER** — **M/F 1 POST**
ဘွဲ့တစ်ခုခုရရှိပြီးသူ၊ Plant အတွေ့အကြုံ(၅)နှစ်ရှိသူ၊ အသက်(၃၀)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။

၇။ **Q.S(CIVIL) & (M&E)** — **M/F 5-POST**
A.G.T.I, B.E, M.E (CIVIL, E.P, Mech) ဘွဲ့ရရှိပြီးသူ၊ Estimate, B.Q အသေးစိပ်တွက်ချက်နိုင်သူ၊ လုပ်ငန်းအတွေ့အကြုံ (၅)နှစ်အထက်ရှိသူ၊ အသက်(၃၀)နှစ်မှ(၅၀)နှစ်အတွင်းဖြစ်ရမည်။

၈။ **Q.C (CIVIL) & (M&E)** — **M/F 5-POST**
A.G.T.I, B.E, M.E (CIVIL, E.P, Mech) ဘွဲ့ရရှိပြီးသူ၊ အထပ်မြင့်စီမံကိန်း၏ အရည်အသွေးထိန်းချုပ်ရေးကို ကျွမ်းကျင်သူ၊ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်အထက်ရှိသူ၊ အသက်(၃၅)နှစ်မှ(၅၀)နှစ်အတွင်းဖြစ်ရမည်။

၉။ **SAFETY OFFICER** — **Male 1-POST**
ဘွဲ့တစ်ခုခုရရှိပြီးသူ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်နိုင်သူ၊ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်အထက်ရှိသူ၊ အသက်(၃၅)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။

၁၀။ **SURVEYER** — **Male 5-POST**
ဘွဲ့တစ်ခုခုရရှိပြီးသူ၊ အထပ်မြင့်အဆောက်အအုံ Building Survey လုပ်သက်(၅)နှစ်ရှိသူ၊ အသက်(၃၀)နှစ်မှ(၄၀)နှစ်အတွင်းဖြစ်ရမည်။

အမှတ်စဉ်(၃)မှ(၉)အထိ ရာထူးများအတွက် ကွန်ပျူတာကျွမ်းကျင်စွာသုံးစွဲနိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် CV၊ ပညာအရည်အချင်း အထောက်အထား၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်ကဒ်တို့၏မိတ္တူများ၊ ပတ်စ်ပို့ဓာတ်ပုံ(၁)ပုံနှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း အောက်ပါလိပ်စာသို့ လျှောက်ထားနိုင်ပါသည်။

လျှောက်ထားရမည့်လိပ်စာ - အမှတ် ၂၃(စီ)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၅၇၈၉၁၅၊ ၀၁-၅၅၄၃၀၂

# မန္တလေးမြို့တွင် မြန်မာစာအုပ် အရောင်းပွဲတော်ကျင်းပခဲ့

မန္တလေးမြို့ ၈၄ လမ်းနှင့် ၃၁ လမ်းထောင့်ရှိ ဓမ္မသာလခန်းမတွင် ရန်ကုန်မြို့မှစာအုပ်တိုက်များစုပေါင်း ရောင်းချသည့် ပထမဆုံးအကြိမ် 'မြန်မာစာအုပ်အရောင်းပွဲတော်' အမည်ရ စာအုပ်အရောင်းပွဲတော်အား ဇန်နဝါရီလ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိ ခင်းကျင်းရောင်းချခဲ့ကြောင်း သိရသည်။

"အစ်ကိုတို့အနေနဲ့ မန္တလေးမှာ ပထမဆုံးအကြိမ်ခင်းကျင်းရောင်းချခြင်းဖြစ်ပါတယ်။ ရန်ကုန်ကစာအုပ်ထုတ်ဝေရေးတိုက်တွေ စုပေါင်းပြီး တစ်နေရာထဲမှာ ခင်းကျင်းရောင်းချတာပါ။ မန္တလေးကလူထု၊ ချို့ချို့မြင့်နဲ့ Myanmar Book Center လည်းပါတယ်။ ဒီလိုတစ်နေရာတည်းမှာ စုစည်းရောင်းချပေးတဲ့အတွက် ရွေးချယ်ရလွယ်ကူပြီး ရှားပါးတဲ့စာအုပ်တွေလည်းဝယ်ယူနိုင်အောင် ရည်ရွယ်တာပါ။ မန္တလေးမှာရောင်းချပြီးသွားရင် လမ်းတစ်လျှောက်ဖြစ်တဲ့ နေပြည်တော်၊ မြင်းခြံ၊ မိတ္ထီလာ၊ တောင်ငူနဲ့ ပဲခူးမြို့တွေမှာလည်း ခင်းကျင်းရောင်းချပေးသွားမှာပါ"ဟု Myanmar Advertising Co.,Ltd တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

အဆိုပါစာအုပ်ရောင်းပွဲတော်အား နံနက် ၉နာရီမှ ည ၉နာရီအထိ ခင်းကျင်းရောင်းချခဲ့ရာ ရန်ကုန်မြို့ရှိစာအုပ်တိုက်ပေါင်း ၃၀ ကျော်မှ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ဝတ္ထု၊ ကဗျာနှင့် အခြားသုတ၊ ရသစာအုပ်များ စုံလင်စွာ ခင်းကျင်းရောင်းချခဲ့ပြီး ကျပ် ၅၀၀၀ ဖိုးဝယ်ယူသူများအား ၁၀ ရာခိုင်နှုန်းလျှော့ချပေးခဲ့ကြောင်း သိရသည်။



# ပုသိမ်ကြီးမြို့နယ်ရှိ ရေတံခွန်တောင်တွင် သဘာဝအတိုင်းကျက်စားသော မျောက်ကောင်ရေတိုးပွားလာ

မန္တလေးတိုင်းဒေသကြီးပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်တွင် သဘာဝအတိုင်းကျက်စားသော မျောက်ကောင်ရေ တိုးပွားလာရာ ကောင်ရေ တစ်ထောင်ခန့်အထိရှိလာကြောင်း သိရသည်။

"လွန်ခဲ့တဲ့ငါးနှစ်လောက်က မျောက်ကောင်ရေဟာ ပျမ်းမျှ ၁၀ ကောင်လောက်ပဲရှိတယ်။ ရေတံခွန်တောင်ကိုလာတဲ့ဘုရားဖူးတွေက အစာကျွေးတဲ့အတွက် မျောက်တွေက ဒီတောင်ဝန်းကျင်မှာပဲ ကျက်စားကြတော့တယ်။ ဒီနားတဝိုက်မှာပဲကျက်စားရင်းနဲ့ အကောင်ရေပွားလာတဲ့အခုဆိုရင်၁၀၀၀လောက်အထိရှိလာပါတယ်။ အုပ်စုအနေနဲ့ သုံးစုတွေ့ရပါတယ်"ဟု ရေတံခွန်တောင်အလယ်ဂူကျောင်းမှ ဆရာတော်တစ်ပါးက မိန့်ကြားသည်။



ရေတံခွန်တောင်ဝန်းကျင်တွင် သဘာဝအတိုင်း ကျက်စားသော မျောက်များအား ဖမ်းဆီးရောင်းချခြင်း၊ ရိုက်နှက်ခြင်းများအားအလယ်ဂူကျောင်းရှိ ရဟန်းများမှ တားမြစ်ထားကြောင်း၊ ဘုရားစေတီနှင့် ဘုန်းကြီးကျောင်းများအနီးတွင် မျောက်စာမကျွေးရန် မေတ္တာရပ်ခံထားကြောင်း၊ မျောက်အစာကျွေးရန် နေရာသတ်မှတ်ပေးထားကြောင်း သိရသည်။

"မျောက်အစာကျွေးချင်ရင်အလယ်ဂူကျောင်းအနီးက မျောက်စာကျွေးတဲ့နေရာ ကျွေးနိုင်ပါတယ်။ အစာကျွေးမယ့်လူမရှိရင်ဒီတောင်မှာရှိတဲ့ မကျည်းသီး၊ သရက်သီး၊သစ်ဥ သစ်ဖုတွေကို ရှာဖွေစားသောက်ကြတယ်။ မျောက်တွေက လူနဲ့ရင်းနှီးတယ်ဆိုပေမယ့် သူတို့ကိုတော့ ကိုင်လို့မရပါဘူး။ သူတို့ကို ကိုင်ရင်ကြောက်တဲ့အတွက် ကိုက်တာတို့ ကုတ်တာတို့ လုပ်တတ်တယ်"ဟု အလယ်ဂူကျောင်းဆရာတော်က မိန့်ကြားသည်။

ရေတံခွန်တောင်တွင်တွေ့ရသော မျောက်မျိုးများမှာ မျောက်စပ် *Rhesus Macaque* မျိုးများဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရွက်ကြွေတောများပေါက်ရောက်ရာကုန်းမြင့်ဒေသများ၊ ကချင်တောင်တန်း၊ ချင်းတောင်တန်းနှင့် ရှမ်းပြည်နယ်တို့တွင်တွေ့နိုင်ကြောင်း သိရသည်။

"မျောက်စပ်တွေကို Endangered Species အဖြစ် IUCN က သတ်မှတ်ထားပြီး CITES: Appendix I အနေနဲ့ထိန်းသိမ်းထားပါတယ်။ သူတို့သက်တမ်းက ၂၂ နှစ်ရှိတယ်။ အကောင် ၃၀ နဲ့အထက် အုပ်စုဖွဲ့နေထိုင်ပြီးနေ့ဘက်မှာပဲသွားလာလှုပ်ရှားကြတယ်။ အင်းဆက်တွေ၊ အသီးတွေ၊ အမြစ်တွေကိုစားသောက်ပါတယ်။ ဒီမျောက်တွေဟာ ရေချိုးတာကိုနှစ်သက်ပြီး ရေကူး၊ ရေငုပ်ကျွမ်းကျင်ကြတယ်"ဟု သားငှက်လေ့လာတစ်ဦးက ပြောပြသည်။

မျောက်စပ်များသည် ၅ နှစ်ဝန်းကျင်တွင် အရွယ်ရောက်ကာ စက်တင်ဘာလမှဒီဇင်ဘာလအတွင်း မိတ်လိုက်ကြပြီး ကိုယ်ဝန်ဆောင်ကာလ ၁၆၄ ရက်ခန့်ဖြစ်ကာ၊ မတ်လနှင့် ဇွန်လတွင် သားပေါက်လေ့ရှိ၍ တစ်ကြိမ်လျှင်တစ်ကောင်သာမွေးပြီး တခါတရံနှစ်ကောင်မွေးတတ်ကြောင်း သိရသည်။

သန်းနိုင်စိုး

# မဟာမုနိဘုရားကြီး၏ (၅၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အစဉ်အလာမပျက်ကျင်းပမည်

နှစ်စဉ်ကျင်းပမြဲဖြစ်သောမန္တလေးမြို့ မဟာမုနိဘုရားကြီး၏(၅၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အား အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မဟာမုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲကို ယခင်နှစ်တွေအတိုင်း စည်ကားသိုက်မြိုက်စွာကျင်းပသွားမှာပါ။ အခုတပို့တွဲဆန်း ၁ ရက်ကနေ ၉ ရက်အထိ အသံမစဲပဋ္ဌာန်းရွတ်ပူဇော်ပွဲစနေပါပြီ။ တပို့တွဲလပြည့်နေ့မှာ သံဃာတော် ၈၅၁ ပါးကို စာရေးတံမဲနဲ့ ဆွမ်းတော်ကြီး လောင်းလှူပြီး တပို့တွဲလပြည့်ကျော် ၈ ရက်နေ့မှာတစ်ခါ ဆွမ်းဆန်စိမ်း လောင်းလှူသွားမှာပါ။ တပို့တွဲလဆန်း ၁၄ ရက်နေ့ညနေပိုင်းမှာ မဟာမုနိဘုရားကြီးကိုလာရောက်ဖူးမြော်တဲ့ ဘုရားဖူးဧည့်သည်တွေကို ရင်ပြင်တော်မှာထမနဲစတုဒိသာနဲ့ ဧည့်ခံသွားမှာပါ"ဟု မဟာမုနိဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးကဆိုသည်။

မဟာမုနိဘုရားကြီးဗုဒ္ဓပူဇနိယပွဲတော်တွင် ဇာတ်အဖွဲ့များအနေဖြင့် တပို့တွဲလဆန်း ၁၂၊ ၁၃ ရက်တွင် ပန်တျာဇော်ဖြိုးဇာတ်အဖွဲ့၊ တပို့တွဲလဆန်း ၁၄၊ ၁၅ရက်တွင် ပန်တျာဝေယံဦးဇာတ်အဖွဲ့နှင့် တပို့တွဲလပြည့်ကျော် ၇၊ ၈ ရက်နေ့တွင် ရွှေတော်ဝင်ဇာတ်အဖွဲ့တို့ဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အတူ တပို့တွဲလဆန်း ၁၄ ရက်နေ့တွင် မဟာမုနိဘုရားကြီးအား ၂၄ နာရီဖူးမြော် ပူဇော်ခွင့်ပြုသွားမည်ဖြစ်ပြီး တပို့တွဲလပြည့်နေ့ နံနက်အာရုဏ်ချိန်တွင် ထမနဲနှင့် နံ့သာမီးပုံးထင်းများ ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

■

# မန္တလေးမြို့တွင် ယာဉ်လိုင်းပေါ်မှ စည်းကမ်းမဲ့ အမှိုက်ပစ်ခြင်းအား အရေးယူသွားမည်ဖြစ်ကြောင်း သိရ

မန္တလေးမြို့တွင် ယာဉ်လိုင်းပေါ်မှ စည်းကမ်းမဲ့ အမှိုက်ပစ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်းနှင့် ကျယ်လောင်စွာဟွန်းတီးခြင်းများကို စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရှိရပါသည်။

အဆိုပါထုတ်ပြန်ချက်ကို ဇန်နဝါရီလ ၂၅ ရက်နေ့မှစတင်၍ ၃၁ ရက်နေ့အထိ ပညာပေးကာလအဖြစ်သတ်မှတ်ကာဆောင်ရွက်မည်ဖြစ်ပြီး ယာဉ်လိုင်းများပေါ်မှ ယင်းကဲ့သို့ အများပြည်သူများ အနှောက်အယှက်ဖြစ်စေသည့်ကိစ္စများ ပပျောက်စေရန် ပညာပေးကာလကျော်လွန်ပါက စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၆ အရ၊ ထောင်ဒဏ် ၃ လဖြစ်စေ၊ ဒဏ်ငွေ ၁၀၀၀၀ ကျပ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှဒုတိယရဲမှူးသန်းစိုးထံမှ သိရှိရပါသည်။

"မြို့တော်သန့်ရှင်းသာယာရေးနဲ့အများပြည်သူတွေ စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ယာဉ်တွေပေါ်ကနေ ကွမ်းတံတွေးထွေးခြင်း၊ အမှိုက်စွန့်ပစ်ခြင်းနဲ့ ကားဟွန်းကို အဆက်မပြတ်ကျယ်လောင်စွာဟွန်းတီးမှုတွေကို အရေးယူသွားမှာပါ"ဟု ဒုတိယရဲမှူးသန်းစိုးမှ ပြောပါသည်။

"ယာဉ်မှူးတွေကို ခရီးသည်တွေ စတက်သည့်နေရာကနေ ကွမ်းတံတွေးကို ကွမ်းပုံးထဲထွေးဖို့၊ ယာဉ်များပေါ်ကနေ ယာဉ်နောက်လိုက်တွေအနေနဲ့လည်း ခရီးသည်တွေကို အသိပညာပေးသွားရမှာပါ။ ကျွန်တော်တို့အနေနဲ့ လက်ကမ်းစာစောင်တွေ ဖြန့်ဝေသွားမှာဖြစ်ပြီး ရေဒီယို၊ သတင်းစာကနေ ယာဉ်စီးနေစဉ် ကွမ်းမထွေး၊ အမှိုက်မပစ်ဖို့ကိစ္စတွေကို ထည့်သွင်းကြေငြာသွားမှာပါ။ မြင်သာ၊ ထင်သာရှိတဲ့နေရာတိုင်းမှာ ဆောင်ပုဒ်တွေကို စိုက်ထူပညာပေးမှာပါ"ဟု ဆက်လက်ရှင်းပြပါသည်။

■




# တစ်ပတ်အတွင်း ရန်ကုန်ဈေးနှုန်းများ

ဖော်ပြပါဈေးနှုန်းများသည် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ၅% မှ ၁၀% အထိ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။

## မီးဖိုဆောင်သုံး ကုန်စည်များဈေးနှုန်း (ကျပ်)

ဆန်မျိုးစုံဈေးနှုန်းများ

| | | |
|---|---|---|
| ရွှေဘိုပေါ်ဆန်းမွှေး | ၁ ပြည် | ၁၆၀၀ |
| ပုသိမ်ပေါ်ဆန်းမွှေး(ရှယ်) | ၁ ပြည် | ၁၁၀၀ |
| ပုသိမ်ပေါ်ဆန်းမွှေး(ထူးထူးရှယ်) | ၁ ပြည် | ၁၃၀၀ |
| ဖျာပုံပေါ်ဆန်းမွှေး(ထူးရှယ်) | ၁ ပြည် | ၁၄၀၀ |
| ဖျာပုံပေါ်ဆန်းမွှေး(ထူးထူးရှယ်) | ၁ ပြည် | ၁၅၀၀ |
| မိုးဇီယာ(ရှယ်) | ၁ ပြည် | ၈၅၀ |
| ဒေးဒရဲပေါ်ဆန်းမွှေး(ရှယ်) | ၁ ပြည် | ၁၀၀၀ |
| ဘေးကြား(ရိုးရိုး) | ၁ ပြည် | ၁၀၀၀ |
| ဘေးကြား(သစ်) | ၁ ပြည် | ၈၀၀ |
| ပေါ်ဆန်းမွှေး(လတ်) | ၁ ပြည် | ၈၀၀ |
| တောင်ပျံ(ထူးထူးရှယ်) | ၁ ပြည် | ၁၃၀၀ |
| တောင်ပျံ(သစ်) | ၁ ပြည် | ၁၀၀၀ |
| ဘိုကလေးပေါ်ဆန်းမွှေး(ရှယ်) | ၁ ပြည် | ၁၁၅၀ |
| ပေါ်ကျွဲ(ရိုးရိုး) | ၁ ပြည် | ၈၀၀ |
| ဒေးဒရဲတောင်ပျံ(သစ်) | ၁ ပြည် | ၁၁၀၀ |
| တောင်ပျံကြီး(ရိုးရိုး) | ၁ ပြည် | ၁၀၀၀ |
| တောင်ပျံ(ရှယ်) | ၁ ပြည် | ၁၂၀၀ |
| မနောသုခအသစ်(ရှယ်) | ၁ ပြည် | ၆၀၀ |
| ညော့မထ(ထူးထူးရှယ်) | ၁ ပြည် | ၇၅၀ |
| ကျွန်းရွှေဝါ(ရှယ်) | ၁ ပြည် | ၇၀၀ |
| ရွှေဝါထွန်း(ရှယ်) | ၁ ပြည် | ၈၀၀ |
| ရွှေဝါထွန်း(လတ်) | ၁ ပြည် | ၇၅၀ |
| ရာကျော်(ရှယ်) | ၁ ပြည် | ၆၅၀ |
| ငစိန် | ၁ ပြည် | ၆၅၀ |
| ဆင်းသွယ်လတ် | ၁ ပြည် | ၉၀၀ |
| နှေ့ဇီယာ(ထူးရှယ်) | ၁ ပြည် | ၇၅၀ |
| ရောမွှေး | ၁ ပြည် | ၁၂၀၀ |
| ရွှေဝါထွန်း(အသစ်) | ၁ ပြည် | ၆၀၀ |
| ရာကျော်(ရိုးရိုး) | ၁ ပြည် | ၆၅၀ |
| ဘေးကြား | ၁ ပြည် | ၁၀၀၀ |
| ဖျာပုံပေါ်ဆန်းမွှေး(ရိုးရိုး) | ၁ ပြည် | ၁၂၀၀ |
| ပုသိမ်ပေါ်ဆန်းမွှေး(ရိုးရိုး) | ၁ ပြည် | ၁၁၀၀ |
| ကောက်ညှင်းဆန်(ရိုးရိုး) | ၁ ပြည် | ၁၁၀၀ |
| ကောက်ညှင်းဆန်(ရှယ်) | ၁ ပြည် | ၁၅၀၀ |

## နိုင်ငံတကာကုန်စည်ဈေးများ

| နိုင်ငံတကာကုန်စည်ဈေးနှုန်းများ (အမေရိကန်ဒေါ်လာ) | ၂၁-၁-၂၀၁၂ | ၂၈-၁-၂၀၁၂ |
|---|---|---|
| ရေနံစိမ်း(တစ်စည်) | ၉၈.၃၉ | ၉၉.၇၆ |
| ရွှေ(အောင်စ) | ၁၆၆၆.၅၅ | ၁၇၃၉.၀၉ |
| ငွေ(အောင်စ) | ၃၂.၁၇ | ၃၃.၉၇ |
| ဓာတ်ငွေ့(mmbtu) | ၂.၃၈ | ၂.၇၇ |
| ဓာတ်ဆီ(တစ်ဂါလန်) | ၂.၇၉ | ၂.၉၃ |
| ဂျုံ(ပေါင် ၆၀ အိတ်) | ၆.၆၇ | ၇.၀၀ |

| အာရှဈေးကွက် ဆန်ဈေးနှုန်း (တစ်တန်၊ အမေရိကန်ဒေါ်လာ) | ထိုင်း | ဗီယက်နမ် |
|---|---|---|
| ၁၀၀%ဆန်ဖြူ | ၅၃၅ | - |
| ၅%ဆန်ကျိုးပါ | ၅၂၀ | ၄၅၅ |
| ၁၀%ဆန်ကျိုးပါ | - | - |
| ၁၅%ဆန်ကျိုးပါ | - | - |
| ၂၅%ဆန်ကျိုးပါ | ၅၁၅ | ၄၂၀ |
| ပေါင်းဆန် | ၅၂၀ | - |

### ရန်ကုန်ရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဈေးနှုန်းများ (ကျပ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ဈေးများ)

| ဆိုင်အမည် | အရေအတွက် | ဓာတ်ဆီ | ဒီဇယ် | အောက်တိန်း |
|---|---|---|---|---|
| Petro K | တစ်ဂါလန် | - | ၃၅၅၅ | ၃၆၄၅ |
| မက်(စ်)မြန်မာ | တစ်ဂါလန် | ၃၃၅၀ | ၃၅၅၀ | ၃၇၀၀ |
| ST Oil | တစ်ဂါလန် | ၃၃၅၀ | ၃၅၅၀ | ၃၆၅၀ |
| KZH | တစ်ဂါလန် | ၃၃၅၀ | ၃၅၅၀ | ၃၆၅၀ |
| NEW DAY | တစ်ဂါလန် | ၃၃၅၀ | ၃၅၅၀ | ၃၇၀၀ |
| 2000 | တစ်ဂါလန် | ၃၃၅၀ | ၃၅၀၀ | ၃၆၀၀ |
| မြဝတီ | တစ်ဂါလန် | ၃၃၅၀ | ၃၅၅၀ | ၃၆၅၀ |

### ရွှေဈေးနှုန်းများ(ကျပ်)

| | | |
|---|---|---|
| ၁၅ပဲရည် | တစ်ကျပ်သား | ၆၈၀၀၀၀ |
| အခေါက် | တစ်ကျပ်သား | ၇၂၄၀၀၀ |

### ပဲမျိုးစုံ FOB ဈေးနှုန်းများ(တစ်တန်၊ အမေရိကန်ဒေါ်လာ)

| | | | | | |
|---|---|---|---|---|---|
| မတ်ပဲ | FAQ | ၅၇၀-၅၉၀ | ပဲစဉ်းငုံ | အသစ်အဖြူ | ၅၁၀-၅၃၀ |
| မတ်ပဲ | SQ | ၆၁၀-၆၃၀ | ပဲစင်းငုံ | အသစ်ဖြူနီ | ၅၁၀-၅၃၀ |
| မတ်ပဲ | အခွံချွတ်အလုံး | ၈၁၅-၈၄၅ | ကုလားပဲဖြူလုံးကြီး | အခွံချွတ်အခြမ်း | ၉၆၀-၉၉၀ |
| မတ်ပဲ | အခွံပါအလုံး | ၇၁၅-၇၄၀ | ကုလားပဲဖြူလုံးကြီး | FAQ | ၇၂၀-၇၄၀ |
| မတ်ပဲ | အခွံချွတ်အခြမ်း | ၈၁၅-၈၄၅ | မြေထောက်ပဲ | FAQ | ၇၀၀-၇၂၀ |
| ပဲတီစိမ်း(အညာ) | FAQ | ၆၉၀-၇၁၀ | မြေထောက်ပဲ | အခွံချွတ်အခြမ်း | ၈၇၅-၉၀၀ |
| ပဲတီစိမ်း(ပခုက္ကူ) | FAQ | ၆၇၀-၆၉၀ | မြေထောက်ပဲ | အခွံပါအခြမ်း | ၇၄၀-၇၆၀ |
| ပဲတီစိမ်း | ရွှေဝါအသေး | ၇၅၀-၇၇၀ | ပဲထောပတ် | အခွံပါအခြမ်း | ၇၇၀-၇၉၀ |
| ပဲတီစိမ်း | ရွှေဝါအကြီး | ၈၂၀-၈၄၀ | ပဲထောပတ် | FAQ | ၇၃၀-၇၅၀ |
| ပဲတီစိမ်း(အခွံပါအလုံးသေးခြမ်း) | အညာ | ၈၆၅-၈၉၀ | ပဲလွန်းဖြူ | SQ | ၈၄၀-၈၆၀ |
| ပဲစင်းငုံ | အသစ်အနီ | ၆၄၀-၆၆၀ | စားတော်ပဲ | အကြီး | ၁၁၃၀-၁၁၅၀ |

# နိုင်ငံတကာငွေကြေးလဲလှယ်မှုနှုန်းများ

(အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသောဈေးနှုန်းဖြစ်သည်)

| နိုင်ငံအမည် | ငွေအမျိုးအစား | ၂၁-၁-၂၀၁၂ | ၂၈-၁-၂၀၁၂ |
|---|---|---|---|
| ဥရောပသမဂ္ဂ | ယူရို | ၀.၇၇၃ | ၀.၇၅၆ |
| ဗြိတိန် | ပေါင် | ၀.၆၄၂ | ၀.၆၃၆ |
| ဩစတြေးလျ | ဒေါ်လာ | ၀.၉၅၄ | ၀.၉၄၀ |
| ကနေဒါ | ဒေါ်လာ | ၁.၀၁၃ | ၁.၀၀၂ |
| တောင်အာဖရိက | ရန်း | ၇.၉၃၆ | ၇.၇၅၈ |
| ဂျပန် | ယန်း | ၇၇.၀၁၀ | ၇၆.၆၉၅ |
| ယူအေအီး | Dirham | ၃.၆၇၃ | ၃.၆၇၃ |
| တရုတ် | ယွမ် | ၆.၃၃၃ | ၆.၃၃၃ |
| ဟောင်ကောင် | ဒေါ်လာ | ၇.၇၆၁ | ၇.၇၅၅ |
| စင်ကာပူ | ဒေါ်လာ | ၁.၂၇၁ | ၁.၂၅၀ |
| မလေးရှား | ရင်းဂစ် | ၃.၁၀၅ | ၃.၀၄၁ |
| အိန္ဒိယ | ရူပီး | ၅၀.၂၂၅ | ၄၉.၂၂၅ |
| ထိုင်း | ဘတ် | ၃၁.၅၀၀ | ၃၁.၀၄၀ |
| တရုတ်(တိုင်ပေ) | ဒေါ်လာ | ၂၉.၉၅၀ | ၂၉.၇၅၀ |
| တောင်ကိုရီးယား | ဝမ် | ၁၁၃၂.၉၀၀ | ၁၁၂၀.၀၀၀ |
| ဖိလစ်ပိုင် | Pesos | ၄၃.၂၅၀ | ၄၂.၈၅၀ |
| ရုရှား | ရူဘယ် | ၃၁.၃၂၅ | ၃၀.၂၂၀ |
| နယူးဇီလန် | ဒေါ်လာ | ၁.၂၄၁ | ၁.၂၁၃ |
| ဘင်္ဂလားဒေ့ရှ် | တာကာ | ၈၃.၇၀၀ | ၈၄.၄၀၀ |

CARTOON





## အလိုရှိသည်

ယာဉ်မောင်းသက် - ၅ နှစ်အထက်

အခြေခံလစာ - ၉၀၀၀၀ိ/-

မှတ်ပုံတင်မိတ္တူ၊ ယာဉ်မောင်းလိုင်စင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ(၁) ပုံနှင့်အတူ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။ (လျှောက်လွှာများကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ)

**ELEVEN MEDIA GROUP**

အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း -၄၀၀၅၂၄၊ ၄၀၀၅၂၈၊ ၄၀၁၄၁၁



## TRADE MARK CAUTION

**SEIKO KABUSHIKI KAISHA (also trading as Seiko Corporation)**, of 5-11, Ginza 4-chome, Chuo-ku, Tokyo, Japan, is the Owner and Sole Proprietor of the following Trademarks:-

ALBA — Reg. No. 942/1984
LORUS — Reg. No. 944/1984
JEMIS — Reg. No. 948/1984

in respect of "Watches, Clocks, other horological instruments and parts thereof."

SEIKO — Reg. No. 965/1984

in respect of "Watches, Clocks, other horological instruments and parts thereof; Camera, Camera shutter, other Photographic Apparatus and instruments."

Reg. No. 4658/1996

in respect of "Batteries and cells, Optical products, namely, eyeglasses, lenses for eyeglasses, contact lenses, frames for eyeglasses, and parts thereof; Watches, clocks, stopwatches, horological and chronometric apparatus and instruments; cases, parts watch boxes and fittings for all the aforesaid goods."

Pulsar — Reg. No. 971/1984

in respect of "Horological and other chronometric instruments and parts & accessories thereof."

SEIKO 5 Superior — Reg. No. 2679/1997

in respect of "Int'l Class 14: Precious metals and their alloys and goods in precious metals or coated therewith, not included in other classes; jewellery, precious stones; horological and chronometric instruments."

Any fraudulent imitation or unauthorized use of the said Trademarks will be dealt with according to law.

**U Nyunt Tin Associates,** Intellectual Property Law Firm
Tel: 951 375754, Fax: 951 254321, Email: info@untlaw.com
For **SEIKO KABUSHIKI KAISHA (also trading as Seiko Corporation)**
Dated: 1 February, 2012.

## မင်းလှမြို့နယ်အတွင်းရှိ ရေနံမှော်များတွင် ခိုးယူမှုများ မကြာခဏဖြစ်ပွား

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်အတွင်း ငနောင်မုန်း၊ ဓာတ်ကုန်းအစရှိသည့် ရေနံမှော်များရှိ စက်ပစ္စည်းဆိုင်၊ ကုန်မာဆိုင်နှင့် အဝတ်အထည်ဆိုင်များတွင် ဖောက်ထွင်း ခိုးယူခံရမှုများ မကြာခဏ ဖြစ်ပွားနေကြောင်း သတင်းရရှိပါသည်။

ငနောင်မုန်းမှော်အတွင်းတွင် စက်ပစ္စည်းဆိုင်၊ အဝတ်အထည်ဆိုင်၊ စားသောက်ဆိုင် စသည့်ဆိုင်ပေါင်း ၁၈၀ ခန့်တည်ရှိပြီး ဖောက်ထွင်းခိုးယူသူများမှာ အုပ်စုဖွဲ့၍ ညစဉ်နီးပါး ချဉ်းကပ်လေ့ရှိကြောင်း သိရှိရပါသည်။

“ကျွန်တော်တို့ဆိုင်မှာတော့ ဇန်နဝါရီလ ၁ ရက်နေ့ညက ဖောက်ထွင်းခံရတာပါ။ လူသံကြားလို့ဝိုင်းလိုက်ကြပေမယ့် မီးကမရှိတော့မမိခဲ့ပါဘူး။ ဆိုင်ကိုပြန်စစ်တဲ့အခါ စောင်တစ်ထည်၊ ဖိနပ်အရံ ၅၀၊ စည်းတစ်စည်းပုဆိုး ၆၀ စည်း၊ တစ်စည်းနဲ့ကျောပိုးအိတ် ၁၀ လုံး



မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်အတွင်းရှိ ရေနံမှော်လုပ်ကွက်တစ်နေရာ

ပျောက်နေတာသိရပါတယ်။ ပထမတစ်ခေါက်ခိုးယူပြီးတော့ နောက်ထပ်တစ်ခေါက်မှာမှ သတိထားမိခဲ့သလိုဖြစ်တာပါ။ ဒီလိုအကြိမ်ကြိမ်ခိုးထုတ်တဲ့အထိ အတင့်ရဲလွန်းတာမျိုးဆိုတာ မှော်တာဝန်ခံတွေအနေနဲ့ လုံခြုံရေးကို တင်းကျပ်ပေးသင့်ပါတယ်”ဟု ငနောင်မုန်းရေနံမှော်အတွင်းမှအဝတ်အထည်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောကြားပါသည်။

ထိုမှော်များအတွင်းတွင် ဆိုင်ခန်းများကိုဖောက်ထွင်းခိုးယူမှုအပြင် ရေနံပေပါများ၊ ရေနံပုံးများကိုလည်း ခိုးယူလေ့ရှိကြောင်း သိရသည်။

*အောင်သူငြိမ်း(မကွေး)*

## ပခုက္ကူဒေသ မိုးကြက်သွန်လှိုင်လှိုင်ပေါ်သော်လည်း ယခင်နှစ်ဈေးမမီ၍ တောင်သူများ အရှုံးပေါ်

ပခုက္ကူဒေသ၌ မိုးကြက်သွန်များလှိုင်လှိုင်ပေါ်နေသော်လည်း ဈေးကောင်းမရ၍ အရှုံးပေါ်နေကြောင်း သိရပါသည်။

ယခင်နှစ်မိုး ကြက်သွန်ဈေးမှာ တစ်ပိဿာကျပ် ၁၁၀၀ အထိရှိခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလပိုင်းတွင် တစ်ပိဿာကျပ် ၂၀၀သာရှိကြောင်း၊ အရင်းမှာတစ်ပိဿာကျပ် ၄၀၀ ရှိကြောင်း၊ မိုးကြက်သွန်မှာ ရေစကြိုမြို့နယ်မြေနုကျွန်းဒေသတွင် အစိုက်များပြီး စားသုံးသူအကြိုက်နည်းကြောင်း သိရသည်။ မိုးကြက်သွန်ကို မြေပဲဆန်စေ့အရွယ်စိုက်ပျိုးကြပြီး ယောကြက်သွန်ထက်အရည်အသွေးနိမ့်သည်ဟုလည်း သိရသည်။

ပခုက္ကူဒေသ မိုးကြက်သွန်သည် တစ်ရာသီပိဿာချိန်သိန်း ၂၀ ဝန်းကျင်ထွက်ရှိကြောင်း သိရသည်။

ပြာသိုလတွင် နယ်စုံပေါ်နေပြီး ရေနံချောင်းမိုးကြက်သွန်ဈေးမှာ ကျပ် ၁၅၀ ဈေးနှင့်ရောင်းဝယ်နေရကြောင်း၊ ပခုက္ကူဒေသ မိုးကြက်သွန်များကို ရေစကြိုမြို့နယ် ကန်ဒေါင့်၊ သင့်တင့်ရွာ၊ ကုန်းတလင်း၊ ဇီးကုန်း၊ ဘုတ်မ၊ ရပ်သာ၊ ကိုရင်ရွာ၊ ဟသ်ာ၊ ဟသ်ာကျွန်း၊ နှောင်းဘ၊ ဗလဲဗ စသည့် ပခုက္ကူရေစကြိုမြစ်ကမ်းဘေး ရေဝင်ဒေသရွာများမှ အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလကုန်ပိုင်း၌ ပခုက္ကူကြက်သွန်ဈေးကွက်သို့ မိုးကြက်သွန်အချိန်သုံးသောင်းခန့်ဝင်ရောက်နေသည်ဟု သိရှိရပါသည်။

*နေဦးမောင် (ပခုက္ကူ)*

## မော်လမြိုင်မြို့တွင် ကျောင်းသူလေးဦးမြဝတီမြို့မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ထွက်ခွာစဉ်လမ်းခရီး၌အချိန်မီတားဆီးနိုင်ခဲ့

ကလေးများနှင့်မိဘဆရာနားလည်မှုလွဲကာ ကျောင်းသူလေးဦး မြဝတီမြို့မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ထွက်ခွာစဉ် လမ်းခရီး၌ အချိန်မီတားဆီးနိုင်သည့် ဖြစ်စဉ်တစ်ခု မော်လမြိုင်မြို့တွင် ဖြစ်ပွားခဲ့ကြောင်းသိရသည်။

မွန်ပြည်နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ၏(၁/၂၀၁၂)လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်မော်လမြိုင်လူကုန်ကူးမှု အထူးအဖွဲ့မှတာဝန်ရှိသူတစ်ဦးက အကြံပြုတင်ပြမှု၌ ယင်းအကြောင်းအရာကိုထည့်သွင်းပြောကြားသွားပါသည်။

၂၀၁၂ ခုနှစ်ဇန်နဝါရီ ၁၂ ရက်နေ့တွင်နေ့လယ် မုန့်စားဆင်းချိန်တွင် အသက်(၁၅)နှစ်ရှိကျောင်းသူကဦးဆောင်၍ ဆွဲကြိုးပေါင်သည့်ရရှိသောငွေကြေးဖြင့် ကျောင်းဝတ်စုံလဲကာမြဝတီသို့ကားဖြင့်ဆက်လက်ထွက်ခွာခဲ့ကြောင်း၊ကျောင်းပြန်တက်ချိန်တွင်ကျောင်းသူလေးဦးပျက်ကွက်မှုကိုအကြောင်းကြားချက်အရ မော်လမြိုင်လူကုန်ကူးမှုအထူးအဖွဲ့က မြဝတီလူကုန်ကူးမှုအထူးအဖွဲ့နှင့် မြဝတီသွားလမ်းရှိစစ်ဆေးရေးဂိတ်စခန်းများသို့အကြောင်းကြားခဲ့ရာယင်းနေ့ညနေ ၆ နာရီ ၄၅ မိနစ်တွင် အလယ်ဂိတ်၌ကျောင်းသူလေးယောက်ကို ပြန်လည်တားဆီးခေါ်ဆောင်ကာ သက်ဆိုင်ရာအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံခဲ့သည်။ မေးမြန်းစုံစမ်းချက်အရကျောင်းသူများသည် ကျောင်းစာအားနည်းခြင်း၊ စာမေးပွဲကျရှုံးပါကမိဘအုပ်ထိန်းသူများဆူပူရိုက်နှက်မည်ကိုစိုးရိမ်ခြင်း၊သူငယ်ချင်းများအကြားအရှက်ရမည်ကိုစိုးရိမ်ကြောက်ရွံ့ကာ ယခုကဲ့သို့ကျောင်းပြေးရခြင်းဟုသိရှိကြောင်း၊ ဖြစ်စဉ်အရကလေးသူငယ်များနှင့် မိဘအုပ်ထိန်းသူ၊ ဆရာများအကြားအထင်အမြင်လွဲမှားမှုကြောင့် ဖြစ်ပေါ်သည်ဟုသုံးသပ်ကြောင်း၊ဌာနနှင့် INGOs များက CPG အစည်းအဝေး၊ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများနှင့် ကလေးသူငယ်၊ မိဘအုပ်ထိန်းသူ၊ ဆရာ၊ဆရာမများကိုကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲများကိုကျင်းပပြုလုပ်ပေးခြင်းအားဖြင့် ယခုကဲ့သို့ ဖြစ်ရပ်မျိုးမှကာကွယ်နိုင်မည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါမွန်ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏(၁/၂၀၁၂)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၂၃ ရက်နေ့နံနက်ပိုင်းတွင်အိမ်တွင်းသက်မွေးမှုသင်တန်းကျောင်း၌ ပြုလုပ်ခဲ့ပြီး ပြည်နယ် CRC အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ NGO အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း၊ ၂၀၁၂ ခုနှစ်အတွင်းလုပ်ဆောင်မည့် လုပ်ငန်းစဉ်များကိုလည်း တင်ပြခဲ့ကြကြောင်း သိရသည်။

*မောင်မောင်ရွှေမြိုင်(မော်လမြိုင်)*

## ချင်းရုတ်ပေါ်ချိန်တွင် မုံရွာမှတစ်ဆင့် အိန္ဒိယသို့တင်ပို့

ယခုနှစ် ငရုတ်ရာသီတွင် ချင်းငရုတ်ပေါ်ချိန် မုံရွာမှတစ်ဆင့်အိန္ဒိယဈေးကွက်သို့ တင်ပို့လျက်ရှိကြောင်း ကုန်သည်များမှ သိရသည်။

“ချင်းငရုတ်ကို ချင်းတောင်ဒေသမှာအနှံ့အပြားစိုက်တယ်။ ချင်းငရုတ်ခေါ်ကုလားအော်ငရုတ်ကို မိတ္ထီလာ၊ရမည်းသင်း၊မြစ်သားဒေသတွေမှာအစိုက်များတယ်။အိန္ဒိယနဲ့ ယိုးဒယားကိုပို့ပြီး အိန္ဒိယဆွဲတဲ့နှစ်မှာဈေးပိုရတယ်။ အခုလောလောဆယ် တစ်ပိဿာကိုကျပ် ၄၀၀၀ ဈေးရတယ်။ ချင်းငရုတ်ကဒီဇင်ဘာလမှာ စပြီးလှိုင်တယ်။ ဖေဖော်ဝါရီလလယ်မှာကုန်တယ်။ မနှစ်ကပေါ်ချိန်မှာကျပ် ၃၁၀၀ ရှိပြီးနောက်ဆုံးဈေးကကျပ် ၄၂၀၀ လောက်ရှိတယ်။ အရင်ကတော့မုံရွာကတစ်ဆင့်အိန္ဒိယနဲ့ကုန်သွယ်ရာမှာတိုက်ရိုက်လဲလှယ်မှု စနစ်ဖြစ်တဲ့ ဘာတာစနစ်ကိုအသုံးပြုခဲ့ပြီး အခုတော့ကုမ္ပဏီဖွဲ့ပြီးပို့ရမယ်ကြားလို့ထိန်းပို့နေပေမယ့်အိန္ဒိယဝယ်လက်ကဆွဲတာပဲ။ ချင်းငရုတ်က အထွက်နည်းလို့အစိုက်နည်းတယ်။ လှောင်ရင်လည်းမည်းနက်လွယ်လို့ လှောင်လက်မရှိတော့ မုံရွာနယ်မှာစိုက်ဖို့စိတ်မဝင်စားကြဘူး”ဟု ငရုတ်ကုန်သည်တစ်ဦးက ပြောသည်။

## သီရိမာလာဈေးခရမ်းချဉ်သီး ပွဲရုံများတွင် ထိုင်ဝမ်သီး အဖွင့်ဈေးနှုန်း မြင့်တက်



မန္တလေးမြို့ သီရိမာလာဈေးရှိ ခရမ်းချဉ်သီးပွဲရုံများသို့ထိုင်ဝမ်သီးများစတင်ဝင်ရောက်ပြီးအဖွင့်ဈေးနှုန်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

“ဇန်နဝါရီလဆန်းပိုင်းလောက်ကစပြီးထိုင်ဝမ်ခရမ်းချဉ်သီးတွေအဝင်များလာတယ်။ ကုန်တွေက လိုသလောက်မရတော့ဈေးနှုန်းကအဖွင့်ဈေးမှာတင်မြင့်တက်လာတယ်။စိုက်ပျိုးတဲ့ဒေသတွေမှာမိုးများတဲ့အတွက် စိုက်ခင်းတွေပျက်စီးကြတာလည်းပါတယ်”ဟုသီရိမာလာဈေးရှိ ခရမ်းချဉ်သီးပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

သီရိမာလာဈေး ခရမ်းချဉ်သီးပွဲရုံများသို့ မတ္တရာ၊ မုံရွာဘက်မှ ထိုင်ဝမ်သီးများဝင်ရောက်လျက်ရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်းသို့ တင်ပို့ရကြောင်း၊ ဈေးနှုန်းမှာ အနည်းဆုံးကျပ် ၇၀၀ မှ ၈၀၀ အထက်ရှိကြောင်း သိရှိရသည်။


စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန် ဦးထွန်းနွယ်

ဦးစီးတည်ထောင်သော

ပညာနန်းတော်

၅တန်းမှ ၁၀ တန်းအထိ

အထူးအဆင့်မြင့်ဘော်ဒါ၊ နေ့ကျောင်းကြီး

ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း (မတ် ၂၇ စမည်)

ခြံအမှတ် 118 A/B ကျွန်းချောင်းလမ်း VIP-1 ရပ်ကွက်၊ မိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ 01-577605



## ပဲစင်းငုံလှိုင်လှိုင်ပေါ်ပြီး ပဲမျိုးစုံ ပခုက္က

ပခုက္ကူဒေသတစ်ခွင် ပဲစင်းငုံများလှိုင်လှိုင်ပေါ်ပြီး ကျန်ပဲမျိုးစုံလည်း ဈေးကွက်အတွင်းဝင်ရောက်လာ၍ ပခုက္ကူပွဲရုံများ လှုပ်ရှားသက်ဝင်လာပြီဖြစ်ကြောင်း သိရပါသည်။ ပခုက္ကူပဲမျိုးစုံဈေးကွက်ရှိ ပဲစင်းငုံဈေးမှာ ၂၀၁၁ ခုနှစ်ဒီဇင်ဘာလတွင် အသစ်တစ်တင်းကျပ် ၁၄၄၀၀၊ အဟောင်းကျပ် ၁၂၈၀၀၊၂၀၁၂ ခုနှစ်ဇန်နဝါရီလဦးအသစ်ကျပ် ၁၆၁၀၀၊ အဟောင်းကျပ် ၁၄၉၀၀၊ ဇန်နဝါရီလကုန်ပိုင်းမှုအသစ်ကျပ် ၁၅၇၀၀ ဈေးအထိရောက်ခဲ့ကြောင်းသိရသည်။

"ဒီနှစ်ပေါက်တဲ့ဈေးက ဖေဖော်ဝါရီလမှာပြန်ကျသွားနိုင်တယ်။ ပဲမျိုးစုံလည်းလှိုင်လှိုင်ပေါ်လာတယ်" ဟုပွဲစားကြီးတစ်ဦးကပြောကြားသည်။

ဇန်နဝါရီ ၂၅ ရက်နေ့ ဖြစ်ပေါ်ခဲ့သောပဲမျိုးစုံဈေးမှာ ပဲတီ စိမ်းသေးကျပ် ၁၄၀၀၀၊ ၁၃၀၀၀၊ စိမ်းကြီးကျပ် ၁၂၀၀၀၊ ကျပ် ၁၁၀၀၀၊ V2 ကုလားပဲကျပ်၁၅၅၀၀၊ HLကုလားပဲကျပ် ၁၅၀၀၀၊ 929ကုလားပဲ ကျပ် ၁၅၀၀၀၊ ပွဲဇီးကွက်ကျပ် ၈၀၀၊ စိန်တာနီပဲကျပ် ၈၅၀၀၊ ပြောင်းဖူးစေ့ကျပ် ၅၃၀၀၊ မတ်ပဲကျပ် ၁၃၀၀၀၊ နှမ်းနီကျပ် ၁၉၅၀၀၊ နှမ်းဖြူကျပ် ၂၀၀၀၀၊ နှမ်းနက်ကျပ် ၂၀၃၀၀၊ နှမ်းကြားကျပ် ၂၀၀၀၀ နှင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

*နေဦးမောင် (ပခုက္ကူ)*

## မြစ်ကမ်းပါးပြိုကျသည့် သဘာဝဘေးနှင့်ရင်ဆိုင်နေရသူများ နေရာအတည်တကျဖြစ်ရေး အခက်အခဲများရှိနေ




သာပေါင်းမြို့နယ် ဇီးဖြူကွင်းကျေးရွာတွင် ငဝန်မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးအက်ကြောင်းကြီးများဖြစ်ပေါ်နေခဲ့ရာမှ ၁၂ ပေခန့်အထိ မြေယာများနိမ့်ကျသွားပြီဖြစ်ကြောင်း သိရှိရသည်။

ယင်းမြေသားများနိမ့်ဆင်းသွားသည့်နေရာတွင် နေထိုင်ကြသည့် အိမ်ခြေ ၁၉ လုံးမိသားစု ၁၉ စုသည် အက်ကြောင်းများစိုးရိမ်ဖွယ်အခြေအနေသို့ရောက်ရှိလာသည့်အခြေအနေမှစ၍ မိမိတို့၏အိမ်ယာများအားဖျက်၍ ရွာရှိရင်းနှီးရာမိသားစုများထံတွင် တဲများထိုး၍နေထိုင်ရလျက်ရှိသည်။ မြစ်ကမ်းပါးနံဘေးတွင်နေထိုင်ကြသူများဖြစ်၍ အဓိကအားဖြင့်ရေလုပ်ငန်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြသူများသည်ဟု သိရှိရသည်။

"ကျွန်တော်တို့ဒီဇင်ဘာလ ၁၃ ရက်နေ့ကတည်းက အိမ်တွေဖျက်ပြီး သူများအိမ်ယာမှာ မှီခိုနေထိုင်ကြတာပါ။ အိမ်ယာကွက်တွေ ချပေးမယ်လို့သိရပါတယ်။ ဒါပေမယ့် လောလောဆယ်တော့ ဘာမှထူးမလာသေးဘူး။ ကျွန်တော်တို့က ရေလုပ်ငန်းလုပ်ကြတော့ မိသားစုတွေကိုအိမ်မှာထားပြီး အလုပ်ရှိရာသွားကြရတာပါ။ အခု ရေလုပ်ငန်းအတွက် ရာသီချိန်ဆိုပေမယ့်နေစရာအတည်တကျရှိဖို့ဆိုတာ အရေးကြီးတော့ ဒါကိုဘဲ ထိုင်စောင့်နေရသလိုမျိုးဖြစ်နေတယ်။ အလုပ်မရှိတော့ စားဝတ်နေရေးအတွက် အခက်အခဲဖြစ်တာပေါ့ဗျာ"ဟု ဇီးဖြူကွင်းရွာမှ ဦးလှမြင့်က ပြောသည်။





ဇီးဖြူကွင်းရွာသည် ငဝန်မြစ်ကြောင်းတစ်လျှောက် တောင်မြောက်သွယ်တန်းထားသောကျေးရွာဖြစ်ပြီး ရွာလယ်လမ်းမကြီးအား ဗဟိုပြု၍ မျက်နှာချင်းဆိုင်အိမ်များဆောက်လုပ်ထားသည်။ ယခုမြစ်ကမ်းပါးပြိုကျမှုသည်ကမ်းနံဘေးရှိအိမ်တန်းသာမက ရွာလယ်လမ်းမအပါအဝင် တချို့နေရာများတွင် တစ်ဘက်အိမ်ခြံမြေများပါပါဝင်ကြောင်း၊ ရွာလယ်လမ်းမကြီးသည် မြေပြိုကျသည့်အထဲပါဝင်သွားသဖြင့်သွားလာရေးအခက်အခဲရှိကြောင်း သိရသည်။

ယင်းမြစ်ကမ်းပါးပြိုကျမှုအားဧရာဝတီတိုင်းဒေသကြီး၏ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အစိုးရဝန်ကြီးများမှသွားရောက်စစ်ဆေး၍ရွာ၏မြောက်ဘက်တွင်ရှိသည့် အရှေ့အနောက်ဖောက်လုပ်ထားသည့်တူးမြောင်းချောင်းတစ်လျှောက်ကွဲလမ်းဧရိယာများတွင်စနစ်တကျအကွက်ချမှတ်၍ပေးရန်ညွှန်ကြားမှုများရှိသော်လည်း လက်ရှိအခြေအနေထိ ထူးခြားမှုတစ်စုံတစ်ရာဖြစ်ပေါ်လာခြင်းမရှိသေးကြောင်း သိရသည်။ ယင်းအပြင် အကွက်ချမှတ်ပေးမည့်နေရာများတွင် လယ်မြေဧရိယာများပါဝင်သဖြင့် လယ်ပိုင်ရှင်များ၏တားမြစ်တိုင်ကြားမှုများလည်းရှိသည်ဟု ဆိုသည်။ ဇီးဖြူကွင်းကျေးရွာသည် မိုးတွင်းကာလ၌ မြစ်ရေလျှံမှုသည်ရွာလယ်လမ်းမအထက်တွင် ငါးပေနှင့်အထက်ရှိ၍ မိုးတွင်းကာလ၌အိမ်များဆောက်လုပ်ခြင်းနှင့်ပြောင်းရွှေ့နေထိုင်ရန်အတွက် အခက်အခဲများစွာရှိကြောင်း သိရသည်။

လက်ရှိအနေအထားအရကျန်ရှိနေသည့် ရွာတန်းသည် ငဝန်မြစ်ရေ၏ရေတိုးမှုကြောင့် မြေပြိုကျမှုအန္တရာယ်နှင့်ဆက်လက်ရင်ဆိုင်ရဖွယ်ရှိ၍ ရွာသူရွာသားများအနေဖြင့် ဘေးလွတ်ရာသို့ တစ်ပြိုင်နက်နေထိုင်ရန်ဆန္ဒရှိကြောင်း သိရသည်။ တစ်ရွာလုံးအနေဖြင့် ပြောင်းရွှေ့နေထိုင်မည်ဆိုပါက အိမ်ခြေ ၇၂ လုံး မိသားစု ၇၂ စုရှိကြောင်း သိရှိရသည်။

*သက်ဆွေ(ပုသိမ်)*

## စစ်တွေတွင် ကောက်ရိုးမှိုကို စီးပွားဖြစ်စိုက်ပျိုးရောင်းချမှု တွင်ကျယ်လျက်ရှိ

စစ်တွေတွင်ကောက်ရိုးမှိုများအားစီးပွားဖြစ်စိုက်ပျိုးရောင်းချမွေးမြူမှုများ တွင်ကျယ်လာကြောင်းနှင့်စားသုံးများအနေဖြင့်လည်း ဝယ်ယူစားသုံးလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါမှိုများသည် ယခုနှစ်ပိုင်းတွင်စားသုံးသူများလာသည်နှင့်အညီ အရောင်းရသွက်လာကြောင်းလည်းသိရသည်။ ယင်းမှိုများကိုအိမ်တွင်းစားသုံးနိုင်ရုံသမက ရောင်းချနိုင်ရန်အတွက်ပါစိုက်ပျိုးသူများရှိလာခဲ့ပြီဖြစ်ကြောင်း၊ သို့သော်လည်း နည်းစနစ်တကျစိုက်ပျိုးမှသာ မှိုများကိုရောင်းချစားသုံးနိုင်ကြောင်းလည်း မှိုစိုက်ပျိုးသူများထံမှ သိရသည်။

"ဒီမှိုက အရင်ကစားသုံးသူနည်းပေမယ့် အခုအခါမှာ စားသုံးသူတွေများလာတာကြောင့် ရောင်းအားလည်းကောင်းလာတယ်။ ဒါကြောင့် မိသားစုစားသုံးရုံစိုက်ပျိုးတာကနေရောင်းချနိုင်အောင်ထိ တိုးချဲ့စိုက်ပျိုးခဲ့တာပါ"ဟုမင်းဂံရပ်ကွက်မှမှိုစိုက်ပျိုးသူတစ်ဦးက ပြောပါသည်။

ရခိုင်ပြည်နယ်အတွင်းမှိုအမျိုးအစားပေါင်းမြောက်များစွာကို စားသုံးရသော်လည်း ရာသီအလိုက်သာပွင့်တတ်သောကြောင့် အချိန်အမရွေးစားသုံးရန်မဖြစ်နိုင်သည့်အတွက် ယခုကဲ့သို့ ကောက်ရိုးမှိုကိုစားသုံးလာကြခြင်းဖြစ်ကြောင်းသိရသည်။ယင်းအပြင်ကောက်ရိုးမှိုသည်အစာအဆိပ်သင့်မှုကိုမဖြစ်ပေါ်စေသဖြင့် စိတ်ချလက်ချရောင်းချနိုင်ခြင်းဖြစ်ကြောင်းလည်း သိရှိရပါသည်။

*လှိုင်(စစ်တွေ)*

## ပုဂံညောင်ဦးဒေသသို့လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသွားများတွင် မိမိအစီအစဉ်ဖြင့်မိမိလာရောက်သူများသည် ဒေသခံများ၏ လူနေမှုဘဝလေ့လာသူများပြား

ပုဂံညောင်ဦးဒေသသို့ကမ္ဘာလှည့်ခရီးသွားဧည့်သည်များလာရောက်လည်ပတ်ရာတွင် မိမိအစီအစဉ်ဖြင့်မိမိလာရောက်လည်ပတ်သောကမ္ဘာလှည့်ခရီးသွားဧည့်သည်အများစုသည် ရှေးဟောင်းစေတီ ပုထိုး များလေ့လာခြင်းအပြင် ဒေသခံ များ၏ လူနေမှု ဘဝများကိုလည်း ထဲထဲဝင်ဝင်လေ့လာကြောင်းသိရသည်။

"ရပ်ကွက်တွေ၊ဘုန်းကြီးကျောင်းတွေ၊လမ်းကြို၊လမ်းကြားအကုန်သွားတယ်"ဟုဒေသခံတစ်ဦးမှမိမိအစီအစဉ်ဖြင့်မိမိ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသွားဧည့်သည်များဒေသအတွင်းလေ့လာပုံကိုပြောပါသည်။



ယခုနှစ်ခရီးသွားရာသီအတွင်း ပြည်ပခရီးသွားဧည့်သည်အမြောက်အမြားပုဂံညောင်ဦးဒေသသို့ ဝင်ရောက်လာရာကုမ္ပဏီအစီအစဉ်ဖြင့်ဝင်ရောက်လာသည့်ခရီးသွားများအပြင် မိမိအစီအစဉ်ဖြင့်မိမိဝင်ရောက်လာသည့်ခရီးသွားလည်း ပါဝင်ကြောင်း၊ ကုမ္ပဏီအစီအစဉ်ဖြင့် လာရောက်သူများသည် မိမိတို့ဝယ်ယူထားသည့်ခရီးစဉ်အတိုင်းသာ ဧည့်လမ်းညွှန်များဦးဆောင်မှုဖြင့် လည်ပတ်ကြပြီး မိမိအစီအစဉ်ဖြင့် မိမိဝင်လာရောက်သူများသည် လွတ်လပ်စွာ လှည့်လည်သွားလာလည်ပတ်ကြကြောင်း သိရသည်။

*ကိုနော် ( ပုဂံ )*

## စစ်တွေမြို့ရှိ ရွှေပြား၊ မြို့သူကြီး၊ကုလားချောင်း ရပ်ကွက်များ မြစ်ရေလှိုင်းရိုက်ခတ်မှုမရှိစေရန် ရေလှိုင်းကာကျောက်နံရံတည်ဆောက်

ကုလားတန်မြစ်ကြောင်းနံဘေးတွင်ကျရောက်သည့် စစ်တွေမြို့မှရွှေပြား၊ မြို့သူကြီးနှင့် ကုလားချောင်းရပ်ကွက်တို့၌ မြစ်ရေလှိုင်းရိုက်ခတ်ခံရမှုကိုကာကွယ်ရန် ရေလှိုင်းကာကျောက်နံရံများ တည်ဆောက်လျက်ရှိကြောင်း သိရသည်။ အဆိုပါရပ်ကွက်များသည်မိုးရာသီအတွင်းမြစ်ရေလှိုင်းများရိုက်ခတ်မှုကိုခံနေရသဖြင့် ယခုကဲ့သို့ကျောက်နံရံများတည်ဆောက်ခြင်းဖြစ်ကြောင်း၊ ယင်းသို့တည်ဆောက်ရန်အတွက်ကျပ် ၁၀၄ ဒသမ ၃၆ သန်းအကုန်ကျခံဆောက်လုပ်ခြင်းဖြစ်ကြောင်းသိရသည်။

ယင်းကုန်ကျငွေများကို နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၏ခွင့်ပြုချက်ဖြင့်စည်ပင်သာယာရေးဌာနမှထောက်ပံ့ငွေခွင့်ပြုချက်ဖြင့်လုပ်ဆောင်ခြင်းဖြစ်ကြောင်းနှင့် မြို့နယ်စည်ပင်မှတစ်ဆင့်ဆောက်ရေးလုပ်ငန်းလုပ်ကိုင်သူတို့က တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကြောင်း၊ မိုးရာသီမြစ်ရေကြီးလျှင် ထိုမြစ်နားတန်းမှလူနေအိမ်များသည် အိမ်ပေါ်၌သာတက်နေကြရပြီး ရေလှိုင်းဒဏ်ကြောင့်စိုးရိမ်ခဲ့ရကြောင်းသိရသည်။

"အခုလိုရေလှိုင်းကာ ကျောက်နံရံတွေဆောက်တာကိုကျေးဇူးတင်ပါတယ်။ အရင်ကပင်လယ်ရေလှိုင်းဒဏ်ကိုခံနေရတော့ မိုးရာသီဆိုအမြဲစိုးရိမ်ခဲ့ရတယ်။ အခုတော့သိပ်ပြီးစိုးရိမ်စရာမရှိတော့ဘူးလို့ထင်တယ်။ ဒါပေမယ့် မြစ်ကမ်းတစ်လျှောက်မှာသန့်ရှင်းမှုသိပ်အားနည်းနေတယ်။ အဲဒါတွေကိုပြုပြင်ပေးမယ်ဆိုရင် ပိုကောင်းမယ်လို့ထင်ပါတယ်။ ရေလှိုင်းကာနံရံတွေကို ကျောက်တုံးတွေနဲ့တည်ဆောက်တာပါ။ အရှည်ကပေ ၂၆၀၀၊အမြင့်ကခြောက်ပေပါ။ နေအိမ်တွေနဲ့လည်း အတော်ဝေးဝေးကနေလုပ်နေကြတာတွေ့ရတယ်"ဟု ရွှေပြားရပ်ကွက်တွင်နေထိုင်သူတစ်ဦးက ပြောကြားခဲ့သည်။

ယင်းသို့ရေလှိုင်းကာ ကျောက်နံရံများတည်ဆောက်ခြင်းသည် ကုလားတန်မြစ်ကြောင်းနှင့်ကပ်လျက်နေရာတွင်တည်ရှိသော ရပ်ကွက်များအတွက် မြစ်ရေလှိုင်းကို စိုးရိမ်ရသည့် အဆင့်မှကာကွယ်နိုင်ရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ပြုလုပ်ရာတွင် အပိုင်းနှစ်ပိုင်းပါရှိပြီး မြို့လယ်ချောင်းမှခေါင်းလောင်းကျောင်းလမ်းထိပ်အထိ လေးဖာလုံ အားလှိုင်းကာကျောက်စီနံရံအဖြစ်ပြုလုပ်ခြင်းနှင့် ခေါင်းလောင်းကျောင်းလမ်းထိပ်မှ ဘီအိုစီအကြားလှိုင်းကာများ ပျက်စီးနေမှုကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

*သားကြီးမြတ်(စစ်တွေ)*

# UMTA ၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး



ဦးမောင်မောင်ဆွေ (ဥက္ကဋ္ဌ၊ UMTA)



ဦးသက်လွင်တိုး(ဒုတိယဥက္ကဋ္ဌ(၁)၊ UMTA)



အခမ်းအနားတက်ရောက်ကြသူများ

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း(Union of Myanmar Travel Association-UMTA)၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဇန်နဝါရီလ ၂၈ ရက်နေ့က ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်(RUMFCCI)၌ကျင်းပခဲ့ရာအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။

# ကျန်းမာသောလူနေမှုပုံစံနှင့် သွေးချိုရောဂါအကြောင်းဟောပြောပွဲ



ဒေါက်တာမျိုးသက်
(အထွေထွေအတွင်းရေးမှူး၊RUMFCCI)



ဒေါက်တာဝင်းစည်သူ(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း)



သမားတော်ကြီးပါမောက္ခဦးနေဝင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(RUMFCCI)နှင့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပသည့် ကျန်းမာသော လူနေမှုပုံစံနှင့် သွေးချိုရောဂါအကြောင်း ဟောပြောပွဲကို ဇန်နဝါရီလ ၂၈ ရက်နေ့က RUMFCCI တွင် ကျင်းပခဲ့ပြီး သမားတော်ကြီးပါမောက္ခ ဦးနေဝင်းက ဟောပြောခဲ့ကြောင်း သိရှိရသည်။

# စာရေးဆရာ မျိုးကိုမျိုး၏ "လမင်းဖြူရဲ့ကောင်းကင်"စာအုပ်မိတ်ဆက်ပွဲစာအုပ်သစ်ဖြန့်ချိခြင်းအခမ်းအနား



ဦးသုခ(ခ)ဇာဂနာ



စာရေးဆရာမျိုးကိုမျိုး



ကိုမင်းကိုနိုင်



ကိုဂျင်မီ

၈၈ နိုင်ငံရေးနောက်ခံလှုပ်ရှားမှုများဖြင့် ရေးဖွဲ့ထားသည့် စာရေးဆရာ မျိုးကိုမျိုး၏ 'လမင်းဖြူရဲ့ကောင်းကင်' စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကိုဇန်နဝါရီလ၂၇ ရက်နေ့က ပန်းဆိုးတန်းလမ်း (အပေါ်) ရှိ စာပေလောက စာအုပ်ဆိုင်၌ ပြုလုပ်ခဲ့ရာ ဖိတ်ကြားထားသူများ၊ ၈၈ မျိုးဆက်ကျောင်းသားများ၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရပြီး ပြန်လည်လွတ်မြောက်လာသူများ တက်ရောက်ခဲ့ကြပါသည်။

# အဆိုတော်သစ် ခန့်၏ "အချစ်နယ်လွန်"ဗီစီဒီတေးစီးရီးမိတ်ဆက်ပွဲ



အဆိုတော်သစ် ခန့်



တက်ရောက်လာသော အနုပညာရှင်များ

အဆိုတော်သစ် ခန့်၏'အချစ်နယ်လွန်'အမည်ရှိဗီစီဒီတေးစီးရီးမိတ်ဆက်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၆ရက်နေ့ မွန်းလွဲ ၁ နာရီတွင် City Star Hotel ၌ပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် 'အချစ်နယ်လွန်' စီးရီး၏ ရိုက်ကူးချက်များ၊ သီချင်းပုံစံများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# အဆိုတော်သစ် ယုယနန္ဒာ၏ "White 20Poem ကဗျာ"တေးစီးရီးမိတ်ဆက်ပွဲ



အဆိုတော်သစ် ယုယနန္ဒာ



တေးရေး ကျော်စွာထွန်းက သီချင်းများနှင့်ပတ်သက်၍ ပြောကြားစဉ်

အဆိုတော်သစ် ယုယနန္ဒာ၏ 'White 20 Poem ကဗျာ'အမည်ရှိ စီးရီးမိတ်ဆက်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၆ ရက်နေ့ နံနက် ၁၀နာရီတွင် City Star Hotel ၌ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါပွဲတွင် ယင်းတေးစီးရီးအကြောင်းကို ရှင်းလင်းပြောကြားသွားခဲ့ပြီး ဖိတ်ကြားထားသောသူများတက်ရောက်ခဲ့သည်။







## ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ရေးအချို့ ဇာတ်ကားသစ်ထပ်မံရိုက်ကူးမှုရပ်နားထား

ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ရေးအချို့ဇာတ်ကားသစ်ထပ်မံရိုက်ကူးမှုရပ်နားထားပြီးရိုက်ကူးပြီးဇာတ်ကားများကိုသာဆက်လက်ဖြန့်ချိသွားရန်စီစဉ်မှုများရှိလာသည်ဟု ရုပ်ရှင်နှင့်ဗီဒီယိုအသိုင်းအဝိုင်းအတွင်းမှ စုံစမ်းသိရှိရသည်။

ယင်းကဲ့သို့ ဇာတ်ကားသစ်ထပ်မံရိုက်ကူးရန် ရပ်နားမှုများဖြစ်ပေါ်လာခြင်းမှာရုပ်ရှင်နှင့် ဗီဒီယိုဈေးကွက်အတွင်းသိသာစွာကျဆင်းလာခြင်း၊ ရုပ်ရှင်ရုံများ၏ဝင်ငွေအနေအထားနှင့်ရုံတင်ပြသရန်စောင့်ဆိုင်းရသည့် အချိန်ကာလကြာမြင့်ခြင်းတို့ကြောင့် ဈေးကွက်အခြေအနေကိုစောင့်ကြည့်နေရခြင်း၊ဗီဒီယိုဈေးကွက်အတွင်းတွင်လည်းနယ်ဈေးကွက်မှာသိသာစွာ ယိမ်းယိုင်နေခြင်းကြောင့်ဟု သိ ရှိရသည်။

“ဒီနှစ်ဆန်းပိုင်းမှာ ရုပ်ရှင်ထုတ်လုပ်ရေးအချို့ ဇာတ်ကားသစ်ရိုက်ကူးမှုရပ်နားဖို့ပြင်ဆင်နေကြပါတယ်။ လက်ထဲမှာရှိတဲ့ရိုက်ပြီးသားဇာတ်ကားတွေကိုပဲအရင်းပေါ်အောင်ဖြန့်သွားမယ်။ ကျန်တာကတော့ထပ်မရိုက်တော့ဘဲ တခြားစီးပွားရေးလုပ်ငန်းတစ်ခုပြောင်းလုပ်ဖို့ပြင်ဆင်နေကြသူတွေလည်းရှိပါတယ်။ အဓိကတော့ဈေးကွက်အခြေအနေကြောင့်ပါပဲ။ ဈေးကွက်အခြေအနေအရမ်းယိမ်းယိုင်နေတဲ့အခါကျတော့အသစ်ထပ်ပြီးမြုပ်နှံဖို့ကိုစဉ်းစားတဲ့သဘောမျိုးပါ”ဟု လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုအုန်းဝင်းကရှင်းပြခဲ့သည်။

ထို့အပြင်ရှူတင်မန်နေဂျာတစ်ဦးကလည်း“ဒီနှစ်ဆန်းပိုင်းမှာတော့ရုပ်ရှင်နဲ့ဗီဒီယိုထုတ်လုပ်ရေးအချို့ကဇာတ်ကားရိုက်ကူးမှုတွေလတ်တလောရပ်နားထားဖို့ပြင်ဆင်နေကြပါပြီ။ အဲဒီလိုရပ်နားဖို့ပြင်ဆင်နေကြသူတွေထဲမှာကားအများဆုံးရိုက်ခဲ့တယ်လို့ဆိုရမယ့်ထုတ်လုပ်ရေးတွေပါဝင်သလိုတစ်နှစ်ကိုရုပ်ရှင်သုံးလေးကားမဖြစ်မနေရိုက်ကူးတဲ့ထုတ်လုပ်ရေးမျိုးတွေလည်းပါဝင်ပါတယ်”ဟု သူ၏အတွေ့အကြုံ အားရှင်းပြခဲ့သည်။ ယခုနှစ်ဆန်းပိုင်းအတွင်း ဇာတ်ကားသစ်ရိုက်ကူးမှုရပ်နားခဲ့သည့် ရုပ်ရှင်နှင့်ဗီဒီယို ထုတ်လုပ်ရေးများတွင် ရိုက်ကူးပြီးရုံတင်မပြရသေးသည့် ရုပ်ရှင်ဇာတ်ကားလေးငါးကား၊ ဗီဒီယိုဆယ်ဂဏန်းဝန်းကျင်စီခန့် ရိုက်ကူးထားပြီးဖြစ်ပြီးယင်းဇာတ်ကားများကို ဦးစားပေးပြသဖြန့်ချိနိုင်ရန်သာ စီစဉ်ထားသည်ဟုသိရှိရသည်။

■

## သန်လျင်(ကျိုက်ခေါက်)ဘုရားပွဲ၌ ဇာတ်အဖွဲ့ကြီးလေးဖွဲ့အပြိုင်ကပြမည်

ရန်ကုန်မြို့အနီးဝန်းကျင်ရှိ အထင်ကရ ဘုရားပွဲများအနက် တစ်ခုအပါအဝင်ဖြစ်သည့်သန်လျင်(ကျိုက်ခေါက်)ဘုရားပွဲကို ဖေဖော်ဝါရီလ ၁ ရက်နေ့တွင်စတင်ကျင်းပမည်ဖြစ်ပြီး ဇာတ်အဖွဲ့ကြီးလေးဖွဲ့အပြိုင်ကပြကြမည်ဖြစ်ကြောင်း သိရသည်။


ဆူးလေစေတီတော် နှစ်တစ်ရာပြည့် ဗုဒ္ဓပူဇနီယပွဲတော်၌ ကပြခဲ့သည့် မိုးမင်းဇာတ်အဖွဲ့

သန်လျင်ကျိုက်ခေါက်ဘုရားပွဲကို ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ ၈ ရက်တိုင်တိုင် ကျင်းပသွားမည်ဟုသိရသည်။ ဘုရားပွဲတွင် ဟန်ဇာမိုးဝင်းဇာတ်အဖွဲ့၊ မိုးမင်းဇာတ်အဖွဲ့၊ ဖိုးချစ်ဇာတ်အဖွဲ့နှင့် စွမ်းဇာနည်ဇာတ်အဖွဲ့တို့ ပါဝင်ကပြကြမည်ဖြစ်ကြောင်း သိရသည်။ သို့သော် ဇာတ်အဖွဲ့များသည် ဖေဖော်ဝါရီလ ၃ ရက်နေ့မှ ၈ ရက်နေ့အထိ ၆ ညသာ ကပြကြမည်ဖြစ်သည်။ အဆိုပါဇာတ်အဖွဲ့များသည် ဘုရားပွဲတွင်အပြိုင်တင်ဆက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်လျက်ရှိကြောင်းသိရသည်။

“သန်လျင်ကျိုက်ခေါက်ပွဲကတစ်နိုင်ငံလုံးအတိုင်းအတာနဲ့အောင်မြင်နေတဲ့ ဇာတ်အဖွဲ့ကြီးတွေအပြိုင်ကပြတဲ့ပွဲဆိုတော့ ဇာတ်ရုံအပြင်အဆင်တွေကအစခမ်းနားမှုဖြစ်အောင်ကြိုးစားပြင်ဆင်ကြတယ်။ နောက်ပြီး ရန်ကုန်မြို့ပေါ်မှာကျင်းပခဲ့တဲ့ဘုရားပွဲတွေတုန်းက ပါဝင်ခဲ့တဲ့ဇာတ်အဖွဲ့တွေကပရိသတ်အားပေးမှုကောင်းခဲ့တော့ ဒီပွဲမှာဇာတ်အဖွဲ့ကြီးတွေအနေနဲ့ ပိုပြီးအောင်မြင်နိုင်ဖို့ကြိုးစားနေကြတယ်”ဟု ဇာတ်မန်နေဂျာ ကိုဇေယျာက ဆိုပါသည်။

■

## HIV/AIDS ကာကွယ်ပြုစုကုသရေးလုပ်ငန်းများအတွက် ရန်ပုံငွေဂီတဖျော်ဖြေပွဲ ကျင်းပမည်

HIV/AIDS ကာကွယ်ရေး၊ကုသရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေဂီတဖျော်ဖြေပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂ရက်နေ့၊ ညနေသုံးနာရီ၌ မျှော်စင်ကျွန်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဂီတဖျော်ဖြေပွဲကို အေးမြမေတ္တာ ကျန်းမာရေးစောင့်ရှောက်မှုဖောင်ဒေးရှင်းမှ စီစဉ်ကျင်းပခြင်းဖြစ်ကြောင်းနှင့် ဂီတဖျော်ဖြေပွဲအတွက်ဝင်ကြေးအခမဲ့ဖြစ်ကြောင်းသိရသည်။

ဖျော်ဖြေပွဲတွင်ပလေးဘွိုင်းသန်းနိုင်၊ ဗစ်တာခင်ညို၊ ဘိုဘိုဟန်၊ ကိုရဲလွင်၊ ကိုနေဝင်း၊ ခိုင်ထူး၊ ဂျေမောင်မောင်၊ ဂျေညီညီ၊ တူးတူး၊ ချစ်ကောင်း၊ ရင်ဂို၊ မာရဇ္ဇ၊ စည်သူလွင်၊ အဲလက်စ်၊ နွဲ့ယဉ်ဝင်း၊ မေလာ၊ ကော်နီ၊ ချောစုခင်၊ သျှီ၊ ခင်ဘုဏ်း၊ ဇမ်နူး၊ သံသာဝင်း၊ အိမ့်ချစ်၊ ရတနာ၊ ဂျေညီမလေး စသည့်အဆိုတော်စုစုပေါင်း ၅၀ ကျော်က ဖျော်ဖြေမည်ဖြစ်ပါသည်။

## တော်ဝင်စင်တာတွင် 3D ရုပ်ရှင်ရုံတစ်ရုံ ထပ်မံတိုးချဲ့ ပြသမည်

ရန်ကုန်မြို့၊ ပြည်လမ်းရှိ တော်ဝင်စင်တာတွင် 3D ရုပ်ရှင်ရုံတစ်ရုံကို ထပ်မံတိုးချဲ့ပြသသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

“ကျွန်တော်တို့ တော်ဝင်စင်တာမှာ စင်တာစဖွင့်ကတည်းက ရုပ်ရှင်ရုံနှစ်ရုံပါတယ်။ အဲဒီနှစ်ရုံမှာ ဒီဗီဒီဇာတ်ကားတွေကိုပဲ သီးသန့်ပြသပေးပါတယ်။ အခုနောက်ထပ်တစ်ရုံထပ်ဖွင့်တာက 3D သီးသန့်ပြဖို့အတွက်ပါ။ လာမယ့်ဖေဖော်ဝါရီလပိုင်းလောက်မှာကို နောက်အကျဆုံးထားပြီးဖွင့်လှစ်ပြသမှာပါ”ဟု တာဝန်ခံကိုမျိုးအောင်ကဆိုပါသည်။

## အမျိုးသားရေးအားမာန်တက်ကြွစေမည့် သီချင်းတေးအယ်လ်ဘမ်ကို ဖေဖော်ဝါရီလတွင် ထွက်ရှိရန်စီစဉ်

ဂီတပညာရှင်များစွာပါဝင်ထားပြီး ပြည်သူလုထုအတွက် အမျိုးသားရေးစိတ်ဓါတ်များနှင့် အားမာန်များတက်ကြွစေမည့် တေးသီချင်းများပါဝင်မည့် တေးအယ်လ်ဘမ်ကိုဖေဖော်ဝါရီလတွင်ထွက်ရှိရန်စီစဉ်နေကြောင်းသိရှိရပါသည်။


စီးရီးတွင်ပါဝင်သည့် စီစဉ်သူများနှင့် အနုပညာရှင်အချို့ကိုတွေ့ရစဉ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏လမ်းညွှန်မှုဖြင့်စီစဉ်သည့်အဆိုပါတေးအယ်လ်ဘမ်တွင်ငြိမ်းချမ်းရေး၊ ကလေးသူငယ်များနှင့် အနာဂတ်၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းရေးနှင့်ထိန်းသိမ်းရေး၊ စာရိတ္တပိုင်းဆိုင်ရာနှင့်အားမာန်၊ မျှော်လင့်ချက်များ မွေးဖွားပေးနိုင်မည့်အကြောင်းအရာများပါဝင်မည်ဖြစ်ကြောင်းသိရသည်။

“ဒီတေးစီးရီးဖြစ်မြောက်ရေးအတွက်အဓိက ပံ့ပိုးတာကတော့ Metal Zone က ဦးဇော်ဝင်းပါ။ အခုစီစဉ်နေတဲ့ စီးရီးမှာပါဝင်ချင်တဲ့အဆိုတော်တွေ လိုက်စည်းရုံးထားရတာမဟုတ်ပဲကိုယ့်ဆန္ဒနဲ့ကိုယ် ပါဝင်ချင်ကြတဲ့သူတွေချည်းပါပဲ။သီချင်းအများစုက Group လိုက်ဆိုတဲ့ သီချင်းတွေပဲများတယ်။ နောက်ပြီး ဒီခွေကိုစပြီးစီစဉ်တဲ့အချိန်က Show ပွဲတွေကျင်းပမှုများတဲ့အချိန်ဖြစ်တာကြောင့် ဒီစီးရီးလေးက အချိန်နည်းနည်းကြာသွားတာ”ဟု တေးရေးရွှေဂျော်ဂျော်က ဆိုပါသည်။

ယင်းတေးစီးရီးတွင် ပါဝင်မည့်တေးသီချင်းများကို ရွှေတိုင်ညွှန့်၊ ကိုရဲလွင်၊ ကိုနေဝင်း၊ ညီညီသွင်၊ နောင်နောင်(SF)၊ ရွှေဂျော်ဂျော်၊ ကေအေတီ၊ဇော်ဝင်းထွဋ်၊ ဆောင်းဦးလှိုင်၊ မောင်မောင်ဇော်လတ်၊ အယ်ဖြူ၊ ရယ်ဂျီ၊ ဇဝါ၊ R ခိုင်၊ လင်းလင်း၊ မြတ်မင်း၊ လင်းနစ်၊ ကျားပေါက်၊ တိုးလွင်(ဥတ္တရအလင်း)၊အောင်အောင်၊ မိုးမိုး၊ ရသ၊ အနဂ္ဂ၊ ဇေယျာသော်၊ ရန်ရန်ချမ်းတို့အပါအဝင် တေးရေးအများအပြားပါဝင်ကြောင်းသိရသည်။

ထို့ပြင် ‘နဂါးနီ’၊ ‘အကျင့်ဆိုး’၊ ‘ချစ်သောကမ္ဘာမြေ’ နှင့် ‘ခွန်အားဖြည့်မိငယ်’ စသည့် သီချင်းဟောင်းများလည်း ယင်းစီးရီးတွင်ပါဝင်မည်ဖြစ်သည်။



# (၈၄) ကြိမ်မြောက် အော်စကာဆုပေးပွဲအတွက် ဆန်ခါတင်စာရင်းများထုတ်ပြန်

(၈၄)ကြိမ်မြောက် အော်စကာဆုပေးပွဲအတွက်ဆန်ခါတင်စာရင်းများကိုအော်စကာဆုရွေးချယ်ရေးအဖွဲ့ (Academy of Motion Picture Arts and Sciences - AMPAS)ကဇန်နဝါရီလ၂၄ ရက်နေ့တွင်ထုတ်ပြန်ကြေညာခဲ့သည်။

ထုတ်ပြန်ခဲ့သော စာရင်းများအရဒါရိုက်တာမာတင်စကော့ဆေးဆေး၏ပထမဆုံး3D ဖန်တီးမှုဇာတ်ကား Hugo မှာဆန်ခါတင်ဆု ၁၁ ဆုဖြင့်ဆုအများဆုံးလျာထားခံခဲ့ရပြီးထိုဇာတ်ကားနောက်တွင်ရွှေကမ္ဘာလုံးရုပ်ရှင်ထူးချွန်ဆုပေးပွဲ၌ အကောင်းဆုံးဇာတ်ကားဆုအပါအဝင်ဆုသုံးဆုရရှိခဲ့သည့် The Artist ကဆန်ခါတင် ၁၀ ဆုစာရင်းတင်သွင်းခြင်းခံခဲ့ရသည်။ အဖြူအမည်းတင်ဆက်မှုဖြင့်အသံတိတ်ပုံစံဖြင့်ဖန်တီးခဲ့သည့်ပြင်သစ်ရုပ်ရှင်ကား The Artist သည် ၂၀၁၁ ခုနှစ်အတွက်အထူးခြားဆုံးဇာတ်ကားအဖြစ်သတ်မှတ်ခံခဲ့ရပြီးဆုများစွာရရှိခဲ့ကြောင်းသိရသည်။

ထိုနည်းတူ ဆန်ခါတင်အများဆုံးတင်သွင်းခံခဲ့ရသည့်ဇာတ်ကားနှစ်ကားမှာဘရက်ပစ်ပါဝင်သော Moneyball ဇာတ်ကားနှင့် ဒါရိုက်တာ စတီဗင်စပီးဘတ်၏ War Horse ဇာတ်ကားတို့မှာ ဆုခြောက်ဆု လျာထားခံခဲ့ရသည်။

ဂျော့ရှ်ကလူနီကို ရွှေကမ္ဘာလုံးရုပ်ရှင်ထူးချွန်ဆု အမျိုးသားဇာတ်ဆောင်ဆုရရှိစေခဲ့သည့် The Descendants ဇာတ်ကားမှာဆုငါးဆုဆန်ခါတင်လျာထားခံရသည်။ အော်စကာရာသီအစတွင် The Artist နှင့် အပြိုင်ရေပန်းစားခဲ့သော The Help ဇာတ်ကားမှာ ဆုလေးဆုဆန်ခါတင်စာရင်းဝင်ခဲ့ပြီးအဓိကသရုပ်ဆောင်နှစ်ဦးဖြစ်သည့် ဗွီအိုလာဒေးဗစ်နှင့်အော်တီဗီယာစပန်ဆာတို့နှစ်ဦးစလုံးဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သည်။

နိုင်ငံခြားဘာသာစကားပြောဇာတ်ကားဆု ရွှေကမ္ဘာလုံးရုပ်ရှင်ထူးချွန်ဆုပေးပွဲ၌အကောင်းဆုံးနိုင်ငံခြားဘာသာစကားပြောဇာတ်ကားဆု ရရှိခဲ့သည့် အီရန်ဇာတ်ကား A Separation ကဆန်ခါတင်စာရင်း၌ပါဝင်ခဲ့ပြီး အော်စကာရရှိရန်အခွင့်အရေးများစွာရှိနေသည်။ ဆုပေးပွဲကိုဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင်ဟောလိဝုဒ်ရှိ Kodak Theatre ၌ ကျင်းပမည်ဖြစ်သည်။




## (၈၄) ကြိမ်မြောက် အော်စကာဆုအတွက် ဆန်ခါတင်စာရင်းဝင်သူအချို့

**ဇာတ်ကားဆု**
- The Artist
- The Descendants
- Extremely Loud and Incredibly Close
- Hugo
- Midnight in Paris
- Moneyball
- The Tree of Life
- War Horse

**ဒါရိုက်တာဆု**
- ဝူဒီအယ်လန် (Midnight in Paris)
- တဲလ်ရန့်မယ်လစ်ခ်(The Tree of Life)
- မစ်ချယ်ဟာဇန်နာဗစ်ချ် (The Artist)
- အလက်ဇန္ဒားပိန်း (TheDescendants)
- မာတင်စကော့ဆေးဆေး (Hugo)

**အမျိုးသားဇာတ်ဆောင်ဆု**
- ဒမ်မီယန်ဘိုက်ချာ (A Better Life )
- ဂျော့ရှ်ကလူနီ (The Descendants )
- ယန်းဒူဂျာဒင် (The Artist )
- ဂယ်ရေအိုးမန်း (Tinker Tailor Soldier Spy )
- ဘရက်ပစ် (Moneyball)

**အမျိုးသမီးဇာတ်ဆောင်ဆု**
- ဂလန်းကလို့စ် (Albert Nobbs )
- ဗွီအိုလာဒေးဗစ် (The Help )
- ရွန်နီမာယာ (The Girl with the Dragon Tattoo)
- မာရီယယ်စထရိ (The Iron Lady )
- ခရစ္စတင်းဝဒ်(ဂ်) (Bridesmaids )
- မီရှဲလ်ဝီလျံ (My Week with Marilyn)

**အမျိုးသားဇာတ်ပို့ဆု**
- ကန်နက်ဘရန်နောက် (My Week with Marilyn )
- ဂျိုးနက်ဟေးလ် (Moneyball )
- နစ်ခ်နိုတီ (Warrior )
- ခရစ္စတိုဖာပလမ်မာ (Beginners )
- မက်ဗ်ဗွမ်ဆီဒိုး (Extremely Loud and Incredibly Close)

**မှတ်တမ်းကားဆု**
- Hell and Back Again
- If a Tree Falls: A Story of the Earth Liberation Front
- Paradise Lost 3: Purgatory
- Pina
- Undefeated

**အမျိုးသမီးဇာတ်ပို့ဆု**
- ဘယ်ရန်နီ့စ်ဘီဂျို (The Artist )
- ဂျက်ဆီကာချက်စတိန်း (The Help )
- မယ်လီဆာမက္ကာတနေ (Bridesmaids)
- ဂျန်နက်မက်တီယာ (Albert Nobbs )
- အော်တီဗီယာစပန်ဆာ (The Help)

**ကာတွန်းဇာတ်ကားဆု**
- A Cat in Paris
- Chico and Rita
- Kung Fu Panda 2
- Puss in Boots
- Rango

**နိုင်ငံခြားဘာသာစကားပြောဇာတ်ကားဆု**
- Bullhead
- Footnote
- In Darkness
- Monsieur Lazhar
- A Separation

# Bridesmaids ဇာတ်ကားမှ အမျိုးသမီး သရုပ်ဆောင်ခြောက်ဦးကို အော်စကာဆုပေးပွဲအတွက် အစီအစဉ်တင်ဆက်သူအဖြစ် ရွေးချယ်



(၈၄)ကြိမ်မြောက် အော်စကာဆုပေးပွဲအတွက် အစီအစဉ်တင်ဆက်သူများအဖြစ် Bridesmaids ဇာတ်ကားမှ အမျိုးသမီးသရုပ်ဆောင် ခြောက်ဦးကို ရွေးချယ်လိုက်ကြောင်း သိရှိရသည်။

အစီအစဉ်တင်ဆက်သူအဖြစ် ခြောက်ဦးလုံးကို ထိုကဲ့သို့ရွေးချယ်ခဲ့ခြင်းသည် အော်စကာဆုပေးပွဲသမိုင်းတစ်လျှောက် ပထမဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရှိရပါသည်။ ပုံမှန်အားဖြင့်မူ ဇာတ်ကားတစ်ကားမှ သရုပ်ဆောင်တစ်ဦးကိုသာ အစီအစဉ်တင်ဆက်သူအဖြစ် ရွေးချယ်လေ့ရှိသည်။

Bridesmaids ဇာတ်ကား၌ ပါဝင်ခဲ့ပြီး ရွေးချယ်ထားခဲ့သော အမျိုးသမီးသရုပ်ဆောင်ခြောက်ဦးမှာ ရိစ်ဘိုင်ရင်၊ အယ်လီကမ်ပါ၊ မယ်လီဆာမက္ကာတနေ၊ ဝန်ဒီမက္ကလန်ဒန်ကာဗီ၊ မာယာရုဒေါ့ဖ်နှင့် ခရစ္စတင်းဝိဂ်တို့ဖြစ်ကြပါသည်။ အဆိုပါအမျိုးသမီးသရုပ်ဆောင်ခြောက်ဦးအနက် မယ်လီဆာ မက္ကာတနေမှာ Bridesmaids ဇာတ်ကားဖြင့်ပင် အော်စကာအမျိုးသမီးဇာတ်ပို့ဆုအတွက် ဆန်ခါတင်စာရင်း၌ အမည်တင်သွင်းခံထားရသူဖြစ်သည်။

ယခုနှစ်အော်စကာဆုပေးပွဲအတွက် အစီအစဉ်တင်ဆက်မှုကို အစဉ်အလာအတိုင်း ပြုလုပ်သွားမည်ဖြစ်ကာ ယခင်နှစ်ဆုပေးပွဲက အမျိုးသားဇာတ်ဆောင်ဆုနှင့် အမျိုးသမီးဇာတ်ဆောင်ဆုရရှိခဲ့သူ ကောလင်းဖာ့တ်နှင့် နာတလီပို့မန်းတို့က အဓိကတင်ဆက်သူများအဖြစ်ဆောင်ရွက်သွားမည်ဖြစ်သည်။

Bridesmaids ဇာတ်ကားသည် ၂၀၁၁ ခုနှစ်အတွင်း ထင်ရှားမှုရှိခဲ့သောဇာတ်ကားတစ်ကားဖြစ်ခဲ့ပြီး ရွှေကမ္ဘာလုံးဆုအတွက် ထည့်သွင်းစဉ်းစားခံခဲ့ရသောဇာတ်ကားဖြစ်သည်။


## ဝန်ထမ်းအမြန်အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်) M.G.W Construction Ltd.

**၁။ အုပ်ချုပ်မှုမန်နေဂျာ** — Male 1 POST
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူ(သို့) M.B.A ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အသက်(၃၅)နှစ်မှ (၅၀)နှစ်အတွင်းဖြစ်ရမည်။

**၂။ Sale & Marketing Manager** — M/F 2 POST
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူ၊ အသက်(၃၀)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။

**၃။ Sale & Marketing Supervisor** — M/F 4 POST
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူ၊ အသက်(၂၅)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။ အမှတ်စဉ်(၂)နှင့်(၃)ရာထူးများအတွက် ကွန်ဒိုအိမ်ယာ၊ လုံးချင်းအိမ်ယာ၊ ရုံးခန်း၊ Shopping Centre ဆိုင်ခန်းများရောင်းခြင်းအတွေ့အကြုံရှိသူ၊ ရုပ်ရည်သန့်ပြန့်ပြီး ဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။

**၄။ Personal Assistant** — M/F 2 POST
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူ၊ ဌာနဆိုင်ရာ/ရုံး/ပြင်ပကိစ္စရပ်များကိုအောင်မြင်စွာဆောင်ရွက်နိုင်သူ၊ အသက်(၂၅)နှစ်မှ(၃၀)နှစ်အတွင်းဖြစ်ရမည်။ အမှတ်စဉ်(၁၊ ၂၊ ၃၊ ၄)ရာထူးများအတွက် လုပ်ငန်းဆိုင်ရာအတွေ့အကြုံ (၅)နှစ်အထက်ရှိသူ၊ ကွန်ပျူတာနှင့်အင်္ဂလိပ်စာ ရေး၊ ဖတ်၊ အပြောကျွမ်းကျင်ရမည်။

**၅။ Chief Accountant** — M/F 1 POST
B.Com, C.P.A, ACCA အောင်မြင်ပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ (၅)နှစ်အထက်ရှိသူ၊ အသက်(၃၅)နှစ်မှ(၄၅)နှစ်အတွင်းဖြစ်ရမည်။

**၆။ Senior Accountant** — M/F 3 POST
B.Com, D.A, LCCI Level 3အောင်မြင်ပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်အထက်ရှိသူ၊ အသက်(၂၅)နှစ်မှ(၄၀)နှစ် အတွင်းဖြစ်ရမည်။

**၇။ Accountant** — M/F 4 POST
B.Com, D.A, LCCI Level 3အောင်မြင်ပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ (၂)နှစ်အထက်ရှိသူ၊ အသက်(၂၅)နှစ်မှ(၄၀)နှစ် အတွင်းဖြစ်ရမည်။

**၈။ Store Manager** — M/F 1 POST
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူ၊ စာရင်းအင်းဆိုင်ရာအောင်လက်မှတ်ရရှိပြီးသူ၊ လုပ်သက်(၅)နှစ်ရှိသူ၊ အသက်(၃၀)နှစ်မှ(၄၅)နှစ်အတွင်းဖြစ်ရမည်။

**၉။ Store Keeper** — M/F 2 POST
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူ၊ Hotel နှင့် Construction ပစ္စည်းဆိုင်ရာအရည်အသွေး၊ အရေအတွက်မှန်ကန်စွာစစ်ဆေးနိုင်သူ၊ လုပ်သက်(၃)နှစ်ရှိသူ၊ အသက်(၃၀)နှစ်မှ(၄၀)နှစ်အတွင်းဖြစ်ရမည်။ အမှတ်စဉ်(၅၊ ၆၊ ၇၊ ၈၊ ၉)ရာထူးများအတွက် Accounting Software, တစ်ခုခုနှင့် ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

**၁၀။ Computer Operator** — M/F 2 POST
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူ၊ ကွန်ပျူတာပညာရပ်ဆိုင်ရာစာရင်းရေးဆွဲခြင်း၊ PageMaker, Photoshop, Internet, Email နှင့် Hard -Ware တို့ကိုကျွမ်းကျင်စွာအသုံးပြုနိုင်သူ၊ လုပ်သက်(၂)နှစ်ရှိသူ၊ အသက်(၂၅)နှစ်မှ(၃၀)နှစ်အတွင်းဖြစ်ရမည်။

**၁၁။ Office Staff** — M/F 3 POST
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူ၊ ရုံးလုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိသူ၊ ကွန်ပျူတာကျွမ်းကျင်သူ၊ အသက်(၂၅)နှစ်မှ(၃၀)နှစ်အတွင်းဖြစ်ရမည်။

**၁၂။ Driver** — Male 8 POST
အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ၊ ယာဉ်မောင်းလိုင်စင်နှင့်လုပ်သက်(၃)နှစ်နှင့်အထက်ရှိသူ၊ ယာဉ်ကြီး၊ ယာဉ်သေး(မြို့တွင်း၊ နယ်ဝေး) ကျွမ်းကျင်စွာမောင်းနှင်နိုင်သူ၊ အသောက်အစားကင်းရှင်းသူ၊ အသက်(၃၀)နှစ်မှ(၄၀)နှစ်အတွင်းဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် CV၊ ပညာအရည်အချင်းအထောက်အထား၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်ကဒ်တို့၏မိတ္တူများ၊ ပတ်စ်ပို့ဓာတ်ပုံ(၁)ပုံနှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း အောက်ပါလိပ်စာသို့ လျှောက်ထားနိုင်ပါသည်။

လျှောက်ထားရမည့်လိပ်စာ - အမှတ် ၂၃(စီ)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၅၇၇၈၁၅၊ ၀၁-၅၅၄၃၀၂

## ယူရို ၂၀၁၂ တွင် ဝဲလ်ရှိုင်းယားအား မြင်တွေ့ရဖွယ်ရှိ

ဒဏ်ရာများကြောင့် ကာလကြာရှည်အနားယူနေရသည့် အာဆင်နယ်အသင်း၏ လူငယ်တိုက်စစ်မှူးဝဲလ်ရှိုင်းယားကို လာမည့်ယူရို ၂၀၁၂ တွင် အင်္ဂလန်အသင်း၌ မြင်တွေ့ရဖွယ်ရှိနေကြောင်း သိရသည်။

ဝဲလ်ရှိုင်းယားက "ဒဏ်ရာတွေကြောင့် အနားယူနေခဲ့ရတဲ့အချိန်တွေဟာ ကျွန်တော့်အတွက်တော့ ထမင်းလုံးတစ္ဆေအခြောက်ခံရသလို ဆိုးရွားစွာဖြတ်ကျော်ခဲ့ရပါတယ်။ ဘယ်တော့ပြန်ကစားနိုင်မလဲဆိုတာ ကျွန်တော် မပြောနိုင်သေးပါဘူး။ အခုလို သတင်းကြားရတဲ့အတွက် မှင်တက်မိပါတယ်။ ဒါပေမယ့် ကြံ့ခိုင်မှုကောင်းအောင်လုပ်ရဦးမှာပါ"ဟု ပြောကြားခဲ့သည်။ အာစင်ဝင်းဂါးကမူ "သတင်းကောင်းပါပဲ။ ဒါပေမယ့် သူဟာ လာမယ့် နွေရာသီအထိ ဘောလုံးကစားနိုင်ဦးမှာ မဟုတ်ပါဘူး"ဟု ပြောကြားခဲ့သည်။

## ချယ်လ်ဆီးနောက်တန်းလူအဲလက်စ်အား ပီအက်စ်ဂျီခေါ်ယူ

ကာတာတော်ဝင်မိသားစုပိုင်ဆိုင်သော ပြင်သစ်ကလပ်ပီအက်စ်ဂျီအသင်းသည် ချယ်လ်ဆီးအသင်း၏ ဘရာဇီးလ်နောက်တန်းလူအဲလက်စ်အား ယူရို ၆ သန်းဖြင့် အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ပီအက်စ်ဂျီအသင်းသည် ချယ်လ်ဆီးနှင့်အေစီမီလန်အသင်းတို့၏ နည်းပြဟောင်းအန်စလော့တီကို နည်းပြအဖြစ်ခန့်အပ်ခဲ့ပြီးနောက် နာမည်ကြီးကစားသမားများကိုဝယ်ယူရန်ကြိုးစားနေသည့်အသင်းလည်းဖြစ်သည်။ အဲလက်စ်က "ပြီးခဲ့တဲ့နှစ်လအတွင်းမှာ ကျွန်တော် ဘောလုံးကစားခွင့်မရခဲ့ပါဘူး။ အဲဒီအတွက် ချယ်လ်ဆီးကနေထွက်ခွာဖို့ ဆုံးဖြတ်ခဲ့တာပါ။ အခုတော့ ပီအက်စ်ဂျီအသင်းနဲ့အတူ ကျွန်တော့်ရဲ့အနာဂတ်ကိုဖြတ်ကျော်တော့မှာပါ"ဟု ဆိုခဲ့သည်။

## တီဗက်ဇ်၏အပြောင်းအရွှေ့အတွက် မန်စီးတီးအသင်းနှင့် အေစီမီလန်အသင်းတို့၏ နောက်ဆုံးတွေ့ဆုံဆွေးနွေးမှု မအောင်မြင်

### တီဗက်ဇ်အစား ကာတာနီယာတိုက်စစ်မှူး မက်ဆီလိုပက်ဇ်ကို ၆ လအငှားဖြင့်ခေါ်ယူနိုင်ခဲ့





အာဂျင်တီးနားတိုက်စစ်မှူးတီဗက်ဇ်၏အပြောင်းအရွှေ့အတွက် မန်စီးတီးအသင်းနှင့် အေစီမီလန်အသင်းတို့သည် ပြီးခဲ့သည့်သောကြာနေ့က အပြီးသတ်ဆွေးနွေးခဲ့ကြရာ၌ သဘောတူညီမှုမရရှိခဲ့ဘဲပျက်ပြယ်ခဲ့ကြောင်း သိရသည်။

အေစီမီလန်အသင်းသည် တီဗက်ဇ်အား မခေါ်ယူနိုင်ခဲ့သည့်အတွက် ကာတာနီယာတိုက်စစ်မှူး မက်ဆီလိုပက်ဇ်ကို ၆ လအငှားဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။ အေစီမီလန်အသင်းစီအီးအိုဂယ်ရီယာနီက "ကျွန်တော်တို့ဟာ မန်စီးတီးအသင်းနဲ့ အပြီးသတ်သဘောတူညီမှုရရှိခဲ့ပါတယ်။ ကျွန်တော်တို့သဘောတူခဲ့တယ်ဆိုတာက တီဗက်ဇ်ကိုခေါ်ယူဖို့ကြိုးစားနေတဲ့လုပ်ရပ်ကို ရပ်တန်းကရပ်ဖို့ပါ။ ညနေ ၆း၃၀ နာရီမှာတစ်စုံတစ်ယောက်က ကျွန်တော့်ကိုမေးပါတယ်။ ဘယ်သူ့ကိုဆက်သွယ်မှာလဲဆိုတာကိုပါ။ ကျွန်တော်ပြန်ပြောခဲ့ပါတယ်။ တီဗက်ဇ်ကို ဆက်သွယ်ပါမယ်လို့။ဒါပေမယ့် ပြဿနာအနည်းငယ်ရှိနေပါတယ်။ ကျွန်တော်တို့နဲ့ မန်စီးတီးအသင်းကြားမှာကောင်းမွန်တဲ့ဆက်ဆံရေးကတော့ အခုထက်ထိရှိနေပါတယ်"ဟု မီလန် Channel သို့ ပြောကြားသွားခဲ့ပါသည်။

အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ခွင့်ရခဲ့သည့် မက်ဆီလိုပက်ဇ်ကမူ "ဒီဖြစ်ရပ်တွေပြီးတဲ့နောက်မှာ ကျွန်တော်အရမ်းပျော်ရွှင်ရပါတယ်။ အေစီမီလန်အသင်းဆိုတာ အသင်းကြီးတစ်သင်းပါ။ ဒီအသင်းက ပရိသတ်တွေကိုလည်း ကျွန်တော် အမြန်တွေ့ချင်ပါပြီ"ဟု ပြောကြားခဲ့သည်။




## Sports News In Brief

**အာဆင်နယ်** ➢ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက မည်သည့်ဖလားကိုမဆိုအရယူရန် ကြိုးစားသွားမည်ဟု ကြုံးဝါးခဲ့သည်။

**ဘာစီလိုနာ** ➢ ဘာစီလိုနာကွင်းလယ်လူဇာဗီက ရီးယဲလ်မက်ဒရစ်အသင်းမှာ မိမိတို့ကို အမြဲရှုံးနိမ့်လေ့ရှိသည့်အသင်းဟု လှောင်ပြောင်ခဲ့သည်။

**ဆန်းတို့စ်** ➢ ဆန်းတို့စ်အသင်းသည် ၎င်းတို့၏တိုက်စစ်မှူးဂန်ဆိုအတွက် ပေါ်တိုအသင်း၏ကမ်းလှမ်းမှုကို ပယ်ချခဲ့သည်။

**လီဗာပူးလ်** ➢ လီဗာပူးလ်အသင်းခေါင်းဆောင် စတီဗင်ဂျရတ်က အန်လ်ဖီးကွင်း၌အောင်ပွဲများပြန်လည်ရရှိလာလိမ့်မည်ဟု ဆိုခဲ့သည်။

**မန်ယူ** ➢ မန်ယူအသင်းကွင်းလယ်လူ ပေါလ်စခိုးလ်က ဘောလုံးကစားခဲ့ပုံများကိုလွမ်း၍ မိမိဘောလုံးပြန်ကစားခြင်းဖြစ်ကြောင်းဆိုခဲ့သည်။

**အာဆင်နယ်** ➢ အာဆင်နယ်အသင်းတိုက်စစ်မှူးအာရှာဗင်က ၎င်းမှာ နည်းပြအာစင်ဝင်းဂါးကို ချစ်မြတ်နိုးသူတစ်ဦးဟု ပြောကြားခဲ့သည်။

**ဖူလ်ဟမ်** ➢ ဖူလ်ဟမ်အသင်းသည် ဝက်စ်ဘရွန်းအသင်းတိုက်စစ်မှူးပီတာကို ပေါင် ၆ သန်းဖြင့်ခေါ်ယူရန်ဆန္ဒရှိနေသည်။

## ဆော်ပေါ်လိုကွင်းလယ်လူ လူးကပ်စ်မိုရာကို အပြောင်းအရွှေ့မပိတ်မီခေါ်ယူရန် ချယ်လ်ဆီးကြိုးပမ်း



ချယ်လ်ဆီးအသင်းသည် ယူကရိန်းကလပ် ရှက်တာဒိုးနက်စ်အသင်း၏ ဘရာဇီးလ်ကွင်းလယ်လူ ဝီလျံအား ပေါင်သန်း ၂၀ ဖြင့်ခေါ်ယူရန် ကြိုးစားခဲ့မှုမှာမအောင်မြင်ခဲ့သောကြောင့် ယခုအခါ ဘရာဇီးလ်ကလပ် ဆော်ပေါ်လိုအသင်း၏ ဘရာဇီးလ်လူငယ်ကစားသမားလူးကပ်စ်မိုရာကို အပြောင်းအရွှေ့မပိတ်မီခေါ်ယူရန်ကြိုးစားနေကြောင်း သိရသည်။

အသက် ၁၉ နှစ်သာရှိသေးသော ဘရာဇီးလ်ကွင်းလယ်လူလူးကပ်စ်မိုရာကို လီဗာပူးလ်အသင်းနှင့် အင်တာမီလန်အသင်းတို့ကလည်း အပြိုင်စိတ်ဝင်စားနေလျက်ရှိသည်။ ထို့ အပြင် ချယ်လ်ဆီးအသင်းသည် ဘယ်လ်ဂျီယံကလပ် ဂျန့်စ်အသင်း၏တောင်ပံကစားသမားဖြစ်သူ ကီဗင်ဒီဘရိုင်ယန်ကိုလည်း ပေါင် ၈ ဒသမ ၅ သန်းဖြင့် လာမည့်ရက်ပိုင်းအတွင်း အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ဖွယ်လည်းရှိနေသည်။

ချယ်လ်ဆီးအသင်းသည် ယင်းဆယ်ကျော်သက်အရွယ် ဘရာဇီးလ်ကစားသမားနှစ်ဦးအတွက် ပေါင် ၂၅ သန်းခန့်အထိ သုံးစွဲသွားဖွယ်ရှိနေကြောင်း သိရသည်။ ချယ်လ်ဆီးအသင်းနည်းပြဘိုအက်ရှ်က "ဒီဘရိုင်ယန်ဟာ အနာဂတ်မှာတောက်ပလာမယ့်ကစားသမားကောင်းတစ်ဦးပါ"ဟု ပြောကြားခဲ့သည်။

## အားကစားသတင်း အတိုအထွာများ

➢ ဘရူနိုင်းနိုင်ငံတွင် ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ မတ်လ ၁၀ ရက်နေ့အထိကျင်းပပြုလုပ်မည့် ဘရူနိုင်းဖိတ်ခေါ်လူငယ်ဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ–၂၁အသင်းအတွက် ဇေယျာဝတီယူနိုက်တက်အသင်း မန်နေဂျာဦးတင်မြင့်အောင်နှင့် ဇေယျာရွှေမြေအသင်းဂိုးနည်းပြ ဦးမျိုးချစ်တို့အား လက်ထောက်နည်းပြများအဖြစ် ခန့်အပ်လိုက်ကြောင်း သိရှိရသည်။ ယင်းယူ–၂၁ အသင်းကို တောင်ကိုရီးယားနည်းပြ ပက်ဆောင်ဟွာက တာဝန်ယူလေ့ကျင့်ပေးလျက်ရှိပြီး လက်ထောက်နည်းပြနှစ်ဦးအနေဖြင့် အူဆန်တက္ကသိုလ်အသင်းခြေစမ်းပွဲနှင့် ယူ–၂၁အသင်း၏ တစ်ပတ်တစ်ကြိမ်ပုံမှန်လေ့ကျင့်ရေးအစီအစဉ်များကို တာဝန်ယူရမည်ဖြစ်သည်။

➢ မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၁၅)ဖြစ်သည့် ဇေယျာရွှေမြေအသင်းနှင့် ဇေယျာဝတီယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် ဒိုင်လူကြီးအား ပြန်လည်ဆဲဆိုခဲ့သည့် ဇေယျာရွှေမြေအသင်း၏လက်ထောက်နည်းပြ ဦးကျော်မင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်စည်းကမ်းထိန်းသိမ်းရေးကော်မတီက နှစ်ပွဲပယ်ပြစ်ဒဏ်နှင့်ဒဏ်ငွေကျပ်သုံးသိန်းချမှတ်ခဲ့ကြောင်းသိရှိရသည်။ ဦးကျော်မင်းသည် ပွဲကစားချိန် ၇၄ မိနစ်တွင် တာဝန်ကျအရန်ဒိုင်လူကြီးအား ပြန်လည်ဆဲဆိုခဲ့ကြောင်း ကာယကံရှင်မှသတင်းပို့ခဲ့သဖြင့် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် မှတ်တမ်းဗီဒီယိုကြည့်ရှုခြင်းတာဝန်ရှိသူများအားခေါ်ယူမေးမြန်းခြင်းများပြုလုပ်ပြီး ယခုကဲ့သို့ပြစ်ဒဏ်ချမှတ်လိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

➢ မြန်မာယူ–၂၁ အသင်းသည် တောင်ကိုရီးယားနိုင်ငံမှ အူလ်ဆန်တက္ကသိုလ်အသင်းနှင့် ခြေစမ်းပွဲများယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး လာမည့် ဖေဖော်ဝါရီလ ၁ ရက်နှင့် ၃ ရက်နေ့များတွင် ရန်ကုန်မြို့ အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အူလ်ဆန်တက္ကသိုလ်အသင်းသည် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိလာမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၃ ရက်နေ့တွင်ပြန်လည်ထွက်ခွာမည်ဖြစ်ရာ ယင်းနေ့တွင်ယှဉ်ပြိုင်ကစားရန်စီစဉ်ထားသည့် ခြေစမ်းပွဲဒုတိယပွဲစဉ်ကို မွန်းလွဲ ၂ နာရီ၌ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

➢ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီဌာနသည် မျိုးဆက်သစ်ဒိုင်လူကြီးများပေါ်ထွက်လာရေးရည်ရွယ်၍ဒိုင်လူကြီးသင်တန်းကို ဖေဖော်ဝါရီလတတိယပတ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ သင်တန်းသို့ အသက် ၂၅ နှစ်မှ ၃၀ နှစ်အတွင်းရှိလူငယ်များ လာရောက်လျှောက်ထားနိုင်ပြီး မျက်မှန်တပ်ထားသူများမဖြစ်ရကြောင်း သတ်မှတ်ထားသည်ဟု သိရှိရသည်။ စိတ်ဝင်စားသူလူငယ်များအနေဖြင့် ဖေဖော်ဝါရီလပထမပတ်အတွင်း ဒိုင်လုပ်ငန်းဌာနသို့လာရောက်စာရင်းပေးသွင်းနိုင်ပြီး သင်တန်းတွင် ထူးချွန်၍အသက်ကန့်သတ်ချက်နှင့်ကိုက်ညီသူများအား ပြည်ပတွင်ဖွင့်လှစ်သင်ကြားမည့်သင်တန်းများသို့စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

## MNL ပွဲစဉ်(၄)တွင် လက်ရှိချန်ပီယံ ရန်ကုန်၊ ရတနာပုံနှင့် ကမ္ဘောဇအသင်းတို့ အနိုင်ရ

မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၄)ကို ဇန်နဝါရီလ ၂၈ ရက်နေ့က အောင်ဆန်း၊ ပဒုမ္မာနှင့် YUSC ကွင်းတို့တွင်ကျင်းပခဲ့ရာ လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်၊ ရတနာပုံနှင့် ကမ္ဘောဇအသင်းတို့နိုင်ပွဲများရရှိခဲ့ကြောင်း သိရသည်။


ရန်ကုန်မြို့ ပဒုမ္မာကွင်း၌ ဇေယျာဝတီယူနိုက်အသင်းနှင့် ကမ္ဘောဇအသင်းတို့ယှဉ်ပြိုင်ကြစဉ်

ပဒုမ္မာကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သော ဇေယျာဝတီယူနိုက်တက်အသင်းနှင့်ကမ္ဘောဇအသင်းတို့ပွဲစဉ်သည် အကြိတ်အနယ်ဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး ကမ္ဘောဇအသင်းက (၁–၀)ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ကမ္ဘောဇအသင်း၏ တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်း(၂၁) မိနစ်တွင်လစ်ပီလစ်ပီအား ဇေယျာဝတီနောက်ခံလူ ဂျွန်ဖျက်ထုတ်ခဲ့ရာမှ တစ်ဆင့်ရရှိခဲ့သော ပင်နယ်တီမှ တစ်ဆင့်လစ်ပီလစ်ပီက ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ၂၀၁၂ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင်လေးပွဲကစား၊ လေးပွဲစလုံးအနိုင်၊ ပေးဂိုးမရှိဖြင့်အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှရပ်တည်နိုင်ခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်း၏ အိမ်ကွင်းဖြစ်သော YUSC ကွင်းတွင်ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်၌ ရန်ကုန်ယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်အသင်းကို (၂–၀) ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အနိုင်ဂိုးများကို ပွဲကစားချိန် ၄၇ မိနစ်နှင့် ၆၇ မိနစ်တို့တွင် တောင်ပံကစားသမား ကြည်လင်းတစ်ဦးတည်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သော မနော်မြေအသင်းနှင့်ရတနာပုံအသင်းတို့၏ပွဲစဉ်တွင် ရတနာပုံအသင်းက (၂–၀)ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အနိုင်ဂိုးများကို ပိုင်စိုးနှင့် ကိုနေးတို့က သွင်းယူခဲ့ကြခြင်းဖြစ်သည်။

## ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအား ရိုက်ကူးထုတ်လွှင့်နိုင်ရန် MRTV-4 ကြိုးပမ်းမည်

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအား ရိုက်ကူးထုတ်လွှင့်နိုင်ရန်အတွက် ပြည်တွင်းရုပ်သံလိုင်းတစ်ခုဖြစ်သော MRTV-4 မှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၂၆ ရက်နေ့ကပြုလုပ်ခဲ့သည့်မြန်မာနေရှင်နယ်လိဂ်အဓိကစပွန်ဆာနှင့်ရုပ်သံရိုက်ကူးထုတ်လွှင့်ခွင့်စာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင်MRTV-4 မှ အကြီးအကဲတစ်ဦးဖြစ်သူ ဦးဝင်းမော်က ပြောကြားခဲ့သည်။

ဦးဝင်းမော်က "ဆီးဂိမ်းပြိုင်ပွဲဆိုတာ ဒေသတွင်းနိုင်ငံတွေအနေနဲ့ စိတ်ဝင်စားကြတဲ့ပြိုင်ပွဲတစ်ခုပါ။ဒီလိုပြိုင်ပွဲကြီးမျိုးကို မြန်မာတွေအနေနဲ့ ရိုက်ကူးပြသနိုင်မယ်ဆိုရင် ကောင်းတာပေါ့။MRTV-4 မှ မဟုတ်ပါဘူး။ ဘယ်ရုပ်သံလိုင်းကဖြစ်ဖြစ်ရိုက်ပြီးပြနိုင်ရင်တော့ အရမ်းကောင်းပါတယ်။ အနေနဲ့လည်း ရိုက်ကူးထုတ်လွှင့်နိုင်အောင်ကြိုးပမ်းသွားပါ့မယ်"ဟု ပြောကြားခဲ့သည်။

ဆီးဂိမ်းပြိုင်ပွဲသည် ဒေသတွင်း နိုင်ငံများအတွင်း စိတ်ဝင်စားမှုမြင့်မားသောပြိုင်ပွဲတစ်ခုဖြစ်သဖြင့် မီဒီယာ၏အခန်းကဏ္ဍမှ အရေးပါခဲ့ပြီး ပြီးခဲ့သည့် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲကို ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံမှ ရုပ်သံဌာနပေါင်း ၁၉ ခုမှ ထုတ်လွှင့်ပြသခဲ့ကြောင်း သိရှိရသည်။




## နိုင်ငံခြားသားကစားသမား ၁၄၄ ဦးပါဝင်ယှဉ်ပြိုင်မည့် ဇေကမ္ဘာမြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၂ ရက်မှ ၅ ရက်နေ့အထိ ကျင်းပမည်

၂၀၁၂ ခုနှစ် Asian Tour ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမဆုံးပွဲစဉ်ဖြစ်သော ဇေကမ္ဘာမြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၂ ရက်နေ့မှ ၅ ရက်နေ့အထိ ရန်ကုန်မြို့ရှိ ရွှိုင်ရယ်လ်မင်္ဂလာဒုံ ဂေါက်ကလပ်တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံခြားသားကစားသမား ၁၄၄ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပြိုင်ပွဲ၏ ကစားသမားတွေ့ဆုံပွဲနှင့် သတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ရွှိုင်ရယ်လ်မင်္ဂလာဒုံဂေါက်ကလပ် ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအကြိုမြန်မာဂေါက်သီးရိုက်သမားများ၏ လက်ရည်သွေးပွဲအဖြစ် ကျင်းပသော Road To Victory ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီလ ၂၄ ရက်နေ့မှ ၂၇ ရက်နေ့အထိ ရွှိုင်ရယ်လ်မင်္ဂလာဒုံ ဂေါက်ကလပ်၌ ကျင်းပခဲ့ရာ ဇေကမ္ဘာမြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်တွင်းအားကစားသမား ၂၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲနောက်ဆုံးနေ့အပြီးတွင် ဇော်ဇော်လတ်က သတ်မှတ်ရိုက်ချက်ထက်ခြောက်ချက်လျှော့ရိုက်ပြီး ပထမ၊ သိန်းဇော်မြင့်နှင့် နေဗလဝင်းမြင့်တို့က သတ်မှတ်ရိုက်ချက်ဖြင့် ဒုတိယ၊ မင်းနိုင်က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်ပိုဖြင့် စတုတ္ထ၊ အောင်ဝင်းက သတ်မှတ်ရိုက်ချက်ထက် လေးချက်ပိုရိုက်ခဲ့ပြီး ပဥ္စမနေရာအသီးသီးရရှိခဲ့ကြသည်။

မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို ၁၉၉၆ ခုနှစ်မှစ၍ ၂၀၀၅ ခုနှစ်အထိ ၁၀ နှစ်ဆက်တိုက်ကျင်းပခဲ့ပြီး ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ပြိုင်ပွဲကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ၂၀၁၀ ပြည့်နှစ်တွင်မှ ပြန်လည်ကျင်းပနိုင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျပန်နိုင်ငံသား ဟီရက်စူကာက သတ်မှတ်ရိုက်ချက်ထက် ၂၄ ချက်လျှော့ရိုက်ခဲ့ပြီး အနိုင်ရဖိုလ်စွဲသွားခဲ့ကြောင်း သိရသည်။

**မြန်မာအိုးပင်းပြိုင်ပွဲတစ်လျှောက်ဖိုလ်စွဲခဲ့သူများ**

| ခုနှစ် | ကစားသမား |
|---|---|
| ၁၉၉၆ | ဘွန်ချူးရန်ကစ်(ထိုင်း) |
| ၁၉၉၇ | ဘွန်ချူးရန်ကစ်(ထိုင်း) |
| ၁၉၉၈ | ဟတ်စိန်(ပါကစ္စတန်) |
| ၁၉၉၉ | ဝမ်တာချန်း(ထိုင်ဝမ်) |
| ၂၀၀၀ | ကင်းစတန်း(တောင်အာဖရိက) |
| ၂၀၀၁ | အန်တိုနီခမ်(အမေရိကန်) |
| ၂၀၀၂ | ဂျိုင်ဒီး(ထိုင်း) |
| ၂၀၀၃ | လင်ကန်ချီ(ထိုင်ဝမ်) |
| ၂၀၀၄ | ဂျိုင်ဒီး(ထိုင်း) |
| ၂၀၀၅ | စကော့စထရိတ်(ဩစတြေးလျ) |
| ၂၀၁၀ | ဟီရက်စူကာ(ဂျပန်) |



၂၀၁၀ ပြည့်နှစ် မြန်မာအိုးပင်း ချန်ပီယံ ဟီရက်စူကာ(ဂျပန်)

## အကြိမ်(၁၀၀)မြောက် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နိုင်ခြေအဆင့် (၃) အဇာရန်ကာက ရှာရာပိုဗာအား အနိုင်ရရှိခဲ့ပြီး ပထမဆုံး ဂရင်းစလင်းဆုရရှိ



၂၀၁၂ ခုနှစ် အကြိမ် (၁၀၀) မြောက် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဖိုလ်လုပွဲကို ဇန်နဝါရီလ ၂၈ ရက်နေ့က ကျင်းပခဲ့ရာ ဘီလာရုနိုင်ငံသူနိုင်ခြေ အဆင့် (၃) အဇာရန်ကာက နိုင်ခြေအဆင့် (၄) ရှာရာပိုဗာကို (၆–၃)၊ (၆–၀) ဖြင့် အနိုင်ရရှိခဲ့ပြီး သူမ၏တင်းနစ်ဘဝသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ဂရင်းစလင်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ဘီလာရုနိုင်ငံသူ အဇာရန်ကာသည်ယခုပြိုင်ပွဲတွင် နိုင်ခြေအဆင့် (၃) သတ်မှတ်ခံထားရပြီး ပထမအဆင့်တွင်ဗြိတိန်မှဝက်ဆန်၊ ဒုတိယအဆင့်တွင်ဩစတြေးလျမှ ဒယ်လက်စ်ကွာ၊ တတိယအဆင့်တွင် ဂျာမနီမှ ဘာသယ်လ်၊ စတုတ္ထအဆင့်တွင် ချက်မှဘန်နီဆိုဗာ၊ ကွာတားဖိုင်နယ်တွင် ပိုလန်မှ နိုင်ခြေအဆင့် (၈) ရက်ဝန်စကာ၊ ဆီမီးဖိုင်နယ်တွင် ဘယ်လ်ဂျီယံမှ လက်ရှိချန်ပီယံ ကလိုက်စတားတို့ကို အနိုင်ရရှိခဲ့ပြီး ယခုကဲ့သို့ ဖိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

အဇာရန်ကာသည် ဖိုလ်လုပွဲတွင် ဂရင်းစလင်းပြိုင်ပွဲတစ်လျှောက် ခြောက်ကြိမ်မြောက်ဖိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည့် နိုင်ခြေအဆင့်(၃) ရှာရာပိုဗာနှင့်ဆုံတွေ့ခဲ့သည်။ ရှာရာပိုဗာသည် ပထမပွဲလတ်တွင်သာ အဇာရန်ကာကို ယှဉ်ကစားနိုင်ခဲ့ပြီး ဒုတိယပွဲလတ်တွင်မူ အမှတ်တစ်မှတ်မျှရရှိခြင်းမရှိဘဲ အပြတ်အသတ်ရှုံးနိမ့်ခဲ့ရသည်။ တစ်ပွဲလုံးအားခြုံကြည့်ရလျှင် အဇာရန်ကာသည် သူမ၏တိကျသော ဘောလုံးပေးပို့မှု၊ အားပါသောရိုက်ချက်များဖြင့် ရှာရာပိုဗာအားအနိုင်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုပွဲတွင် ဖိုလ်စွဲခဲ့သဖြင့် အဇာရန်ကာသည် ၁၉၇၈ ခုနှစ်တွင် ဩစတြေးလျမှ ခရစ်အိုနေးလ် နောက်ပိုင်း ဩစတြေးလျအိုးပင်းလူငယ်ပြိုင်ပွဲနှင့် အလွတ်တန်းပြိုင်ပွဲနှစ်ခုစလုံးတွင် ဖိုလ်စွဲနိုင်သူအဖြစ် စံချိန်တင်နိုင်ခဲ့သည်။

ပြိုင်ပွဲတွင် နိုင်ခြေအဆင့် (၃) သတ်မှတ်ခံရပြီး WTA ပြိုင်ပွဲ (၁၀) ပွဲတွင် အနိုင်ရဖိုလ်စွဲထားခဲ့သော အဇာရန်ကာသည် ယခုပြိုင်ပွဲတွင် ဖိုလ်စွဲနိုင်ခဲ့သဖြင့် ဝေါနီယာစကီ၏ ကမ္ဘာ့အဆင့် (၁) နေရာအား ဇန်နဝါရီလ ၃၁ ရက်နေ့မှစ၍ လွှဲပြောင်းရယူနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

## မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ ဝတ်စုံများအား Umbro မှ စပွန်ဆာပေးရန် ကမ်းလှမ်းထားကြောင်းသိရ

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၏ ဝတ်စုံများကို အင်္ဂလန်နိုင်ငံမှ ကမ္ဘာကျော်အားကစားဝတ်စုံကုမ္ပဏီတစ်ခုဖြစ်သော Umbro က စပွန်ဆာပေးရန်ကမ်းလှမ်းမှုများ ပြုလုပ်ထားကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

“မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းရဲ့ဝတ်စုံတွေအတွက် Umbro က စပွန်ဆာပေးဖို့ ကျွန်တော်တို့ဘောလုံးအဖွဲ့ချုပ်ကို ကမ်းလှမ်းထားပါတယ်။ လက်ခံဖြစ်မယ်၊ လက်မခံဖြစ်ဘူးဆိုတာကိုတော့ ပြောလို့မရသေးပါဘူး။ ကျွန်တော်တို့ အစည်းအဝေးလုပ်ပြီးမှ သူတို့ကို ပြန်ပြီးအကြောင်း ပြန်မှာဖြစ်ပါတယ်။ ဘယ်လိုပုံစံမျိုး စပွန်ဆာပေးမယ်ဆိုတာကိုတော့ အသေးစိတ်မသိရသေးပါဘူး”ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Umbro အားကစားပစ္စည်း ကုမ္ပဏီကို ၁၉၂၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့အနီးတွင် တည်ထောင်ခဲ့ပြီး လက်ရှိအချိန်တွင် နာမည်ကြီးလက်ရွေးစင်ဘောလုံးအသင်းများဖြစ်သည့် အင်္ဂလန်၊ နော်ဝေ၊ ဆွီဒင်၊ အိုင်ယာလန်၊ မြောက်အိုင်ယာလန်၊ ဝေးလ်စသည့်အသင်းများ အပါအဝင်နိုင်ငံလက်ရွေးစင်အသင်း ၁၂ သင်း၏ ဝတ်စုံများကို စပွန်ဆာပေးထားကြောင်း သိရှိရသည်။

ကလပ်အသင်းအနေဖြင့်မူ ဥရောပတွင် ကလပ်အသင်း ၈၅ သင်း၊ အာရှတွင် ၁၇ သင်း၊ အမေရိကတွင် ၂၉ သင်း၊ အာဖရိကတွင် နှစ်သင်းနှင့်သမုဒ္ဒရာပိုင်းတွင် လေးသင်း၊ စုစုပေါင်း ၁၃၇ သင်းကို စပွန်ဆာပေးလျက်ရှိကာ ယင်းအသင်းများတွင် ပရီးမီးယားလိဂ်အသင်းများဖြစ်ကြသော မန်စီးတီး၊ ဆန်းဒါးလန်း၊ ဘလက်ဘန်းအသင်းများလည်း ပါဝင်ကြောင်း သိရှိရသည်။



# နိုင်ငံတော်သမ္မတဦးသိန်းစိန် စင်ကာပူနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် စင်ကာပူနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ပြီးခဲ့သည့် တနင်္ဂနွေနေ့က နေပြည်တော်မှ ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ သုံးရက်ကြာခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ဇနီးဖြစ်သူ ဒေါ်ခင်ခင်ဝင်း၊ ဝန်ကြီးဌာနအချို့မှ တာဝန်ရှိသူများပါ ပါဝင်ခဲ့ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရသိရသည်။ စင်ကာပူသမ္မတတိုနီတန်ကန်ယမ်း၏ ဖိတ်ကြားချက်အရယင်းခရီးစဉ်ကိုသွားရောက်ခဲ့သော သမ္မတဦးသိန်းစိန်မှာ စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းနှင့် နှစ်နိုင်ငံနည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့်ပတ်သက်ပြီး အပြန်အလှန်နားလည်မှု သဘောတူညီချက်များကိုလက်မှတ်ရေးထိုးဖွယ်ရှိပြီး စင်ကာပူဝါရင့်ဝန်ကြီးဖြစ်သူဂိုချောက်တောင်နှင့်လည်း တွေ့ဆုံမည်ဖြစ်ကြောင်းစင်ကာပူသတင်းမီဒီယာများတွင်ဖော်ပြထားသည်။

# ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးခရီးစဉ်စတင်



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ ရန်ကုန်မြို့ပြင် နိုင်ငံရေးခရီးစဉ်များကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဇန်နဝါရီလ ၂၂ ရက်နေ့က ထုတ်ပြန်ခဲ့ပြီး ဇန်နဝါရီ ၂၉ ရက်နေ့တွင် နိုင်ငံရေးခရီးစဉ် စတင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဇန်နဝါရီလ ၂၉ ရက်နေ့ နံနက်(၈)နာရီတွင်လေယာဉ်ဖြင့် ထားဝယ်လေဆိပ်သို့ ရောက်ရှိလာပြီး NLD ထားဝယ်ရုံး ဥက္ကဋ္ဌဦးဘစိန်နှင့်အသင်းသူအသင်းသားများ ပြည်သူများမှကြိုဆိုခဲ့ပြီးပြည်သူအရေအတွက် သောင်းဂဏန်းကျော်မျှရှိကြောင်း သိရသည်။ လေဆိပ်မှတစ်ဆင့်လမ်းတစ်လျှောက် ပြည်သူများက ကြိုဆိုခဲ့ကြပြီး ထိုမှတစ်ဆင့် ဥတ္တမ်တားကြီးလမ်းဆုံ၊ ဆေးရုံလမ်းနှင့် ရှမ္မလည်ဆွဲရှိ NLD ထားဝယ်ရုံးသို့ နံနက် (၉)နာရီအချိန်တွင် ရောက်ရှိလာပြီး ခေတ္တရပ်နားကာ ပြည်သူများအား နှုတ်ဆက်စကားပြောကြားခဲ့သည်။

ထိုမှတစ်ဆင့် နံနက် ၉ နာရီ ၄၅ မိနစ်တွင်အဆိုပါရုံးမှလောင်းလုံးမြို့သို့ ဆက်လက်ထွက်ခွာလာပြီး ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းထားဝယ်သို့ချီတက်ခဲ့ဖူးသည့်အာဇာနည်လမ်းတစ်လျှောက်တွင် ပြည်သူများက ဒေါ်အောင်ဆန်းစုကြည်ကိုတစ်ခဲနက်အားပေးနှုတ်ဆက်ကြသည်။ ထားဝယ်မြို့မှ လောင်းလုံးမြို့သို့သွားရာလမ်းတစ်လျှောက်တွင်ရှိသောကျေးရွာများမှလည်း ကလေးလူကြီးပါမကျန်လမ်းမပေါ်ထွက်၍ ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်းသိရသည်။

လောင်းလုံးမြို့သို့နံနက် ၁၁ နာရီတွင် ရောက်ရှိလာပြီး ပြည်သူများကိုနှုတ်ဆက်မိန့်ခွန်း ပြောကြားခဲ့သည်။ ၁၁ နာရီခွဲ အချိန်တွင် လောင်းလုံးNLDရုံးမှ တစ်ဆင့် အောက်ရေဖြူရွာသို့ဆက်လက်ထွက်ခွာခဲ့ကြောင်း သိရသည်။ ဒေါ်အောင်ဆန်းစုကြည်သွားရာလမ်းတစ်လျှောက်တွင် ကြိုဆိုနှုတ်ဆက်သူများ များပြားလွန်းသဖြင့် လမ်းများပိတ်ထားရသည်အထိဖြစ်ခဲ့ကြောင်း သိရပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သွားရောက်မည့်နိုင်ငံရေးခရီးစဉ်များမှာ ထားဝယ်၊ မန္တလေးနှင့် ပုသိမ်ခရီးစဉ်များဖြစ်ကြသည်။

ထားဝယ်နှင့် ပုသိမ်ခရီးစဉ်တို့မှာ နေ့ချင်းပြန်ခရီးစဉ်များဖြစ်ကြပြီး မန္တလေးခရီးစဉ်မှာ တစ်ညအိပ်နှစ်ရက်ခရီးစဉ်ဖြစ်သည်။ ပုသိမ်ခရီးစဉ်မှာ ဖေဖော်ဝါရီလ ၇ ရက်နေ့ဖြစ်ပြီး မန္တလေးခရီးစဉ်မှာ ဖေဖော်ဝါရီလ ၄ ရက်နေ့မှ ၅ ရက်နေ့ထိဖြစ်သည်။

# ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပြီး အချက်ငါးချက်ပါဝင်သော သဘောတူညီချက်ကိုလက်မှတ်ရေးထိုးခဲ့





ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးကြစဉ်

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) တို့ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့က ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ပြည်နယ်အစိုးရအဖွဲ့ရုံးခန်းမတွင်ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ခဲ့ပြီး အချက်ငါးချက်ပါဝင်သော သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါသဘောတူညီချက် ငါးချက်မှာ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့က တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) တို့ သဘောတူလက်မှတ်ရေးထိုးခဲ့သောငြိမ်းချမ်းရေးတည်ဆောက်ရန် ပဏာမသဘောတူညီချက်ကို အတည်ပြုရန်သဘောတူခြင်း၊ ပင်လုံစိတ်ဓာတ်ကိုအခြေခံ၍ ပြည်ထောင်စုမပြိုကွဲအောင် ပူးပေါင်းတည်ဆောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲအောင်ပူးပေါင်းတည်ဆောက်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲအောင်ပူးပေါင်းတည်ဆောက်ရေးတို့ကို ထာဝစဉ်ကြိုးပမ်းဆောင်ရွက်သွားရန်သဘောတူခြင်း၊နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှအဖွဲ့ဝင်များနှင့် မိသားစုများအခြေချနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီအစိုးရနှင့်ပူးပေါင်းပြီး ဆောင်ရွက်သွားရန်သဘောတူခြင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများကင်းစင်ပပျောက်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန်သဘောတူခြင်းနှင့် ဆက်လက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်သွားရန်သဘောတူခြင်းစသည့်သဘောတူညီချက်များဖြစ်ကြောင်းသိရသည်။

ယင်းသဘောတူညီချက်များ ကို ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းဇော်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ဗိုလ်ချုပ်အောင်ကျော်ဇော(အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး)၊ ဗိုလ်ချုပ်မြထွန်းဦး (အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး)၊ ဗိုလ်ချုပ်ဇော်ဝင်း(နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး) တို့နှင့်ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ စဝ်ခေးတိုင်း (ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်၊ ပါတီဗဟိုကော်မတီ၊(SSPP)ဦးဆောင်သည့်အဖွဲ့ဝင်များက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲနှင့် သဘောတူလက်မှတ်ရေးထိုးပွဲသို့ နိုင်ငံတော်သမ္မတ၏လွှတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာသည့် ရှမ်းပြည်တိုးတက်ရေးပါတီနာယကဖြစ်သူဦးဆေးထင်(ဗိုလ်ချုပ်ဆေးထင်)လည်း တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင်ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းဇော်၊ အဖွဲ့ဝင်များ၊အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇော၊အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြထွန်းဦး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးစဝ်အောင်မြတ်နှင့်ရှမ်းပြည်တိုးတက်ရေးပါတီမှ စဝ်ခေးတိုင်း (ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်၊ပါတီဗဟိုကော်မတီ၊SSPP) ဦးဆောင်သည့်အဖွဲ့ဝင်များတက်ရောက်ဆွေးနွေးခဲ့ကြောင်းသိရသည်။

# အာရပ်အဖွဲ့ချုပ်က ဆီးရီးယားတွင် စောင့်ကြည့်သည့်လုပ်ငန်းစဉ် ရပ်ဆိုင်း

ဆီးရီးယားတွင် အကြမ်းဖက်တိုက်ခိုက်မှုမြင့်တက်လာသောကြောင့် အာရပ်အဖွဲ့ချုပ်၏ ဆီးရီးယားစောင့်ကြည့်အဖွဲ့သည် ၎င်း၏လုပ်ငန်းစဉ်ကိုရပ်ဆိုင်းခဲ့ကြောင်း ဇန်နဝါရီလ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ဒီဇင်ဘာလ ၂၆ ရက်မှစတင်၍ အာရပ်အဖွဲ့ချုပ်၏စောင့်ကြည့်လုပ်ငန်းစဉ်ကို တစ်လထပ်တိုးရန် ဆီးရီးယားအစိုးရက သဘောတူညီခဲ့အပြီး နှစ်ရက်အကြာတွင် အာရပ်အဖွဲ့ချုပ်၏ကြေညာချက်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။



အာရပ်နိုင်ငံခြားရေးဝန်ကြီးများ ဇန်နဝါရီ ၂၂ ရက်က ကိုင်ရိုမြို့တွင် ဆီးရီးယားအရေးဆွေးနွေးစဉ်

အာရပ်အဖွဲ့ချုပ်၏ကြေညာချက်ကြောင့်အံ့အားသင့်ရပြီးစိတ်မကောင်းဖြစ်ရကြောင်း ဆီးရီးယားနိုင်ငံပိုင်သတင်းဌာနဆာနာကထုတ်ပြန်ခဲ့သည်။ အာရပ်အဖွဲ့ချုပ်သည် ဆီးရီးယားသို့ ပြည်ပတပ်များ ဝင်ရောက်နိုင်ရေးအတွက် လုံခြုံရေးကောင်စီတွင်အတည်ပြုချက်ရရှိနိုင်ရန် လမ်းခင်းပေးနေကြောင်း အမည်မဖော်လိုသော ဆီးရီးယားအစိုးရသတင်းရင်းမြစ်တစ်ဦးက ပြောကြားခဲ့သည်။

အာရပ်အဖွဲ့ချုပ်အတွင်းရေးမှူးချုပ် Nabil el-Araby သည် အဖွဲ့ချုပ်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်တွေ့ဆုံပြီးနောက် စောင့်ကြည့်အဖွဲ့လုပ်ငန်းစဉ် ရပ်ဆိုင်းရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရသည်။ စောင့်ကြည့်အဖွဲ့ဝင်အားလုံး ဘေးကင်းစေရန်အတွက်လိုအပ်သည်များကို လုပ်ဆောင်ရန် El-Araby က စောင့်ကြည့်အဖွဲ့ခေါင်းဆောင်ဖြစ်သောမိုဟာမက်အာမက်ဒ်အယ်လ်ဒါဘီကို ညွှန်ကြားခဲ့သည်။

အာရပ်အဖွဲ့ချုပ်စောင့်ကြည့်လုပ်ငန်းစဉ်ရပ်ဆိုင်းခဲ့ပြီးနောက် ယခုအချိန်မှာ နိုင်ငံတကာအနေဖြင့် ဆီးရီးယားအရေးတွင် ညီညွတ်ရမည်အချိန်ဖြစ်ကြောင်းနှင့် ကုလလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကို သဘောတူရန်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဝီလျံဟိတ်ဂ်က ပြောကြားခဲ့သည်။စောင့်ကြည့်အဖွဲ့၏တွေ့ရှိချက်များကို ဇန်နဝါရီ ၃၁ ရက်တွင် လုံခြုံရေးကောင်စီသို့ တင်ပြဆွေးနွေးဖွယ်ရှိကြောင်း သိရသည်။

ဆီးရီးယားအစိုးရ၏လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချသည့် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်ကို ပြီးခဲ့သောအောက်တိုဘာလတွင် ထုတ်ပြန်ခဲ့ရာ တရုတ်နှင့်ရုရှားတို့က ပူးပေါင်းပြီး ရှားပါးဖြစ်စဉ်အဖြစ် ဗီတိုသုံး ပယ်ချခဲ့သည်။ ယင်းဆုံးဖြတ်ချက်တွင် ပိတ်ဆို့အရေးယူမှုပြုလုပ်မည့်အချက် မပါဝင်ခဲ့ပေ။ ထပ်မံထုတ်ပြန်ရန် ကြိုးပမ်းနေသည့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အရ ပိတ်ဆို့အရေးယူမှုပါဝင်ဦးမည်မဟုတ်သော်လည်း ယခင်ထက် ပိုမိုပြင်းထန်မည်ဖြစ်ပြီး သမ္မတအာဆတ်ကိုအာဏာစွန့်လွှတ်ရန် တောင်းဆိုမှု ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သောနှစ်၊ မတ်လလယ်က စတင်ခဲ့သော လူထုဆန္ဒပြမှုကို အစိုးရကနှိမ်နင်းမှုကြောင့် လူ ၅၀၀၀ ကျော်သေဆုံးခဲ့ပြီဟု ကုလသမဂ္ဂက ထုတ်ပြန်ခဲ့သော်လည်း အတိုက်အခံများနှင့်လူ့အခွင့်အရေးလှုပ်ရှားသည့်အဖွဲ့များကမူ သေဆုံးသူ ၇၀၀၀ နီးပါးအထိရှိနိုင်ကြောင်း ထုတ်ပြန်ခဲ့သည်။ *Ref:CNN*

# အီတလီအပျော်စီးသင်္ဘောမှ ခရီးသည်အချို့ သင်္ဘောကုမ္ပဏီကိုတရားစွဲဆို

ပြီးခဲ့သောသီတင်းပတ်နှစ်ပတ်ခန့်က တိမ်းစောင်းနစ်မြုပ်ခဲ့သော အီတလီအပျော်စီးသင်္ဘောကော်စတာကော်ကွန်းဒီးယားတွင် လိုက်ပါခဲ့သူ ခရီးသည်ခြောက်ဦးက သင်္ဘောပိုင်ရှင် Carnival Cruise Lines ကုမ္ပဏီကို တရားစွဲဆိုပြီး လျော်ကြေးစုစုပေါင်း ဒေါ်လာသန်း ၄၆၀ တောင်းခံခဲ့ကြောင်း သိရသည်။

သင်္ဘောပိုင်သောကုမ္ပဏီသည် လက်သင့်မခံနိုင်သော မဆင်မခြင်လုပ်ရပ်ကို ကျူးလွန်ခဲ့သည်ဟူသော စွဲချက်ဖြင့် ယင်းခရီးသည်များကို ကိုယ်စားပြုသော ရှေ့နေမှာ့ခ်ဘားန်က ဖလော်ရီဒါရှိ မိုင်ယာမီတရားရုံးတွင် ဖေဖော်ဝါရီလ ၂၇ ရက်က တရားစွဲခဲ့သည်။

သင်္ဘောပေါ်တွင် လိုက်ပါလာသူအချို့ကို တစ်ဦးလျှင် ယူရို ၁၁၀၀၀ (အမေရိကန်ဒေါ်လာ ၁၄၄၀၀) စီ လျော်ကြေးပေးမည်ဟု စေ့စပ်ညှိနှိုင်းပေးသူများက ဇန်နဝါရီလ ၂၇ ရက်တွင် ကြေညာခဲ့သည်။ ယင်းကဲ့သို့ ကမ်းလှမ်းခဲ့သော်လည်း ရှေ့နေဘားန်က ကုမ္ပဏီကို တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ *Ref:AFP*

# ပါကစ္စတန်သို့ပြန်မည့်အစီအစဉ် မူရှာယက်ဖ်ရွှေ့ဆိုင်း

၂၀၀၈ ခုနှစ်တွင် သမ္မတရာထူးမှနုတ်ထွက်ခဲ့ပြီးကတည်းက လန်ဒန်နှင့်ဒူဘိုင်း၌ တိမ်းရှောင်နေခဲ့သော ပါကစ္စတန်သမ္မတဟောင်း ပါဗက်မူရှာယက်ဖ်သည် ၎င်းနိုင်ငံသို့ ပြန်လာပါက ဖမ်းဆီးမည်ဟူသော သတင်းကြောင့် ပါကစ္စတန်သို့ပြန်လာမည့်ခရီးစဉ်အား ရွှေ့ဆိုင်းခဲ့သည်။

မူရှာယက်ဖ်သည် မကြာခင်ကျင်းပတော့မည့်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ရန် နိုင်ငံသို့ပြန်လာရန် စီစဉ်ထားခဲ့သော်လည်း ပါကစ္စတန်အထက်လွှတ်တော်သည် မူရှာယက်ဖ်ပြန်လာပါက ဖမ်းဆီးရန်စီစဉ်နေသည်ဟု ၎င်း၏ပါတီက သတိပေးခဲ့သောကြောင့် နိုင်ငံသို့ပြန်လာမည့်အစီအစဉ်ကိုရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်းဘနာဇီယာဘူတို မဲဆွယ်မှုများပြုလုပ်နေစဉ် လုပ်ကြံခံခဲ့ရမှု၌ အကာအကွယ်ပေးရန် ပျက်ကွက်ခဲ့သည်ဟူသော စွပ်စွဲချက်များရှိနေပြီး မူရှာယက်ဖ်နိုင်ငံသို့ ပြန်လာပါက သေချာပေါက်အဖမ်းခံရလိမ့်မည်ဟု ပါကစ္စတန်ဝန်ကြီးချုပ်ယူဆွတ်ရာဇာဂီလာနီက ပြောကြားခဲ့သည်။ မူရှာယက်ဖ်ကမူ ရဲများဖြင့်အပြည့်အဝကာကွယ်ပေးခဲ့ကြောင်း ခုခံပြောဆိုထားသည်။

ပါကစ္စတန်တွင် အရပ်သားအစိုးရတာဝန်ယူပြီးနောက်တွင် သဘောကွဲလွဲမှုများ၊ ငြင်းခုံမှုများကြောင့် ယခုနှစ်များတွင် အဆိုးဝါးဆုံး နိုင်ငံရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။ *Ref:CNN*

# အိုင်အေအီးအေတာဝန်ရှိသူများအဖွဲ့ အီရန်သို့သုံးရက်ကြာခရီးစဉ် စတင်

အီရန်၏နျူစီမံကိန်းနှင့်ပတ်သက်၍ဆွေးနွေးရန် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA) တာဝန်ရှိသူများအဖွဲ့သည် အီရန်သို့ သုံး ရက်ကြာခရီးကို ဇန်နဝါရီလ ၂၉ ရက်တွင် စတင်ခဲ့ကြောင်းသိရသည်။

ယင်းအဖွဲ့သည် အီရန်နျူစီမံကိန်းနှင့်ပတ်သက်၍ လုပ်ဆောင်နေမှုများကို အထောက်အထားများအား ရှာဖွေရန် ရည်ရွယ်ထားသည်။ ၎င်းတို့၏ခရီးစဉ်ကြောင့် အီရန်နျူစီမံကိန်းအပေါ် နိုင်ငံတကာက စိုးရိမ်နေမှုအပေါ် အနည်းငယ်သက်သာရစေမည့် အခိုက်အတန့်တစ်ခုအဖြစ် ရှုမြင်ခံရသည်။

အီရန်သည် ၎င်းတို့၏နျူစီမံကိန်းကို စစ်ရေးအတွက်အသုံးပြုဖွယ်ရှိ၊ မရှိကို မိမိတို့နှင့်စေ့စပ်ဆွေးနွေးမှုပြုလုပ်ဖွယ်ရှိသည်ဟုမျှော်လင့်ကြောင်း စစ်ဆေးရေးအဖွဲ့ဦးဆောင်သူ ဟာမန်းနက်ကဲတ်စ်က ဗီယင်နာမြို့မှ အထွက်တွင် ပြောကြားခဲ့သည်။ "စေ့စပ်ဆွေးနွေးပွဲတစ်ခု စတင်နိုင်ဖို့ မျှော်လင့်ပါတယ်။ ဆွေးနွေးပွဲရပ်ထားတာ အရမ်းကြာနေပြီလေ" ဟု ၎င်းက ပြောကြားခဲ့သည်။

ယခုခရီးစဉ်မှာ IAEA အတွက် စမ်းသပ်မှုတစ်ခုဖြစ်ကြောင်း အီရန်လွှတ်တော်ဥက္ကဋ္ဌအလီလာရီဂျာနီက ပြောကြားခဲ့သည်ဟု နိုင်ငံပိုင်ရုပ်သံ IRIB က ထုတ်လွှင့်ခဲ့သည်။ IAEA တာဝန်ရှိသူများအနေဖြင့် ပရော်ဖက်ရှင်နယ်ပီသပါက စေ့စပ်ဆွေးနွေးမှုပြုလုပ်ရန် တံခါးပွင့်နိုင်ကြောင်း လာရီဂျာနီက ပြောကြားခဲ့သည်။ သို့မဟုတ်ဘဲ IAEA သည် အသုံးချခံတစ်ခုဖြစ်နေပါက အီရန်အနေဖြင့် ပူးပေါင်းဆောင်ရွက်ရေးအတွက်နည်းလမ်းသစ်တစ်ခုကို စဉ်းစားရတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရန်သည် Qom မြို့အနီး Fordo မြို့တွင် ဗုံးဒဏ်ခံနိုင်သော မြေအောက်စက်ရုံ၌ ယူရေနီယမ်သန့်စင်မှုပြုလုပ်နေကြောင်းသိရသည်။ *Ref:AFP*



အိုင်အေအီးအေစစ်ဆေးရေးအဖွဲ့ခေါင်းဆောင်ဟာမန်းနက်ကဲတ်စ်ကို ဗီယင်နာလေဆိပ်တွင် တွေ့ရစဉ်

# ဆေးကုရန် ယီမင်သမ္မတအမေရိကန်သို့ရောက်ရှိ

ယီမင်သမ္မတအလီအဗ္ဗဒူလာဆာလက်ဟ်သည်ဆေးကုရန်အတွက် ဇန်နဝါရီလ ၂၈ ရက်တွင် အမေရိကန်သို့ရောက်ရှိခဲ့ကြောင်းသိရသည်။ ၎င်းသည်ဆေးကုနေစဉ်အတွင်းအမေရိကန်တွင် အချိန်အတိုင်းအတာတစ်ခုအထိ ရှိနေမည်ဖြစ်သည်။

ဆာလက်ဟ်၏ခရီးစဉ်မှာ ဆေးကုရေးအတွက် သီးသန့်သွားရောက်သည့်ခရီးစဉ်ဖြစ်ကြောင်း ဝါရှင်တန်ရှိ ယီမင်သံရုံးက ထုတ်ပြန်ခဲ့ပြီး ဖေဖော်ဝါရီလတွင် ယီမင်သို့ပြန်ရန်စီစဉ်ထားကြောင်း သိရသည်။

လူထုလှုပ်ရှားမှုအပေါ် အကြမ်းဖက်နှိမ်နင်းမှုတွင် တာဝန်ရှိသည့် အာဏာရှင်ဆာလက်ဟ်ကိုခိုလှုံခွင့်ပေးရန် အမေရိကန်က ဆန္ဒမရှိကြောင်း အမည်မဖော်သော အမေရိကန်အစိုးရတာဝန်ရှိသူ ပြောကြားခဲ့သည်။ ဆာလက်ဟ်အနေဖြင့် ယီမင်တွင်မရှိပါက တင်းမာမှုလျော့ကျစေနိုင်ပြီး သမ္မတရွေးကောက်ပွဲအတွက်ပြင်ဆင်ရာတွင် အဆင်ပြေနိုင်စေရန်အတွက်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ *Ref:CNN*